
နွေကုန်ခါနီး

ငွေလရောင်လင်းတာ အမြဲမြင်ချင်



ကံကြီးစာပေ
အမှတ် (၃)



နွေမိုးကျောင်းဆိုင်း

ဒွေလကျောင်လင်းတာ အမြဲမြင်ချင်

စာပေဒွင်ပြုချက်အမှတ်

၃၈၄/၂၀၀၄ (၄)

ရောင်နှာစုံးခွင့်ပြုချက်အမှတ်

၄၉၀/၂၀၀၄ (၅)

ထုတ်ဝေသူ

ဦးအောင်သိန်း (မောင်ညီအေး-ပန်းတော)

၁၇၊ အခန်း ၃၀၄၊ ဘီဘာလောက်၊

ဟုရေဒယျာဉ်ပြီတော်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဦးအောင်ခြင့်သိန်း (ဝဖဒ၃၆၄)

အင်ကြင်းပြီင်ပုံနှိပ်တိုက်

အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊

ဆူးတော်တောကြီးနယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

၂၀၀၄-ခုနှစ်၊ ဇွန်လ။

တန်ဖိုး - ၁၀၀ ကျပ်

အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

သူရဲကောင်းစာပေတိုက်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနတရားတာဝန် ဖြစ်သည်။

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်

တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

စီးပွားရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်ပဲ့ပွဲဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ပြည်ပမှစီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်ပမှပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး၊

စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏

အာမခံချက်ဖြစ် မှီခိုရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

ပညာရေးနှင့် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊

ကျန်းမာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ

ထိန်းသိမ်းစောင့်ရှောက်ရေး၊

သဘာဝပတ်ဝန်းကျင် သန့်ရှင်းတက်မြက်ရေး၊

ကျန်အားကြိုးနိုင်ငံရေးနှင့် ပညာရည် မြင့်မားရေး၊



ငယ်ရာဇာ

ငယ်ထွေးတာ အပြီပြိုချုပ်

[အစ, အဆုံး]

"တိမ်ရိပ်ဒဏ်ခြောက်
နှောက်နှားဝယ် မြင်သားဇရိ
ဒဿနာ ... ဇာတ်စေတော်
ဝင်းသိန်းကြည်လိုက်ပါ ဤတိမ်စင်
ခရီ ... ဒဇေဒွေ
ငွေလ,ရောင်လေး၀ေ ဇာရဲမြင့်ချင်"

(မြစ်ကြီး)



စကားနှုတ်ခွန်း

ဇန်းတိုင်းဟာ
လ,ရောင်ရဲ့မှ ပွင့်ကြတာမျိုး မဟုတ်ပါဘူး မောင်။
လ,ရောင်လင်းနေတဲ့အချိန်မှာ
ပွင့်နေတဲ့ပန်းတွေ အများကြီး ရှိချင်မှ ရှိမယ်။
အဲဒါကြောင့်
အဲဒီပန်းတွေကြည့်ပြီး
ဇန်းဆိုတာ လ,ရောင်ရဲ့မှ ပွင့်တာပဲလို့တော့
အယူအမှတ် မမှားလိုက်စေချင်ဘူး။

တကယ်တမ်းကျတော့
လ,ရောဝင်ခဲ့မှ မွှင့်တယ်ဆိုတဲ့ပန်းက တစ်မျိုးတည်း
ပဲ ရှိတာပါ။
ကုမုဒြာ . . . တဲ့။
ကြာပန်းလေးတစ်မျိုးပေါ့။
အဲဒီတော့
လ,ရောင်ဆိုတာ၊ ပန်းတွေအတွက်
တစ်သမတ်တည်း တန်ဖိုးရှိဖို့ဆိုတာ
ဘယ်လိုမှ မဖြစ်နိုင်ဘူးပေါ့ မောင်။

လ,ရောင်ဟာ
ဒီပြင်ပန်းတွေအတွက် ကြည်နူးသာယာစရာ
ဖြစ်ကောင်း ဖြစ်မယ်။

စိတ်ကူး၊ အတွေး၊ အိပ်မက် . . . ဆိုတာတွေနဲ့
မွေ့လျော်ချင်စရာ ဖြစ်ချင်ဖြစ်မယ်။

ဘဝအတွက် မရှိမဖြစ်ဆိုတဲ့ တန်ဖိုးမျိုးတော့
ဘယ်လိုမှ ထားကြလိမ့်မယ် မဟုတ်ဘူး။

လ, ရောင်မရှိပေမယ့်လည်း
သူတို့ဘဝက ဟန်မပျက်နေနိုင်ကြတာကိုး။

လ,ရောင်မရှိပေမယ့်လည်း
ကြယ်ရောင်၊ နေရောင်၊ ဆီမီးရောင်တွေ ရှိသေး
တာပဲ . . . ဆိုပြီး မာနကြီးချင် ကြီးနိုင်ကြတာကိုး။

ကုမုဒြာဆိုတဲ့ ပန်းကျတော့
လ,ရောင်ဟာ
မရှိမဖြစ်ကို လိုအပ်တဲ့အရာ ဖြစ်နေတယ် မောင်။

ပြောရရင် သူ့အသက်လိုလည်း ဖြစ်နေတယ်။
မှတစ်ပါး အစားတိုးစရာ အခြားဘာမှမရှိသမို့
မာနဆိုလည်း ဘာမာနမှ ဖထားနိုင်တဲ့ ပန်းပါ။

မမင်းသက် မောင့်ကို ပြောတာလည်း . . .
အဲဒါပါပဲ မောင်။
မောင့်ကို လ,ရောင်လို့ တင်စားမိတာနဲ့
မမင်းသက်က ကုမုဒြာ အလိုလို ဖြစ်သွားတယ်။

တစ်ချိန်ချိန်မှာ
လ,ရောင်ဆိတ်သုဉ်းတဲ့ ညတစ်ညရှိလာပြီဆိုပါစို့။
ဒို့ပြင်ပန်းတွေက မသိလိုက် မသိဘာသာ နေလို့
ရချင်ရမယ်။

ကုမုဒြာက နေလို့ရမှာ မဟုတ်ဘူးဆိုတာ
မောင် အမြဲ သတိရစေချစ်ပါတယ်။

ဘာလို့လဲဆိုတော့
ကုမုဒြာဆိုတာ
လ,ရောင်နဲ့မှ ပွင့်သောပန်း။
ငွေလ,ရောင်လင်းတာ အမြဲမြင်ချင်နေတဲ့ . . .
ပန်းမို့ပါပဲ မောင်။

❋ ❋ ❋



သတိရသည် မမင်းသက်။
နောင်တ တရားများစွာနှင့်အတူ၊ မမင်းသက်
ရှိနိုင်မည်ထင်သော အရပ်ကို စိတ်ဖြင့် ရည်မှန်း
တမ်းတရင်း လွမ်းဆွတ်ရခြင်း တချို့လည်း ဖြစ်မိ
ပါသည်။
ခုခါမှာ မမင်းသက်နှင့် တွေ့ဆုံခွင့်ရလျှင် မည်မျှ
ကောင်းပါမည်နည်း။
မမင်းသက်ထံပါးမှာ စကားအနည်းငယ် ပြောဆို
ခွင့်ရလျှင် သော်လည်းကောင်း၊ သို့တည်းမဟုတ်

မမင်းသက်ထံမှ ချီးမြှင့်သော ပျားရည်စက်ားလေး
များကို နားဆင်ခွင့်ရလျှင်သော်လည်းကောင်း၊
တစ်နည်းနည်းဖြင့် ရင်မှ ဝေဒနာများစွာအတွက်
သက်သာရာ သက်သာကြောင်း တစ်ခုခုဖြစ်လာ
မည်ဟု မျှော်လင့်မိသည်။
သို့သော် ထိုနှစ်ခုစလုံးသည် ဘယ်သောအခါမှ
ဖြစ်လာလိမ့်မည် မဟုတ်တော့။
မမင်းသက်နှင့် ပျော်ရွှင်စွာ ဆုံစည်းနိုင်သော
အခွင့်အရေးများသည် ခွေဦးဌ လွင့်ပြယ်ပျောက်
ဆုံးသွားရသည့် နှင်းမှုန်များပမာ မောင့်ဘဝ၌ ဖြစ်
ခဲ့ရပြီဆိုသည်ကို . . . မောင် နားလည်ပါသည်
မမင်းသက်။
မဝေးချင်တာက ခုမှပါ။
ထိုအချိန်မှာ မောင့်အတွက် အထိုက်တန်ဆုံး
ရလဒ်ဖြစ်နေသည်ကလည်း မနီးနိုင်ခြင်းပါ။
အမှန်တော့လည်း ဒီလိုပဲ ဖြစ်သင့်ပါသည်လေ။
နီးခြင်း၏တန်ဖိုးကို နားမလည်တတ်သော လူ
တစ်ယောက်အား ထိုက်တန်စွာ စီရင်သင့်သည့်
ပြစ်ဒဏ်မှာ ဝေးခြင်း၏ဒုက္ခများသာ ဖြစ်ပါသည်။
မောင့်ကို လ,ရောင်နှင့် အမြဲနှိုင်းယှဉ် တင်စား

တတ်လေသော မမင်းသက်ရယ်။
မမင်းသက်အဝဝက ကုမ္ပဏီကြောင်ပန်းတဲ့လား။
'မမင်းသက်ဘဝမှာ ငွေလ,ရောင်လင်းတာ အမြဲ
မြင်ချင်ပါတယ်' . . . ဟု ဆိုတတ်လေသော
မမင်းသက်စကားများကို မောင် မမှတ်မိ၍
မဟုတ်ပါ။
အရာအားလုံးကို မောင် မှတ်မိပါသည်
မမင်းသက်။
သို့သော် . . .
ခုခါမှာ မောင့်ဘဝက ငလ,ရောင်နှယ် မဟုတ်
တော့ပြီလေ။
လ,ရောင်သဖွယ် ကြည်လင်လှပသန့်ရှင်းလျက်
မရှိတော့သလို လ,ရောင်နှင့်တူသော ကြည်နူး
ချမ်းမြေ့ဘွယ်ရာများအားလုံးသည်လည်း မောင့်
ဘဝမှာ ဘာမျှမရှိတော့ပါ။
မောင့်ကို ခွင့်လွှတ်ပါ မမင်းသက်။
မောင် . . . မမင်းသက်ကို အဝေးကပဲ လွမ်းနေ
ပါမည်။
သတိရ တမ်းတ၍လည်း အမြဲရှိနေပါမည်။
မမင်းသက် မမြင်သာသော အရပ်မှနေ၊ ထာဝရ

စဉ်းတစ်
ပတ္တမြားကောင်း

မလျော့ပါးနိုင်တော့သော ချစ်ခြင်းဖြင့်လည်း
ချစ်မြတ်နိုးခဲ့ရပါမည်။
မောင့်ကို မမင်းသက်နှင့်ဝေးရာအရပ်၌ ခိုလှုံ
ပုန်းကွယ်နေခွင့်တစ်ခုသာ ပေးပါလေတော့
မမင်းသက်။

❋ ❋ ❋

(၁)

ကုန်းပြင်မြင့်ဒေသ၊ မတ်လ၏ ပထမဆုံး မိုးရွာခြင်းနှင့် သူ ဆုံစည်းခွင့် ရလိုက်သည်။

ခဏလေး ရွာလိုက်သော်လည်း မိုးက နိဝါဝါမြေအပြင်မှာ ရှရှိုက်၍ကောင်းသော မြေသင်းနံ့များစွာကို လှုန့်နှိုးပေးလိုက်နိုင်သည်။ ပတ်ဝန်းကျင်တောအုပ်၊ သစ်ပင်အုပ်များစွာဆီမှ သစ်စိမ်းနံ့တချို့ကို လေထုထဲ လွင့်ပါးအောင်လည်း လုပ်ပေးလိုက်နိုင်သည်။

သစ်စိမ်းနံ့နှင့် မြေသင်းနံ့ ရောရှိ၍ ပေါ်ထွက်လာသော ပတ်ဝန်းကျင်လေထုအနံ့က သူ့ကို အပြင်ထွက်လာအောင် ခေါ်ဆောင်သည်။

စောစောက မိုးစက်များကြောင့် စိုထိုင်းထိုင်း စေးကပ်ကပ်
ဖြစ်သွားသည့် မြေစေးများကို နင်းရင်း တဲအပြင်ဘက် ထွက်လာခဲ့
သည်။

'မိုးရွာပြီးစကြီး ဘယ်တိုထွက်ဦးမလို့လဲ လူလေး'

'ဝေးဝေးမသွားပါဘူး ဘာ၊ ဒီနားတင်ပါ'

'မြေတွေတ ချောနေတယ်နော်'

'ရပါတယ်၊ ကျွန်တော် သတိထား လျှောက်သွားပါ့မယ်
ဘာ'

'အေး အေး . . . ကြည့်လျှောက် . . . ကြည့်လျှောက်'

အချိန်အားရလျှင် ဆေးတစ်ချောင်းနှင့် ဝါးများကို ခွဲစိ
ဖြတ်တောက်ပြီး တောင်းရက် ပလုံးရက် လုပ်နေတတ်သည့်
ဦးစိုင်းလုံကို စိတ်မပူအောင် လှမ်းပြောပြီး မိုးသက်လေငွေ့မှ
ကျန်နေသေးသည့် ကွင်းဘက် လျှောက်လာခဲ့သည်။

ကောင်းကင်ကလည်း အုံ့ဆိုင်းဆိုင်း၊ ညို့မှိုင်းမှိုင်းပင် ရှိ
၏။

သို့သော် စောစောကထက်စာလျှင်တော့ အများကြီး လ
လာခဲ့ပြီ။

အနုံဆန်းပြီး ရှုလို့ကောင်းသည့် လေထုကို အရမ်းသ
ကျနေမိသည်။

ပြီးတော့ မိုးရေစက်များက ဆေးကြောပစ်လိုက်သ

ဖြစ်နိုဖုန်မှုန့်များတင်ပြီး ရင့်မှိုင်းမှိုင်းဖြစ်နေသည့် သစ်ပင်သစ်ရွက်
များသည်လည်း ပြန်လည်သန့်စင် လန်းဆန်း စိမ်းစိုလာသည်။

အဆုံးအဖြတ် အမှားအယွင်း အပြစ်မြှုပ်နှံမှုများ ပေကျံပြီး
ခဲ့ထားသည့် မိုင်းနေသည့် လူတစ်ယောက်၏ဘဝကိုလည်း ဤကဲ့သို့
ရန်စင်ပစ်နိုင်လျှင် ဘယ်လောက်များ ကောင်းမလဲ။

မဖြစ်နိုင်သော မျှော်လင့်ချက်မှန်း သိလျက်နှင့် စိတ်ထဲမှာ
ထင်တကြည့်မိသည်။

အမှတ်မထင် ရွတ်ဖွဲ့ ရမ္မဒေသ ကဗျာအပိုင်းအစလေး
ပြန်သည်လည်း ရင်ထဲတိုးဝှေ့ ဝင်ရောက်လာ၏။

"မိုက်မိုက်မှား၏ အပြစ်ရှိလည်း
ရိုသေသည်အပြစ် ဆေးကြောရစ်ဟို့
အချစ်ဆိုသော ဂရုဏ်ပြင့်"

သစ်ရွက်ပေါ်မှ ဖုန်မှုန့်များကို မိုးမှလာသော ရေစက်များ
ဆေးကြော၍ ရသည်။

ဘဝပေါ်မှ အပြစ်မှုန်များကို ရင်မှလာသော အချစ်ရေစင်
ဆေးကြော၍ ရနိုင်ပါသလား။

ရှင်းစရာတော့ ရှိပေလိမ့်မည်။ 'အချစ်ကိုငင်လည်း အပြစ်
ဟု သီဖွဲ့ခဲ့သော တေးချင်းတစ်ပုဒ်ကို သူကြားဖူး၏။

သည်သို့ဆိုလျှင် သူ့ဘဝမှာ အမှားအယွင်း ဒဏ်
ဒဏ်ချက် အညစ်အကြေးများကို ဆေးကြော ကုသပေးနိုင်သ
စင်စစ် တစ်ယောက်သာရှိသည်။

'မမင်းသက်'

သို့တည်းမဟုတ် အများသူငါ သိကြသော အမည
'ခင်မင်းသက်' ဆိုသော မိန်းကလေးတစ်ဦး။

✱

'အား'

ကုန်းဆင်းလေးတစ်ခုနှင့် သွားတိုးသဖြင့် ခြေတ
ချောခနဲ ဖြစ်သွားသည်။

လဲကျလုလု အနေအထားမှနေ၊ ကမန်းကတန်း ကို
ကို ပြန်ထိန်းလိုက်ရသည်။

ကံအားလျော်စွာပင် ချိုင်းထောက်တစ်ဖက်က
ထောက်မိသွား၏။

တော်ပါသေးရဲ့ဟု စိတ်သက်သာရာရသည်။ အ
သာ ထိုချိုင်းထောက်တစ်ဖက်သာ ထပ်မံချောထွက်ပါက
သူ မြေကြီးပေါ် ပုံလျက်သား လဲကျသွားဖို့ သေချာသည်
သည်အတိုင်းဆို ဘာမှ မတ်မတ်စောက်

ဟုတ်လှသော ဤကုန်းဆင်း ဆင်ခြေလျှောလေးကိုပင် သူ ချော
ချောမောမော ဆင်းနိုင်ဖို့ မလွယ်။ ဆင်းပြီးလျှင်ကော၊ အဆင်မြေ
ပြန်တက်နိုင်ပါ့မလား။

ခုအချိန်မှာ သူသည် သူ့ဘဝတစ်ခုလုံးကို အသာထား၍
ဒုန္ဒာကိုယ်တစ်ခုကိုပင် ချိုင်းထောက်အကူအညီ မပါဘဲ ဟန်ချက်
ညီညီ ထိန်းမတ်ထားနိုင်သူ မဟုတ်တော့။

'ဟူး . . .'

ရင်မောခြင်း သက်တာ၊ လေပူတစ်ချက်ကို သက်ပြင်းနှင့်
ရောနှောမှုတ်ထုတ်ပစ်လိုက်မိသည်။

စောစောက အားကိုး မျှော်ကိုးမိသော တောင့်တစိတ်လေး
ပါးသည်း ချက်ချင်း ဖျောက်ဖျက်လိုက်သည်။

အပြစ်တွေ့ လုပ်ခဲ့သူက သူ။

အမှားတွေနှင့်အတူ မမင်းသက်ရင်ကို ပင်ပန်းကြီးစွာ
ခဲ့သော၊ သောကရောက်စေလျက် နှိပ်စက်ညှင်းပန်းခဲ့သူမှာလည်း
သူ။

သူ့ဘဝနှင့် သူ့ဒုန္ဒာကိုယ်တစ်ခုလုံး ယိုင်နဲ့ညစ်နွမ်းသော
အခါ မမင်းသက်ဆိုသော စိတ်ထားနှင့်တကွ အချစ်ဖြူစင်သော
အလေးကို အနုစ်နာခံဆေးကြောစေမည် ဆိုပါက သူ တရားပါ
ကောင်း။

'လူလေး . . . ပတ္တမြားကောင်း'

ကုန်းဆင်း ဆင်ခြေလျောထိပ်နားမှာပင် သူ ရပ်၍ တွေ
နေသဲ ကျောဘက်က ကြားရသော ဦးစိုင်းလုံအသံကြောင့် ပတ္တမြ
ကောင်း လှည့်ကြည့်သည်။

'ဘာလဲ ဘ'

'လူလေး ဒီကုန်းဆင်းကို ဆင်းရခက်နေတယ်နဲ့တူတ
ဘ တွဲပြီး ပို့ပေးမယ်လေ'

ပတ္တမြားကောင်း ခေါင်းခါသည်။

'နေပါစေတော့ ဘရယ်၊ ကျွန်တော့်ဘာသာ ကျွန်တော
တဲဘက် ပြန်လျှောက်လာခဲ့ပါ့မယ်၊ ခုချိန်မှာ ကျွန်တော် ဘ ဘ
အဝင် ဘယ်သူ့အကူအညီမှ သိပ်မလိုချင်ဘူး၊ ဘယ်သူ့ကိုမှလ
ဒုက္ခမပေးချင်တော့ဘူး'

'အိုကွာ'

သူ့စကားက ဆူစိမ်းဆန် လွန်းအားကြီးသွားသည် ထ
သည်။ ဘ မျက်နှာ ကွက်ခနဲ ညိုး၍ စိတ်မကောင်းဟန် ပေါ်
သည်။

သို့သော် သူ ဘကို တောင်းပန်ဖို့ မကြိုးစားတော့။

သည်စကားများက ဘကို ပြောရန်ထက် မမင်းသက
ပတ်သက်သော ကိစ္စကို အကြောင်းပြု၍ သူ့ကိုယ်သူ ပြောလိုက်
ဖြစ်ကြောင်း ရှင်းပြရန် ခက်သည်။

တောင်တန်းများဘက်မှ ထပ်မံညို့လာသော မိုးရိပ် တ

ညိုများကို တွယ်ရာမဲ့စွာ သူလှမ်းကြည့်လိုက်မိ၏။



ညကိုင်းလို ရောက်လာတတ်သော အိပ်မက်ဆိုးများက ထိုညမှာလည်း သူ့အိပ်စက်ခြင်းကို လာရောက် ဖျက်ဆီးပစ်ကြပြန်သည်။

အိပ်မက်ထဲမှာ နေ့လယ်ခင်းကလိုပင် တောင်ကုန်းဆင်ခြေ လျှောလေးတစ်ခုကို သူ့ကိုယ်သူ အတော်လေး ထိန်း၍ ဆင်းသည်။

သို့သော် သူ့ခြေတစ်ဖက်က ဘယ်လိုမှ ထိန်းမရဘဲ ချော်ဆွတ်သွားသည်။ အရှိန်ဖြင့် ပြိုလဲသော ခန္ဓာကိုယ်ကို ထိန်းမတ်ရန် ခြိုင်းထောက်ဖြင့် လှမ်းထောက်ရန် ကြိုးစား၏။

မရ။ ဘယ်လိုမှ လှမ်းထောက်၍ မရ။

သူ့လက်ထဲက ခြိုင်းထောက်သည် ဘယ်အခိုနှိ ပျောက်ဆုံးသွားမှန်း မသိလိုက်။

သူ အလန့်တကြား ဆုပ်ကိုင်ဖမ်းနေသည့်နေရာမှ ခြိုင်းထောက် မရှိတော့ဘဲ သူ့လက်များက လေကိုသာ ဆုပ်ဖမ်းမိသည်။

သူ့တစ်ကိုယ်လုံးလည်း ဘာကိုမှ အမှီအထောက် မရတော့ဘဲ လေထဲမှာ ဦးစိုက်ကျမ်းပြန် ဖြစ်သွားသည်။

'အား'

သူ ချောက်ချားထိတ်လန့်စွာ အော်ဟစ်သည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး အသူတစ်ရာနက်သည့် ချောက်
ကြီးတစ်ခုအတွင်းသို့ ကျဆွားသည်။

'ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား'

အလွန် စက်ဆုပ်ဖွယ်ရာ ကောင်းလှသော လျှောင်ပြော
ရယ်မောသံများက၊ အရှိန်ဖြင့် ချောက်နက်ထဲ ကျဆင်းနေ
တဟူးဟူး တိုးဝှေ့နေသည့် လေသံများနှင့်အတူ ကြားရသည်။

ထိုအခိုက်မှာပင် သူ့ကိုယ်ကြီးက ချောက်အောက်ဘက်
ရှိဟန်တူသော ကျောက်ဆောင်ကျောက်သား မြေအပြင်ကြီးတစ်
နှင့် ပြင်းထန်စွာ ရိုက်ခတ်မိသည်။

'အင့် . . .'

သူ့တစ်ကိုယ်လုံးမှ အရိုးအဆစ်များ ကြေမွ ပြုတ်ထွက်ကု
ပြီဟု သိလိုက်သည်။ နာကျင်ခြင်းနှင့်အတူ ရင်တစ်ခုလုံး ကျပ်ပိ
လာပြီး အသက်ရှူ၍ မရတော့။

'သေစမ်း ပတ္တမြားကောင်း၊ နင် သေမှ ဖြစ်မယ်၊ နင်
မသေရင် ငါ ဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး'

အသက်ကို ပင်ပန်းခက်ခဲစွာ တစ်ချက်ချင်း ရှူနေရဆဲမှ
ပင် စထားသံတစ်ခုကို ပီပီသသ ကြားလိုက်ရသည်။

ကမ်းပါးထိပ်ကို လှမ်းကြည့်လိုက်သောအခါ၊ သူ့ချို

ဆောက်နှစ်ခုကို ကိုင်ထားရင်း တဟားဟား လှောင်ပြောင်ရယ်မော
နေသည့် သိဂီကျော်။

သိဂီကျော်က ဟားတိုက်ရယ်ရင်း . . .

'ဟား . . ဟား . . သိပ်ကြည့်လို့ကောင်းတဲ့ မြင်ကွင်းပဲ
ပတ္တမြားကောင်း၊ လုပ်လေ . . . နင် အပေါ် ပြန်တက်ခဲ့ပါတဲ့၊ နင်
တက်လာလို့ မရတော့ဘူး မဟုတ်လား၊ အေးလေ . . . နင်
ဘယ်တက်လာလို့ ရပါတော့မလဲ၊ နင်က လူကောင်းမှ မဟုတ်
တော့တာ၊ နင်က လူစဉ်မမိတော့တဲ့သူ၊ ဒုက္ခိတ၊ ဟား . . . ဟား
. . . ဒီလောက် သေစရာကိစ္စတွေ ဖြစ်တာတောင် နင် ဘာဖြစ်လို့
မသေရသေးတာလဲ ပတ္တမြားကောင်း၊ နင် သေရမယ်၊ နင် မသေလို့
ဖြစ်ကို မဖြစ်ဘူး'

ပြောပြောဆိုဆိုနှင့် သိဂီကျော်က သူ့ကို မှုန်းတီးစွာ ကြည့်
ရင်း သူ့အပေါ် တည့်တည့်၌ ရှိနေသော ကျောက်တုံးကြီးတစ်ခုကို
တွန်းချသည်။

'အာ . . မလုပ်ပါနဲ့ သိဂီကျော်၊ ငါ့ကို မသတ်ပါနဲ့'

သူ လှမ်းတောင်းပန်နေဆဲမှာပင် ကျောက်တုံးကြီးက သူ့
အပေါ် တည့်တည့် ကျလာသည်။

'အား . . . အား'

ဆောက်တည်ရာ မရသော ထိတ်လန့်ခြင်းများဖြင့် သူ
အသံကုန် ဟစ်အော်မိသည်။

သူ လန့်နိုးသောအခါ ရှမ်းကုန်းပြင်မြင့်၊ ရွှေညောင်မြို့နယ
ရပ်စောက်လမ်းရှိ နှမ်လတ်ကျေးရွာ၊ ဘ-ဦးဆိုင်းလုံ၏ စိုက်ခင်း
ညက သန်းခေါင်လွန်ရုံပဲ ရှိသေးသည်။
ထိုက စ၍ မနက်လင်းသည်အထိ သူ အိပ်မပျော်တော
အတွေးထဲမှာ သိဒ္ဓိကျော်၊ အခြားသူအချို့နှင့် ပြဿ
ပေါင်းစုံများ။
ပြီးတော့ သတိမရအောင် အတင်းတားဆီးနေသည့်ကြ
က လှစ်ခနဲ လှစ်ခနဲ သူ့စိတ်ကူးထဲကို တိုးဝင်လာသော မမင်းသ
၏ ဖြူဖြူသွယ်သွယ် မျက်နှာလေး။
အိပ်မရတော့သော ကာလတစ်လျှောက်လုံးလိုလိုမှာလည်
တိုက်ခိုက်မှုလေ့ကျင့်ရေး ဆင်းနေကြဟန်တူသော နေရာများဆီ
ခဲယမ်းမီးကျောက်ပေါက်ကွဲသံများကို ကြားနေရ၏။

* * *

(၂)

ပြီးခဲ့သော ကာလ တော်တော်များများမှာ သူ တော်တော်
များများမှာ သူပြုမူဆောင်ရွက်ခဲ့သော ကိစ္စမျာ်းအရ မေ့မည်ဆိုလျှင်
လည်း သည်အဖြစ်အပျက်များကို သူ မေ့မျောက်နေလောက်သင့်
သည်။
သို့သော် အုံကြွဖွယ်ရာ ကောင်းလောက်အောင်ပင်
ထိုအဖြစ်အပျက်များကို သူ သတိရနေသေး၏။
မှတ်မှတ်မိမိ မမင်းသက်နှင့် စတင် ဆုံတွေ့သော အချိန်
တွင် သူသည် စက်မူတက္ကသိုလ်စတုတ္ထနှစ် လျှပ်စစ်အင်ဂျင်နီယာ
ဘန်း အောင်ပြီး၊ ပဉ္စမနှစ် အီလက်ထရွန်းနှစ် အင်ဂျင်နီယာ

သင်ထားနှင့် စောက်စ ဖြစ်နေပြီ။

ထိုအခြိန်က ပတ္ထမြားကောင်းဆိုသော သူ၏ဘဝ၊ သူ

အနေအထားသည် ခုကဲ့သို့ မဟုတ်။

စက်မှုတက္ကသိုလ်တစ်ကျောင်းလုံးမှာ မသိသူ မရှိဟု ဖိန့်ဖိ

တုန် လှုပ်လှုပ်တောက် ထင်ရှားကျော်ကြားသောအဖြစ်မျိုး မဟုတ်

သည့်တိုင် သူနှင့် ဆက်နွယ်ပတ်သက်နေသော အသိုင်းအဝိုင်း ကျယ်

ကျယ်ပြန့်ပြန့် လေးတစ်ခုအတွင်းမှာတော့ သူသည် ပေါ်လွင်

ထင်ပေါ်သော မင်းသားတစ်ယောက်ဖြစ်သည်။

သူနှင့်ပတ်သက်၍ သူ့အသိုင်းအဝိုင်းတွင် ထင်ရှား

ထင်ရှားနည်းကလည်း သုံးမျိုးရှိ၏။

ပထမတစ်မျိုးက ထူးချွန်သော သူ့အရည်အချင်းတချို့နှ

ပတ်သက်၍ ဖြစ်သည်။ သူသည် နတ်များ၊ သိကြားများက အလွ

တော်အောင်၊ အပြစ်ပြောစရာမရှိအောင်၊ အရာရာမှာ အထက်မြ

ဆုံး အထူးချွန်ဆုံးတွေပဲရှိအောင် စုပေါင်းဖန်ဆင်းပေးထားသော

လူစွမ်းကောင်း ယောကျ်ားထူး ယောကျ်ားမြတ်တစ်ယောက်တော

မဟုတ်။

သို့သော် သူ သိပ်ဉာဏ်ကောင်းသည်။ ပြီးတော့ သ

ဝါသနာပါရာ အားကစားလုပ်ငန်းမှာလည်း ရွှမ်းရွှမ်းချွဲချွဲ ပေါက

မြောက်သည်။

အထက်တန်းကျောင်းမှာတုန်းက ခုနစ်တန်း၊ ရှစ်တန်

ကိုးတန်း လူရည်ချွန် သုံးနှစ်ဆက်တိုက်ရခဲ့ဖူးသလို၊ ဆယ်တန်း

စာမေးပွဲမှာလည်း ခြောက်ဘာသာဂုဏ်ထူးနှင့် မြန်မာတစ်ပြည်လုံး

ပထမ၊ ဒုတိယ၊ တတိယ ဆုတံဆိပ်ရှင် သုံးဦးထဲမှာ တစ်ဦးပါခဲ့သည်။

စက်မှုတက္ကသိုလ်ကျတော့လည်း တန်းစဉ် ခုနစ်ပါတ် တစ်

အောင်မြင်မှုအဆင့်ကလည်း ခရက်ဒစ်၊ အဆင့်မြင့်အောင် ဘာသာ

စုံ ဂုဏ်ထူး။

ဒါက ပညာရေးဝိုင်း။

အားကစားကျတော့ စက်မှုတက္ကသိုလ် ဘော်လီဘော

လက်ရွေးစင်။

စက်မှုတက္ကသိုလ် လေးနှစ်တာကာလ အတွင်းမှာ

အကောင်းဆုံး အားကစားသမားဆု သုံးကြိမ်ရဖူးပြီးသား။

စက်မှုတက္ကသိုလ် အပါအဝင် တက္ကသိုလ်နှင့် ကောလိပ်

ပေါင်းစုံမှာ သူလိုလူမျိုး သူတစ်ယောက်တည်းတော့ မဟုတ်။

သို့သော် တက္ကသိုလ်သမိုင်းမှာ သည်လိုလူမျိုးတွေ အများ

ကြီးတော့ ပေါပေါပဲပဲ ပေါ်လေ့မရှိ။ ရှိတော့ရှိသည်။ ဒါပေမယ့်

နည်းနည်း နည်းသည်။

ဤသည်က ပတ္ထမြားကောင်းနှင့် ပတ်သက်၍ ထင်ရှား

သည့် ပထမအချက်။

ဒုတိယအချက်ကျတော့ သူ့မိဘအသိုင်းအဝိုင်းနှင့် ပတ်

သက်သည့်ကိစ္စ။ အထူးသဖြင့် သူ့အဖေ။

သူအဝါအဝင် ရာဇာကောင်း၊ နီလာကောင်း၊ ပတ္တမြား
ဆောင်တဲ့ သားသမီးသုံးယောက်မွေးထားသော သူ့အဖေ ဦးဖေ
ဆောင်းသည် လောလောဆယ်မှာ ဘာရာထူးရာခံမှ မရှိသော်လည်း
ငွေကြေးအလှုပယ် မကြွယ်ဝသော်လည်း သူ့အစဉ်အလာသမိုင်းနှင့်
သူ တိုင်းသိပြည်သိ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

လူငယ်ဘဝဖြင့် တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းမှု
လုပ်ငန်းများမှအစမြု၍ နောက်ပိုင်းနိုင်ငံရေးလောက သတင်းစာ
လောကတို့တွင် နာမည်ကောင်းတစ်လုံးဖြင့် လူအကြည်ညိုခံနေ
သော ပုဂ္ဂိုလ်ဖြစ်သည်။

သို့အတွက် ဦးဖေကောင်းသား၊ တစ်နည်း သခင်ဖေ
ကောင်းသားဆိုသော ဂုဏ်ပုဒ်ကလည်း ပတ္တမြားကောင်းအတွက်
နည်းနည်းနှောနော ဂုဏ်ပုဒ်မဟုတ်။

သခင်ဖေကောင်းကို ဓာတ်ပုံလောက်သာ မြင်ဖူးသူ လူငယ်
အချင်းချင်းပင် အဲဒါ ဦးဖေကောင်းသားပေါ့ဟုဆိုသည်နှင့် အဖွေ
အရှိန်ဖြင့် တလေးတစား လှမ်းကြည့်ခြင်းခံရသော အနေအထားမှာ
ရှိသည်။

နောက်ဆုံးတတိယအချက်ကတော့ ထိုကိစ္စမျှားနှင့် မပတ်
သက်ပြန်တော့ဘဲ၊ ပတ္တမြားကောင်း တစ်ယောက်တည်းနှင့် သာ
သက်ဆိုင်နေပြန်သည်။

ဤအချက်ကိုလည်း မလိုလည်း လိုလည်း အနည်းငယ်

အကျယ်ချဲ့၍ ရှင်းပြလိုပါ၏။

*

ဤတတိယအချက်က ပတ္တမြားကောင်း၏ လူပုံလူပန်းပင်
ဖြစ်သည်။

မြန်မာယောကျ်ားလေး တစ်ယောက်အနေနှင့် အတော်
အသေး အရပ်မြင့်သည်ဟု ဆိုနိုင်သော်လည်း အရပ်ရှည်ပုံ ရှည်သည့်
အလန်ကလားများလို ရှည်ရှည်လျှောင်ကိုင်းကိုင်းကြီး မဟုတ်။

အားကစားသမား တစ်ယောက်ပီပီ၊ မြင့်သောအရပ်နှင့်
လိုက်လျောညီထွေသည့် ကိုယ်လုံးကိုယ်ထည် ရှိသည်။ အဆီပို
အသားပို မရှိ။ ကျစ်လျစ်မြဲမြံစ်သော ကြွက်သားများဖြင့်သာ တည်
ဆောက်ထားသော သူ့ခန္ဓာကိုယ်မှာ မဖြူမညို သူ့အသားလတ်
တတ်နှင့် အရမ်းလိုက်ဖက် ကြည့်ကောင်းသည်။

မျက်နှာကျတော့လည်း ကြမ်းတမ်းခက်ထန်သော ပုံစံ
မျိုက်သလို၊ မိန်းမခေျာ ချောနေတာမျိုးလည်း မဟုတ်။

သည်ဘက်ခေတ် မင်းသားတွမ်ခရုတို့လို မျက်နှာကျမျိုးမှာ
ကောင်းကောင်း ထူထူထဲထဲ ရှိနေတာမျိုးက အစ၊ ယောကျ်ား
ဆီသာ ခန့်ညားသည်။

မိခင်ဖြစ်သူက ရှမ်းစပ်ဖြစ်ပြီး ပင်ကိုယ် ကျန်းမာရေး

ကောင်းသူ ပီသစွာ နက်မှောင်တောက်ပသော ဆံပင်၊ မျက်
မှတ်ဆုံများ ဆေးလိပ်မသောက်တတ်သဖြင့် နီထွေး သန့်
သော နှုတ်ခမ်းများ၊ သွားများ စသည်ဖြင့် ဘယ်လိုကြည့်ကြ
ခန့်ညားချောမောသော အနေအထားမှာ ရှိသည်။

ဤသည်မှာ ပတ္တမြားကောင်းဆိုသော လူတစ်ယောက်
အကောင်းဆုံး အတော်ဆုံးဆိုသော အချက်များကို အရှိအ
လွှေထုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

ဤအချက်များကြောင့်လည်း ပတ္တမြားကောင်းဆို
လူတစ်ယောက်သည် စက်မှုတက္ကသိုလ် အပါအဝင် သူ့ပတ်ဝန်
အသိုက်အဝန်း၌ ထင်ရှားထူခြားစွာ ပေါ်လွင်နေခြင်းလည်း
သည်။

ရုပ်ရည်ရုပကာယ ပြောစရာမရှိ။

ပညာရေး၊ ဖွဲ့ဖြိုးရေး၊ ကျန်းမာရေးက ပြောစရာမ
မိဘ အသိုက်အဝန်းကိစ္စ ဘာတစ်ခုမှ ပြောစရာမ
သည်လိုလူမျိုးဖြစ်နေသော သူ့ဘဝမှာ အစစ ပြ
လုံလောက်နေပြီပဲ။ ဘာလိုသေးလဲ။ သူ့ဆက် ပြည့်စုံလုံလောက်
သူပင် သူ့လောက် ပြည့်စုံလုံလောက်စရာ မရှိ။ စူပါမင်းပဲ။ တ
ဟီးရိုးပဲ။ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး လူတစ်ယောက်ဟု
မှတ်နိုင်သည်။

သည်လိုလူမျိုး၏ ဘဝသည်လည်း တစ်လျှောက်လုံ

စိတ်ညစ်စရာ၊ စိတ်ဓာတ်ကျစရာ၊ ဒုက္ခကျစရာ၊ ဒုက္ခဆင်းရဲဟူ၍
ဘာတစ်ခုမှ ရလာစရာမရှိဘဲ စင်းလုံးချော ပျော်ရွှင်ချမ်းမြေ့စွာ
နေထိုင်သွားရုံပဲ ရှိတာပေါ့ဟုလည်း ထင်စရာရှိသည်။

သို့သော် တကယ်တမ်းကျတော့ ဘာတွေ ဖြစ်လာခဲ့ပါ
သလဲ။

'ဟင်း . . .'

ရှမ်းကုန်းမြင့်၏ ဆင်ခြေလျှော တောင်ကုန်းလေးပေါ်က
နေရာမယာခင်းတဲကြီး၏ အခန်းတစ်ခန်းထဲမှာ လှဲလျောင်းရင်း
ပတ္တမြားကောင်း သက်ပြင်းချသည်။

သူ့ဘဝမှာ ဒါတွေ မပြည့်စုံဘူးလား။

ပြည့်စုံခဲ့ပါသည်။

ပြည့်စုံခဲ့ရုံမက တချို့အချက်များမှာ ပြည့်လျှံ၍ပင် နေခဲ့ပါ
သေးသည်။

ထို့ပြင် အများသူငှါ ထင်ကြသလိုပင် . . . သည်လိုလူ
တစ်ယောက်၏ဘဝသည် အစစ အဆင်ပြေ ချောမွေ့လျက်၊
လောကမှာ ထူးခြားသည့် ပုဂ္ဂိုလ်၊ ကံအကောင်းဆုံး လူတစ်ယောက်
သဖွယ် သူများ မရနိုင်သည့် ချမ်းသာသုခအလုံးစုံကို ဘဝတစ်သက်
လုံး ရသွားနိုင်မည်ဟုလည်း သူကိုယ်တိုင် ထင်မြင်ယုံကြည်ခဲ့ဖူး၏။

ထိုယုံကြည်ချက်နှင့်အတူ သူ့ဘဝနှင့် သက်ဆိုင်သောအရာ
ခန့်သမျှ အသန့်ဆုံး အကောင်းဆုံးတွေသာ ဖြစ်ရမည်ဟူသော ဆုံး

ဖြတ်ချက်ဖြင့် ကောင်းသည်ထက်ကို ပိုကောင်းနိုင်အောင်လည်
ကြိုးစားနေထိုင်ခဲ့ပါသည်။

သို့သော် တကယ်တမ်းကျတော့ သူ ဘာတွေဖြစ်လာခဲ့
ပါသလဲ။

စောစောက မေးခွန်းကိုပင် သူ တစ်ခါပြန်မေးမိသည်
ပြီးတော့ ထိုမေးခွန်း၏ နောက်ဆုံးအပိုဒ်ကို လည်
နှုတ်ဖျားမှနေ ထပ်ပြန်တလဲလဲ ရွတ်ဆိုမေမြန်းနေမိသည်။

သူ ဘာတွေဖြစ်လာခဲ့ရပါသလဲ။

ဘယ်လိုဖြစ်ပြီး . . .

သူ ဒါတွေ ဖြစ်လာရတာလဲ။

နွေဦးညဖြစ်သော်လည်း သူရှိနေသောအရပ်မှာ အလွ
အေးစိမ့်နေသည်။

ပတ်ဝန်းကျင် တောရိပ်တောင်ရိပ်များဆီမှ ပိုးမွှားများ
တောသတ္တဝါတချို့၏ အော်မြည်သံများကိုလည်း ကြားနေရသ

စိတ်သည် ထိုပတ်ဝန်းကျင်ကို ခွဲခွာပြီး ထိုနေရာနှင့် ဘ
မဆိုင်သည့် ပတ်ဝန်းကျင် တစ်ခုဆီသို့ ရုတ်တရက် ခရီးနှင် ထွက်
သွားလေ၏။

* * *

(၃)

'ရော့ . . . ပတ္တမြား၊ မင်းအတွက် အကောင်းဆုံးလေး
ဝယ်တစ်လုံး'

ပွဲက လုံးဝ ကြည့်မကောင်းတော့။

တက္ကသိုလ်နှင့် ကော်လိပ်ပေါင်းစုံ အကောင်းဆုံး ဘော်လီ
ဘောနှစ်သင်း ထိပ်တိုက် လာဆုံသည့် နောက်ဆုံးပွဲ။ ဝိုလ်လုပွဲဆို
ဘာ အနှစ်သာရက လုံးဝပျက်စီးသွား၏။

ဒုတိယပွဲစ၍ ဆယ်မိနစ်လောက်အထိသာ စောစောက
အနှစ်သာရက ရနေခဲ့သည်။ ခုကျတော့ အရာအားလုံးက တစ်ဖက်
သားနှင်း ဖြစ်သွားခဲ့ချေပြီ။

ဝိုလ်လုပ်ပဲ၊ ထိပ်ထိပ်ချင်းတွေ့သည်ပဲ့ မဟုတ်တော့။

သူတို့ဘက်က စိမ်ပြေနပြေနှင့် တစ်ဖက်အသင်းကို နှိပ်စ
နေသည်ပဲ့ ဖြစ်သွားသည်။

တစ်ဖက်အသင်းက ဖရိုဖရဲနှင့် အလူးအလဲ ခုခံကာတို့
နေရဆဲ့အချိန်မှာ နဂိုကတည်းက ပြောင်စပ်စပ်၊ ရွှတ်နေ
နောက်အကျင့်ရှိသည့် ကျော်မိုးက . . . သူ့ကို အေးအေးဆေး
နှင့် စကားပင် လှမ်းပြောပြီး ဘောလုံးကို ထောင်တည်ပေး
သည်။

ကွင်းထဲမှာ စိတ်အေးလက်အေး ထရိန်နင် ဆင်း
တည်တည်ငြိမ်ငြိမ်နှင့် ထောင်ပေးလိုက်သော ဘောလုံးမို့ တက်
ပုံလေးကလည်း လှပသည်။

အနေတော် မြင့်တက်သွားပြီး အနေတော်ပြန်ကျလာ
ဘောလုံးလေးက ပတ္တမြားကောင်း မျက်လုံးထဲမှာ အားရပါးရ
မောပြီး လှမ်းဆွတ်ခူး စားစရာကောင်းသော စပျစ်သီး
ဖြစ်သွားသည်။

'ကျေးဇူးပဲ ကျော်မိုး'

သူ့ဘက်ကလည်း အားကျမခံ လှမ်းပြောလိုက်ပြီး ခြေ
လှမ်း အားယူခုန်လိုက်သည့် သူ့တစ်ကိုယ်လုံးက လေထဲကို လှ
မြင့်တက်သွားသည်။

ခါးကိုလှည့်၍ ပခုံးကိုနွဲ့ပြီး ပတ္တမြားကောင်းက ညာ

ကို အားမာန်အပြည့်ဖြင့် ဝိုက်တင်လိုက်သည်။

ဤပြိုင်ပွဲကို တက္ကသိုလ်အပန်းဖြေရိုးသာတစ်ခုလုံး လှုံ
ကွက်ပေါက်ကွဲမတတ် အားပေးနေကြသည့် ကျောင်းသားကျောင်း
သူ ဆရာဆရာမ ပရိသတ်များ စက္ကန့်ဝက်လောက် အသက်ရှူရပ်ပြီး
ငေးမှင်သွားသည်။

ပတ္တမြားကောင်း၏ လှပသော ကိုယ်ဟန်အနေအထား
နှင့် အားမာန်အပြည့်ပါသောမျက်နှာ၊ လက်လွှဲဟန်၊ ဖြစ်လာတော့
မည်သည့်အခြေအနေကို သိချင်စိတ်တို့က ပရိသတ်အားလုံး၏ စိတ်
ကို ဖမ်းစားလိုက်သည်။

'ဟောင်း'

ဘောလုံးနှင့်လက် ထိတွေ့မှုက တိကျသည်။ သေသပ်
သည်။ လိုအပ်သော ခွန်အားသုံးစွဲမှုအပြည့်ပါသည်။

သူ့လှုပ်ရှားမှုကို တန်ဖိုးထားစွာ မှတ်တမ်းတင် ယူလိုက်
သည့် ကင်မရာတစ်ခုမှ လျှပ်တစ်ပြက် မီး လက်ခနဲ ပွင့်သွားချိန်နှင့်
အံဝင်ခွင်ကျပင် ဘောလုံးကို သူရိုက်ပြီး စမက်ရှ်ဆွဲချလိုက်သည်။

'ဟေး . . .'

ဘောလုံးက ကျည်ဆန်တစ်တောင့် ပစ်လွှတ်လိုက်သလို
တစ်ဖက်အသင်း၏ လူသုံးယောက်ကြားမှနေ ကွန်ကရက်ကြမ်းပြင်
ကို ပြေးထိသည်။

'ပတ္တမြားကောင်းကွ . . . ပတ္တမြားကောင်း'

အော်ဟစ် ဆူညံအားပေးသံများက ရိပ်သာအမိုး ပွင့်ထွ
သွားမှာကို ဦးရိမ်ရလောက်အောင်ပင် များပြား ကျယ်လောင်
သည်။

'ကောင်းတယ်ကွာ ပတ္တမြား၊ လုံးဝ အကောင်းဆုံးပဲ'

သူ အောက်ကို ပြန်ရောက်ချိန်မှာပင် ကျော်မိုးက လက်
နှုတ်ဆက်ပြီး ပြောသည်။

ပတ္တမြားကောင်းက မြူးပြပြီး . . .

'အကောင်းဆုံးဆိုရင် ပတ္တမြားကောင်းက ဘယ်တုန်
လက်လွတ်ပေးဖူးလို့လဲ ကျော်မိုးရာ၊ မကျေနပ်သေးရင် မင်း နော
စစ်လုံး ထပ်ပေးကြည့်ဦး'

ကျော်မိုးက ရယ်၍ . . .

'ရမယ်၊ ဒီနေ့အဖို့ကတော့ မင်းအတွက် ဒါမျိုးတွေ လက်
လက်ကား ဖောက်သည်ပေးသလိုကို လုပ်ပေးလို့ ရနေပြီ'

ထိုနေ့က သူတို့အသင်း အပြတ်အသတ် အနိုင်ရသွ
ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆ
လည်း သူပဲ ရ၏။

သူတို့ တစ်သက်လုံး ကိုယ့်အောင်မြင်မှုနှင့် ကိုယ်မြူး
နေသဖြင့် တစ်ဖက်အသင်းက ရှုံးမဲ့စိတ်ပျက်နေကြသည်ကို သ
မထားမိလိုက်။

အလားတူပင် ထိုအချိန် ပွဲကြည့်ပရိသတ်များထဲ

မင်းသက်ဆိုသော မိန်းကလေးတစ်ယောက် ရှိနေမှန်းလည်း
တွေ့မြင်ကောင်း သတိမထားမိလိုက်။

❋

'ဘယ်လိုကွ ကျော်မိုး . . . ငါ့အတွက် စိတ်ဝင်စားစရာ
အကောင်းဆုံး ပစ္စည်းတစ်ခု ပြမလို့ ဟုတ်လား'

'အေး . . .'

အမျှားအားဖြင့် စာသင်ချိန် မရှိသည့် နေ့လယ်ခင်းနှင့်
ညနေပိုင်း ဘော်လီဘော လေ့ကျင့်ကွင်း မဆင်းမီအခါမျိုးမှာ သူ
ရောက်နေတတ်သည့် နေရာများသည် စာကြည့်တိုက်၊ သို့တည်း
မဟုတ် ဌာနက ဆရာတစ်ယောက်ယောက်၏ရုံးခန်းနှင့် ကျောင်း
ဝင်းအတွင်း အဆောင်ရှိ ကျော်မိုးအခန်းတို့သာ ဖြစ်သည်။

စာကြည့်တိုက်ရောက်နေလျှင် တော်ရုံကျောင်းသား လှုန်
ကြည့်ဖို့ဘောင် စိတ်မဝင်စားသည့် အင်္ဂလိပ်စာအုပ်ထူကြီးများကို
သူ စိတ်ဝင်စားစွာ ဖတ်နေတတ်သည်။

ဌာနက ဆရာတစ်ယောက်ယောက်၏ ရုံးခန်းမှာ ရောက်
နေလျှင် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများမှ သူရှာတွေ့ထား
သော ခဲရာခဲဆစ် ပြဿနာများကို ဆရာနှင့် ညှိပြီး သူ ဖြေရှင်းကြည့်
နေတတ်သည်။

ကျော်မိုးအခန်းမှာဆိုလျှင်တော့ ကျော်မိုး အဖော်ရှိလျှ
သူ စကားပြောသည်။ လူတိုင်းနှင့်တော့ သူ စကားမပြော။ သို့မဟုတ်
လျှင် တခြား ပြင်ပပြင်လွင် ဗဟုသုတရစရာ စာအုပ်လေးတွေ
ဖတ်ချင်ဖတ်နေမည်။ သည်နေရာမှာလည်း စာအုပ်တိုင်းတော့ ဘ
မဖတ်။ ဖတ်ချင်တာပဲ ရွေးဖတ်သည်။ ကျော်မိုးလည်း မရှိ။ တခြ
ဖတ်ချင်စရာ စာအုပ်လည်း မရှိလျှင် သူ ဘာမှမလုပ်တော့။

ကျော်မိုး ခုတင်ပေါ်မှာ အားနေပါးရ ဆန့်ကားရ နှစ်ခ
ခြိုက်ခြိုက် အိပ်နေတော့သည်။

သည်အကြောင်းများနှင့် ပတ်သက်၍ ကျော်မိုးကို သူ ပြော
ဖူးသည့် စကားတစ်ခု ရှိသည်။

'ငါ့ဘဝမှာ ဘာအကြောင်းနဲ့မှ အချိန်ကို အလဟသ အက
မခံနိုင်ဘူး ကျော်မိုး၊ တစ်ခုခု အကောင်းဆုံးဖြစ်အောင် သုံးပစ်တယ်
မင်းအခန်းမှာ ငါ လာနေတဲ့အချိန်က ငါ့အားလပ်ချိန်ပဲ၊ အဲဒီတော
အားလပ်ချိန်ကို အကောင်းဆုံးဖြစ်အောင် မင်းနဲ့ တခြားအပြ
လောကက စိတ်ဝင်စားစရာအကြောင်းလေးတွေ ပြောချင်ပြော
ဒါမှမဟုတ် ငါ ဖတ်ချင်တဲ့ စာအုပ်တစ်အုပ် ဖတ်ချင်ဖတ်နေမယ်
အဲဒီနှစ်ခုမှ လုပ်စရာ မရှိရင် ဦးနှောက်ကော ခန္ဓာကိုယ်ကော
လုံးဝ အနားပေးပြီး အိပ်ပစ်လိုက်တာ အကောင်းဆုံးပဲ၊ ဘာမှအရည
မရ အဖတ်မရတာနဲ့တော့ တွေ့ရာလူနဲ့ စကားပြော၊ ကြုံရာစာအုပ်
တွေ ဖတ်ပြီး အချိန်တွေ လျှောက်မဖြုန်းပစ်နိုင်ဘူး'

ထိုအချိန်က ကျော်မိုးက ရယ်၍ . . .

'ရည်းစားလေး ဘာလေးကော ထားချင်စိတ် မပေါ်ဘူး
းကွာ၊ ဒါလည်း အားလပ်ချိန်ကို အကောင်းဆုံး အသုံးချနည်း
စ်ခုပါပဲ'

ပတ္တမြားကောင်းက ခေါင်းခါသည်။

'ဒီကိစ္စက ငါ့အတွက် သိပ်မလွယ်ဘူး ကျော်မိုး၊ အဆင်
သေရင် ဒီတစ်သက်မှာ ငါ မိန်းမတောင် ရချင်မှ ရမယ်'

'ဘာဖြစ်လို့လဲ'

'ခုထိ ငါ့မျက်စိထဲမှာ မြင်ဖူးသမျှ မိန်းမတွေ တစ်ယောက်
ငါကြိုက်တာ မရှိသေးဘူး ကျော်မိုး၊ ငါ့အကြောင်းလည်း မင်း
သိသားပဲ၊ လောကမှာ ငါ လိုချင်တဲ့ဟာ တစ်ခုခု ရှိလာရင် မရရ
အောင် ငါ ယူတတ်တယ်၊ လိုချင်တာ မဟုတ်လို့ကတော့ သူ့ဟာသူ
ဘာကြီးဖြစ်နေနေ ငါ စိတ်ကို မဝင်စားဘူး၊ ငါထားချင်ရင် ရည်းစား
ဘွဲ့ တစ်သိန်းလောက် ခုချက်ချင်း ထ,ထားလို့ ရနေတာ မင်း သိ
သားပဲ၊ ဒါပေမဲ့ အဲဒီထဲမှာ ငါ လိုချင်တာမျိုး ခုထိ တစ်ယောက်မှ
မတွေ့ဖူးသေးဘူး'

'မင်းက ဘယ်လိုပုံစံမျိုး လိုချင်လို့လဲ'

'မသိဘူးကွ . . . ခုထက်ထိ ငါလိုချင်တာ ဘယ်လိုပုံစံ
မျိုးဆိုတာလဲ ငါ မသိဘူး၊ ငါသိတာကတော့ တွေ့ဖူးသမျှ မိန်းမတွေ
ကို ငါ တစ်ယောက်မှ လိုချင်စိတ် မပေါ်သေးဘူး ဆိုတာပဲ"

'သိပ်ပေါနေလို့ မင်းဟာမင်း ဖင်ခေါင်းကျယ်နေတာ
လား ပတ္ထမြားရာ မင်းကို လာငြိုဖို့ ကြိုးစားတဲ့ ကောင်မလေး
ထဲမှာ ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိတဲ့ မိန်းကလေးတွေ ထ
ကြီးပါ'

'အဲဒါလည်း ငါ မပြောတတ်ဘူး ကျော်မိုး၊ မင်း ပြော
ပဲ ဖြစ်နေတာလား၊ ဒါမှမဟုတ် မင်း ပြောတဲ့ ဘာတစ်ခုမှ အ
ပြောစရာမရှိတဲ့ မိန်းကလေးဆိုတာတွေကိုပဲ ငါမျက်စိထဲမှာ
တန်လောက်တယ်လို့ မထင်စရာ ဖြစ်နေလို့လား မပြောတတ်
ခုထက်ထိတော့ အောလ်ပင်ကောင်းကောင်း တစ်ချောင်းလေ
တောင် ငါလိုချင်တဲ့မိန်းမ မတွေ့ဖူးသေးဘူး'

'အဲဒီတော့'

'အဲဒီတော့ ထုံးစံအတိုင်းပေါ့ကွာ၊ လုပ်ချင်တာ ဘာ
ရင် ငါတ ဘာအတွက်မှ အချိန်မဖြုန်းဘဲ အိပ်နေလိုက်တဲ့ကော
အဲဒီကိစ္စအတွက်လည်း ငါ ဘာမှအချိန်မဖြုန်းတော့ဘူး၊ ကိုယ်
ကိုယ် အေးအေးဆေးဆေးပဲ အိပ်နေလိုက်တော့မယ်'

ထိုနေ့ကလည်း သူ ကျော်မိုးအခန်းမှာ အိပ်နေခြင်းဖြစ
အိပ်လို့မှ တင်းပြည့်ကျပ်ပြည့် စည်းစိမ်မရသေးခင် အ
တံခါးကို ကျော်မိုးက တဝုန်းဝုန်းထု၍ သူ့ကိုနှိုးသည်။

သူ မထချင် ထချင်နှင့်ထ၍ တံခါးဖွင့်ပေးလိုက်သော
ကျော်မိုးက အလောတကြီးနှင့် . . .

'ဟော့ကောင် ပတ္ထမြား . . . မင်း ဆက်အိပ်မနေနဲ့တော့ကွာ၊
ဦး . . . မျက်နှာသစ်ပြီး ငါနဲ့လိုက်ခဲ့၊ မင်းကို ငါ သိပ်စိတ်ဝင်စား
ရာ ကောင်းတဲ့ကိစ္စတစ်ခုပြမလို့'

'ဘာ . . . သိပ်စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စ ဟုတ်လား'

'ဟုတ်တယ်၊ မင်းအတွက် စိတ်ဝင်စားစရာ အကောင်းဆုံး
ခွင့်းတစ်ခု ပြမလို့'

ဟု ပြောသည်။

သူက မျက်မှောက်ကြွတ်ပြီး . . .

'ဘယ်လိုကွ ကျော်မိုး . . . ငါ့အတွက် စိတ်ဝင်စားစရာ
အကောင်းဆုံး ပစ္စည်းတစ်ခုပြမလို့ ဟုတ်လား'

ဟု မြွန်မေးသည်။

ကျော်မိုးက အားတက်သရော အမှုအရာနှင့် ခေါင်းညိတ်
ပြီး . . .

'အေး . . . ' ဟု သံရှည်ဆွဲ၍ ပြောသည်။ သူက ကျော်မိုးကို
မယုံသင်္ကာအကြည့်ဖြင့် ကြည့်ရင်း . . .

'ဘာနဲ့ပတ်သက်လဲ ကျော်မိုး၊ ပညာရေးနဲ့ ပတ်သက်တဲ့
ပစ္စည်းလား၊ ဒါမှမဟုတ် အားကစားနဲ့ ပတ်သက်တဲ့ ပစ္စည်းလား၊
ဒါမှမဟုတ် ငါ သုံးတတ်တဲ့ ပစ္စည်းအသုံးအဆောင်တစ်ခုခုလား'

ကျော်မိုးက ခေါင်းခါသည်။

'အဲဒါတွေနဲ့ မပတ်သက်ဘူး၊ ဒီပြင်ကိစ္စ'

'အဲဒါတွေနဲ့ မပတ်သက်ရင်တော့ ငါ အိပ်နေတာထ
ဘာကိုမှ ပိုပြီး စိတ်မဝင်စားဘူး သူငယ်ချင်း၊ လုပ်မနေနဲ့ ငါ ပြ
အိပ်မယ်'

'ဟာ . . . မဟုတ်ဘူးကွ၊ ငါမှားသွားလို့၊ အဲဒီပစ္စည်း
မင်း အားကစားလှုပ်ရှားတာနဲ့ ပတ်သက်နေတဲ့ပစ္စည်း'

'ဘာလဲ'

'မင်းလိုက်ကြည့်စမ်းပါ ပတ္တမြားရာ၊ အဲဒီပစ္စည်းက မင်း
ကို ငါ ယူလာပြလို့ရတဲ့ပစ္စည်း မဟုတ်လို့ပါ၊ နို့မို့ မင်းကို ငါ ဒီလော
ခေါ်မနေပါဘူး၊ ခု ဘာမှ မေးမနေနဲ့၊ ဟိုကျတော့ကြည့်၊ ငါပြ
ပစ္စည်းကို ဟိုကျမှ မင်း စိတ်မဝင်စားဘူးဆိုရင် မင်း ငါ့ကို ကြ
သလိုပြော'

'ပြောရုံတော့ မပြောဘူးကွာ၊ မင်းပြောသလို မဟုတ်
မင်းကို ငါ ဆွဲထိုးရမလား'

ကျော်မိုး ခဏတွေသွားသည်။ ပြီးမှ ခေါင်းဆတ်၍ . .

'ထိုးကွာ၊ ဒါပေမဲ့ ငါပြောသလို ဖြစ်နေရင်ကော မင်
ငါ့ ပြန်ထိုးရမလား'

'အေး . . . ရတယ်ထိုး အဲလိုဆိုရင်တော့ ငါ လိုက်ခဲ့မ
သည်နည်းဖြင့် ထိုနေ့က စက်မှုခန်းမတွင်းသို့ သူ ရောက
ခြင်း ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် ထိုအချိန်အထိ သူ့ဘဝမှ

အားလုံးသည် အချစ်နှင့်လည်း လုံးဝမပတ်သက်၊ မမင်းသက်နှင့်
သည်း လုံးဝမဆက်မိသေးပေ။

လောကမှာ အသွားမတော် တစ်လှမ်းဆိုသော စကားရှိ
သည်။

အနာဂတ်ကာလတစ်လျှောက်လုံးမှာ အချစ်ဆိုသောအရာ
နှင့်လည်းကောင်း၊ ဘဝ၏ဒုက္ခ သောကဆိုသောအရာများနှင့် လည်း
ကောင်း ဘယ်လိုမှ ပတ်သက်စရာမရှိဘဲ ပတ်သက်သွားရခြင်းမှာ
ဦးနှောက် ကျော်မိုးအခန်းကနေ စ,ထွက်သော ခြေလှမ်းတစ်လှမ်းက
စခဲ့ခြင်းဖြစ်၏။



စကားကို အဝိုင်ချည်၍ ပြောလိုက်သော ကျော်မိုးကြောင့်
ကြွားကောင်း ပြုံးလိုက်သည်။ ယောကျ်ားဝီပီ အမှန်စကားဆို
ကြားဆိုမှတော့ သူ ညာပြောရန်ခက်သွားပြီ မဟုတ်လား။

ပတ္တမြားကောင်းက ရယ်ရင်း . . .

'အေးကွ . . . မင်းအခန်းပြန်ချောက်ရင် ငါ့ကို ထိုးတော့၊
ငါ့စွက် စိတ်ဝင်စားစရာ အကောင်းဆုံးတစ်ခုထဲမှာ
နေပြီ၊ ပြီးတော့ ငါ ဒီပစ္စည်းကိုလည်း အရမ်းလိုချင်နေပြီ၊ ဒါတွေက
ဆောင်းတာတွေပဲ မဟုတ်လား'

ပြောလည်းပြော၊ စက်မှုခန်းမကြီးကို အသွင်ပြောင်းပြီး
ခန်းချိပြပွဲလုပ်ထားသည့် နေရာတစ်ခုလုံးမှာ အထင်ပေါ်ဆုံးရောမ
ခန်းချိကားကြီးကို သူ သဘောကျစွာ နောက်တစ်ခေါက် အသေး
စိတ် ပြန်ကြည့်နေမိသည်။

ပြပွဲက သူတို့စက်မှုတက္ကသိုလ်မှာ နှစ်စဉ်လိုလို ပြုလုပ်တတ်
သည့် ပန်းချီပြပွဲ။ သည်တစ်ခါ ပြပွဲအမည်ကို 'ဒီဇင်ဘာ ပန်းပွင့်များ'
အမည်ပေးထားကြသည်။

စက်မှုတက္ကသိုလ် အသိုက်အဝန်းမှ ပန်းချီလက်ရာရှင်များ
စုစည်းပြသသည့်ပွဲမို့ ခပ်ကျဉ်းကျဉ်း ခပ်ချာချာကားများသာ
ဖြစ်မည်ဟု ထင်လျှင် မှားပေလိမ့်မည်။

စက်မှုခန်းမဆိုသည်က ရုပ်ရှင်ရုံ တစ်ရုံစာလောက် ကျယ်
သည့် ရောမ ခန်းမကြီး။ ရုပ်ရှင်ပြခြင်း၊ ကပွဲကခြင်း၊ မောင်မယ်

(၄)

'ဟင်'

ကျော်မိုးပြသောပစ္စည်းကား ဘာမှ ထူးခြားဆန်း
လှသော ပစ္စည်းတစ်ခု မဟုတ်။

သို့သော် သူမြင်လိုက်ရသည့် ခဏမှာပင် အံ့သြခြင်း
နှင့်အတူ အရမ်းစိတ်ဝင်စားသွားခြင်းတို့လည်း တစ်ပြိုင်
ဖြစ်သွားမိသည်။

'ဘယ်လိုလဲ ပတ္တမြား . . . ငါပြောတဲ့စကား မှန်
မဟုတ်လား၊ ယောကျ်ားဝီပီ အမှန်စကား ဆိုကြေးပေါ့ကွာ၊ ဘ
နှယ်လဲ . . . မင်းက ငါ့ကို ထိုးရမှာလား၊ ငါက မင်းကို ထိုးရမှာလ

သစ်လွင်ကြွေဆိုခြင်းစသော လူအများက်အများ ပါဝင်သည့်ကိ
ဆောင်ရွက်နိုင်ရန် တမင်ပြုလုပ်ထားသောနေရာဖြစ်သည်။

ပြပွဲတွင် တင်ထားသော ကားများကလည်း ခန်းမ
စာ အပြည့်။

သည်အထဲမှာ စက်မှုတက္ကသိုလ်မှ ဗီသုကာ ဘာသ
ဆရာတစ်ဦးဖြစ်သော နာမည်ကျော်ပန်းချီဆရာ ဗဂျီအော
လက်ရာများ ပါဝင်သည်။ သည့်အပြင် ပြင်ပ ပန်းချီလော
နာမည်တစ်လုံးစီ ရနေကြသော ကိုခင်မောင်သန်း၊ ပန်းချီ မြ
မြင့်၊ ခိုင်တင်စသော ကျောင်းသားများ၏ ပန်းချီကားများ၊
ဦးခင်မောင်ဖုကားကို၊ ကြံဗဟန်း-ဦးအောင်မြင့်၊ ကာတွန်းပြ
စသောဆရာများ၏ ပန်းချီကာတွန်းလက်ရာများလည်း ပါဝင်

အခြား နာမည်မရှိသော ကျောင်းသားပန်းချီဝါသ
များ ရေးသည့် ကားများကလည်း သိပ်အည့်စားတွေမ
အင်မွှိုင်းခန်းမလို ခန်းမမျိုးမှာ ပန်းချီပန်းပုကောင်စီလို အဖွဲ့အ
မျိုးက ဦးစီးပြုလုပ်သည့် ပြပွဲတင်ကားများနှင့် မတိမ်းမယိမ်း
နိုင်သော ကားများချည့် ဖြစ်သည်။

သူကတော့ ပန်းချီ ပန်းပုကိစ္စတွေ သိပ်နားလည်လှ
တော့ မဟုတ်။

သူ့ဘဝတွင် ဘယ်သောအခါကမှ လိုချင်စိတ် မဖြ
သည့် ပစ္စည်းအမျိုးအစား တော်တော်များများထဲမှာ ပန်းချီ

တစ်ချပ်လည်း ပါဝင်သည်။

ကျောင်းက ပန်းချီပြပွဲတွေ ဘာတွေဆိုလျှင်လည်း လုပ်၍
လုပ်နေမှန်းပင် တစ်ခါတလေ သူ မသိ။

သည်ပန်းချီကားကျမှ ပထမဆုံးအကြိမ် ထူးထူးခြားခြား
ဖြစ်ရပ်အဖြစ် သူ စိတ်ဝင်စားသွားခြင်း ဖြစ်သည်။

ကားက သူ စိတ်ဝင်စားမည်ဆိုလျှင်လည်း စိတ်ဝင်စားသင့်
သည်။

ပြပွဲတစ်ခုလုံးမှာ လက်ရာကောင်းတွေချည်း စုစေးနေသည့်
ကြားက ပြပွဲမြင်ကွင်းကြားမှာ ထူးထူးခြားခြား ပေါ်လွင်နေသည့်
ကား။

ပထမဆုံး ထူးခြားချက်က အရွယ်အစား။

ကားက အတော်လေး ကြီးသည်။ ပေတံနှင့် အတိအကျ
မတိုင်းသော်လည်း အင်ဂျင်နီယာလောင်း ကျောင်းသား၏ အတော်
လေး နီးစပ်သော ခန့်မှန်းမှက်မြင်အတိုင်းအရ ထောင်လိုက်အနေ
အထားဖြစ်သော ထိုကား၏ အမြင့်က အနည်းဆုံး ငါးပေလောက်
ရှိမည်။ ဖြက်က နှစ်ပေခွဲ သုံးပေနီးပါး ရှိမည်။

သုံးထားသော ဆေးရောင်တွေကလည်း အားမာန်ပါသည့်
ဒီရရာသ, လို ဖော်ပြနေသော အနီရောင် အုပ်စုဝင်များ လွှမ်းနေ
သည်။ ဆွဲထားသည့် အကြောင်းအရာကလည်း ထူးခြားနေသည့်
ကား။

သို့အတွက် အအေးရောင်မှား၊ အရင့်ရောင်များ သုံး
ခုပ်သေးသေး၊ ခပ်လတ်လတ်ကားများ အများစုံ ဖြစ်နေသည့် ပြ
မြင်တွင်းထဲမှာ ပန်းချီကားက ထင်းနေသည်။

နောက်ဆုံးနှင့် အရေးကြီးဆုံး ထူးခြားချက်ကတော့ ပန်
ကားထဲမှာ အခိုက ဖော်ပြထားသည့် ရှုပ်ပုံမှင် ဖြစ်သည်။

ထို့ရှုပ်ပုံက တခြားမဟုတ်။

ယောကျ်ားပီသသော ယောကျ်ားတစ်ယောက် ခွန်အ
မာန်အား အပြည့်စိုက်သုံး၍ ဘော်လီဘော ကစားပွဲတွင် အ
ထောင်ပေးလိုက်သော ဘောလုံးကို အားစိုက်ရိုက်ချနေပုံ ဖြစ်သည်

ပုံက သရုပ်ပါလွန်းပြီး ပုံထဲက ယောကျ်ား၏ အစွမ်
ချက် လှုပ်ရှားမှုကို ဘယ်လို ပေါ်လွင်မှန်း မသိအောင်ပင် အ
စိတ် ခံစားမှုဖြင့် ဖော်ပြပေးနိုင်စွမ်း ရှိနေသည်။

ပန်းချီကား၏ နာမည်ကိုလည်း သစ်သားဘောင်ပေါ်
လက်နှိပ်စက် ရိုက်ထားသော စက္ကူချပ်လေးဖြင့် ချိတ်ဆွဲထားသည့်

ကား၏ အမည်က . . .

'ယောကျ်ားကောင်းပီပီ'

ပန်းချီကား၏အမည်နှင့် ပန်းချီကားကလည်း ကောင်း
လိုက်ဖက်သည်။

ပတ္တမြားကောင်း စိတ်အဝင်စားဆုံးနှင့် သဘောအကျဆ
အလိုချင်ဆုံး ဖြစ်သွားရသည်ကတော့ ရှင်းသည်။

ထိုပန်းချီကားထဲမှ ယောကျ်ားပီသလွန်းသော ယောကျ်ား
တစ်ယောက်၏ ပုံသည် သူ့ပုံဖြစ်နေသောကြောင့်ပင်။

လွန်ခဲ့သည့် တစ်လလောက်က ရန်ကုန်တက္ကသိုလ် အပန်း
ဖြေရိပ်သာတွင် ပြုလုပ်ခဲ့သည့် ဘက္ကသိုလ်ကောလိပ်ပေါင်းစုံ
ဘော်လီဘော ဝိုလ်လုပွဲမှ လူကြိုက်အများဆုံး ဖြစ်ခဲ့သည့် သူ့ရိုက်
ခ်က်များထဲမှ ရိုက်ချက်အကောင်းဆုံး ရိုက်ချက်တစ်ခု၏ ပုံမှန်း
နာမည်ထိုးမထားဘဲနှင့် သိနိုင်နေသောကြောင့် ဖြစ်၏။



'ဟော့ကောင် ကျော်မိုး . . . ငါမေးတာ ဖြေဦးလေကွာ၊
ဒါတွေက ရောင်းတာကွေ့ မဟုတ်လား၊ အဲဒီကား ငါ ဝယ်ချင်တယ်
ကွာ၊ ဘယ်လောက်ပေးရမလဲဆိုတာ မေးပေးစမ်းပါ'

သည်နေ့ရောမှာတော့ ပတ္တမြားကောင်း ကိုယ့်ကိုယ်ကို တန်
းထား၊ အထင်ကြီး ကျေနပ်သည်မှာန် ဝင့်လွှန်းအားကြီးမှုက သိသာ
လွန်းလှသည်ဟု ကျော်မိုးက ကိုတ်မှတ်ချက်ချသည်။

သူ့ကို ဂုဏ်ပြုစနစ်တင်ထားသည့် ကားသာ မဟုတ်လျှင်
ပတ္တမြားကောင်းသည် ကားကို လုံးဝစိတ်ဝင်စားလိမ့်မည်မဟုတ်။
အကယ်၍ စိတ်ဝင်စားသည့်တိုင်အောင် သည်လောက် အဖြစ်သည်း
နေလိမ့်မည်မဟုတ်။

လူတော်သလောက် ဂုဏ်မာန်ဝင့်ထည်လွန်းသော သူ
ချင်းကိုကြည့်၍ ပြုံးရင်း ကျော်မိုးက . . .

'နေပါဦး ပတ္တမြားရာ . . . ဒီပြပွဲက ပန်းချီအသင်း
ကောင်တွေ ကက်တလောက်စာအုပ်ရိုက်ထားတာ မရသေးလို့
တောင်မဖွင့်ရသေးတဲ့ အခြေအနေပဲ ရှိပါသေးတယ်၊ ဒီလော
လည်း မလောပါနဲ့၊ ခုတောင် စောစောက ပန်းချီအသင်းအတွ
ရေးမှူး မိုးမြင့်က ခေါ်ပြလို့ ဒီကားကို ငါတွေ့ပြီး မင်းကို တ
သက်သက် လာခေါ်ပြတာပါ။ ဒီပြင် သူစိမ်းကျောင်းသားတွေ
ဒီခန်းမထဲ ဝင်တောင်မဝင်ရသေးပါဘူး'

သည်တော့မှ ပြပွဲခန်းမတစ်ခုလုံး လူရှင်းနေသေးသ
အဖြစ်ကို သူ သတိထားမိသည်။

သို့သော် သည်လောက်နှင့် အလျှော့ပေးရရိုး ပတ္တမြ
ကောင်းမှာ မရှိပေ။

'အဲဒါဆို မိုးမြင့်ကို သွားခေါ်ကွာ၊ အရေးကြီးတာက ဒီက
ကို ငါဝယ်မယ်ဆိုတာ အပြတ်ပြောထားနှင့်ဖို့ပဲ၊ သူ့ဟာသူ ပြပွဲ
တာ မဖွင့်တာတွေလည်း ငါ ဂရုမစိုက်ဘူး၊ ဒီပုံကြိုးလည်း ဟိုလူ
လာကြည့် ဒီလူက လာကြည့်နဲ့ အကြည့်မခံနိုင်ဘူး၊ ငါရှက်တ
အဓိက,က- ဒီပုံ ငါလိုချင်တာပဲ၊ ခု ဝယ်လို့ရရင် ခု ဝယ်သွားမ
ငါ့အခန်းမှာ ငါ စပယ်ရှယ်ချိတ်ထားလိုက်မယ်၊ သူတို့ လိုချင်တဲ့
ငါပေးမှာပေါ့'

'ဟာ မင်းကလည်း ခုချက်ချင်းကြီး မင်းယူသွားလို့ကတော့
ငါတို့က ဘယ်ပေးမလဲကွ၊ မင်းကို ရောင်းရင်တောင်မှ ပြပွဲပြီးမှ
ဒီကားယူခွင့်ပေးမှာပေါ့'

'မရှည်နဲ့ ကျော်မိုးရာ၊ ငါ့ကိစ္စ ငါလုပ်မယ်၊ မိုးမြင့်ဆိုတာ
ဘယ်သူလဲ၊ ငါတော့ သူ့ကို မသိဘူး၊ မင်းသိတယ်ဆို သွားခေါ်လိုက်၊
ငါတ အတွင်းရေးမှူးဆိုတော့ သူပြီးရင် ဒီကိစ္စပြီးတယ်'

'မိုးမြင့်က ခုနကပဲ ကင်တင်းဆင်းသွားတယ်ကွ'

'အေး . . . အဲဒါဆို ငါတို့လည်း ခုပဲ ကင်တင်းလိုက်သွား
ကာပေါ့၊ ဟိုမှာ စကားပြောမယ်၊ ဟိုကျရင် ငါနဲ့ မိတ်ဆက်ပေးလိုက်၊
ကျန်တာ ငါ့ဘာသာ ငါကြည့်လုပ်မယ်၊ မင်း ဘာမှ ဝင်ပါစရာ
မလိုတော့ဘူး'

'မင်း တော်တော်ဂီကျတဲ့ကောင်ပဲ ပတ္တမြားရာ၊ ဒီမှာ ငါ
ပြောပြမယ်၊ မင်း မိုးမြင့်ဆီလည်း မသွားနဲ့၊ သွားလည်း ထူးမှာ
မဟုတ်ဘူး၊ ခုန ဒီကောင် ငါ့ကို လိုက်ပြကတည်းက ဒီကိစ္စတွေ ငါ
မေးပြီးသား၊ မင်းစိတ်ပျက်သွားမှာစိုးလို့ ငါမပြောတာ၊ ဒီကားကို
မင်းဝယ်လို့ လုံးဝမရဘူး'

'ဘာဖြစ်လို့လဲ'

'ဒီကားက လုံးဝရောင်းဖို့ မဟုတ်တဲ့ကား၊ ကက်တလောက်
ရောရင် မင်းဖတ်ကြည့်၊ ဒီကားရဲ့တန်ဖိုးက ရောင်းရန်မဟုတ်တဲ့၊
ဒီကားကိုဆွဲတဲ့သူကကော ဘယ်သူလဲ သိလား'

'ဆီဘူး'

'အဲဒီကားအောက် ညာဘက်ထောင့်မှာ လက်မှတ်ထိုးထ
တယ် ဖတ်ကြည့်လိုက်'

'ဘာလဲကွ သိပ်မရှင်းဘူး၊ ဝင်းလတ်လား၊ မင်းလတ်လ

'ဝင်းလတ်လည်း မဟုတ်ဘူး၊ မင်းလတ်လည်း မဟုတ်ဘူ
မင်းသတ်လို့ ရေးထားတာ'

'အဲဒီကောင် ဘယ်ကလဲ၊ တို့ကျောင်းကပဲ မဟုတ်လား

'ဟုတ်တယ်'

'ဘယ်နှစ်၊ ဘယ်ဓမဗျာကလဲ'

'ဝထမနှစ်၊ မြို့ပြက'

'ဘယ်မှာနေလဲ၊ ဘဆောင်မှာလား၊ အိမ်က တက်တာလဲ

'အဆောင်က၊ နယ်က'

'ဘယ်အဆောင်၊ ဘယ်အခန်းလဲကွာ၊ အဲဒါပဲ ငါ့ကိုပြော
ငါ့တာဝါ ဒီကောင်နဲ့သွားတွေ့ပြီး မရရအောင် ဝယ်မယ်၊
အကြောင်း မင်းသိအောင် လုပ်ပြမယ်'

ကျော်မိုးက ခေါင်းခါရင်း ရယ်သည်။

'မင်း မှားနေပြီ ပတ္တမြား၊ အဲဒီ ပန်းချီကား ဆွဲတဲ့ မင်းသ
ဆိုတာ မင်းထင်သလို ကျောင်းသား မဟုတ်ဘူး'

'ဟာ . . . မင်းခုနပြောတော့ ဖတ်စ်ယီးယား၊ စီဗယ်ကဆ

'အေးလေ၊ ပထမနှစ်၊ မြို့ပြကဆိုတာပဲ ငါပြောတာ

အောင်းသားလို့ ငါပြောလို့လား'

'ဒါဖြင့် ဘာလဲ'

'ကျောင်းသူ'

'ဟင်'

'ဟုတ်တယ် ပတ္တမြား၊ ပန်းချီကားဆို ဘယ်တုန်းကမှ စိတ်
ဝင်စားခဲ့တဲ့၊ မကြိုက်ခဲ့တဲ့၊ မလိုချင်ခဲ့တဲ့ မင်းကို ပန်းချီကားတစ်ချပ်
အသည်းအသန် စိတ်ဝင်စားလာပြီး ကြိုက်ပြီး လိုချင်သွားအောင်
လုပ်တဲ့သူဟာ မင်းတစ်ခါမှ လိုချင်စိတ် မပေါ်ဖူးခဲ့တဲ့ မိန်းမအမျိုး
အနွယ်ဝင်ထဲက မိန်းကလေးတစ်ယောက်ပဲ'

'ဒါဖြင့် မင်းသက် ဆိုတာက'

'သူ့နာမည်လေ'

'မိန်းကလေးနာမည်ကလည်းကွာ၊ မင်းသက်တဲ့လား'

'သူ့နာမည် အပြည့်အစုံက ခင်မင်းသက်တဲ့၊ မင်းသက်ဆို
ဘာက သူ့နာမည် အတိုကောက် ဆိုင်းထိုးထားတာ၊ ဒီပြဿနာတစ်ခုလုံး
ဟာ စုစုပေါင်းမှ ဒီကားတစ်ချပ်ပဲ သူ ဝင်ပြတယ်တဲ့'

'ဟုတ်လား ကျော်မိုး၊ မင်းပြောတာ တကယ် အမှန်တွေပဲ
လား'

'ဟုတ်တယ် ပတ္တမြား၊ ငါပြောတာ လုံးဝအမှန်တွေ အတိ
အကျပဲ'

'ပြဿနာပဲကွာ၊ အေးလေ ဒါက ကိစ္စမရှိပါဘူး၊ ပန်းချီကား

ကို စိတ်ဝင်စားသွားမှတော့ ပန်းချီကားရေးတဲ့ လူကိုလည်း ဆ
စိတ်ဝင်စားရတော့မှာပေါ့။ ကိစ္စမရှိဘူး ကျော်မိုး၊ ဒီလောက်သိရ
တော်ပါပြီ၊ ကျန်တဲ့အပိုင်းက ငါ့အပိုင်းဆိုတော့ ငါဘာသာငါ
ဆက်လုပ်လိုက်ပါမယ်၊ ကဲ . . . အခုချိန်က စပြီး မင်းကြိုက်တ
ပုံစံနဲ့ ငါ့ကို ဆွဲထိုးတော့ ရပြီ'

စောစောက အိပ်ရာမှ သွားနှိုးစဉ်ကနှင့် ဘာမှမဆိုင်သေ
ပုံစံဖြစ်နေသည့် သူငယ်ချင်းဖြစ်သူ ပတ္တမြားကောင်းကို ကြည့်
ကျော်မိုး အံ့သြသွား၏။

သို့သော် ရှေ့လျှောက် သည်ထက် အံ့သြစရာကောင်းသေ
အဖြစ်အပျက်များနှင့် ထပ်မံ သူကြုံတွေ့ရဦးမည် ဆိုသည်ကိုတော
ထိုစဉ်က ကျော်မိုး လုံးဝ မသိပေတကား။

* * *

(၅)

သည်စာသင်နှစ်အဖို့ ပထမဆုံး ပျက်ကွက်ခြင်းအဖြစ်
ဘော်လီဘောလေ့ကျင့်ကွင်းသို့ မသွားတော့ဟု သူဆုံးဖြတ်သည်။
သာမန်အားဖြင့် ကျောင်းဖွင့်ရက် ညနေတိုင်း ကျောင်း
ကွင်းမှာ လေ့ကျင့်ကစားပြီးမှ အိမ်ကို သူ ပြန်သည်။ အလွန်တရာ
အနေကြီးသော အကြောင်းကြီးငယ်နှင့် အဖျားအနာ မရှိလျှင်
လေ့ကျင့်မှု လုံးဝ အပျက်မခံ။

သည်နေ့ ညနေမှာတော့ လေ့ကျင့်ကွင်း မသွားတော့တာ
အကောင်းဆုံးဖြစ်မည်ဆိုသော ဆုံးဖြတ်ချက်ကို သူချသည်။

သွား လေ့ကျင့်လျှင်လည်း ဘယ်လိုမှ စိတ်ပါတော့မည်

မဟုတ်။

စိတ်ထဲမှာ နေ့လယ်က ပန်းချီကားကိုစွက်သာ လွှမ်းမိ
သည်။

သည်ပန်းချီကားကို သူ မရဲရအောင် ဝယ်မည်။

သူ့စိတ်ထဲမှာ သည်ပန်းချီကားကို အရမ်း လိုချင်နေသ
မှာလည်း သိပ်သေချာသည်။

ဖြစ်နိုင်လျှင် ခန်းမထဲက ပန်းချီကားကို ခူးချက်ချင်း ဘ
ဖြုတ်၍ သူ့ ညွှေ့ခန်းနံရံမှာ ကြွားကြွားဝင့်ဝင့် ချိတ်ဆွဲထားလိုက်
သည်။

စောစောက ကျော်မိုးကို ပြောခဲ့သော ပြခန်းမှာ လူ
လျှင် ရွက်တယ်တို့ ဘာတို့ စကားများက အပိုပြောခဲ့သော စ
တွေသာ ဖြစ်သည်။

ကျော်ငြိ၏ ဂုဏ်ထူးဆောင် ပြပွဲတစ်ခု၏ နေရာကော
တစ်နေရာမှာ သူ့ရုပ်ပုံလွှာ ခုလို ရှိနေခြင်းကို သူ ဘယ်
သဘောမကျ မဖြစ်။ သိမ်ကျေနပ်သည်။

သူ့ထူးချွန်မှု၊ သူ့လှပခန့်ညားမှုနှင့် သူ့ရုပ်ရည်၊
ခွန်အားကို နည်းအမျိုးမျိုးဖြင့် အသိအမှတ်ပြု ချီးကျူး ခံရဖူးသ
တိုင် ယခုလို အနုပညာပုံစံတစ်ရပ်ဖြင့် မှတ်တမ်းတင် အသိအမှ
ပြုခံရသည်လောက် ကျေနပ်စရာ မဖြစ်မိ။

ပြိုင်ပွဲမှာ သူ့စွမ်းဆောင်မှုကို လက်ခုပ်သံ တဖြော

ခြင်း၊ အော်သံဟစ်သံ မိုးလုံးကွဲမတတ် ချီးကျူးခံရသည်က
သော တစ်မျိုး။

ပြိုင်ပွဲအပြီး ဆုတံဆိပ် အမျိုးမျိုး၊ ချီးကျူးဂုဏ်ပြုလွှာ၊
ပြုစကား အမျိုးမျိုးတို့ဖြင့် တွေ့ကြုံရသည်က ခံစားမှုတစ်ခု။

သူ သွားလေရာ လာလေရာ အရပ်ရပ်တွင် သူ့ကို မသိ
သောဖြစ်စေ၊ သိသိသာသာဖြစ်စေ ဝိုင်းဝန်းကြည့်ရှု၍ စိတ်ဝင်စား
လာ လက်တို့ညွှန်ပြပြီး အသိအမှတ်ပြု ခံရသည်က ပိတိတစ်ပုံ။

ခုဟာက သည်ထက် အများကြီး ဖြင့်သည်ဟု ခံစားမိ၏။

သည့်ပြင် ချီးကျူး ဂုဏ်ပြု အသိအမှတ်ပြုစာတွေက စွမ်း
ဆောင်မှုတစ်ခုချင်းအလိုက်သော်လည်းကောင်း၊ အခြေအနေ
တစ်ခုခုကိုသော်လည်းကောင်း တစ်ခုချင်းသာ ဂုဏ်ပြု ဂုဏ်တင်
ခြင်းတာမျိုး။

ခုကိစ္စကျတော့ အနုပညာနည်းနှင့် သူ့လိုလူတစ်ယောက်
ရဲ့ ရှိသမျှ စွမ်းအင်၊ စွမ်းအား၊ ရုပ်သဏ္ဌာန်၊ စိတ်သဏ္ဌာန်အားလုံး
ကို တစ်ပြိုင်နက် တစ်ပေါင်းတည်း ဂုဏ်တင်ချီးမြှောက်လိုက်သည့်
အနေအထား။

သူ ယောကျ်ားပီသ ထက်မြက်ထူးခြွန်ခန့်ညားမှုအားလုံးကို
တစ်စုတစ်စည်းတည်းနှင့် ရေရှည် တည်တံ့ခိုင်မြဲစွာ အသိအမှတ်ပြု
တ်တမ်းတင်လိုက်သည့်ကိစ္စ။

ထို့ထက် ပိုစိတ်ဝင်စားစရာ ဖြစ်ရသည်က သူ့ကို

"ယောက်ျားကောင်း" တစ်ယောက်ဟုတင်စားပြီး ယောက်ျားကော
ဖြစ်ဆိုသော ပန်းချီကား ရေးဆွဲပြီး လူပုံအလယ်မှာ ဖော်ထုတ်တင
လိုက်သူတ တစ်ခါမှ သူမသိ၊ မမြင်ဖူးသော မိန်းကလေးငယ်
လေးတစ်ယောက်။

သူ့ကို အလုံးစုံ နားလည်လေးစားသော မိန်းက
တစ်ယောက်အဖြစ် ထိုခင်မင်းသက်ဆိုသည့် ကောင်မလေး
ဘဝမှာ ပထမဆုံးအကြိမ် ကိုယ်ကစပြီး မြင်ဖူး တွေ့ဖူးချင်စိတ်
ပေါ်နေမိသည်။

သို့အတွက် လေ့ကျင့်ကွင်းသွားရမည့်ကိစ္စကို ချိတုံ့
ဖြစ်နေရာက နောက်ထပ်မစဉ်းစားတော့ဘဲ ယတိပြတ် ဆုံး
ချက်ချ စွန့်ခွာကာ သူ့တောက်ဝက်ဂွန် ၁၃၀၂ အက်စ် အမျိုးအ
ကားလေးဖြင့် သင်ဆောင်သို့ ထွက်လာခဲ့၏။

မမင်းသက် သင်ဆောင်မှာ နေသည်ဟုသာ သိသ
အခန်းနံပါတ်တို့ ဘာတို့တော့ မသိ။

ကိစ္စမရှိပါ။

မမင်းသက် ပြောသလိုပင် "ယောက်ျားကောင်း ဝ
ဒီလောက် အခက်အခဲ အသေးအဖွဲလေးတွေကိုတော့ ကိုယ့်နှ
ကိုယ့်ဟန်ဖြင့် ဖြေရှင်းတတ်ရပေမပေါ့။

'ဒီမှာ ခဏလေးဗျာ၊ ကျွန်တော့်ကို တစ်ခုကူညီပါ'

ဘဝမှာ ပထမဆုံးအကြိမ် မလုပ်ရဖူးသော အလုပ်မို့လား
သိ။ နှည်းနှည်းတော့ အမ်းတမ်းတမ်း ဖြစ်နေမိသည်။

မိန်းကလေး အဆောင်တွေ ဘာတွေ သွားမလည်ဖူး၍
ဆောမဟုတ်။ တစ်ခါတလေ အဆောင်မှ မိန်းကလေးတချို့က သူတို့
ကို လာလည်ရန် အတင်းဖိတ်ခေါ်သောအခါများက သွားခဲ့ဖူးသည်။

သို့သော် ထိုစဉ်က သူငယ်ချင်းတစ်ယောက်ယောက်တော့
အနည်းဆုံး အဖော်ခေါ် သွားတတ်သည်။ ထို့ပြင် ဟိုရောက်သည့်
အခါ၌လည်း အစတတည်းက အချိန်အတိအကျနှင့် ကြိုတင်ချိန်းဆို
ထားသည်မို့ ည့ှောခန်းပါလာကနေ ထိုင်စောင့်စရာ မလို။ အဆောင်
မှန်း အပြင်ကနေပင် မချောတို့က အဆင်သင့် ကြိုနေ၏။

ပတ္တမြားကောင်းတို့ မိန်းကလေးအဆောင် သွားလည်
ကြည်ဆိုသည်က အရင်တုန်းက သည်လိုပုံစံမျိုး။

ခုလို ကိုယ်တနေ မိန်းကလေးတစ်ယောက်ကို တွေ့ချင်
သဖြင့် လူလွတ်ခေါ်၊ အပြင်က စောင့် စသဖြင့် ကရိကထများတာ
နှင့် တစ်သက်လုံး တစ်ခါမျှ မလုပ်ဖူးခဲ့။

ခုတော့ လုပ်ဖူးရပြီ။

လုပ်ဖူးတာမှ ဂိတ်က ဘယ်လောက်အထိ အောက်ဆုံး
အဆင့်ကျသွားသလဲဆိုသော် ကိုယ်တွေ့ရမည့် မိန်းကလေး၏

အနှံနဲ့ပါတ်လည်း မသိ။ လူလည်း မသိ။ ဘာမှမသိဘဲ စမ်း
ငါး မုတ်ဆွာငယ်စွာ သွားရသည့်အဖြစ်မျိုး။

'ဟုတ်ကဲ့ ပြောပါ'

'ကျွန်တော် ဒီအဆောင်က မိန်းကလေးတစ်ယော
တွေ့ချင်လို့ပါ'

သူသွားသည့်အခါနှင်းက ညှော့ချိန်မရောက်သေး။ နည်း
လေး စောနေသည်။ သို့အတွက် အဆောင်ရှေ့ ပတ်ဝန်းက
လူရှင်းနေသည်။

နောက်တစ်ခုတ တခြားအဆောင်များသာ ရောက်ဖူ
လည်း သဇင်ဆောင်ကို သူ တစ်ခါမှ မရောက်ဖူးသေး။ ညှော့
ကနေ အဆောင်သူတစ်ယောက်ကို ဘယ်နေရာကနေ ခေါ်
မသိ။

သို့အတွက် အဆောင်ရှေ့ အဝိုင်းပတ်လေးနားမှာ က
ပြီး ဆယ်ငါးမိနစ်လောက် သည်အတိုင်း ကြောင်တောင်တော
ရပ်နေရသေးသည်။

အတော်လေးကြာမှ အဆောင်ထဲက မိန်းက
တစ်ယောက် ထွက်လာသဖြင့် ထိုမိန်းကလေးကို သွားအတ
တောင်းရခြင်း ဖြစ်သည်။

ဘာပြောပြော စက်မှုတက္ကသိုလ်က မိန်းက
တစ်ယောက်မို့ သူ့ကို နည်းနည်းပါးပါးတော့ သိနေမှာပဲ။ သူ

ည်တောင်းလိုက်လျှင် ပျာပျာသလဲတော့ ကူညီမှာပဲ ထင်လိုက်
ည်း

သူ့ကို အကူအညီပေးချင်လွန်းနေသော မိန်းကလေး တော်
ောက်များများ စက်မှုတက္ကသိုလ်မှာ ရှိနေခြင်းကို အကြောင်းပြု၍
ြဲသို့ထင်လိုက်မိခြင်း ဖြစ်၏။

သို့သော် အခြေအနေက ထင်သလို ဖြစ်မလာ။

ကောင်မလေးက ထွက်လာတုန်းကလည်း အေးအေးဆေး
းဖြစ်သလို၊ သူနှင့်စကားပြောနေတော့လည်း သူလို ငါလို
တစ်ယောက်နှင့် စကားပြောသလို ခပ်အေးအေးပဲ ဖြစ်နေသည်။

'ဟုတ်ကဲ့ ပြောပါ။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

'ဟို . . . ဟိုဟာ'

တစ်သက်လုံးက ရှိနေခဲ့သော ကိုယ့်ကိုယ်ကို ယုံကြည်မှု
းနှင့် ငါဆိုသော အတ္တမာနများ အနည်းငယ် ယိုင်နဲ့စပြုသည်။
မခိုင်မမာဖြစ်သွားခဲ့သော ယုံကြည်မှုများကို အတင်း
ုံမတ်လိုက်ပြီး . . .

'ဖတ်စ်ယီးယား စီဗယ်က ခင်မင်းသက်ပါ'

'အခန်းနံပါတ် ဘယ်လောက်ကလဲ'

'အာ . . . အဲဒါတော့ ကျွန်တော် မသိဘူး'

'ဟာ . . . အဲဒါဆို ကျွန်မက ဘယ်လိုလုပ်ခေါ်ပေးရမလဲ'

'နည်းနည်းပါးပါး မေးစမ်းကြည့်လို့ မရဘူးလား။ ခင်ဗျား

တို့အဆောင်သူ အချင်းချင်း တစ်ယောက်မဟုတ် တစ်ယောက်
သိမှာလေ'

'လွယ်တော့ မလွယ်ဘူး၊ အမျာကြီး လျှောက်မေး
'လုပ်ပါဗျာ၊ ကူညီပါ၊ ကျွန်တော့်မှာ အရေးကြီး
တစ်ခု ရှိနေလို့ပါ'

'သူ့ပုံစံ ဘယ်လိုပုံစံမျိုးလဲ'

'ဟာ . . . အဲဒါလည်း ကျွန်တော် မသိဘူး'

'တကယ်လို့ သူက သူနဲ့တွေ့ချင်တာ ဘယ်သူလဲလို့
ကော ဘယ်လိုပြောလိုက်ရမလဲ'

'ညည့်သည်တစ်ယောက်လို့သာ ပြောပါဗျာ'

'အင်းလေ၊ ကျွန်မ ကြိုးစားကြည့်ပေးပါ့မယ်၊ ဒါ
ထွက်တွေ့မတွေ့တော့ ကျွန်မ အာမမခံနိုင်ဘူးနော်"

'ရပါတယ်၊ နည်းနည်းပဲ ကြိုးစားပေးပါ'

'ဒါဖြင့် ဒီကပဲ ခဏစောင့်ဦးပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

ပြောပြောဆိုဆိုနှင့် သူ့ကို တရားခံစစ် စစ်သွ
ဖြူဖြူဝေ ပုပု ကောင်မလေး ပြန်လှည့်သွားသည်။

သည်တော့မှ ဟူးခနဲ သက်မတစ်ချက် ချမိသည်
မလွယ်ပါလား။

မိန်းကလေးတစ်ယောက်နှင့် ပတ်သက်လာလျှင်

ဥာန်းကမ္ဘ စင်မေါ်က မဆင်းဖူးသော ပတ္တမြားကောင်း တစ်ယောက်
သည် ခင်မင်းသက်ဆိုသော ပထမနှစ်ကျောင်းသူ ပန်းချီဆရာမ
နာတိတ်လေးနှင့်မှ မြောင်းထဲရောက်နေ၏။



'ရှင်လား ခင်မင်းသက်နဲ့ တွေ့ချင်တဲ့ ညည့်သည်ဆိုတာ'

'ဟုတ်ပါတယ်၊ ညီမက ခင်မင်းသက်လား'

အဲ . . . သည်တစ်ခါ စောစောက ဖြူဖြူဝေ ကောင်မလေး
မဟုတ်တော့ဘဲ ညီညီသေးသေး၊ အရပ်မနိမ့်မမြင့် ကောင်မလေး
တစ်ယောက် ဖြစ်သွားသည်။ ထိုမိန်းကလေးက သူ့ခန္ဓာကိုယ်ထက်
လေးဆလောက် ဝသော လူတစ်ယောက်ဝတ်မှ အနေတော်ဖြစ်မည့်
နှပ်အင်္ကျီအပွကြီးကို အပြင်ထုတ် လက်ခေါက်စတ်၍ သူ့ထံ
လျှောက်လာပြီး မေးသည်။

စောစောက ဖြူဖြူ ဝေ၊ ပုပု ကောင်မလေး ပြန်မလာ၊
ပြန်မလာနှင့် နောက်ထပ် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်
ဘမျှော်မျှော် ခံနေရသော ပတ္တမြားကောင်းက ဝမ်းသာအားရနှင့်
ပြန်မေးလိုက်မိသည်။

'မဟုတ်ပါဘူး၊ ဒါနဲ့ ကိစ္စက အရေးကြီးလား၊ သူနဲ့တွေ့မှ
ဖြစ်မှာလား'

'ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ'

'ဩော် . . . မဟုတ်ပါဘူး၊ တော်ရဲ့ တန်ရဲ့ ကျွန်မ မှာခဲ့
ကိစ္စဆိုရင် ကျွန်မကိုပဲ မှာခဲ့လို့ ပြောမလို့ပါ၊ အစ်ကိုကြီး သိပ်
နေရမှာ စိုးလို့ပါ'

'အခု ခင်မင်းသက်တော့ ရှိလား'

'အင်း . . . ရှိတော့ ရှိပါတယ်'

'ရှိရင် ခဏလေး ဆင်းခဲ့ပါလို့ ပြောပေးပါဗျာ၊ ကို
သူနဲ့တွေ့မှ ဖြစ်မှာမို့ပါ'

'သူ အခုချက်ချင်း ဆင်းလာနိုင်မှာ မဟုတ်ဘူး အစ်ကို
'ဘာဖြစ်လို့လဲ'

'ရေချိုးနေတယ်'

'ဟာ'

'အဲဒါကြောင့် ကျွန်မ ပြောတာပါ၊ သိပ်အရေးမကြီးတဲ့
ဆိုရင်တော့ ကျွန်မကိုပဲ မှာခဲ့ပါလို့၊ ကျွန်မက သူ့အခန်းဖော်
စောစောကတစ်ယောက် လာပြောတော့ ကျွန်မ ခင်မင်း
ရေချိုးနေတဲ့ နေရာကို သွားပြောပေးပါတယ်၊ ဒါပေမဲ့ ခင်မင်း
က အဝတ်တွေပါ လျှော်နေတော့ ကျွန်မကိုပဲ အကျီုးအကြေ
သွားမေးပါ ဆိုတာနဲ့ ကျွန်မ ဆင်းလာခဲ့တာ'

'ဘယ်လောက်လောက် ကြာဦးမလဲ မသိဘူး'

'နာရီဝက် တစ်နာရီတော့ ကြာဦးမှာပေါ့ရှင်'

'ဟင်း . . .'

ပတ္တမြားကောင်း စိတ်ဓာတ်ကျစွာ သက်ပြင်းချသည်။
ဘယ်လိုလုပ်မလဲ။ နောက်နေ့မှ ပြန်လာရကောင်းမလား။
ခက်တာက နောက်နေ့ ပြန်လာတော့ကော သည်လိုပဲ
ဖြစ်မနေဟု မပြောနိုင်။ ခုကမှ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့နေလို့
တော်သေးသည်။ နောက်နေ့မှာ တစ်ခါ သည်လိုမျိုး အစက ပြန်စ
နေရလျှင် မချောင်။

ပြီးတော့ သည်ကိစ္စကြီးကို သည်လို မတင်မကျနှင့်လည်း
ပြေန်မသွားချင်။

စဖိမှတော့ မထူး။ ဆုံးခန်းတိုင်အောင် လိုက်လိုက်တာ
ကောင်းတယ်ဟု တွေးလိုက်ပြီး။

'ရတယ်ဗျာ၊ ကျွန်တော် စောင့်မယ်၊ ခင်မင်းသက်ကိုသာ
ရေမိုးချိုးပြီးရင် ကျွန်တော်နဲ့ ခဏဆင်းတွေ့ပါလို့သာ ပြောပေးပါ'

'ဟုတ်ကဲ့၊ ဩော် . . . ဒါနဲ့ ခင်မင်းသက်က ဘယ်က
နည်းသည်လဲ၊ ဘယ်သူလဲဆိုတာလည်း မေးခိုင်းလိုက်တယ် အစ်ကို
ကြီး'

'ဟင်း . . . ပဉ္စမနှစ် အီလက်ထရွန်းနစ်က ဘော်လီဘော
ကစားတဲ့ ပတ္တမြားကောင်းလို့ ပြောလိုက်ပါဗျာ'

'အဲလို ပြောလိုက်ရင် သူ သိနိုင်လား၊ စိတ်မရှိနဲ့နော်၊
ကျွန်မက သူ့ အရင်းနှီးဆုံး သူငယ်ချင်းဆိုတော့ သူနဲ့ ပတ်သက်တဲ့

မိဘ ဆွေမျိုးတွေကော၊ သူ့ဆီလာနေကျ ည့်သည်တွေ
ကျွန်မက အကုန်လုံး သိနေတယ်၊ အစ်ကိုကြီးကိုတော့ တစ်
မမြင်ဖူးလို့ မေးကြည့်တာပါ'

'ကိစ္စမရှိပါဘူး၊ ရပါတယ်၊ အဲလိုသာ ပြောပြလိုက်ပါ
အဲလိုပြောရင် သူသိဖို့များပါတယ်'

'ခဏလေးနော် အစ်ကိုကြီး၊ ကျွန်မ မှတ်မိအောင် ပြန်
ပေးပါဦး၊ ပဉ္စမနှစ် အီလက်ထရစ်ကယ်က . . .'

'ကျွန်တော် ပြောမယ်၊ ပဉ္စမနှစ် အီလက်ထရွန်းန
ပတ္တမြားကောင်း၊ ဘော်လီဘော ကစားတယ်'

'ကိုပတ္တမြားကောင်းနော်'

'ဟုတ်ပါတယ်'

'ကောင်းပါပြီ၊ ကျွန်မ ပြောပြလိုက်ပါ့မယ်၊ ကျွန်
ခွင့်ပြုပါဦး'

'ဟုတ်ကဲ့'

မပြောမဖြစ်၍သာ အလိုက်အထိုက် ပြောရ ဖြေရ လုပ်
ရသော်လည်း ပတ္တမြားကောင်း တော်တော် အသည်းယား
စက်မှုတက္ကသိုလ်မှာနေပြီး ပတ္တမြားကောင်းကို မသ
သောကိစ္စသည် အတော်ခံပြင်းဖို့ကောင်းသည်။

သူတို့ ကြည့်ရသည်မှာ နာမည်တောင် ကြားဖူးပုံမ
သည်တိုင်းဆို ခင်မင်းသက်ဆိုသည့် ကောင်မလေးဆွဲ

ည်သည် သူ့ပုံမှုတ်ရဲလား မပြောတတ်။

'ချာတိတ်မ သူ့ဟာသူ စိတ်ကူးဖြင့် ဆွဲရင်း ငါနဲ့ လာတူ
နေတာများလား'

မိမိကိုယ်မိမိ အထင်ကြီးထားခဲ့သော စိတ်များ သည်
ချာတိတ်တွေနှင့်တွေ့မှ အကုန် ဖရိုဖရဲဖြစ်ကုန်သည်။

ခက်တာက သည်အဆောင်ကလည်း ပထမနှစ်လို ခပ်လ
ယ် အတန်းက မိန်းကလေးတွေချည်နေသောအဆောင်။

ဂျီဟောလို အတန်းကြီးသူများနေသော အဆောင်ဆို သည်
လောက် ဘယ်လိုမှ မျက်နှာငယ်စရာမရှိ။ ခုလောက်ဆို သူ့ဘေးနား
မှာ ကောင်မလေး ဆယ့်ငါးယောက်လောက် ဝိုင်းနေလောက်ပြီ။

အလုအယက် မေးကြပြောကြသော စကားများကို ဖြေရ
ားထောင်ရပင် လက်လည်မည်မဟုတ်။

ပန်းချီကား မြင်လိုက်ရတုန်းက ဂုဏ်ယူမာန်တက်ခဲ့သည့်
စိတ်များ ပြိုကွဲလွင့်ပျောက်ချင်လာသည်။

ပန်းချီကားကိုတောင် လိုချင်စိတ်တွေ လျော့ပါးလာမိ၏။



သူ့ကို ဝိုင်းဝိုင်းလည်နေသည့် ပရိသတ်ထဲကြီး။ သည်အုပ်စုနှင့်တွေ့ အခြားသော သူ့ပရိသတ်များရှေ့တွင် သူ့လက်ရှိအနေအထားနှင့် လာရောက်ရှင်းအကြောင်းရင်းကို သူ ဘယ်လိုပြောမည်နည်း။

အမှန်အတိုင်း ပြောလျှင်လည်း ပတ္တမြားကောင်းတို့ တစ်သက်လုံးယူခဲ့သမျှ အမှတ်တွေ တစ်ခါတည်းနှင့် လျော့ပါးသွားတော့မည်။

မပြောဘဲ ထားပြန်တော့လည်း ခင်မင်းသက်ဆိုသည့် ကောင်မလေး ဆင်းလာလျှင် သည်သည်းလူပ်လှုပ်အုပ်စုနှင့် ဘူးသေးသလို ပေါ်မည်။

ပိုဆိုးကာက သူဟာသူ တိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်တည်း ခင်မင်းသက် ဆင်းလာတာကို ခန့်မှန်းမျက်စိနှင့် စောင့်ရည့်အချိန်မို့ သည်အုပ်စုနှင့် ဗျာများနေခိုက်မှာ ဘယ်သူမှန်း မသိသော ခင်မင်းသက် ရောက်လာလျှင် ရောက်လို့ရောက်မှန်းပင် သိပါ့မလား။

'ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ လာတာပါ။ ခဏလေးနော်၊ ကျွန်တော် ဒီကတစ်ယောက်နဲ့ အရေးတကြီးကိစ္စပြောပြီး ပြန်ရမှာ အေးအေးဆေးဆေး စကားပြောချိန် မရတော့ဘူး၊ နောက်မှလာခဲ့ပေး'

'ဟာ . . ကိုပတ္တမြားကလည်း ကြုံတောင့်ကြုံခဲ့ ကိုပတ္တမြား

(၆)

'ဟယ် . . . ကိုပတ္တမြား၊ ကြားသားမိုးကြိုး၊ အဆောင်
ဘာတွေ လာလို့ပါလား၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ၊ မီးခေါ်ပေး
လေ'

အာ . . ဒေါ်ပြီဟု သူ စိတ်မောတ်ကျသွားသည်။

ကိုယ့်ဟာကိုယ် တိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်တ
မျက်နှာငယ်နေရတာကာ တော်သေးသည်။

သည်အချိန်လောက်ကမှ သည်လိုဖြစ်တာကတော့ ဇ
နှင့် ခေါင်းပင် ဝင်ဆောင့်ဖို့ကောင်းသွားသည်။

ခုရောက်လာသည့် တစ်ပြုတစ်မအုပ်စုကြီးက ကိုဟော

နဲ့ ဆုံရတာ၊ ချက်ချင်းကြီးတော့ မပြန်ပါနဲ့ဦး၊ မီးတို့အဖွဲ့နဲ့ တစ်
လိုက်စား၊ မီးတို့ ကျွေးမှာပါ'

'အေးလေ . . . ကိုပတ္တမြားကြီးကလည်း ကိစ္စရှိတာ
ပြောပြီး ထွေးတို့နဲ့ လိုက်ခဲ့ပေါ့'

'ဟုတ်တယ် ကိုပတ္တမြားရဲ့၊ ကျွန်မတို့နဲ့ ခဏလေး စ
ပြောရတာ သေမသွားနိုင်ပါဘူး'

သူ မချိတရို ပြုံးရသည်။

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်အချိန်မရလို့
နောက်နေ့တွေကျမှ အေးအေးဆေးဆေး လာခဲ့ပါ့မယ်၊ ဒီနေ့
ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော် တောင်းပန်ပါတယ်'

'အမယ်လေး . . . အဲလောက်လည်း တောင်းပန်
မလိုပါဘူး ကိုပတ္တမြားရယ်၊ အချိန်မရရင် မီးတို့က ကိုပတ္တမြ
ဒုက္ခမပေးပါဘူး၊ နောက်နေ့ကျရင် တကယ်လာမှာလား'

'တကယ်လာမှာပေါ့'

'ဘယ်တော့လဲ၊ မနက်ဖြန်လား'

'အင်း . . . မနက်ဖြန်'

'ကတိနော်'

'အင်းပါ'

'ဒါဆိုလည်း ပြီးရော၊ နောက်နေ့ တကယ်မလာရင် သိ
'သွားမယ်နော် ကိုပတ္တမြား'

'ဟုတ်ကဲ့၊ ဟုတ် . . . ဟုတ်ကဲ့'

မယ်မင်းကြီးမတို့ စောစောစီးစီး ထွက်ခွာသွားတာကို
ားလုံးတင်လှုသဖြင့် ပျာယာခတ်စွာပင် ဟုတ်ကဲ့လိုက်မိသည်။

သည်တော့မှ သည်အုပ်စုနည်းတူ သူ့ကို ဝိုင်းမလာသော်
ည်း ဟိုနားသည်နားကနေ ပြူတစ်ပြူတစ် ကြည့်နေသူများ၊
ောင်းငန်းစောင်းငန်း ကြည့်သွားသူများ၊ ပြုံးစေ့ပြုံးစေ့ လုပ်သွား
သူများ အများအပြား ရှိနေကြောင်း သတိထားမိသည်။

ဟုတ်သားပဲ။ အဆောင်သူတွေ လမ်းထွက်လျှောက်သည့်
အချိန်၊ ဧည့်ခန်းတောင် ရောက်နေပြီလေ။

'ကဲ . . . ဒေါ်မခင်မင်းသက်ရယ် . . ဆင်းလာပါတော့ဗျ၊
ဒီမှာ စောင့်ရတဲ့လူ သေတော့မယ်'

နောက်ထပ် လေးဆယ့်ငါးမိနစ်ကျော် စောင့်ပြီးချိန်တွင်
ပတ္တမြားကောင်း စိတ်ထဲကနေ အော်ဟစ်တောင်းပန်လိုက်မိ၏။



'အစ်ကို မမင်းသက်ကို စောင့်နေတာ ကြာပြီလား'

'ဗျာ'

ခင်မင်းသက်ဆိုတာ ဘယ်သူမှန်းလည်း မသိ။

အနားကိုရောက်လာသော ကောင်မလေးကလည်း ခင်မင်း

သက်မှန်း မသိ။

အဆောင်ရှေ့ကွင်းပြင်ကြီးမှာ ထီးတည်းကြီးဖြစ်ကာ ဝိ
ညစ်နေဆဲ ဘယ်အချိန်က အနားရောက်နေမှန်း မသိ
ကောင်မလေးတစ်ယောက် ဖျတ်ခနဲ အနားရောက်လာပြီး အပြုံး
တက္ကသိုလ်ကား ပြောလိုက်သောအခါ သူ အမှန်တကယ် လန့်ဖ
သည်။

ကောင်မလေးက ချစ်စဖွယ်ပြုံးလိုက်ပြီး . . .

'ကြောင် . . . ကိုပတ္တမြား စောင့်နေတာကြာပြီလား
မေးတာပါ။ ကျွန်မက မမင်းသက်ပါ အစ်ကို၊ အစ်ကိုကို အ
အားနာတာပဲ၊ မမင်းသက် ရေချိုးလက်စ အဝတ်လျှော်လက်စ
ဖြစ်နေလို့ ဒီလောက် ကြာသွားတာပါ'

အာပါး . . . စောစောက စိတ်ညစ်၊ စိတ်တိုနေသည်
ဖယောင်တိုင်မီးကို ဖူးခနဲမှုတ်ထုတ်လိုက်သလို ငြိမ်းသွားသည်

ချိုသာ အေးဆေးတည်ငြိမ်သော မိတ်ဆက်စက
တောင်းပန်စကားများ။

အမှုအရာကလည်း စကားသံလိုပင် ချိုသာအေး
တည်ငြိမ်သည်။

လုံးဝ လျှပ်ပေါ် ပျာယာခြင်းမရှိ။

လုံးဝလည်း ခက်ထာတင်းထန်ခြင်း မရှိ။

ရုတ်တရက် သူ ဘာပြန်ပြောရမှန်း မသိအောင်ပင်

ညြမ့်တက်သွားမိသည်။

ရုပ်ကလေးနှင့် ပုံစံကလေးကလည်း ဘယ်လို ပြောပြရမှန်း
သည့် အနေအထားမျိုးလေး။

ငယ်သည်။

ငယ်တာကတော့ သူ့ထက် အနည်းဆုံး လေးငါးနှစ်
ောက် ငယ်မည်။ နုနယ် ပျိုမျစ်မှုလေးက မိန်းကလေးမျက်နှာမှာ
ထင်းသား ပေါ်နေသည်။

ပုံစံအကြမ်းဖျဉ်းက ဖြူဖြူ။ သွယ်သွယ်၊ မြင့်မြင့်လေး။
မျက်နှာလေးကလည်း ခပ်သွယ်သွယ်ဖြူဖြူလေးပင်။
မျက်လုံးလေးတွေက ကြည်ကြည်လင်လင်၊ သန့်သန့်ရှင်း
နှင့် ချိုချိုအေးအေးလေး။ ပြုံးလည်း မပြုံး၊ မေးလည်း မမေး။
နေတော့။

မျက်နှာဝန်းလေးဘေးမှ မျက်သားပြောလဲ့လဲ့သန်းသော
စင်စင်လေးက တကယ့် ပကတိကလေးလေးတစ်ယောက်လို။

မျက်ခုံးလေးက နက်နက် ထူထူလေးဖြစ်သည်။

နှာတံလေးက ပေါ်ပေါ်သွယ်သွယ်လေး။ လွန်ကဲမှု ဘာ
ခုမှ မမြင်ရ။

နှုတ်ခမ်းလေးက ဆေးမကူဘဲ နီးထွေးထွေးရှိသည်။ ခပ်
ပုံကျကျလေး။ ရယ်သောအခါ ဖြူဖွေးညီညာသော သွားလေး
တွလည်း ချစ်စရာ မြင်ရသည်။

သူ့မျက်လုံးထဲမှာ သည်ဂဲလ်ဖရွမ်ဟောင်ကောင် ...
...းနှင့် ယူအိုးလီးလစ်ဖ်တို့ကိုက်စ်ဂျိန့်တွန်းဇာတ်ကားထဲမှ ဂျပန်...
...းလေး အာကီတိုဝါကာဇာယာရှိကို မျက်လုံးထဲ တန်းမြင်...

နူညက်ဝင်းဖန့် ပျစ်နှစ်နေအောင် လှသော အလှမျိုး...
မဟုတ်။

မလှဘူးဟု နည်းနည်းလေးမှလည်း ပြောမရ။

သူ့တစ်ကိုယ်လုံးမှာလည်း ဖြောင့်တောင့်ဖုထစ် တ...
နေတာတွေလည်း ရှိမနေ။ အလှကြမ်းလည်း မဟုတ်။

ဘယ်လိုခေါ်မလဲ။

သွယ်သွယ်၊ ဖြူဖြူ။ သန့်သန့်၊ စင်စင်၊ ရှင်းရှင်းလင်း...
လေးနှင့် ကြော့ကြော့လေး လှနေသော အလှဖြစ်သည်။

ဩော် . . . မမင်းသက်ဆိုတာ ဒါလေးလား။

မှင်တက်သွားသော စက္ကန့်ပိုင်းလေးမှာ ပတ္တမြား...
. . . အလင်းကဲ့သို့ မြန်သောအလျင်ဖြင့် သည်အတွေးအား...
တွေးပစ်လိုက်သည်။

တစ်ခုခုနှင့် အသင့်တော်ဆုံး ပြန်ပြောရမည့်စကားတ...
ကိုလည်း တွန်ပူတာဖြင့် တွက်သလို ကမန်းကတန်း ရှာ...
ထုတ်လိုက်ရ၏။



(၇)

'ကိစ္စမရှိပါဘူး မမင်းသက်၊ မမင်းသက်ကို စောင့်နေရတာ...
...တာက ပြဿနာ မဟုတ်ပါဘူး။ မမင်းသက် ဆင်းမတွေ့မှာသာ...
...ခန့်မိတာပါ'

ဘာကြောင့်မှန်းမသိ။ ခင်မင်းသက်ဟုခေါ် မည်ဟု ကြိုတင်...
...တားထားသည့်ကြားက ကောင်မလေးက သူ့ကိုယ်သူ ခေါ်သော...
...င်းသက်ဆိုသည့် အခေါ်လေး လျှောခနဲထွက်သွားသည်။

ကိုယ့်ကိုယ်ကိုတော့ ဘယ်လိုပြောရမှန်း မသိသဖြင့် အသာ...
...း လျှိုဖျောက်ထားလိုက်သည်။

မမင်းသက်က ပြုံးပြလိုက်ရင်း . . .

'အစ်ကိုမှန်းလည်း မသိဘာ ပါပါတယ်အစ်ကို၊ မမင်
ဆီ အစ်ကို ခုလို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မ
မမင်းသက် မျှော်လင့်မထားဘဲ'

'တခြားမဟုတ်ပါဘူး မမင်းသက်၊ အစ်ကို မမင်း
ပန်းချီကားကိစ္စ လာတွေ့တာပါ'

'ပန်းချီကားက ဘာဖြစ်လို့လဲ အစ်ကို၊ 'ယောကျ်ားပီ
အစ်ကို တွေ့လာခဲ့ပြီလား၊ အဲဒါ အစ်ကို့ပုံလေ၊ အစ်ကို့ရဲ့ ခွင့်ပြ
မယူဘဲ မမင်းသက် . . . အစ်ကို့ပုံကို ပန်းချီဆွဲလို့ အစ်ကို
တွေ့ ဘာတွေများ စွဲမလို့လား'

'ဟာ . . . မဟုတ်ပါဘူး၊ အစ်ကို အဲဒီကိစ္စနဲ့ လာ
မဟုတ်ပါဘူး မမင်းသက်'

'ဒါဖြင့် ဘာများလဲ အစ်ကို'

ဒုတိယအချက်၊ သူ အံ့သြနေသည်က မမင်းသက်၏
ဟန် ဆိုဟန် အနေအထား။

လေသံက ရင်းနှီးဖော်ရွေသည်။

သို့သော် သဲသဲလှုပ်၊ ဆတ်ဆတ်လှုပ်နေတာမျိုး မဟ
တန့်ကလျ၊ အခွဲအပျစ်မရှိ။

သို့သော် ခပ်စိမ်းစိမ်း ခပ်တန်းတန်းလည်း ဖြစ်မ
ညင်သာနူးညံ့စွာဖြင့် ရိုးသားခင်မင်သောအသံ။ ဟန်
အရာ ပွင့်လင်းသိမ်မွေ့မှုလေးတွေကိုလည်း ထင်ထင်ရှားရှား

တမင်လှုပ်ထားသော ဟန်မဟုတ်။

ပြုပြင်ထားသော ဟန်အမူအရာ တစ်ခုမှမပါ။

ပကတိ မြက်ခင်းစိမ်းစိမ်းလေးကို မနက်ခင်း နေခြည်နုနု
ထဲမှာ တွေ့နေရသည့် ပုံစံမျိုး။ သို့တည်းမဟုတ် အနောက်တိုင်း
လက်သီချင်း အေးအေးလေးတစ်ပုဒ်ကို စပိန်ဂစ်တာဖြင့်
နေချမ်းလေးမှာ တီးနေသည့်အခါ နားထောင်နေရပုံမျိုး။

ရင်ထဲမှာ ဆူပွက်လာခြင်း၊ ခုန်လှုပ်တုန်ယင်လာခြင်း၊
စက်မာကျောလာခြင်း စသည့်ခံစားမှုများ လုံးဝဖြစ်မလာ။

အေးအေးမြမြလေးနှင့် ဆွတ်ပျံ့ခံစားရသော ဟန်
အမူအရာ လှုပ်ရှားမှု။

'အစ်ကို အဲဒီပန်းချီကားလေးကို သိပ်ကြိုက်တယ် မမင်း
က်၊ အစ်ကို လိုချင်တယ်၊ အစ်ကို့အိမ်က ချော့ခန်းမှာ ထိုက်
အစ်ကို့အိမ်ခန်းထဲက နံရံမှာ ချိတ်ချင်လို့ပါ။ အဲဒီကား အစ်ကို့ကို
ောင်းပါ'

ပို၍အံ့သြစရာကောင်းသော တတိယအချက်က မမင်း
က်နှင့် စတွေ့ပြီးစ စကားပြောကတည်းက သူ့ရင်ထဲမှာ ဘာ
နှာမှန်၊ ဘာဂုဏ်ဝင့်ထည်မှုနှင့် ဘာကိုယ့်ကိုယ့်ကို မြင့်မြောက်
ခြင်မရှိမနေတော့ခြင်းပင်။

ကိုယ့်ဟန်မူရာ လေသံများ ပျောက်၍ မမင်းသက်၏ဟန်

အမှုအရာ လေသံများ ကူးစက်လွယ်မိုးသွားသည် ထင်ရသည်

မမင်းသက်က မျက်ခုံးလေးပင့်လိုက်သည်။ မျက်လုံး
ကို ဝန်းဝိုင်းလိုက်ရင်း . . .

'အဲဒါမှ ဒုက္ခပဲ အစ်ကို၊ မမင်းသက် အဲဒီကားကို ဘ
ကိုမှ မရောင်းနိုင်ပါဘူး၊ မှန်တာ ပြောရရင် မမင်းသက် အဲဒီက
ကိုယ့်ဟာကိုယ် သိပ်လိုချင်လွန်းလို့ ဆွဲထားတာပါ။ မမင်းသက်
အဲဒီပန်းချီကားကို မမင်းသက်အိမ်ဧည့်ခန်းမှာ ဒါမှမဟုတ်
သက်ရဲ့ ကိုယ်ပိုင်အခန်းထဲမှာ အရမ်းချိတ်ထားချင်တယ်၊
သက် ဘယ်သူ့ကိုမှ မရောင်းဘူး'

ပြဿနာကတော့ စပြီဟု သိလိုက်သည်။

ချီသာ သိမ်မွေ့မှုများ ကြားမှပင် ဓမင်းသက်၏
ပြတ်သားမှုတစ်ခုကို လှစ်ခနဲ မြင်လိုက်ရသည်။

အခုမှ တကယ့်ဝိုလ်လုရမည့် ပွဲများလား။

ပတ္တမြားကောင်း နည်းနည်းစိတ်ညစ်သွားရင်းကပဲ
လိုက်မိ၏။



'မမင်းသက် ဒီပန်းချီကားကို ဘာဖြစ်လို့ "ယေ
ကောင်း ပီပီ" လို့ နာမည်ပေးရတာလဲ'

ရုတ်တရက် လမ်းကြောင်းပြောင်းပြီး မေးလိုက်သော သူ့
းကြောင့် မမင်းသက် နည်းနည်း ဘူးကြောင်ကြောင် ဖြစ်သွား
ိုရသည်။

မျက်ခုံးလေးတစ်ဖက် ဖျတ်ခနဲ မြင့်သွားသည်။ မျက်နှက်
းလေး စွေကြည့်လိုက်သောအခါ ပြာလဲ့ဖြူစင်သော မျက်သား
ကြည်ကြည်လေးများကို မြင်လိုက်ရသည်။

'ဘာဖြစ်လို့လဲ အစ်ကို'

'သိချင်လို့ပါ မမင်းသက်'

'အဲဒီပုံကို တက္ကသိုလ် အပန်းဖြေရိပ်သာ လုပ်ခဲ့တဲ့ ဘော်လီ
ာ ဝိုလ်လုပွဲတုန်းက မမင်းသက် ဓာတ်ပုံရိုက်ထားပြီး ဓာတ်ပုံ
းနေ ပြန်ဆွဲထားတာပါ'

'အစ်ကို သိပါတယ်'

'ဘာဖြစ်လို့ အဲဒီနာမည် ပေးသလဲဆိုတော့ မမင်းသက်
ိုက်ထားတဲ့ ဓာတ်ပုံထဲမှာ အစ်ကိုဟာ တကယ့်ယောက်ျားကောင်း
စ်ယောက်ရဲ့ ခွန်အားတွေ မာန်အားတွေ အစွမ်းသတ္တိတွေ ပြည့်စုံ
နလို့ပါ'

'ဆိုလိုတာက အစ်ကို့ကို မမင်းသက်က ယောက်ျားပီသတဲ့
ောက်ျားတစ်ယောက်လို့ ပြောချင်တာလား'

'မှန်ပါတယ်'

'အဲဒါဆို ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် အဲဒီပန်းချီကား

အစ်ကို့ကို ရောင်းပါ မမင်းသက်'

'ရှင် . . .'

'ယောကျ်ားတို့လဲ့လ သေခါမှလျှော့မယ်တဲ့ မမင်းသ
ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ကိုယ်လိုချင်တဲ့အရာတ
ရှိပြီဆိုရင် ကောင်းကင်က ကြယ်ထိုတောင် ရအောင်ဆွတ်
ကြိုးစားတတ်ပါတယ်၊ မြင့်မိုရ်တောင်ကို ဖျက်ခြေဖို့ လိုအပ်လ
လည်း ဦး မလေးရပါဘူး၊ ကိုယ်လည်း ဒီလိုပါပဲ၊ ကိုယ်မလိုချ
ပစ္စည်းဆိုရင် ဘယ်လောက်အဖိုးတန်တန် လှည့်မကြည့်တတ်ပေ
ကိုယ်လိုချင်တဲ့ပစ္စည်းဆိုရင်တောင် ရအောင် ယူတတ်တဲ့အ
ရှိပါတယ်'

'ဘာလဲ အစ်ကို . . . အစ်ကို မမင်းသက်ကို ခြိမ်းခြ
နေတာလား'

'သတိပေးတာပါ မမင်းသက်'

'ဒါပေမဲ့ စစ်ကြေညာသလိုဖြစ်နေတယ် အစ်ကို'

'သံတမန်နည်းနဲ့ ညှိနှိုင်းနေတုန်း အဆင့်လို့ သတ်မှ
မမင်းသက်'

'မရရင်တော့ စစ်ကြေညာရမယ်ပေါ့'

'ဆွေးနွေးပွဲ မပြီးပြတ်သေးပါဘူးလေ၊ မလိုအပ်ဘဲနဲ့
ကြည်ရေး ပျက်ပြားမယ့် စကားတွေ ကြိုမပြောတာ ကောင်းပါ

'ဟင်း . . . ဟင်း . . . ဟင်း . . . မမင်းသက်ကလ

ကြားလေးဆိုပေမယ့် သိပ်တော့ မကြောက်တတ်ဘူး အစ်ကို၊
ပေမဲ့ တစ်ခုတော့ ရှိပါတယ်'

'ပြောပါ မမင်းသက်'

'ကြောက်လို့ မဟုတ်ပေမယ့် ယောကျ်ားကောင်း
တစ်ယောက်ကို လေးစားသောအားဖြင့် မမင်းသက် အကြံတစ်ခု
းပါရစေ'

မမင်းသက် ဆက်ပြောနိုင်ရန် သူ ငြိမ်နေလိုက်သည်။

မမင်းသက်က ပင့်သက်တစ်ချက်ရှိုက်ရင်း . . .

'ဒီကားကိုတော့ မမင်းသက် လုံးဝမရောင်းပါဘူး၊ ဒါပေမဲ့
စ်ကို လိုချင်တယ်ဆိုရင် ဒီကားအတိုင်း နောက်ထပ် ပန်းချီကား
စ်ချပ် မမင်းသက် ဆွဲပေးပါ့မယ်၊ ပြီးတော့ ခင်မင်မှုအနေနဲ့
ငးသက် အစ်ကို့ကို လက်ဆောင်ပေးပါ့မယ်၊ ယောကျ်ားကောင်း
စ်ယောက်ရဲ့ပုံရိပ်ကို မမင်းသက် ဘယ်တော့မှ ရောင်းမစားရပါ
နဲ့ အဲဒါကို သဘောထားကြေးသော ယောကျ်ားတစ်ယောက်အနေ
အစ်ကို လက်ခံပေးပါ'

'ကိုယ် ဒီပုံကိုပဲ လိုချင်တယ် မမင်းသက်'

'ဟာ . . . အစ်ကိုကလည်း'

'မဟုတ်ဘူး မမင်းသက်၊ ကိုယ် မမင်းသက်ကို ငွတ်တရွတ်
ခိုင်ကျင့်နေတာ မဟုတ်ပါဘူး၊ ကိုယ်လိုချင်တာက နဂိုမူလပစ္စည်း
စစ်ပါ။ အစားထိုးထားတဲ့ ဆင်တူရိုးမှားတစ်ခု မဟုတ်ဘူး၊ အဲဒီ

အတွက် မမင်းသက်လိုချင်တဲ့ တန်ရာတန်ကြေး ဘာမဆိုတော
ဒုတိယပစ္စည်းတစ်ခုနဲ့တော့ ကိုယ့်ကို အစားထိုးမပေးပါနဲ့၊
တောင်းပန်ပါတယ်'

'ခက်လိုက်တာ အစ်ကိုရာ'

'မခက်ပါဘူး မမင်းသက်၊ မမင်းသက်က ဒီပန်းချီက
အချပ်တစ်ရာပွားယူလည်း ကိုယ့်လက်ရာ ကိုယ့်အနုပညာပ
တစ်ခုအနေနဲ့ တန်ဖိုးထားနိုင်တဲ့အနုပညာသမားပါ၊ နောက်
က အနုပညာရှင်ဆိုတာ ကိုယ်ဖန်တီးလိုက်တဲ့ အနုပညာပစ္စ
ကိုယ်တိုင်သိမ်းဆည်းခံစားဖို့ထက် တခြားသူတစ်ယောက်
ခံစားနိုင်ဖို့ ဦးစားပေးသင့်ပါတယ်'

'ဟား . . ဟား . . အစ်ကိုက အရမ်းစကားတတ်တာ
အင်းလေ . . . ဒါလည်း ယောကျ်ားကောင်းတစ်ယောက်ရဲ့
ရည အတတ်ပညာတစ်ခု ဖြစ်မှာပေါ့'

'ကိုယ် မတ္တာရုပ်ခံပါတယ် မမင်းသက်'

'ကောင်းပြီလေ၊ အစ်ကိုက ခြိမ်းခြိမ်းခြောက်ခြ
မေတ္တာရုပ်ခံ တောင်းပန်နေပြီ ဆိုတော့လည်း မမင်းသ
အလျှော့ပေးရတော့မှာပေါ့၊ ဒါပေမဲ့ မမင်းသက်ကို တစ်ခု
ပြန်ကူညီပါ'

'တစ်ခု မဟုတ်ပါဘူး မမင်းသက်၊ အများကြီး
အကူအညီ မေးပါ့မယ်၊ ပြောပါ'

'အခု ပြပွဲမှာ တင်ထားတဲ့ ကားကိုတော့ ပြပွဲပြီးတာနဲ့
မင်းသက်ကိုယ်တိုင် အစ်ကို့လက်ထဲ အပ်ပါ့မယ်၊ အစ်ကို တစ်သက်
အပိုင်ယူလိုက်ပါ၊ ရောင်းတာလည်း မဟုတ်ပါဘူး၊ မေတ္တာ
ဆောင်ပါ'

'ကျေးဇူးတင်ပါတယ် မမင်းသက်၊ ဒါပေမဲ့ ဖြစ်နိုင်ရင်
ကားကို ပြပွဲမတင်တော့တဲ့ ဒီညနေ တစ်ခါတည်း လိုက်ယူလို့
ယူပေးပါ၊ ဒါကတော့ ဖြစ်နိုင်မလားလို့ မေးကြည့်တာ သက်
သာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းချီကားကြီးကို တစ်ကျောင်းလုံး
သိအောင် ပြပွဲမှာ သုံးလေးရက်ပြထားပြီးရင် အစ်ကို ဒီကျောင်းမှာ
ဆက်ရ ထိုင်ရ သွားရ လာရတာ မလွတ်မလပ်ကြီး ဖြစ်နေမှာ စိုးလို့ပါ'

မမင်းသက် သက်ပြင်းချသည်။

'အင်းလေ၊ အဲဒါလည်း မမင်းသက် ကြိုးစားပေးပါ့မယ်'

'ကဲ . . . အဲဒါဆို အခုအစ်ကို့ကားနဲ့ပဲ တစ်ခါတည်း လိုက်
ပြီး ကျောင်းမှာ ပြင်ဆင်နေတဲ့ ပန်းချီအသင်းက လူတွေနဲ့ ညှိနှိုင်း
ပေးပါလား'

'အစ်ကို့ကားနဲ့ မမင်းသက် လိုက်ခဲ့ရမယ် ဟုတ်လား'

'ဟုတ်ပါတယ် မမင်းသက်၊ ဒါပေမဲ့ စိတ်ချပါ၊ ဒီအတွက်
မမင်းသက် မှဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ ယောကျ်ားကောင်း
တစ်ယောက်ဟာ ဒါမျိုးတော့ ဘယ်တော့မှ မမိုက်ရိုင်းပါဘူး'

မမင်းသက်က ရယ်သည်။

'အဲဒါကြောင့်တော့ မဟုတ်ပါဘူး အစ်ကို၊ မမင်းသ
အတော်မိန်းကလေး တစ်ယောက်ယောက် မပါဘဲ အပြင်ထွက်
မရှိလို့ပါ၊ ပါပေမယ့် ခုတော့ ရပါတယ်လေ ဘဝမှာ ပထ
လုပ်ဖူးသွားတာပေါ့'

'ဒါဆို သွားရအောင် မမင်းသက်၊ ကားပေါ် ကျမ
သက်ကို ကိုယ်ပြန်ကူညီပေးရမယ့်ကိစ္စကို ပြောပါ။ ဘာတွေ
ခိုင်းခိုင်း အကူအညီ ပေးပါ့မယ်လို့ ကြိုတင် ကတိပေးပါတယ်
ကတိကိုလည်း ဘာအကြောင်းနဲ့ဖြစ်ဖြစ် ချိုးဖောက်စရာ မရှိ

'ကတိပေးလည်း သိပ်မရဲပါနဲ့ဦးအစ်ကို၊ ဘာလဲ
သိပြီးမှ ကတိပေးပါ။ တော်ကြာ မမင်းသက်က အစ်ကို မလုပ်
ကိစ္စတွေ အကူအညီတောင်းရင် ဘယ်နှယ်လုပ်မလဲ'

'ရပါတယ် မမင်းသက်၊ စကားအဖြစ်ပြောတာ မဟု
ဘူး၊ မလုပ်နိုင် လုပ်နိုင်အောင် ကူညီပေးပါ့မယ်၊ မမင်းသက်
စောက ပြောသလို ပြောရရင် ကိုယ်လည်း ဘာအကူအညီပေး
မှန်း မသိဘဲ ကြိုတင် ကတိပေးတာ ကိုယ့်ဘဝမှာ ဒါ ပထမဆုံ

မမင်းသက်က ရယ်ပြီး ကားပေါ် တက်သည်။

'ဒီထက် ပထမဆုံးကျတဲ့ ကိစ္စကတော့ သူစိမ်းမိန်းက
တစ်ယောက်ကို ကားပေါ် တင်ခေါ်သွားတဲ့ကိစ္စပဲ မမင်း
ပြီးတော့ အဲဒီမိန်းကလေးကို တလေးတစားဆက်ဆံ၊ မေတ္တာ
တောင်းပန်တာလည်း ဘဝမှာ ပထမဆုံးကိစ္စပါ'

သည်စကားကိုတော့ ပတ္တမြားကောင်း . . . မမင်းသက်
ကြားအောင် မပြောတော့။

အလိုက်သင့် ကားပေါ် ထိုင်ပြီး ကားလေးကို ညင်ညင်သာ
သာ မောင်းထွက်လိုက်ခြင်းသာ သူ လုပ်သည်။

ကားလေး အဆောင်ရှေ့မှ ထွက်သွားသောအခါ ထူးခြား
အံ့သြစရာကောင်းသော မြင်ကွင်းတစ်ခုကို မြင်တွေ့ရသကဲ့သို့
အဆောင်ပတ်ဝန်းကျင်မှ မိန်းကလေးမျက်လုံးပေါင်း တော်တော်
များများက ထိုကားလေးကို မျက်စိတစ်ဆုံး လိုက်လံကြည့်ရှုကြ၏။

❋ ❋ ❋

'အေး . . . ဟုတ်သားပဲ၊ ငါက ပထမ တစ်ခုသာ ရူး
ကြောင်ကြောင်ထင်ပြီး ပြောလိုက်တာ၊ နောက်နှစ်ခုလည်း သေချာ
နိုင်တွေးတော့ ရူးကြောင်ကြောင်တွေချည့်ပါပဲ'

နှစ်ယောက်သား သဘောကျစွာ ရယ်ဖြစ်သည်။

သည်နေ့အဖို့ကဆော့ ပတ္တမြားကောင်း၏ အစဉ်အလာ
ကြီးစံများ ပျက်ယွင်းသောနေ့ဟု မော်ကွန်းတင်ထားဖို့ပင် ကောင်း
လောသည်။ ခုလည်း သူ အိမ်မပြန်ဖြစ်သေး။

ဘယ်တုန်းကမှ . . . သည်လိုအချိန်အထိ သူငယ်ချင်း
တစ်ယောက်နှင့် စကားပြောဖို့ အိမ်ပြင်မထွက်တတ်သော၊ အချိန်
ကြိုးတတ်သော ပတ္တမြားကောင်း . . . ။

အခု ညခုနစ်နာရီ ထိုးပြီးသည်အထိ ကျော်မိုးနှင့်အတူ
ကောင်းဝန်းထဲမှာပဲ ရှိသေးသည်။

တစ်လျှောက်လုံး ကျောင်းဝန်းထဲမှာ နေလာခဲ့သည်တော့
ဟုတ်။

သင်္ဃဆောင်ကနေ မမင်းသက်နှင့်အတူ ကျောင်းထဲ
ကိုလာ။ ပန်းချီကား ယူ။ မမင်းသက်ကို အဆောင်ပြန်ပို့ပေး။
အားလုံး ကိစ္စဝိစ္ဆပြီးမှ ပန်းချီကားကြီး ကားပေါ် တင်လျက်
နဲ့ ကျောင်းတစ်ခေါက် ပြန်လာခဲ့ခြင်းပင်။

အဆောင်ကအခန်းမှာ ဟိုလူကြား၊ သည်လူကြား သည်
ကျောင်းတွေ ထိုင်မပြောချင်သဖြင့် ကျော်မိုးကို ခေါ်ထုတ်ပြီး

(၈)

ဒါဖြင့် မင်း အဲဒီကောင်မလေးနဲ့ ပတ်သက်ပြီး တစ်သ
မှာ တစ်ခါမှ မလုပ်ဖူးတဲ့ ရူးကြောင်ကြောင်အလုပ်တစ်ခုကို လ
လုပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီပေါ့'

ကျော်မိုးစကားကြောင့် ပတ္တမြားကောင်း အားရပါးရ
လိုက်သည်။ ရယ်ရင်းနှင့် . . .

'မင်းကလည်း ငါပြောတုန်းက သေသေချာချာနားထ
နေသလိုလို ဘာလိုလိုလုပ်ပြီး ဘာမှလည်း မှန်မှန်ကန်ကန် မ
ဘူး။ ငါလက်ခံလုပ်ပေးဖို့ ဆုံးဖြတ်လိုက်တဲ့ မင်းပြောသလို ရူးကြော
ကြောင် အလုပ်က တစ်ခုမကဘူး ကျော်မိုးရ သုံးခု . . . သုံ

ဟိုး . . . ပန်းပဲလုပ်ငန်း သင်တန်းရှိရာ အဝေးဆုံး ကျောင်း
များဘက် သွားစကားပြောနေခြင်း ဖြစ်၏။



သူက ရယ်လိုက်ပြီး . . .

'အေးကွာ . . . ငါလည်း ဒီကောင်မလေးနဲ့ ပတ်သ
နည်းနည်းတော့ အံ့သြမိတယ်၊ သူနဲ့ ပတ်သက်သမျှ အထူးဘ
မဟုတ်တာ တစ်ခုမှ ငါမကြုံရသေးဘူး'

'ဒါဖြင့် လတ်တလော အခြေအနေမှာ ဒီကောင်မလေ
မင်းဘဝရဲ့ ပထမဆုံး စိတ်ဝင်စားစရာ အကောင်းဆုံး မိန်းက
တစ်ယောက် ဖြစ်နေတာပေါ့ . . . ဟုတ်လား ပတ္တမြား'

သူ မြင်းမဆန် ခေါင်းညိတ်သည်။

'အေး . . . အဲဒီလိုပဲ ပြောရမှာပဲ ကျော်မိုး၊ သူ တော
ထားတဲ့ကိစ္စတွေကိုလည်း ငါ စိတ်ဝင်စားတယ်၊ မင်း ပြော
ဖူးကြောင်ကြောင်ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ ဒါပေမဲ့ ကမ္ဘာ
ရှိတဲ့ တခြားမိန်းကလေး ဘယ်မိန်းကလေးမှ ငါ့ကို ဒါမျိ
တောင်းဆိုမှာတော့ မဟုတ်ဘူး၊ အဲဒီကိစ္စဟာ ငါ့အတွက် ဒီ
စားစရာ အကောင်းဆုံးကိစ္စပဲ'

ကျော်မိုးက ရယ်ပြီး . . .

'ဒါဆို ငါ မင်းကို ကတိအတိုင်း တစ်ချက် မကဘူး၊ နှစ်ချက်
ဆောက် ဆင့်ထိုးသင့်နေပြီပေါ့'

သူက ခေါင်းညိတ်လျက်ရယ်သည်။

'နည်းပါတယ် ကျော်မိုး၊ အနည်းဆုံး သုံးချက်တော့ ထိုးပါ'

ပြောနေရင်းနှင့်ပင် စိတ်က ဖျတ်ခနဲလွင့်ပြီး မမင်းသက်
နှင့် သူ ကြုံတွေ့ခဲ့သော ကိစ္စများဆီ ရောက်၏။

မမင်းသက်နှင့် အဆောင်မှထွက်၍ ကားနှင့် ကျောင်းသို့
ဘာစဉ်က အဖြစ်များ . . . ။

'ကဲ . . . ပြောပါဦး မမင်းသက်၊ ကိုယ် မင်းကို ဘာကူညီ
ပေးရမလဲ'

အဆောင်ရှေ့မှနေ ရန်ကုန် အင်းစိန်လမ်းမဘက်အထွက်
တံတားပစ္စည်းစက်ရုံ အမှတ် (၁) ရှေ့လောက် ရောက်သည်အထိ
မမင်းသက်ထံမှ ဘာစကားမှ ထွက်မလာ။

သူ စိတ်မရှည်တော့ဘဲ စ,မေးလိုက်သည်။

မမင်းသက်က အသံလွင်လွင်လေးဖြင့် ရယ်၍ ခေါင်းခါ
ချင်း . . .

'မမင်းသက်ဘက်က ဆောင်ရွက်ပေးစရာတွေ ပြီးမြည့်စုံ

အောင် လုပ်မပေးရသေးဘူး အစ်ကို၊ မမင်းသက်ဘက်က အ
အရာရာ တာဝန်ကျေအောင် ဆောင်ရွက်ပေးလိုက်ချင်သေး
ပြည့်စုံမှ မမင်းသက် လိုချင်တာ တောင်းဆိုပါ့မယ်'

'မမင်းသက် မိဘတွေက အောင်မြင်တဲ့ စီးပွားရေးလုပ်
ရှင်တွေလား'

'ရှင် . . .'

'ဒါမှမဟုတ် မမင်းသက်ကျောင်းပြီးလို့ အင်ဂျင်နီ
ဖြစ်ရင် အစိုးရအလုပ် မလုပ်ဘဲ အပြင်မှာ ကန်ထရိုက်အလုပ်လ
စိတ်ကူးရှိလား'

'ဘာဖြစ်လို့လဲ အစ်ကို'

'မမင်းသက်က အပေးအယူတွေ ကတိကဝတ်တွေ
ဂရုစိုက်လွန်းလို့ပါ'

'ဟာ . . . အစ်ကိုကလည်း'

မမင်းသက်က အားပါးတရ ရယ်သည်။

ပြီးမှ အရယ်မကြောင့် စွတ်စိုအရည်လဲ့နေသော မျ
များဖြင့် လှည့်ကြည့်ရင်း . . .

'မမင်းသက်က အကောင်းပြောတာ အောက်မေ့လို့
ထောင်နေတာ၊ ဘာလဲ အစ်ကို . . . မမင်းသက် တန်ရာတန်
အပေးအယူတွေ လုပ်နေတာ သိပ်များနေလို့ စီးပွားရေးဆန်
ဆိုပြီး အစ်ကို စိတ်တိုနေလား'

ပတ္တမြားကောင်း ခေါင်းခါသည်။

'မဟုတ်ပါဘူး မမင်းသက်၊ ကိုယ်တို့နှစ်ယောက် ဆွေးနွေး
တဲ့ သံတမန်နည်း ညှိနှိုင်းပွဲမှာ မမင်းသက် နည်းပရိယာယ်တွေက
ထူးခြားအောင်မြင်နေလွန်းလို့ပါ'

'ဒါကတော့ မမင်းသက်ဘက်က အစ်ကိုလို အားကောင်း
အောင်းသန် ယောကျ်ားရင့်မာကြီးမှ မဟုတ်ဘဲ အစ်ကိုရယ်၊ အစ်ကို့
ကို ခြိမ်းခြောက်တဲ့နည်း၊ အကျပ်ကိုင် ဖိအားပေးတဲ့နည်းတွေနဲ့
မဟုတ်အားသုံး ယှဉ်ပြိုင်လို့မှ မဖြစ်နိုင်တာ၊ အလျှော့ပေး တောင်းဆိုတဲ့
နည်းကိုပဲ သုံးရတာပေါ့'

သူ ရယ်၍ . . .

'မမင်းသက်က စကားအရမ်းပြောတတ်တယ်၊ ဥာဏ်လည်း
ကောင်းတယ်၊ နာမည်ကြီး စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေး
သုံးသပ်ချက်ရေးတစ်ယောက်ရဲ့သား ဒီပွဲမှာ ကောင်းကောင်းခံနေရတယ်
မမင်းသက်၊ မမင်းသက် ပန်းချီဆွဲရုံတင် မဟုတ်ဘူး၊ စာလည်း
အရမ်းဖတ်တယ်နဲ့ တူတယ်'

'မမင်းသက် သတင်းစာနဲ့ တခြား ဗဟုသုတဖြစ်စရာ
စာတွေ ဖတ်ရတာ ဝါသနာပါပါတယ်၊ အစ်ကို့ဖေဖေ သခင်
ကောင်းရဲ့စာအုပ်တွေလည်း မမင်းသက် ဖတ်ဖူးပါတယ်၊ ဒါပေမဲ့
မမင်းသက်ဖေဖေက ခုလောလောဆယ် အထက်တန်းကျောင်းအုပ်
ဖြစ်နေတဲ့ မြန်မာစာပြ ကျောင်းဆရာတစ်ယောက်ပါပဲ အစ်ကို၊

အောင်ခြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက် မဟုတ်ပါ

'ကြော် . . . ဒါနဲ့ မမင်းသက်အဖေက ဘယ်ကျော

ကျောင်းအုပ်လုပ်တာလဲ မမင်းသက်'

'မမင်းသက်တို့ ဘယ်မြို့မှာ နေတာလဲလို့ မေးတာ

အစ်ကို'

ပါးလိုက် လျှင်လိုက်သည့် ကောင်မလေးဟု သူ့စိတ်

နေ ခိုးကျူးအံ့ဩသွားသည်။ သူ့ပရိယာယ်ထဲမှာ ကောင်မလေ

နလပိန်းတုံး လိုက်မလာ။

'အင်း . . . အဲဒါ သိချင်လို့ပါလို့ပဲ ဝန်ခံပါတယ် မမင်း

မမင်းသက်က ရယ်၍ . . .

'မမင်းသက်တို့က ပြည်ကပါ၊ ဖေဖေ့ကျောင်းနာ

ပြောပြရဦးမလား'

သူ သဘောကျစွာ ရယ်၍ . . .

'ရပါပြီ မမင်းသက်၊ ကိုယ် ဘာကို စပ်စုတယ်ဆိုတာ

သွားမှတော့ ကိုယ်ခပ်တည်တည်နဲ့ ဆက်ဟန်ဆောင်ဖို့ မလို

တော့ပါဘူး'

'အစ်ကို အပြင်မှန်ရသွားတာ မမင်းသက် စမ်းသာပါ

နောက်ကိုလည်း မမင်းသက်အကြောင်း ဘာသိချင် သိချင်

တည်ပဲ မေးပါ၊ မမင်းသက်ရဲ့ ကိုယ်ရေးကိုယ်တာထဲမှာ အစ်

အလွယ်တကူ ပြန်မပြောဘဲ ဖုံးဖိလျှို့ဝှက်ထားစရာ သိပ်များများ

မရှိပါဘူး'

သည်အချိန်ကပင် သူ့စိတ်ထဲ၌ မမင်းသက်ဆိုသည့်

အလေးကို အခြား သူသိဖူး၊ ဆက်ဆံဖူးသည့် မိန်းကလေးများ

တစ်တန်းတည်း သတ်မှတ်၍မရဆိုသည်ကို သဘောပေါက်ခဲ့၏။

*

'အစ်ကို ဒီကပဲစောင့်၊ မမင်းသက်ကိစ္စ မမင်းသက်ဘာသာ

သုံးမယ်၊ တိုမှာ ကိုမျိုးမြင့်နဲ့ တစ်ခါတည်း တွေ့ရင် သိပ်မကြာ

ခင်ကောင်းပါဘူး'

'အဆင်ပြေရင် ပန်းချီကားသယ်ဖို့ ကိုယ်လိုက်ခဲ့မယ်လေ'

'ရပါတယ် အစ်ကို၊ မမင်းသက် ပိန်ပေမယ့် ကိုယ်တိုင်ရေး

ပန်းချီကားကို ကိုယ့်ဟာကိုယ် ဓလုပြီး ဒီယုလာခဲ့တာပါ၊ ဟိုမှာ

ပြီကား ပြန်တောင်းတဲ့အခါ အစ်ကိုပါလာတာ မမြင်စေချင်လို့

ပွင့်ပွင့်ပဲပြောပြီး ထွက်သွားသည်။

နာရီဝက်ကျော်ကျော်ကြာမှ ပန်းချီကားကြီးနှင့်အတူ

မင်းသက် ပြန်ဆင်းလာသည်။

သူ လှမ်းယူသည်။

သစ်သားဘောင်တွင် ကင်းဘတ်ပိတ်စနှင့် ကြက်၍ ရေးဆွဲ

ထားသော ဆီဆေးကားပို့ ကားအလေးချိန်က ဘာမှမရှိ။

မမင်းသက်က ပန်းချီကားကို ကားနောက်ခုံပေါ်

သည်အထိ ရပ်ကြည့်နေပြီးမှ ကားပေါ်တက်သည်။

ထို့နောက် . . .

'ကဲ . . . မမင်းသက်ကို အဆောင်ပြန်ပို့ပေးတော့

လိုအပ်တဲ့ တောင်းဆိုချက်တွေ ကားပေါ်ကနေစပြီး ပြော

မယ်'

ပန်းချီကား ဘယ်လိုပြောပြီး ပြန်တောင်းတာလဲ၊

ရှောရှောရှုရှု၊ ပေးလိုက်ရဲလား ဘာလား မေးမလို့ ပြင်ထား

ပတ္တမြားကောင်း နှုတ်ဆိတ်သွားသည်။

ကောင်မလေးကလည်း ဒါတွေပြောပြဖို့ စိတ်ဝင်

မပေါ်။

သို့အတွက် ချာတိတ်မ၏ အမိန့်အတိုင်းသာ သူ က

တက်သည်။

ကားကို ကျောင်းထဲက မောင်းထွက်လာခဲ့သည်။

မည်မျှ ခက်ခဲသောအလုပ်ကိုဖြစ်ဖြစ် မမင်းသက်

ဆိုလာပါက သူ မဖြစ်ဖြစ်အောင် လုပ်ပေးမည်ဟုလည်း

တကယ် ကျေးဇူးတင်စွာ ကြိုတင်ဆုံးဖြတ်ထားလိုက်၏။

* * *

(၉)

'ပထမ ပေးရမယ့် အကူအညီကို အရင်ပြောမယ်နော်'

'ပြော . . . မမင်းသက်'

'တခြား မဟုတ်ပါဘူး၊ ကျောင်းမှာဖြစ်ဖြစ် မမင်းသက်

အဆောင်မှာဖြစ်ဖြစ် တစ်နေ့ကို နာရီဝက်လောက်နဲ့ တစ်ပတ်

လောက် အစ်ကို မမင်းသက်နဲ့ စကားလာထိုင်ပြောပေးဖို့ပါပဲ'

'အင်း . . . ဒါ အရမ်းလွယ်တဲ့ကိစ္စပဲ မမင်းသက်၊ ဒါနဲ့

ကိုယ်က ဘာတွေ ပြောပေးရမှာလဲ'

'အစ်ကို ပြောချင်တာ ပြောပါ၊ သီချင်းပြောစေချင်တဲ့

အကြောင်းအရာ မရှိပါဘူး၊ အာလာမ သလ္လာပဟေ့'

'အံ့သြစရာပဲ၊ အဲဒါ ဘာရည်ရွယ်ချက်နဲ့ အကူ
တောင်းတာလဲ ကိုယ် မသိရဘူးလား'

'သိရပါတယ် အစ်ကို၊ အစ်ကိုပုံပန်းချီဆွဲဖို့ ပုံကြမ်းလေ
'ကောက်ချင်လို့ပါ'

'အရင်ပုံပဲ ပြန်ဆွဲမှာ မဟုတ်ဘူးလား'

'မမင်းသက် အဲဒါ အတိုအကျ မပြောတတ်သေ
အစ်ကို၊ အစ်ကို့ အကူအညီ မရရင်တော့ ပထမပုံ ဆွဲသ
မမင်းသက် အစ်ကို့ဓာတ်ပုံကြည့်ပြီး ပြန်ဆွဲလိုက်မှာပါ။ ဒါ
အစ်ကိုက မမင်းသက်ကို ကူညီမယ်ဆိုရင်တော့ အစ်ကို့ဆီက
သက် လိုချင်တဲ့ ပုံကြမ်း၊ ကောက်ကြောင်းလေးတွေ စုယူပြီး
သက် ပြန်ဆွဲချင်တဲ့ အစ်ကိုပုံတစ်ပုံ ပြန်ဆွဲဖို့ စဉ်းစားထား

'တစ်နေ့ နာရီဝက်နဲ့ တစ်ပတ်ဆို လုံလောက်လား'

'အဲလောက်ဆို ကျေနပ်ပါတယ် အစ်ကို'

'ကောင်းပြီလေ၊ ဒါ သိပ်လွယ်လွန်းတဲ့ ကိစ္စပါ၊ ဒီလေ
နဲ့တော့ မမင်းသက် ကိုယ့်ကို ပန်းချီကားလက်ဆောင်ပေ
တန်ရာတန်ကြေးက မနည်းလွန်းဘူးလား'

'အဲဒီကိစ္စက အစ်ကို ဆောင်ရွက်ပေးမယ်ပေါ့'

'ဒီထက်မက ဆောင်ရွက်ပေးဖို့ စဉ်းစားပြီးသားပါ
သက်'

'ဒါဆို နောက်ထပ် အကူအညီနှစ်ခု မမင်းသက်

ဆောင်းချင်သေးတယ်'

'ဆောင်ရွက်ပေးပါ့မယ် မမင်းသက်'

'ဟင်း . . . ဟင်း . . . ကြိုတင် လက်ခံလိုက်ပြီပေါ့'

'လက်ခံလိုက်ပါပြီ'

'ဒါဆိုရင် အခု ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ အစ်ကို
မင်းသက်တို့ အိမ်ကို မမင်းသက်နဲ့အတူ ခဏလိုက်လည်ပါ'

'မမင်းသက်တို့အိမ်ကို ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ မြည်က မမင်းသက်တို့ အိမ်ပါ၊
အဆူမတ်ကနေပြီး လွတ်လပ်ရေးနေ့အထိ ဆယ်ရက် ကျောင်းပိတ်
ကာလမှာ မမင်းသက် မြည်ကို ခဏပြန်မယ်၊ အပြန်မှာ အစ်ကို
မမင်းသက်နဲ့ လိုက်ခဲ့ဖို့ပါ၊ ဟိုမှာတော့ အစ်ကို နေချင်သလောက်ပဲ
နေပေါ့၊ အနည်းဆုံး တစ်ရက်လောက်နေရင်ကို မမင်းသက်
ကျေနပ်ပါပြီ'

'အင်း . . . ကိုယ်ကတော့ မမင်းသက်ကို အရမ်းအံ့သြနေ
ပြီ'

'ဒါကိုရော အစ်ကို လက်ခံလိုက်ပြီသားပဲလား'

'ဒါလည်း အဝန်းမကြီးပါဘူး မမင်းသက်၊ တတိယအချက်
ပြောပါ'

'တတိယအချက်ကတော့ မမင်းသက် အစ်ကို့ကို အစ်ကို
ကစ်ယောက်အနေနဲ့ သဘောထားခွင့်ပေးပါဆိုတာပါပဲ'

'ဘယ်လို မမင်းသက်၊ အစ်ကိုတစ်ယောက်လို သဘော
ခွင့် တုတ်ထား'

'ဟုတ်တယ် အစ်ကို'

'အဲဒါ ကိုယ် နားမလည်ဘူး မမင်းသက်၊ ဒီကိစ္စက က
မှ မဆိုင်ဘဲ၊ မမင်းသက် စိတ်ထဲမှာ ကိုယ့်ကို ဘယ်လိုသဘော
ထား ရနေတာပဲ၊ ဒီလိုသဘောထားခွင့် ဆိုပြီး ကိုယ်က ဘာ
တကူးတက အခွင့်ပေးနေရမှာလဲ၊ ဩော် . . . မမင်းသက် ဆို
က ဒီလိုလား၊ မမင်းသက်က အစ်ကို့ကို အစ်ကိုလို သဘောထ
ရတော့ အစ်ကိုက မမင်းသက်ကို ညီမလေးလို သဘောထား
ပြီးတော့ ညီမလေးတစ်ယောက်ကို စောင့်ရှောက်သလို စောင့်
ပေးရမယ်၊ ဒီလိုလား'

'မဟုတ်ပါဘူး အစ်ကို၊ အစ်ကို့ဘက်က မမင်းသက်အ
ဘာမှ အထူးအထွေ သဘောထားပြီး ဆောင်ရွက်ပေးစရာ မ
ဘူး၊ မမင်းသက်ဘက်က အစ်ကို့ကို အစ်ကိုအရင်းလို သဘော
နေတယ်ဆိုတာကို ခွင့်ပြုပေးဖို့ပါပဲ'

'အဲဒါဟာ ကိုယ်အကူအညီ ပေးရတဲ့ကိစ္စမှ မဟုတ
မမင်းသက်၊ မမင်းသက် ကိုယ့်ကို အစ်ကိုအရင်းလိုပဲ သဘော
ထား၊ ဝမ်းကွဲလိုပဲ သဘောထားထား ကိုယ်က ကန့်ကွက်စ
မရှိတာ'

'အစ်ကို တကယ် ကန့်ကွက်စရာ မရှိဘူးပေါ့'

'မရှိပါဘူး မမင်းသက်'

'အဲဒါဆို ရပါပြီ အစ်ကို၊ အဲဒီလောက်ဆိုရင် အစ်ကို လုံခြင်
စွမ်းတစ်ခုကို မမင်းသက် ရအောင်လုပ်ပေးလိုက်ရကျိုးနပ်ပါပြီ'

'ကိုယ်ကတော့ ဒီကိစ္စကို သိပ်မကျေနပ်သေးဘူး မမင်း
က်၊ ဒါတွေက ကိုယ့်ဘာမှ ပင်ပင်ပန်းပန်း လုပ်ပေးရတဲ့ ကိစ္စတွေ
ဟုတ်ဘူး၊ ဒါဟာ ထိုက်တန်တဲ့ တန်ရာတန်ကြေးတစ်ခု မဟုတ်ဘူး'

'ဟုတ်ပါတယ် အစ်ကို၊ မမင်းသက်အတွက်ကတော့ ဒါတွေ
ာ တန်ရာတန်ကြေးပါ၊ အင်း . . . တန်ရာတန်ကြေးထက်တောင်
ဘူးလို့ ဆိုမယ်ဆို ဆိုလို့ရသေးတယ်၊ ကဲ . . . အစ်ကို . . .
ဆောင်လည်းရောက်ပြီ၊ အဆောင်လည်း ပိတ်တော့မယ်၊ မမင်း
က် သွားတော့မယ်၊ အစ်ကို မမင်းသက်နဲ့ ဘယ်နေ့ကစပြီး စကား
ြောမလဲ ဆိုတာပဲ မမင်းသက်ကို ပြောလိုက်တော့'

'ဘယ်တော့ မမင်းသက်က လာစေချင်လို့လဲ'

'ဖြစ်နိုင်ရင်တော့ မနက်ဖြန်က စ,စေချင်တာပေါ့ အစ်ကို'

'ရတယ်လေ၊ မနက်ဖြန် ဘယ်အချိန်၊ ဘယ်နေရာကို ကိုယ်
ခဲ့ရမလဲ'

'အစ်ကို အားတဲ့အချိန် ပြောပါ၊ အစ်ကို ပေးတဲ့အချိန်ပေါ်
ည်ပြီး မမင်းသက် နေရာပြောမယ်'

'မနက်ဖြန် နေ့လယ် ဆယ့်နှစ်နာရီလောက်ဆို ကိုယ်
တန်းအားပြီ'

'အဲဒါဆို ကျောင်းမှာပဲ ဆုံကြတာပေါ့ အစ်ကို၊ အဲဒီ
မမင်းသက် ဒီနေ့ညနေ အစ်ကို ကားရပ်ထားတဲ့ နေရာ
စောင့်နေမယ်၊ ဖြစ်မလား'

'ဖြစ်ပါတယ်'

'ဒါဆို မမင်းသက် သွားမယ်၊ နက်ဖြန်ကျမှ တွေ့မယ်

သူ ခဏတားပြီး တစ်ခုခုပြောမလို့ လုပ်ပြီးမှ စိတ်
နှုတ်ကိုပါ ထိန်းလိုက်သည်။

မမင်းသက် အဆောင်ထဲ ပြန်ဝင်သွားသည်ကို ခဏ
စောင့်ကြည့်ပြီးမှ ကားကို နောက်ကြောင်းပြန်လှည့်၍ ကျော်
ပြန်လာခဲ့ခြင်း ဖြစ်၏။

❋

ထိုနေ့က ပတ္တမြားကောင်း အိမ်ပြန်ရောက်သည်
သည်အကြောင်းတွေကို ပြန်တွေး၍ မဆုံးနိုင်သေး။

ပန်းချီကားကြီးကိုလည်း ညည့်ခန်းဘာညာမှာ ချီ
မပြင်ဆင်နိုင်သေးဘဲ သူ့အခန်းထဲက စာကြည့်စားပွဲကြီးပေ
နံရံမှီ၍ထောင်ပြီး သဘောကျစွာ တစိမ့်စိမ့်ကြည့်သည်။

သို့သော် သူ့စိတ်ထဲမှာ တစ်ခုတော့ မကျေနပ်။

အလွန်ခက်ခက်ခဲခဲ ကြိုးပမ်းရမည်ထင်သော အလုပ်

ကို လွယ်လင့်တကူ လုပ်နိုင်လာသလို ဖြစ်နေသည့်အပြင် အတော်
ခင်ပန်းပန်း ပြန်ဆောင်ရွက်ပေးရမည် အောက်မေ့ခဲ့သည့်
အနာတန်ကြေးကိစ္စများကလည်း ဘာမှမဖြစ်လောက် ဖြစ်နေခြင်း
ကြောင့်၊

ဒါမျိုးတော့လည်း ပတ္တမြားကောင်းတို့ လက်မခံချင်ပြန်။
စိတ်ထဲမှာ ဘယ်အရာဖြစ်ဖြစ်၊ ထိုက်ထိုက်တန်တန်ပဲ လို
ချင်သည်။

ခုဟာက တစ်ဖက်နှင့်တစ်ဖက် သူနိုင်ကိုယ်နိုင် အပြတ်
အသတ် တိုက်ယူရမည်ထင်ပြီး အပြတ်စစ်ပြင်ထားပြီးမှ ဘာမှန်း
မသိ ညာမှန်းမသိ တစ်ဖက်ရန်သူက 'တော်ပြီဗျာ၊ မတိုက်တော့ဘူး၊
ဆင်ဘူး အနိုင်လိုချင်ရင်လည်း အရှုံးပေးတယ်၊ ရော့ ကျွပ်ကိုလည်း
သတ်ချင်သတ်တော့' ဆိုပြီး တိုင်းပြည်ကော စစ်လက်နက်ပစ္စည်း
အဆုံးကော ကြောက်ကြောက်နှင့် လက်နက်ချ ထိုးအပ်ခံရသည့် ပုံစံ
မျိုး၊

ဒါမျိုးကျတော့ နိုင်ရတာလည်း အရသာမရှိ။ ဝိုင်ရတာ
လည်း အရသာမရှိ၊ ယူရတာကိုက ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်နေသည်။

ဒါဖြင့်လည်း ဘာမှမယူနဲ့တော့ကွာ၊ အကုန် သူ့ပစ္စည်း
သူပြန်ပေးလိုက်တော့ပေါ့ ဆိုရအောင်ကလည်း အစကတည်းက
ဒီပစ္စည်းကို အသည်းအသန် လိုချင်လို့ ကိုယ်က အတင်းလိုက်
အတင်းတိုက်ဖို့ ကြိုးစားခဲ့သည်ကိစ္စ။

ပြန်ပေးဖို့ကတော့ လုံးဝမဖြစ်နိုင်။

နောက်တစ်နေ့က ယှဉ်တိုက်၍ မနိုင်မည့်အတူ ကိုယ့်
က လျော့ရိလျော့ရဲ အခုလိုဖြစ်သွားပြီး သူ့ပစ္စည်း သူပြန်ပေ
လာအောင် နည်းပရိယာယ် ဆင်လိုက်တာမျိုး၊ စိတ်ဓာတ်စ
ရေးနည်းဖြင့် ကိုယ့်ကို ဦးလိုးခုလုဖြစ်သွားအောင်လုပ်ပြီး အ
ယူလိုက်တာမျိုးလည်း ဖြစ်နိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် အရသာမရှိတာတော့ အမှန်။

သည်တော့ သည်ပစ္စည်းလည်း ကိုယ်ရ၊ အရသာ ရှိအော
ထိုက်တန်အောင်လည်း လုပ်မှဖြစ်လိမ့်မည်။

ဘယ်လိုလုပ်မလဲ ပတ္တမြားကောင်း။

စဉ်းစမ်းကွာ၊ သေချာစဉ်းစားစမ်းပါဟု သူ့ကိုယ်သူ
သည်။

ညအိပ်ရာဝင်ပြီး ညဉ့်အတော်နက်သည့်တိုင် အ
ရှာမရ။

တော်တော်လေး ညဉ့်နက်ပြီး ခေါင်းတွေလည်း အ
ပူလာပြီဆိုမှ စိတ်ကူးတစ်ခုရသည်။

သည်အတိုင်းလုပ်လိုက်လျှင် စောစောက သူလိုချင်သ
ပုံစံကွက်တိရသည်။

သည်အတိုင်းပဲ လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။

မနက်ဖြန်မနက် အိပ်ရာထသည်နှင့် တခြားကိစ္စမျ

ပြီး ထိုအစီအစဉ်အတိုင်း အတိအကျ ဆောင်ရွက်ရမည်။
ဖြေပဲ။

သည်အဖြေ ရတော့မှပဲ ပတ္တမြားကောင်း ထိုညကို စိတ်
ငြိမ်ဖြောင့် နှစ်ခြိုက်စွာ အိပ်စက်အနားယူလိုက်နိုင်တော့သည်
။



အဝိုင်းနှစ်

မမင်းသက်

(၁)

အဖြစ်အပျက်တွေအားလုံးက တကယ့်ကို မယုံနိုင်လောက်အောင် ကောင်းတဲ့အခြေအနေတွေ ဖြစ်ကုန်တာမို့ 'မယုံနိုင်လောက်အောင်ပဲ' ဆိုတဲ့ စကားကလွဲပြီး မမင်းသက်လည်း ဘာပြောရမှန်းသိတော့ဘူး မောင်။

အဲဒီညက မမင်းသက် တစ်ညလုံး အိပ်လို့မရဘူးလို့ မမင်းသက်ပြောရင် မောင် ယုံချင်မှ ယုံမယ်။

တကယ်ပြောတာပါ မောင်။ အဲဒီညက မမင်းသက် ဘယ်ညို့မှ အိပ်မရဘူး။

တစ်ညနေခင်း အချိန်လေးနဲ့ ဖြစ်ပျက်ပြောင်းလဲသွားတာ

မောင်ကတော့ ဘယ်သိလိမ့်မလဲ။

ဟုတ်တယ် မောင်။

ဒီကိစ္စမှာ မောင် တကယ်ဘာမှမသိခဲ့တာပါ။

သီမှားသာသိရင် မမင်းသက်ကို မောင် စိတ်တိုလိုက်မယ့်

ဘာဖြစ်လို့လဲဆိုတော့ စက်မှုတက္ကသိုလ်နယ်မြေတစ်ဝှမ်းမှာ

လှုပ်လှမ်းတောက် ကျော်ကြားနေတဲ့ မာနမင်းသားကြီး ကိုပတ္တမြား

ကောင်းကို ဘာမဟုတ် ဝိစိညောင့်တောင့် ကောင်မလေး

တယောက်က ပိုင်ပိုင်နိုင်နိုင် ပိပိရိရိကို ထောင်ချောက်ဆင်နိုင်ခဲ့တာ

ဟုတ်ပါစာယ် မောင်။

ဒီကိစ္စတွေအားလုံးဟာ သီမာရယ်၊ အိချောရယ်၊ မမင်း

သက်ရယ် အပါအဝင် မမင်းသက်တို့ သူငယ်ချင်းသုံးယောက်

ကြောင်းကြံစည်လိုက်တဲ့ ကိစ္စတွေချည်းပါပဲ။

မောင် မျက်စိလည်သွားပြီးလား။

ဒါမှမဟုတ် ဘာတွေလဲကွာ။ မင်းတို့ဟာက ရှုပ်ယှက်ခတ်

တာပဲလို့ နားရှုပ်သွားပြီလား။

မျက်စိမလည်ပါနဲ့ မောင်။

ပြီးတော့ နားလည်း မရှုပ်ပါနဲ့။

အားလုံးကို မောင်နားလည်အောင် မမင်းသက် ရှင်းပြပါ

ထွေထ သိပ်များလွန်းတော့ ဒီအဖြစ်အပျက်တွေဟာ တက

သွားတဲ့ အဖြစ်အပျက်တွေလို့ ကိုယ့်ကိုယ်ကို မနည်းယုံ

လုပ်ယူနေရတယ်။

လူကလည်း ဝမ်းသာလွန်းအားကြီးပြီး ကတုန်ကယ

နေတော့ ထမင်းလည်း စားချင်စိတ် မရှိတော့ဘူး။

သီမာတို့ အိချောတို့က ထမင်းတော့ စားလိုက်

မင်းသက်ရယ်၊ နဂိုကမှ ဂျပိန်လေးဖြစ်နေရတဲ့အထဲ ဝမ်း

ထမင်းမစားနိုင် ဟင်းမစားနိုင် ဖြစ်တာနဲ့ ဂျပြားလေး ထပ်ဖြ

လို့ ဒုက္ခရောက်နေပါဦးမယ် ဆိုလို့သာ မမင်းသက် အဆောင်

ဝိုင်းကို လိုက်သွားရတာ။

ရင်ထဲမှာ အုံဩတာတွေ ဝမ်းသာတာတွေ ပေ

နောက်ထပ် ခုနစ်ရက်လောက် အစာရေစာ စားစရာမလို

အောင်ကို မြည့်နေတယ်။

အုံဩလိုက်တာ မောင်ရယ်။

ပြီးတော့ ဝမ်းလည်းသာလိုက်တာ။

မမင်းသက်တစ်ယောက် အိပ်မက်ထဲ ရောက်နေ

အင်းလေ . . . တကယ်တော့လည်း ဒီလိုဖြစ်လာ

တာတွေ အားလုံးဟာ မမင်းသက်ရဲ့ အိပ်မက်ပါပဲ။

တစ်ချိန်ချိန်မှာ ခုလိုတကယ်ဖြစ်လာမယ်လို့ မမျှော

ပေမယ့် မမင်းသက် အိပ်မက်တွေတော့ အများကြီးမက်ခဲ့တာ

မော်း

ဒီလိုမောင်ရေ . . . ဖြစ်ပုံက ဒီလို။

❋

အင်း . . . ပြန်ပြောမယ်ဆိုရင်တော့ ပြောစရာ
အများကြီးပဲ မောင်။

တကယ်တမ်း တိတိကျကျ ဇာတ်ရည်လည်အောင်
မယ်ဆိုရင် ဟိုး . . . နွေးသရောအခါ ပိုင် ငယ်ငယ်လေးက
စပြောသင့်တယ်။

မောင်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းက အမှန်ဆို အဲ
မမင်းသက် ကလေးဘဝကတည်းက စ,ခဲ့တာပါ။

ဒါပေမဲ့ အဲဒီအကြောင်းတွေကိုတော့ ထားလိုက်ပါ
တစ်ချိန်ချိန်ကျရင်လည်း ဒီအကြောင်းတွေ မောင့်
ပြ မဖြစ် ရှင်းပြရမယ့်ကိစ္စတွေဆိုတော့ ခုလောလော
မောင်နဲ့ တိုက်ရိုက် စ,ပတ်သက်ခဲ့ရတဲ့အကြောင်းကိုပဲ ဖြတ်
မယ်။

အဲဒါဆိုရင်တော့ ဟိုးအတိတ်ဘဝ ကလေးအရွယ်
တောင်ကျေးကနေ စ,စရာမလိုတော့ဘူး။

ဘယ်ကပဲ စ,ဖို့လိုတော့လဲဆိုတော့ မမင်းသက်

ကြားသိုလ် စ,ရောက်တဲ့အချိန်က စ,လို့က်တာအကောင်းဆုံးပဲ။

အဲ . . . စက်မှုတက္ကသိုလ် စ,ရောက်တဲ့အချိန်ဆိုပေမယ့်
နှစ်ကျောင်းကို စ,ရောက်၊ ဇာတ်လမ်းက အဲဒီကစ,တာပဲတော့
ကြည်း မဟုတ်သေးပါဘူး။

ဘယ်လိုပြောရမလဲ။

အင်း . . . မမင်းသက် စက်မှုတက္ကသိုလ် ကျောင်းစ,တက်
ခဲ့ ရက်သတ္တပတ်အတွင်း ဆိုပါတော့။

ဟုတ်တယ် မောင်။

မောင့်ကို မမင်းသက် စ,တွေ့ချိန်က မမင်းသက်
ကြားသိုလ်ကို စ,ရောက်ပြီး တစ်ပတ်တောင် မပြည့်သေးတဲ့အချိန်မှာ
ပဲ။

ထူးတော့ အထူးဆန်းကြီး မဟုတ်ပေမယ့် အဲဒီစ,တွေ့တဲ့
နေ့ကအကြောင်းလေးကိုတော့ အတိုချုံးလေးပဲ ဖြစ်ဖြစ် မမင်းသက်
ကို ပြချင်သေးတယ်။

ဒီလိုပါ မောင်။

အဲဒီနေ့က မမင်းသက် ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ မောင်
သိရင် မောင်နဲ့ပတ်သက်တဲ့ မမင်းသက်ရဲ့ အပ်မက်လေး အစဟာ
ဘယ်လိုပုံစံမျိုးဆိုတာ မောင် သေချာသိရအောင်လို့ပါ။

❋ ❋ ❋

သော်။

နယ်ကနေ ရန်ကုန်ကျောင်းကို ရောက်စ၊ အရာအားလုံးကို ကောင်စိသူငယ် နားသူငယ်နှင့် စူးစမ်းနေရချိန်။

နောင် နှစ်ပေါင်းများစွာ နေထိုင်ပညာသင်ကြားရမည့် အမြဲစက်မှုတက္ကသိုလ်ကျောင်းကိုပင် ရင်းနှီးကျွမ်းဝင်အောင် မနည်း ကြိုးစားနေရဆဲ။

ပတ္တမြားကောင်းဆိုသော လူတစ်ယောက်အကြောင်း မောင်းသက် ကြိုတင်၍လည်း မကြားဖူးခဲ့။ ကြားဖူးခဲ့လျှင်လည်း သော်နှင့် နွယ်နီဆိုသော ထိုမိန်းကလေး နှစ်ယောက်လို ဂရုတစိုက် ဖွေကြည့်ရှု၍ ထိုသို့သော စကားများကို ပြောမိမည် မဟုတ်။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်က မမင်းသက် ရင်ထဲ၌ 'မောင်' ဆိုသော လူတစ်ယောက်နှင့် ပတ်သက်သည့် ခံစားမှု တစ်ခုက လွှမ်းမိုးခြင်း ပြင်းထန်နေသောကြောင့်ပင်။

မောင်နှင့်ပတ်သက်သော အရိပ်အငွေ့များက စက်မှု တက္ကသိုလ်တွင် ပညာမှအပ ဘာမှစိတ်မဝင်စားနိုင်အောင် ပိတ်ဆို့ ထားသည်။

သို့အတွက် မမင်းသက်လိုပင် ကျောင်းသူသစ်လွင်များ အများဆန်တူပြီး မမင်းသက်ထက် စက်မှုတက္ကသိုလ် ပတ်ဝန်းကျင်ကို ပိုစပ်ဟန်တူသော မသက်နှင့် နွယ်နီတို့၏စကားများကို မမင်း သက် အမှတ်မထင် ကြားလိုက်ရသောအခါ ရင်ထဲမှာ ဘာမှ ထူးခြား

(၂)

'အဲ့တော့ . . . ဟိုမှာ ပတ္တမြားကောင်းဟဲ့၊ နင့်မျက်လုံးလေး မှေးမှေးလေးနဲ့ လှမ်းကြည့်လိုက် လှမ်းကြည့်လိုက်၊ အဲဒါ စက်မှု တက္ကသိုလ်က နာမည်ကြီး ပတ္တမြားကောင်းဆိုတာပဲ'

'ဘယ်ဟာလဲ မသက်၊ ဟောဟိုက အကျီအဖြူနဲ့လူလား'

'အေး . . . ဟုတ်တယ်'

'မိတယ်နော်၊ ရုပ်ကော၊ အရပ်ကော၊ ကိုယ်လုံးကိုယ်ထည် ပုံစံကော အထူးစပယ်ရှယ် အမိစားပဲ၊ တောက် . . . ကြိုက်တယ် ကွာ၊ အဲဒီပုံစံမျိုး'

အမှန်တော့ သည်ကိစ္စများက မမင်းသက်နှင့် လုံးဝမပတ်

ခြင်းလည်း မဖြစ်၊ အံ့သြခြင်းလည်း မဖြစ်၊ စိတ်ဝင်တစား ရှိ
လည်း မဖြစ်မိ။

နေ့လယ်ပိုင်း အတန်းအားချိန်တစ်ခုမှာ အခန်းဖော်
နှင့်အတူ ကျောင်းသူများနားနေရာအခန်း အယ်လ်စီအာထဲ ရော
နေရင်း သီမာ အိမ်သာဘက် ခရာထွက်သွားနေခိုက်
တစ်ယောက်တည်း ကျန်နေခဲ့သည်။

သူနားမှာ ကပ်ထိုင်နေဆော မိန်းကလေးနှစ်ယောက်
အလွန်အမင်း စိတ်ဝင်စားဟန်ဖြင့် ထိုစကားများကို လွတ်လပ်
ပြောလိုက်သော်အခါ မိန်းကလေးဝီဝီ စပ်စုစိတ်ဖြင့် ပတ္တ
ကောင်းဆိုသော ထိုလူကို အမှတ်မထင် လှမ်းကြည့်လိုက်ခြင်း
ဖြစ်သည်။

ပတ္တမြားကောင်းရပ်နေသည့်နေရာက မမင်းသက်
သောနေရာနှင့် သိပ်အဝေးကြီး မဟုတ်။ ထို့အတူ သိပ်ရင်းနှီးသူ
လည်း မဆိုနိုင်။

သို့သော် ထိုအချိန်က အပေါ်ဆုံးထပ် ကော်ရစ်
အကျီအဖြူ ဝတ်ထားသူဟူ၍ ထိုပုဂ္ဂိုလ်ကလွဲပြီး မည်သူမှ

သို့အတွက် အယ်လ်စီအာတွင် အတွင်းသို့ အလွယ်
မမြင်သာအောင် အရံအတား ပြုထားသော ဝါးယင်းလိပ်
ကလေးတွေကြားမှ ထိုမိန်းကလေးများ နည်းတူ ခိုးကြည့်လိုက်
အခါ ပတ္တမြားကောင်းကို တန်းပြီး သူမြင်ရသည်။

'ဟင်္ . . .'

မမင်းသက်ရင်ထဲမှ အံ့သြခြင်းအဖြစ်က လျင်မြန်စွာ
ကြီးထွားပေါက်ကွဲသွားသည်။

အံ့သြခြင်းသာမက ထိတ်လန့်ခြင်းပါ တွဲဖက်နေသည်ဟု
ဆိုနိုင်းခနဲ ခံစားလိုက်ရသော နှလုံးခုန်လှုပ်မှုက ဘယ်ဘက်ရင်အုံကို
အောင့်ခနဲပင် ဖြစ်မိစေသည်။

'ဘုရား . . . ဘုရား'

မမင်းသက် အလန့်တကြားနှင့် နေရာမှ ထ,ရပ်လိုက်မိ
သည်။

ကိုယ့်မျက်လုံးကိုလည်း ကိုယ် မယုံ။

စိတ်ထင်လို့ပဲလား။ မျက်စိအမြင် မှားသွားတာလား။

သံသယနှင့် ဝေခွဲမရနိုင်သော စိတ်တို့က ပတ္တမြားကောင်း
ဆိုသော လူကို နောက်တစ်ခေါက် လှမ်းကြည့်ဖြစ်အောင် စေ့ဆော်
လိုက်သည်။

မမင်းသက် ယင်းလိပ်ကြားထဲမှနေ သတိထား၍
နောက်တစ်ခါ ပြန်လှမ်းကြည့်လိုက်၏။

ဟုတ်သည်။

သူ စိတ်ထင်လို့ မဟုတ်။

မျက်စိ အမြင်မှားသွား၍ မဟုတ်။

စက်မှုတက္ကသိုလ် အဆောင်တစ် အပေါ်ဆုံးထပ် ကော်ရစ်

တာမှန့ေ တစ်စုံတစ်ယောက်ကို စူးစမ်းရှာဖွေနေသော၊ သို့တည်း
မဟုတ်၊ တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းနေခြင်းဖြစ်ဟန်တူသော
ထိုပုဂ္ဂိုလ်မှာ ကိုကိုကြီးမှ ကိုကိုကြီး လုံးဝအစစ်။

အကယ်၍သာ တစ်ခါတုန်းက ထိခိုက်ဒဏ်ရာများစွာ
အသက်မဲ့နေပြီဖြစ်သော ကိုကိုကြီး၏ ရုပ်အလောင်းကို မျက်
ထင်ထင် မမြင်ခဲ့ရလျှင်၊ အခု ကော်ရစ်ဒါမှာ ရပ်နေသော ပတ္တ
ကောင်းဆိုသည့် လူအား "ကိုကိုကြီးရေ" ဟု လှမ်းခေါ်ဟစ်အော်
မမင်းသက် ပြေးဖက်မိမှာ အမှန်။

ကိုကိုကြီး၏ အရပ်အမောင်း။

ကိုကိုကြီး၏ ကိုယ်လုံးကိုယ်ထည်။

ကိုကိုကြီး၏ မျက်နှာကျ။

ဆံပင်တွေ နက်မှောင်နေပုံ။ မျက်ခုံး ထူထဲ မည်းနက်
ပုံက အစ ကိုကိုကြီး။ တစ်ယောက်တည်း ရှိနေတိုင်းမှာ မျက်
ကြုတ်၊ နှုတ်ခမ်းတင်းတင်းစေ့ထားပုံကလည်း ကိုကိုကြီး။

အနီးကပ်ကြည့်လျှင်တော့ သည်လောက် အပ်ကျမ
တူချင့်မှ တူမည်။

သို့သော် သူ့နေရာလောက်ကနေ လှမ်းကြည့်သော
ကိုကိုကြီးတစ်ယောက် ပြန်လည် အသက်ဝင်လှုပ်ရှားလာသည်
ထင်မှတ်ရ၏။

မမင်းသက် စိတ်ထဲမှာ ရှင်းလင်းပါသည်။

သည်အဖြစ်အပျက်သည် ရုပ်ရှင်ဆန်သော၊ သို့တည်း
မဟုတ် ဝတ္ထုပြဇာတ်ဆန်သော ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်အပျက်
မဟုတ်။

ဆုံးပါးခဲ့ပြီဖြစ်သော ကိုကိုကြီး ပြန်လည် ရှင်သန်ထမြောက်
လာခြင်း မဟုတ်သလို၊ လူဝင်စား ဖြစ်လာခြင်း၊ ပျောက်ဆုံးနေသော
အမွေဥစ္စာကိုတစ်ယောက်နှင့် ပြန်လည်တွေ့ဆုံရခြင်း၊ သို့မဟုတ်
လက်စတစ် ဆာဂျရီနည်းဖြင့် လူတူတစ်ယောက်ဖြစ်အောင်
ပြုပြင်ထားခြင်း စသည်တို့ လုံးဝမဟုတ်။

တူခြင်းသာ ဖြစ်သည်။

လောက၏ လှို့ဝှက်ပြီး အဖြေရှာခက်သည့် လူတူမရှား၊
အာမည်တူ မရှား ပြဿနာသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကိုကိုကြီးနှင့်တူသော လူတစ်ယောက်
အမှောလောကကြီးမှာ ရှိနေခြင်းအဖြစ်ကိုတော့ မမင်းသက် အံ့လည်း
အံ့သြသည်။ ပြီးတော့ ဝမ်းလည်း ဝမ်းသာသည်။

ကံအားလျော်စွာပင် ကိုကိုကြီးနှင့်တူသော လူတစ်ယောက်
၏ နာမည်မှာ ပတ္တမြားကောင်းဟု သိခွင့်ရလိုက်သည်။

ပတ္တမြားကောင်း ဆိုသည့် ကိုကိုကြီး ရုပ်ခွဲကလည်း စက်မှု
တက္ကသိုလ်မှာ နာမည်ကြီး။ မိန်းကလေး အတော်များများက စိတ်ဝင်
စားခံရသူဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့။

သည်လိုဆိုလျှင် ကိုကိုကြီးနှင့် ပတ္တမြားကောင်းသည် ရုပ်

သာ တူရုံမျှမက စိတ်ချင်းလည်း တူနိုင်သည်။

ကိုကိုကြီးလည်း သည်လိုပဲ ဖြစ်ခဲ့သည်။

ဘာရည်ရွယ်ချက်မှ မရှိသော်လည်း ကိုကိုကြီးကို လူ
ဆွတ်သည့် စိတ်အား ဖြေဖျောက် နှစ်သိမ့်သည့်အနေနှင့် ပတ္တ
ကောင်းဆိုသောသူနှင့် ခင်မင်ရင်းနှီး နီးစပ်ခွင့်ရလျှင် သိပ်ကော
မှာပဲဟု တမ်းတမိသည်။

ပတ္တမြားကောင်း ရှိနိုင်မည့်နေရာများကို သူ ရှာဖွေ
လာရန် လိုအပ်လာပြီဟု ပိုင်းဖြတ်လိုက်၏။

✵

'နင် တစ်မနက်လုံး ဘယ်ပျောက်နေတာလဲ မင်းသ
ငါတို့နှစ်ယောက် လိုက်ရှာနေတာ နှံ့နေတာပဲ'

စနေကျောင်းပိတ်ရက် တစ်မနက်လုံး အပြင်ထွက်နေ
ပြန်လာသော မမင်းသက်ကို သီဓာက မကြည်မလင်ဖြင့် ဟ
မေးသည်။

မမင်းသက်က ရယ်ရင်း . . .

'ကိစ္စလေးတစ်ခုရှိလို့ ငါ မိန်းထဲ ခဏသွားတာ သီ
'မိန်းထဲ ဟုတ်လား၊ အမယ်လေး . . ဘုရား . . ဘု
. . နင် တစ်ယောက်တည်း မိန်းထဲ သွားတယ်၊ ဟုတ်လား မင်းသ

'အေးဟယ် . . . ရဲရဲတင်းတင်းကြီး'

သီမာ့စကားကို အခြောကလည်း ဝင်ထောက်ခံသည်။

မမင်းသက် ရယ်လိုက်ပြီး . . .

'သိပ်ခက်ခက်ခဲခဲ သွားရတဲ့ခရီးမှ မဟုတ်ဘဲဟာ၊ အဆောင်ရှေ့ထွက် ကားစီး၊ မာလာဆောင်ရှေ့ မှတ်တိုင်ကျတော့ ဆင်း၊ ဂျပ်ဆင်ဘက်ကနေ မိန်းထဲ ဝင်သွားတာပဲ၊ ဘာခက်တာလိုက် လို့'

'မဟုတ်ပါဘူး၊ ဒီကနေ ဒို့ထက်လွယ်တဲ့ ကိုယ့်ကျောင်းကိုယ် သွားတာတောင် တစ်ယောက်တည်း မသွားရဲပါဘူး၊ ဘာဘူး ညာဘူးနဲ့ ကြောက်ချင်တော့လည်း ကြောက်နေတဲ့မိန်းမက ဒါကျတော့ ငါတို့တောင် အသိမပေးဘဲ ထွက်သွားတာ အံ့ဩလို့ပါ'

'နင် ဟုတ်မှဟုတ်ရဲ့လား မင်းသက်၊ နင် တစ်ယောက်တည်း မဖြစ်နိုင်ဘူး၊ ငါတို့မသိအောင် နင် ဘာအကြံအဖန်တွေ လုပ်နေလဲ ပြောစမ်း၊ နင့်ကို ဒီကနေ ဘယ်သူခေါ်ထုတ်သွားလဲ'

'အေး . . . အဲဒါ ဖြစ်နိုင်တယ် အိချော၊ မင်းသက် . . . နင် မှန်မှန်ပြောစမ်း၊ ဘာလဲ ပြည်က နင့်မောင်ဆိုတဲ့ကောင်တောင် ရန်ကုန်အထိ လိုက်လာနေပြီလား'

'ဟာ . . . မဟုတ်ပါဘူးဟာ နင်တို့ကလည်း စွပ်စွပ်စွဲစွဲ၊ ငါတစ်ယောက်တည်း သွားတာ၊ နင် မယုံရင် ငါတို့နှစ်ခန်းကျော်က မော်လမြိုင်သူ ခင်မြန္တယ်တို့အဖွဲ့ကို မေးကြည့်၊ ကားဂိတ်မှာ သူတို့နဲ့

ငါဆုံတယ်၊ သူတို့လည်း ငါသွားတဲ့နေရာပဲ သွားတာဆိုတော့ သူ
အတူတူ ငါ ကားစီးသွားတာ'

'ဒါဖြင့် နင်က အဲဒီကို ဘာကိစ္စနဲ့ ဘာသွားလုပ်တာ
မမင်းသက် ခဏတွေ၍ စဉ်းစားပြီးမှ အမှန်အတိုင်း
လိုက်ရန် ဆုံးဖြတ်ပြီး . . .

'ဘော်လီဘောပွဲ သွားကြည့်တာ'

'ဟေ . . . ဘော်လီဘောပွဲသွားကြည့်တာ . . . ဟုတ်

'အေးလေ . . . ကြားသားမိုးကြိုး'

'ဟုတ်တယ် . . . ငါ ဘော်လီဘောပွဲ သွားကြည့်တာ၊
တို့ကျောင်းက ဘော်လီဘောအသင်းနဲ့ ရာဇူးကအသင်း လက်
စမ်း ကစားပွဲရှိလို့၊ ငါ့လို လာကြည့်တဲ့သူတွေလည်း အများကြီ
အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ မင်းသက်ရယ် . . . ငါ သိသလောက်
ဝါသနာပါတာက စာဖတ်တာရယ်၊ ပန်းချီဆွဲတာရယ်၊ ငါတို့ သ
လောက်က အဲလို နူးနူးညံ့ညံ့လေးနှစ်ခုပဲ ရှိတယ်၊ ဘော်လီ
နေနေသာသာ အားကစား ဝါသနာပါတယ်ဆိုတာ ငါ နည်းနည်
လေးမှတောင် ကြားဖူးနားဝမရှိလို့'

'ဟုတ်တယ်မင်းသက်၊ နင် ဘယ်တုန်းက ဘာအကြောင်း
ပြုပြီး ဒီဘော်လီဘော ဆိုတာကြီးကို ဝါသနာပါသွားရတာလဲ'

စစ်စစ်ပေါက်ပေါက် စစ်ဆေးမေးမြန်းနေသည့် သူ

ရင်းနှစ်ယောက်ကိုကြည့်ပြီး မမင်းသက် ရယ်မိသည်။

ဟုတ်တော့ဟုတ်သည်။ သူကလည်း ဘယ်တုန်းကမှ အား
စား ဘာညာဆိုတာတွေကို ဝါသနာ မပါဖူးခဲ့။ ခုကျမှ ဘော်လီ
ဘောပွဲဆိုတာမျိုးကို တကူးတက သွားကြည့်ရအောင် ဘယ်တုန်းက
ကြောင်းလဲသွားတာလဲ။

သိပ်မကြာသေးဟု သူ့ဘာသာသူ အဖြေပေးသည်။

တစ်လောမှ သိပ်မကြာသေးသော တစ်လောကမှ ဖြစ်
သည်။

သည်ကိစ္စ သည်နှစ်ယောက်ကိုတော့ ယုံကြည်စိတ်ချစွာ
မှုံပြောထားမှဖြစ်မည်ဟု သူ ဆုံးဖြတ်သည်။

မပြောလို့ မဖြစ်။ သည်ကိစ္စတွေက နောက်ဆို မကြာခဏ
ဖြစ်မဲ့ဖြစ်ပွားတော့မှာ ဖြစ်သည်။

စောစောစီးစီး ရှင်းလင်းတင်ပြချက်များ ကြိုတင် ထုတ်ဝေ
ထားလျှင် နောင်အခါ၌လည်း ခုလို စစ်ဆေးမေးမြန်းခြင်းများ ကင်း
ဝေးတတ်သွားနိုင်မည်ဟု တွေးမိ၍ ဖြစ်၏။



(၃)

စင်စစ် . . . ဘော်လီဘော စသော အားကစားမျာ
မမင်းသက် ခုထိလည်း လုံးဝ ဝါသနာ မပါပါ။

သည်သေးကွေးပိန်ရှည်သော ခန္ဓာကိုယ်ဖြင့် အား
ဝါသနာရှင်ဟု အမည်ခံရမှာလည်း နိုင်ငံတကာနှင့်ချီသော
ကစားလောကကို အားနာဖို့ ကောင်းပါသည်။

ပြီးတော့ ပင်ကိုကျန်းမာရေး အခံချို့တဲ့မှုဖြစ်သော
အားနည်းတတ်သော ချွတ်ယွင်းချက်ကလည်း တော်ရုံတန်ရုံ
လက်လှုပ်ရှား ကစားခုန်စားမှုကိုပင် ခွင့်မပြု။

အရေးနှင့် အကြောင်းနှင့် လမ်းမြန်မြန်လျှောက်လှည်း

အောင့် မောပန်းလာတတ်သော ဂီလာန။

ခုကိစ္စက သူ အားကစားဝါသနာပါခြင်းနှင့် ဘာမှ မပတ်

သူ သိပ်စိတ်ဝင်စားနေသော ပတ္တမြားကောင်းနှင့်သာ ပတ်

ပတ္တမြားကောင်း၏ မျက်နှာတော်ကို ရှာဖွေ ဖူးမြော်ရသော
ပုဂံမတိုင်မီခေတ်များက မြန်မာ့ရာဇဝင်ကို အထောက်
ခိုင်ခိုင်လုံလုံနှင့် တွေ့ရှိရန် လိုက်လံသုတေသနပြု ရှာဖွေရ

သည်နေရာမှာလည်း ပတ္တမြားကောင်းဆိုသော ပုဂ္ဂိုလ်ကြီး
ကိုကိုကြီးနှင့် တူပြန်သည်။

မမင်းသက် . . . လိုက်လံ လေ့လာ သုတေသနပြုထားသ
ပတ္တမြားကောင်းကို စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်
ဌာနမှ ဆရာတွေရုံးခန်းနှင့် ဘော်လီဘောကွင်းကလွဲလျှင်
ခြားဘယ်မှာမှ မတွေ့နိုင်သလောက် ဖြစ်သည်။

ယောကျ်ားလေး ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက် ရှိတတ်
တတ်သော ကင်တင်း၊ လက်ဖက်ရည်ဆိုင် စသည်များမှာ သည်
လိုကို မတွေ့ဖူးသလောက်ပင် ရှိသည်။

မှတ်မှတ်ရရ သည်ဘက်ပိုင်း သူ သတိထားကြည့်နေသည့်
စ်လလောက်အတွင်းမှာ ပတ္တမြားကောင်းကို ကျောင်းထဲက

နွေးအေးလက်ဖက်ရည်နှင့် အအေးဆိုင်မှာ နို့အေးသောက်နေတာ တစ်ခါပဲ တွေ့ဖူးသည်။

ဒါလည်း ဘာမှ မကြာ။

နို့အေးပုလင်း တစ်ဝက်မကျိုးခင်မှာပင် စားပွဲထိုးကို ပိုက်ဆံ ခေါ်ရှင်းပြီး ပြန်မလာခင် ပုလင်းကုန်အောင် သောက်၍ စားပွဲထိုး လေး တစ်ခေါက်ပြန်လာသောအခါ သူက စားပွဲမှာ မတ်တတ် ထ, ရပ်ပြီးပင် ဖြစ်နေပြီ။

တည်ငြိမ် စနစ်ကျလွန်းသော ပတ္တမြားကောင်း၏ လှုပ်ရှား မှုများကို မမင်းသက် ဘယ်လိုမှ မလေးစားဘဲ နေလို့မရ။

သည်ပုဂ္ဂိုလ်၏ လှုပ်ရှားမှုတိုင်းမှာ ရည်ရွယ်ချက်တင်း အကျိုးကျေးဇူးတစ်ခုခု အမြဲ ဦးတည်သတ်မှတ်၍ ထားသည်။

ရည်ရွယ်ချက်မဲ့၊ အကျိုးကျေးဇူးမဲ့ လှုပ်ရှားမှုတစ်ခုခု စက္ကန့်ပိုင်းမျှပင် အချိန်ဖြုန်း၍ လုပ်ဆောင်နေသည်ကို တစ်ခါ မမြင်ရ။

'လောကမှာ အချိန်ဆိုတာ လိုအပ်လေလေ တန်ဖိုးကြီးလေ ပဲ ညီမလေး၊ တချို့က အချိန်ဆိုတာ အလကားရတာ၊ ငွေပေးစရာ မလိုဘူးလို့ ပြောကြတယ်၊ တကယ်တမ်း အလုပ်လုပ်တဲ့လူကျတော့ အချိန်လေး တစ်နာရီ၊ တစ်မိနစ်လောက် သူများထက် ပိုလိုချင်း ရှိသမျှစည်းစိမ်ပုံပေးပြီး ဝယ်ချင်တာတောင် ဝယ်လို့မရဘူး ဖြစ်နေ တယ်၊ အဲဒီတော့ လောကမှာ အချိန်ထက်ပိုပြီး ဘယ်ဟာမှ ကိုကိုကြီး

မထားနိုင်ဘူး၊ နောက်ဆုံး အချိန်ပိုလို့ ဘာမှ လုပ်စရာ မရှိ တောင် ကိုယ့်အတွက် ခွန်အားဖြစ်အောင် အကျိုးရှိအောင် အနားယူချင်ယူမယ်၊ တခြားနည်းနဲ့ အချိန်ကို ဖြုန်းမပစ် ဘူး'

တစ်ခါတုန်းက ကွယ်လွန်သူ ကိုကိုကြီး မမင်းသက်ကို ပြော စကားများ ဖြစ်သည်။

ထက်ကြပ် တူ မတူတော့ မမင်းသက်လည်း မသိ။ သို့သော် ပတ္တမြားကောင်း၏ အချိုးကလည်း သည်ပုံအတိုင်း ဖြစ်နေ သည်။

အချိန်ပြည့်မဟုတ်သော်လည်း အချိန်အားလေး ရတိုင်းမှာ သက် ပတ္တမြားကောင်းကို လိုက်လံရှာဖွေကြည့်သည်။ တွေ့ တစ်ဖက်လူ သတိထားမိမခံ၊ အမြင်မခံဘဲ နောက်ယောင်ခံ ခံ လိုက်ကြည့်တတ်သည်။

ပတ္တမြားကောင်း တက်ရသည့် အတန်းအချိန်စာရင်းကို ငင်းသားရေးရာဌာနမှ ရအောင်ယူပြီး သူတက်မည့်အတန်း မှန်းလှမ်းမှန မသိမသာ သွားအကဲခတ်သည်။ အတန်းဝင် တန်းထွက်ကို စောင့်ကြည့်သည်။

ယောကျ်ားတစ်ယောက် ကြည့်သလို အခန်းရှေ့ကနေ ငုတ် ဆိုင်ကြည့်တာမျိုးကိုတော့ မမင်းသက် လုံးဝမလုပ်ရဲ။

စာကြည့်တိုက်ထဲမှာဆိုလျှင်လည်း သည်အတိုင်း။ ပတ္တမြား

ကောင်း ထိုင်တတ်သည့်နေရာနှင့် ခပ်လှမ်းလှမ်း နောက်ဘက်ဘေး
ကျကျနေရာမှနေ တစောင်းထိုင်ကြည့်သည်။

သူ့အလုပ်အပေါ် သူ အာရုံစိုက်တတ်သော ပတ္တြား
ကောင်းကတော့ မမင်းသက် ရှိနေမှန်းပင် သိပုံမရ။ ကြည့်နေ
သိဖို့ကတော့ ဝေးရော။

ဆရာခန်းနှင့် ကျောင်းထဲက ဘော်လီဘောကွင်းကိုဘေး
မမင်းသက် မလိုက်ရဲ။

သည်နေရာတွေက အကာအကွယ်တစ်ခုခုနှင့် စောင့်
ရိပ်ခြည် လိုက်ကြည့်လို့မရသည့် နေရာမျိုး။

သည်နေရာမျိုးမှာ သွား အရဲကိုးလျှင် ကိုယ့်ကို သူ ချက်
သတိပြုမိသွားမည်။

အများသူငါနှင့် ရောကြည့်နိုင်သည့် ဘော်လီဘောပြိုင်
မျိုးမှာ ရောရိရောရာ ဝင်ကြည့်ရတာမျိုးကတော့ အကောင်း
အနေအထား။

သို့အတွက် မမင်းသက် ကျောင်းတက်တိုင်း ကျောင်း
ဆောင် ပေါ်တီကိုကြီးအောက် ကြော်ငြာနို့တစ်သင်ပုန်းကြီးမှာ
သတိထားပြီး ကျောင်းအသင်း ကစားမည့် ဘော်လီဘောပြိုင်
ပြုလုပ်မည့်သတင်း တစ်ခုခုကို စောင့်ကြည့်နေခြင်းဖြစ်၏။



'အဲဒါနဲ့ပဲ ဒီနေ့ မိန်းထဲက အာစီမှာလုပ်တဲ့ ဘော်လီဘော
တစ်ယောက်တည်း ခိုးလစ်သွားပြီး ကြည့်လာခဲ့တာပေါ့ . . .
လား မင်းသက်'

မမင်းသက်က ခေါင်းညိတ်၍ . . .

'ဟုတ်တယ် ဆီမာ၊ ငါ့ရည်ရွယ်ချက် အရမ်းပေါက်မြောက်
အောင်မြင်တယ်လို့ပဲ ဆိုရမှာပဲ၊ ဒီနေ့မနက် တစ်မနက်လုံးလိုလို
ပတ္တမြားကောင်းရဲ့ မျက်နှာလှုပ်ရှားမှု အမူအရာတွေကို တစ်ဝ
ဆိုင်ကြည့်ခွင့်ရတယ်'

'အဲဒီတော့ ဘာဖြစ်လဲ'

'ဘာရယ်တော့ မဟုတ်ပါဘူး အိချောရာ၊ စိတ်ထဲမှာ
လွမ်းပြေတာပေါ့၊ ကိုပတ္တမြားကောင်းဟာ ကိုကိုကြီး မဟုတ်မှန်း
သိပါတယ်၊ သေသေချာချာ စေ့စေ့စပ်စပ် ကြည့်တော့လည်း
ကိုကြီးနဲ့ လုံးဝဥသုံ့ တူလှတာမျိုး မဟုတ်ဘဲ ကိုကိုကြီးက ကိုကိုကြီး၊
သူက သူ၊ ခွဲလို့ရတာတွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ . . .'

'ဒါပေမဲ့ ဘာဖြစ်လဲ မင်းသက်'

'ဒါပေမဲ့ သူ့ကို မြင်နေရရင် ငါ့ကိုကိုကြီးကို မြင်နေရသလို
ကိုကိုကြီး မရှိတော့ကတည်းက အရမ်းအားငယ်ခဲ့ရတဲ့ ငါဘဝ
တစ်ခုလုံး ပြန်အားပြည့်လာသလိုပဲ၊ ဖြစ်နိုင်ရင် သူနဲ့ အနီးဆုံးနေရာ
းတစ်ခုမှာ ငါ အမြဲတမ်း နေသွားချင်တယ် သီမာရာ'

'ဘာလဲ မင်းသက် . . . နင် သူ့ကို အရမ်းစိတ်ဝင်စား
ပြီလား'

'ဟုတ်တယ် မိချော၊ ငါ သူ့ကို အရမ်းစိတ်ဝင်စားနေ
ခုချိန်မှာ ငါ သူကလွဲပြီး တခြား ဘာမှစိတ်မဝင်စားတော့ဘူး
လည်း ငါ နီးနီးစပ်စပ် ဖြစ်ချင်တယ်၊ ဒါပေမဲ့ ငါ အဲလိုဖြစ်
ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ငါမသိဘူး၊ သူ့အကြောင်း
လေ့လာကြည့်သလောက် သူကလည်း မိန်းကလေးတွေနဲ့ ပတ်သ
လာရင် သိပ်ဟိတ်ဟန်ကြီးတယ်၊ မာနကြီးတယ်၊ တော်ရုံတန်ရုံ
မိန်းကလေးနဲ့မှလည်း အရောမဝင်ဘူး၊ ခုထိ စဉ်းစားရသလော
အနည်းဆုံး သူက ငါ့ကို အသိမိတ်ဆွေတစ်ယောက်အနေနဲ့ ခင်
ကို အသိအမှတ်ပြုတဲ့အဆင့်ရဖို့ နည်းလမ်းတောင် မရှိဘူး၊
စပ်စပ် ခင်ခင်မင်မင် နေဖို့ဆိုတာက ဝေးရော'

'အဲလောက်ပဲ သူက ဖင်ခေါင်းကျယ်လား'

အိချော၏ ပြောင်ကျပွင့်လင်းလှသော အမေးကြော
မမင်းသက် ပြုံးရင်း . . .

'အေး . . . အဲလောက်ပဲ ကျယ်တယ်လို့ ပြောရ
အိချော'

'အဲဒါကို နင်ကလည်း အနားကနေ ခြေဆုပ်လက်
ပြုရပြုရ၊ ကျိုးစောင့်ကြောက်နှင့်ပဲ နေရနေရဆိုပြီး ကွာခွေမရကို သူ
ကပ်ချင်နေတာပဲလား'

'ဟုတ်တယ်'

'နင့်ဥစ္စာက သိပ်အဓိပ္ပာယ်မရှိဘူးထင်တယ် မင်းသက်'

'အေးလေ . . . ငါလည်း အဲလိုပဲ ပြောချင်တယ် မင်းသက်'

ရှေ့ဆင့်နောက်ဆင့် ပြစ်တင်စကား ပြောလိုက်သော
ဆူယေးချင်းနှစ်ယောက်ကို ကြည့်၍ မမင်းသက် အနာအကျင်မရှိဘဲ
ခွင့်လွှတ်စွာ ပြုံးသည်။

'မပြုံးနဲ့ အမိ . . . ငါတို့ တကယ်ပြောတာ၊ နင်ဖြစ်နေပုံ
သိပ်ယုတ္တိမတန်တော့ဘူး၊ မိန်းကလေးတစ်ယောက်နေရာက
ကြည့်ရင်လည်း အလကား အဓိပ္ပာယ်မရှိ မိန်းမနောက်ပိုး လိုက်လုပ်
နေသလိုပဲ၊ ဟိုလူ့နေရာက ကြည့်ရင်လည်း နင့်ကို အထင်သေးလိုက်
မယ့် အမျိုး၊ မဟုတ်တဲ့ အကြောင်းပြချက်တွေနဲ့ သူ့ကို ငမ်းငမ်းတက်
သိုက်နေတဲ့ ဆတ်စလူးမလေးလို့တောင် အောက်မေ့ဦးမယ်'

'ဟုတ်တယ် မင်းသက်၊ နင့်အကြောင်းပြချက်ကို ငါတို့
သည်း လက်မခံဘူး၊ နင့်အစ်ကိုနဲ့တူလို့ ဒီလူ့ကို သတိထားမိတယ်၊
စိတ်ဝင်စားမိတယ်ဆိုတာ ငါတို့လည်း လက်ခံနိုင်ပါတယ်၊ ဒါပေမဲ့
အဲဒါကြောင့် ဒီလောက် အခြေပျက် အနေပျက်ဖြစ်နေတာမျိုးက
တော့ သိပ်အဓိပ္ပာယ်မရှိဘူး၊ မသကာ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ရည်းစား
နဲ့တူလို့ အဲလောက် အဖြစ်သည်းနေတယ်ဆိုတာမျိုးကမှ လက်ခံနိုင်
သေးတယ်'

'အို . . . အဲလို မဟုတ်ပါဘူး သီမာရယ်၊ ရည်းစားနဲ့ တူ

တာလောက်ကတော့ ငါ ဘာကိစ္စ ဒီလောက်သဲသဲလှုပ်နေရမှာလဲ ရည်းစားပဲ . . . တစ်ယောက်မရှိ နောက်တစ်ယောက် အချိန်မဆွဲ ကောက်ထားလို့ရတဲ့ ကိစ္စ၊ တစ်ယောက်နဲ့တစ်ယောက် အင်မတန် တူတဲ့ ရည်းစား . . . နောက်တစ်ယောက် ထပ်ရှာဖို့ မလိုပါဘူး'

'ဒါဖြင့် . . . ကိုပတ္တမြားကောင်းကို ပြည်မှာ ကျန်ခဲ့ပြီး နင့် "မောင်" ဆိုတဲ့ ရည်းစားနဲ့တူလို့ လိုက်ကြိုက်နေတာ မဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး၊ မောင့်ကြောင့်ဆိုမှတော့ ဒီလူ့နောက်ကို ငါ အပင်ပန်းခံ လိုက်နေတော့မလား၊ မောင့်ကိုပဲ ပြည်ကနေ ဒီအရောက် လှမ်းခေါ်လိုက်တော့မှာပေါ့၊ အစစ်ကြီးငုတ်တုတ် ရှိနေလျက်သားနဲ့ အတုကို ငါက ဘာလုပ်ရမှာလဲ'

'ကိုကိုကြီးဆိုတာကရော နင့်အစ်ကိုအရင်းပဲ မဟုတ်လား'

'အရင်း၊ အရင်းမှ အရင်းခေါက်ခေါက်၊ မွေးစားတာလည်း မဟုတ်ဘူး၊ အမေက အဖေနဲ့မရခင် ဒို့ပြင်ယောကျ်ားတစ်ယောက်နဲ့ ပါလာတဲ့ အစ်ကိုမျိုးလည်း မဟုတ်ဘူး၊ စုစုပေါင်းမှ အဖေနဲ့အမေက ငါတို့နှစ်ယောက်ပဲ မွေးထားတာ'

'အဲဒါများဟာ'

'အဲဒါများဟာဆိုတာ နင်က ဘာပြောချင်တာလဲ အိမ်ရှေ့ နင့်စိတ်ထဲမှာ အစ်ကိုအရင်းတစ်ယောက်ကို ဒီလောက် မချစ်ရဘူးလို့ နင်ထင်နေလို့လား၊ ဒီမှာ ငါပြောပြမယ်၊ ငါ့အစ်ကိုကို ငါသိပ်

ချစ်တယ်၊ အားလည်း အရမ်းကိုးတယ်၊ အဲဒီအစ်ကိုဟာ ငါ့ဘဝပဲ၊ အစ်ကိုကြီးနဲ့ ယှဉ်လိုက်ရင် ရည်းစားဆိုတဲ့ ကောင်တွေဟာ အကုန်း ဖွဲဖြစ်သွားတယ်၊ အချစ်ချင်း မတူဘူးဆိုတာ ငါ သဘောပေါက်တယ်၊ ဒါပေမဲ့ အဲဒီထောင့်ငါးရာ ကိုလေသာ အချစ်တွေ အကုန်လုံး အချိန်မရွေး စွန့်ပစ်နိုင်တယ်၊ ငါ့အစ်ကိုကြီးကို ငါချစ်တဲ့ ငါးရာ ခန်ဆယ့်ရှစ် သန့်ရှင်းတဲ့အချစ်မျိုးကို ငါ့အသက်ထက် ပိုတန်ဖိုးထားတယ်၊ အဲဒါကို သဘောပေါက်'

'အံ့ဩစရာပဲ မင်းသက်၊ နင်ပြောတာကို ငါ မယုံလို့ မဟုတ်ဘူး၊ ဒါပေမဲ့ ငါတို့မလဲ အစ်ကိုတွေ ရှိတာပါပဲ၊ ဒါပေမဲ့ နင်ချစ်သလို ငါတို့ကျတော့ သူတို့ကို မချစ်ဘူး၊ ပိုချစ်ခြင်းချစ် ရည်းစားကိုပဲ ချစ်မှာပေါ့'

'အဲဒါ နင်တို့နဲ့ ငါ ကွာသွားတာပဲ၊ ကိုကိုကြီးသာ ငါ့ဘဝမှာ ဘယ် အသက်ရှင်နေသေးရင် တစ်သက်လုံး ငါ ဘယ်သူ့ကိုမှ အမိုက်ထောင်မပြုဘဲ ကိုကိုကြီးနားမှာ နေတယ် သိမာ၊ ကိုကိုကြီးရှိရင် ငါ့ဘဝဟာ အားလုံးပြည့်စုံတယ်၊ ပြောရင်းနဲ့တောင် ကိုကိုကြီးကို အရမ်းသတိရတယ်ဟာ၊ ငါ့ဘဝမှာ မောင်ဆိုတဲ့ ရည်းစားတစ်ယောက်အတွက် ဘယ်တုန်းကမှ မျက်ရည်မကျခဲ့ဖူးပါဘူး၊ ဒါပေမဲ့ ကိုကိုကြီးကို ဒီလောက်လေး သတိရမိတာနဲ့တောင် ငါ့စိတ်မခံနိုင်ဘူး'

ပြောပြောဆိုဆို မမင်းသက်. . . သိမှာ့ရင်ခွင်တွင် မျက်နှာ

အပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။

သီမာနှင့်အိချော တစ်ယောက်ကိုတစ်ယောက် အုံ့ဩ

မလည်နိုင်သော အကြည့်များဖြင့် လှမ်းကြည့်လိုက်မိ၏။

* * *

(၄)

ထိုနေ့လယ်က မမင်းသက် ဝမ်းပန်းတနည်း ရှိုက်ငိုပြီး

ာနှင့် အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် ကိုကိုကြီးနှင့် သူပြန်တွေ့၏။

ကိုကိုကြီးက မမင်းသက်ကို ငယ်ငယ်တုန်းကလိုပင် ကုန်းပိုး

ည်။ သူ့အတွက် သီးသန့်ရထားသော မုန့်ဖိုးထဲမှ ချိုချဉ်သကြား

ချောကလက် ရောင်စုံလေးများ ကျောင်းကနေ တိတ်တိတ်

လာပြီး မမင်းသက်ကို ကျွေးသည်။

ဖေဖေနှင့်မေမေကိုက မမင်းသက်ကို အပျင်းထူ၍ လည်း

ကစားမက်၍ လည်းကောင်း၊ ဆိုးလွန်း၍ လည်းကောင်း၊

ဆူလျှင် မာန်လျှင် ငိုနေသော မမင်းသက်ကို ချော့၍ ဖေဖေ
တို့ကို သူ့ညီမလေးအား မဆူရန် သူပါ အဆူခံပြီး ပြောသည်

ထို့နောက် မမင်းသက်ကို ပွေ့ယူပြီး အလွန်လှပသာ
သော ပန်းခြံဥယျာဉ်လိုနေရာမျိုးကြီးတစ်ခုထဲကို ခေါ်သွားသ

လန်းဆန်းသင်းထုံသော ပန်းများပွင့်နေသည့် တောင်
မြင့်လေးတစ်ခုပေါ်မှာ မမင်းသက်ကို ထားသည်။

'ကဲ ညီမလေး . . . ဒီနေရာမှာ ညီမလေး ပျော်သ
ဆိုးချင်သလောက် ဆိုး၊ ပျင်းချင်သလောက် ပျင်း၊ ဒါမှမဟုတ်
ဆော့ချင်သလောက် ဆော့၊ ဒီနေရာကို ကိုကိုကြီးပိုင်တယ်၊ ကို
ပိုင်နက်ထဲမှာ ညီမလေး ဘာအတွက်ကြောင့်မှ စိတ်မချမ်း
မဖြစ်စေရဘူး၊ ညီမလေး ဘာမှလည်း တွေးမပူနဲ့၊ ကိုကိုကြီး ရှ
ရွှေ့ ညီမလေးဘဝမှာ ဘယ်တော့မှ မျက်နှာမငယ်ရဘူး၊ ညီ
အတွက် ကိုကိုကြီး နှစ်ဆ ပိုကြိုးစားပေးမယ်'

'ဟား . . . ဒါမှ ကိုကိုကြီးကွ'

မမင်းသက်က ဝမ်းသာအားရ ထ,အော်ပြီး ပန်းခင်
အားပါးတရ လျှောက်ပြေးသည်။

ပန်းပွင့်တွေကို ခူးသည်။ ပန်သည်။ ခွေသည်။ ခ
ကစားသည်။ လမ်းများပေါ်တွင် ကြဖြန့်သည်။ ပွင့်ဖတ်က
ဖဲ့၍ လေထဲမှာ လွင့်ကစားသည်။

သူလုပ်ချင်ရာ လုပ် . . . ကိုကိုကြီးက ပြုံးပြုံးကြီး

ကျေနပ်နေ၏။

ပန်းတွေကြားမှာ မောလာသောအခါ ကိုကိုကြီး၏ နှင်ဘတ်ကျယ်ကြီးထဲသို့ ပြေးဝင်ခိုလှုံရင်း ကိုကိုကြီး၏ သန်မာသော လက်မောင်းများကို ထုရိုက်သည်။ တွဲခိုသည်။

သည်နေရာသည်သာ သူ့ဘဝအတွက် အပျော်ဆုံးနေရာ။

သည်နေရာသည်သာ သူ့အတွက် တခြားဘာမှ မလိုအပ် တော့သောနေရာ။

အိပ်မက်ထဲမှာ ကိုကိုကြီးရှိတုန်းကလိုပင် မမင်းသက် ပျော်သည်။

အိပ်မက်က နိုးထလာသောအခါ မမင်းသက် တစ်ခါ ငိုမိ ပြန်၏။



ကိုကိုကြီး ရှိစဉ်က အဖြစ်အပျက်များကို သိမှန့်၍ အိချော တို့နှစ်ယောက်အား ညဉ့်အတော်နက်သည့်အထိ ပြောပြလိုက်သည်။

ကိုကိုကြီးနှင့်သူ အသက်ရှစ်နှစ် ကိုးနှစ်လောက် ကွာသည့် အကြောင်း။ ကိုကိုကြီး မွေးပြီးနောက်ပိုင်းမှာ မေမေ၌ ကိုယ်ဝန်ထပ် ရှိသော်လည်း တစ်ယောက်မှ အဖတ်မတင်ဘဲ ပျက်စီးခဲ့ကြောင်း။

သူ့မွေးတော့လည်း ကလေးက ပေါင်မပြည့်သည့်အပြင်

ချူကလည်း ချချာလွန်းသဖြင့် ရှေ့ကလေးတွေလိုပဲ ပစ်လိုက်ရတော့မည်ဟု အားလုံးက ထင်မှတ်ထားခဲ့ကြောင်း။

သို့သော် ကံအားလျော်စွာ သူ လူဖြစ်ပြီး ကြီးပြင်းလာသော အခါ အဖေအမေကကော အစ်ကိုကြီးကပါ ရှားရှားပါးပါး အငယ် တစ်ယောက်အဖြစ် ဝိုင်းချစ်ကြကြောင်း။

သေတွင်းထဲကနေ လုလာရသဖြင့်လည်း ထူးထူးကဲကဲ အချစ်ပိုပြီး လွန်လွန်ကဲကဲပင် အလိုလိုက်ထားကြောင်း။ အဖေ အမေထက် ကိုကိုကြီးက ပိုဆိုးကြောင်း အသေးစိတ် ပြောပြသည်။

အမှန်တကယ်လည်း ကိုကိုကြီးက မမင်းသက်နှင့် ပတ်သက်လာလျှင် အဖြစ်ပိုသည်းသည်။

'ကျွန်တော့်မှာ စုစုပေါင်းမှ ဒီညီမလေးတစ်ယောက်ပဲ ရှိတာ၊ အမေ့ ဒီညီမလေးကိုတောင် ကံကောင်းထောက်မစွာ မသေလို့ ရထားရတာ၊ သူ့အတွက် တခြား ဘာမျှော်လင့်ချက်မှ ထားဖို့ မလိုဘူး၊ ဆိုးပစေ၊ ပျင်းပစေ၊ သူ့ဟာသူ လုပ်ချင်ရာ လုပ်ပလေ့စေ၊ ဘာတစ်ခုမှ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာလည်း အကြောင်းမဟုတ်ဘူး၊ သူ့အတွက် လိုအပ်တာမှန်သမျှ ကျွန်တော် လုပ်ပေးမယ်၊ ကျွန်တော့်ညီမလေး ပျော်နေတာမြင်ရရင် ကျွန်တော် ကျေနပ်ပြီ၊ သူ စိတ်ညစ်အောင် အမေတို့ ဘာတစ်ခုမှ မလုပ်နဲ့'

သည်စကားကို ငယ်တုန်းကသာ ပြောခဲ့သည်မဟုတ်။

မမင်းသက် အရွယ်ရောက်လာတော့လည်း သည်အတိုင်းပဲ

ပြောသည်။

ပြောသည့်အတိုင်းလည်း မမင်းသက်လုပ်သမျှ မှားမှားမှန်မှန် မမင်းသက်ဘက်မှာပဲ သူရှိသည်။ ဟုတ်တာ ပြောပြော၊ မဟုတ်တာပြောပြော မမင်းသက်ပြောသမျှသာ အမှန်ဟု သူ ယုံကြည်ခဲ့သည်။

မမင်းသက်ကို အရိပ်လိုကြည့်နေပြီး မမင်းသက် လိုအပ်သည် ထင်သမျှ အားလုံးပြည့်စုံအောင် အရာအားလုံးထက် ဦးစားပေး အဆင့်မှာထား၍ သူ ဖြည့်ဆည်းပေးသည်။

မမင်းသက်လိုချင်တာရှိလျှင် ဘာတစ်ခုမှ နှစ်ခါမပူဆာရ။

မမင်းသက်ကလည်း ကိုကိုကြီးမှ ကိုကိုကြီးပဲ အားကိုးတော့သည်။

ကိုယ့်လက်ကိုယ်ခြေ၊ ကိုယ့်စွမ်းကိုယ့်စနှင့် ဘာတစ်ခုမှ ရုပ်တည်ရန် မစဉ်းစားတော့။ အရာအားလုံးကို အချိန်တန်လျှင် ကိုကိုကြီး လုပ်ပေးလိမ့်မည်ဟုပဲ ခံယူသည်။

ကိုကိုကြီးက ဒါလုပ်ဆို လုပ်မည်။ ဒါ မလုပ်နှင့်ဆို မလုပ်။

ကောင်းတာ ဖြစ်လာတာ၊ ဆိုးတာ ဖြစ်လာလာ၊ ဒါတွေက အလုပ်မဟုတ်။ ပြဿနာမှန်သမျှ ကိုကိုကြီးက ရှင်းသွားမည်။ ကောင်းတာ ဖြစ်လာလျှင်လည်း ကိုကိုကြီး သူ့နည်းနှင့်သူ ရှင်းသွားလိမ့်မည်။

ဘဝအတွက် အကြောင်းအကျိုး၊ အကောင်းအဆိုး ဆိုတာ

တွေက သိပ်အရေးမကြီး။ ကိုကိုကြီးဆန္ဒနှင့် ကိုကိုကြီးအဆုံးအဖြ
သာ အဓိက။ အရေးကြီးတာက ကိုကိုကြီး ကျေနပ်ဖို့။

ဒါဆိုလျှင် သူ့ဘက်က တာဝန်ကျေပြီဟု မမင်းသက် သ
မှတ်သည်။

ဘာလေးဖြစ်ဖြစ် သူ့ဘက်က ပြဿနာမှန်သမျှ၊ ခံစ
မှန်သမျှ ကိုကိုကြီးကို ဖွင့်ပြောပြလိုက်ရမှ ကျေနပ်သည်။

ပြောအပ်တာ မပြောအပ်တာ မမင်းသက်မှာ မရှိ။

နေမကောင်း ထိုင်မကောင်းကအစ ကိုကိုကြီးကို ဖွင့်ပြ
လိုက်ရမှ၊ ကိုကိုကြီး ဆေးတိုက်မှ၊ ကိုကိုကြီး နှိဖ်ပေးမှ၊ ကိုကိုကြီ
လိမ်းပေးမှ ပျော်မည်ဟု သူ ခံယူသည်။

သူ့ညီမအကြောင်းကို သူသိနေသော ကိုကိုကြီးကလည်
ဘဝအတွက် အပြတ်ဆုံးဖြတ်ပြီးသား။

ဖေဖေက တစ်ခါတစ်ရံ ကိုကိုကြီးကို ဆူသည်။

'မင်း . . . မင်းညီမ တစ်ယောက်အတွက်နဲ့ပဲ အသက်
အချိန်ကုန်ခံမနေနဲ့ သားကြီး၊ သူလည်း အချိန်တန် သူ့လမ်း
လျှောက်ရမယ်သူ၊ မင်းအပေါ် ချည်း အားကိုးနေတာထက် သူ့အ
သူကိုးတတ်အောင်လည်း လေ့ကျင့်ပေးဦး၊ မင်းလည်း အချိန်တ
မင်းဘဝနဲ့မင်း တာဝန်ယူရမယ့်ကိစ္စတွေ ရှိတယ်၊ တစ်သက်လ
ဒီညီမအတွက် အစစအရာရာ မင်း ခေါင်းခဲပြီး လုပ်ပေးနိုင်မှ
မဟုတ်ဘူးနော်'

ကိုကိုကြီးကိုက ပြတ်သည်။

'မပူနဲ့ ဖေဖေ၊ ကျွန်တော့်မှာ သီးခြား ထူထောင်ရမယ့်
ဆိုတာ ဘယ်တော့မှ မရှိစေရဘူး၊ ညီမလေးကို ထားခဲ့ပြီး သူ
ယောက်တည်း လွှတ်ပေးဖို့ ဆိုတာလည်း ကျွန်တော် စိတ်မချ
ညီမလေးဘဝမှာ ကျွန်တော် မရှိလို့ မဖြစ်ဘူးဆိုတာ ကျွန်တော်
သည်တယ်၊ ကျွန်တော့်လိုမျိုး သူ့ဘဝကို စောင့်ရှောက်တာဝန်ယူ
သူ တစ်ယောက်ယောက် ရှိလာရင်တော့ တစ်မျိုးပေါ့၊ နို့မို့လို့
ကျွန်တော့်ဘဝထဲကနေ ညီမလေးကို ဘယ်တော့မှ ခွဲမထုတ်
ဘူး'

ဤသည်မှာ ကိုကိုကြီး၏ ဆုံးဖြတ်ချက် ဖြစ်သည်။

အချိန်မတန်မီ ကြွေလွင့်ရသော ကိုကိုကြီး၏ ဘဝနိဂုံးဆုံး
သည်အထိလည်း ကိုကိုကြီး ဒီအတိုင်း ခံယူသွားခဲ့၏။



(၅)

'အဲဒါပဲ သီမာ၊ ကိုကိုကြီးကို ငါ ဘာဖြစ်လို့ ဒီ
ချစ်ရသလဲဆိုတဲ့ ကိစ္စက ဒါကြောင့်ပဲ၊ ကိုကိုကြီးရဲ့ အရိပ်အ
အောက်မှာ ငါ့ဘဝက ဒီလောက် ပြည့်စုံနေမှတော့ ကိုကိုကြီး
ဒီပြင်လူတစ်ယောက်ကို ငါ ဘယ်လိုလုပ် အထင်ကြီးနိုင်မှာလဲ
ကိုးရမှာလဲ'

'ကိုကိုကြီးက နောက် ဘာဖြစ်သွားသလဲ မင်းသ

'ကိုကိုကြီး တက္ကသိုလ်တက်နေရင်း ပြည်ကနေ
အပြန် လမ်းမှာ ကားမှောက်ပြီးဆုံးသွားတယ် အီချော၊ အဲဒီ
ရတဲ့နေ့ဟာ ငါ့ဘဝ ပျက်တဲ့နေ့ပဲ၊ ကိုကိုကြီးအပေါ် မှီခိုပြီး

ဆောက်ထားခဲ့တဲ့ ငါ့ဘဝရဲ့ တည်ငြိမ်ခိုင်မာမှုတွေအားလုံးလည်း
စ်ခါတည်း ပျက်စီးသွားခဲ့တာပဲ'

'အေးပေါ့နော်၊ လူတစ်ယောက်အပေါ် လုံးဝမှီခိုအားကိုး
းခဲ့တော့ အဲဒီအားကိုးရမယ့်လူလည်း မရှိရော နင်လည်း
လိုလို ပြိုလဲသွားသလို ဖြစ်သွားတာပေါ့'

'အဲဒါ သင်ခန်းစာပဲပေါ့ အီချော၊ အတ္တာဟိ အတ္တနော
ဆော မိမိကိုယ်သာ ကိုးကွယ်ရာ၊ မိမိကိုယ်သာ အားကိုးရာဆိုတဲ့
ားဟာ ပေါ့သေးသေးစကားမှ မဟုတ်တာ၊ သုံးလူ့ထွဋ်ထား
စ်စွာဘုရားကိုယ်တိုင် ဟောခဲ့တဲ့စကား၊ ဟောခဲ့တဲ့တရားပဲ၊ အဲဒါ
ငါရော ကိုကိုကြီးပါ နားမလည်ခဲ့ကြတော့ တကယ့်အရေးလည်း
ရော ဘယ်လိုမှ သက်လုံမကောင်းနိုင်ကြတော့ဘူးဖြစ်ကုန်တာ

'အဲဒီတော့ နင်က ဘယ်အရွယ်လဲ'

'ငါ ကိုးတန်းတက်တဲ့နှစ်မှာ ကိုကိုကြီး ဆုံးတာပဲ သီမာ၊
မဲ့ တစ်ခုတော့ ငါ့မှာ ကံကောင်းပါတယ်၊ ဘာလဲဆိုတော့
ကိုကြီးက ငါ့ကို အလိုလိုက်တယ်၊ ထင်ရာလုပ်ခွင့် ပေးခဲ့တယ်
အမယ့် အဲဒီကြားထဲကပဲ ငါ့ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့တာ
အများကြီးရှိခဲ့တယ်'

'အင်း . . . ပြောပါဦး'

'ကိုကိုကြီးက ငါ့ကို စာဖတ်ခိုင်းတယ်၊ ဝါသနာပါတဲ့ အလုပ်

တစ်ခုခုကို စွဲစွဲမြဲမြဲနဲ့ ထူးထူးခြားခြားဖြစ်အောင် ကြိုးစားဖို့လည်း
တိုက်တွန်းတယ်၊ အားလည်း အားပေးတယ်၊ ငါကလည်း ဆိုး
သာ ဆိုးတာ၊ ကိုကိုကြီးစကားဆို မြေဝယ်မကျ နားထောင်တတ်
သူဆိုတော့ သူ့ကျေးဇူးနဲ့ စာမျိုးစုံတွေ အများကြီး ဖတ်ဖြစ်ခဲ့သ
ဝါသနာပါတဲ့ ပန်းချီအလုပ်ဆို အဲဒီအရွယ်တည်းက ကင်းဝ
အကောင်းစား၊ ဆီဆေး အကောင်းစားတွေနဲ့ တကယ့် ပန်းချီ
တစ်ယောက် ဆွဲနိုင်သလို ဆွဲနိုင်ခဲ့တယ်'

'အင်း . . .'

'သေချာပြန်တွေးကြည့်တော့မှ ကိုကိုကြီးဟာ မ
မသွန်သင်၊ လုံးဝ စိတ်ကြိုက် အလိုလိုက်သလို လုပ်ထားပြီးမှ ငါ့
အတွက် လိုအပ်တဲ့ အခြေခံအသိတရားတွေ၊ အခြေခံ အလေ့အ
ကောင်းတွေ ချထားပေးခဲ့ပါလားဆိုတာ သဘောပေါက်မိ
တကယ်တမ်း သူ မရှိတော့တဲ့အခါကျတော့ စိတ်ပိုင်းဆိုင်ရာ
ငါ့မှာ အားကိုးရာ မဲ့သွားတာ၊ ငါ့ဘဝ ငါဆက်လျှောက်နိုင်
အခြေခံကိစ္စတွေအားလုံး ငါ့မှာ ဘာတစ်ခုမှ လိုလေသေးမရှိ
နေပြီ၊ အဲဒီတော့မှ ကိုကိုကြီးကျေးဇူးကို ပိုသဘောပေါက်၊ ပိုနာ
ပြီး ကိုကိုကြီးကိုလည်း ပိုလေးစား ပိုချစ်မိသွားတော့တယ်'

'အေးလေ . . . ခုလည်း နင့်မှာ ဘာအားငယ်စရာ
ဒီလိုကြားထဲကပဲ နင် စက်မှုတက္ကသိုလ်ရောက်အောင် ကြိုး
နိုင်ခဲ့သေးတာပဲ'

မမင်းသက်က သူ့ရင်ကို သူ ဖိပြ၍ . . .

'ဒါတစ်ခုပါပဲ သီမာရာ၊ ကျန်တာ ငါ့ဘဝကို ငါ ပြည့်စုံ
လောက် တိုးတက်အောင် လုပ်သွားနိုင်ပါတယ်၊ ဒါပေမဲ့ တစ်သက်
အမှီတစ်ခု အားကိုးရာတစ်ခုကို အမြဲ အားပြုလာခဲ့တာဆို
ငါ့ရင်နဲ့ ငါ့စိတ်ထဲမှာ ကိုကိုကြီးလို လူမျိုးတစ်ယောက် အမြဲ
အပ်တယ်၊ ရင်ထဲမှာ အမြဲ ကွက်လပ်ကြီးတစ်ခုလို ဟာနေပြီး
ငယ်စိတ်တစ်ခုက အမြဲတမ်း ရှိနေတယ်'

'ကိုပတ္တမြားကောင်းကို တွေ့သွားတော့ အဲဒီကွက်လပ်ကြီး
သည်သလို ဖြစ်သွားရတယ်ပေါ့ . . . ဟုတ်လား မင်းသက်'

'ဟုတ်တယ် အိချော၊ တကယ်က ကိုပတ္တမြားကောင်းရဲ့
နေအထားကို အနီးကပ်နဲ့ အတွင်းကျ ငါ ဘာတစ်ခုမှ မသိပါဘူး၊
ကိုကြီးနဲ့ တူတယ်ဆိုတဲ့ သူ့အသွင်အပြင်၊ သူ့လုပ်ရှားမှု၊ သူ့အရည်
ချင်းတချို့ပဲ ငါမြင်တွေ့သိနေတာပါ၊ ဒါပေမဲ့ အဲလောက်လေး
ကောင် ငါ့စိတ်ထဲမှာ အတော်လေး ကျေနပ်ပြည့်စုံနေမိတယ်၊
ပတ်ဝန်းကျင်၊ သူ့အနီးတစ်ဝိုက်မှာ သူ မသိဘဲ ကိုယ်ရောက်နေ
ကိုက သူ့ကို အလိုလို မှီခိုအားကိုးနေရသလိုပဲ သိပ်အားရှိ
သ၊ ဒါကြောင့် သူနဲ့ပတ်သက်လို့ ငါ့မှာ တခြားမျှော်မှန်းချက်တွေ
တွေ မရှိပါဘူးဟာ၊ သူ့အနားမှာ ငါနေချင်တာ တစ်ခုပဲ၊ အဲဒါ
တစ်ခုရဖို့ကလည်း ငါ့မှာ အကြီးအကျယ် ပြဿနာပဲ'

'မထူးပါဘူးဟာ၊ သူ့ဆီတည့်တည့်ပဲ နင်သွားပြီး အဲဒီ

အကို့အကြောင်းတွေ ပြောပြလိုက်ပါလား'

မမင်းသက် ခေါင်းခါသည်။

'မဖြစ်နိုင်ဘူးထင်တယ် အိချော၊ ငါ လေ့လာကြည့်
သလောက် ကိုပတ္တမြားကောင်းဟာ မိန်းကလေးတွေနဲ့ ပတ်သ
လာရင် သိပ်စိတ်ကြိုးဝင်ပုံရတယ်၊ ဘဝင်ကလည်း မြင့်လိုက်ပါဘိ
အဲဒီလူမျိုးတစ်ယောက်ကို အောက်စည်းကနေ သွားဝင်ရင် ဝ
ခံရမှာပေါ့၊ အလိုလိုကမှ သူပတ်ဝန်းကျင်က မိန်းကလေးတွေ
ကြည့်ပြီး မိန်းမဆိုတာ အထင်မကြီးရတဲ့အဆဲ ဒီလိုဝင်သွားလို
တာနဲ့ ငါ့ကို ရစရာမရှိအောင် အထင်သေးပစ်လိုက်မှာ သေ
တယ်၊ အဲလို အနေအထားမျိုးတော့ ငါ အရောက်မခံနိုင်ဘူးဟ

အိချောက ခေါင်းညိတ်သည်။

'အေး . . . အဲဒါတော့ ဟုတ်တယ်၊ ဒါကတော့ မိန်း
တစ်ရပ်လုံးကို ကိုယ်စားပြုပြီးတော့ အသက်မေးကာကွယ်ရမယ့်
အဲဒီလိုဖြစ်နေတဲ့ သူ့စိတ်ကို ဘာစိတ်လို့ခေါ်မလဲ မင်းသက်'

'ဘဝင်မြင့်စိတ် ခေါ်မှာပေါ့ မင်းသက် . . . ဟုတ်လ

အိချောအမေးကို သီမာက အရင်ဦးအောင် ဝင်ဖြေသည်

မမင်းသက်က ခေါင်းခါရင်း . . .

'မဟုတ်ဘူး သီမာ၊ အဲလိုပြောလို့ မရဘူး၊ ငါ နားလည်
သလောက် ပြောရရင်တော့ အဲဒီစိတ်ဟာ ယောကျ်ားမာနစိတ်
ယောကျ်ားစိတ်ဆိုပါတော့လေ၊ ငါဟာ ယောကျ်ား၊ ယောကျ်ားဆိုး

မြင်တတ်တယ်၊ မိန်းမဆိုတာတွေကတော့ အစကတည်းက ယုတ်နိမ့်
သား၊ သူတို့မှာ ဘာတန်ဖိုးမှ မရှိဘူး၊ အထင်ကြီးစရာလည်း
ဘူး၊ မိန်းမသားတစ်ယောက်ရဲ့ အမြင့်မားဆုံးတန်ဖိုးဟာ
ယောကျ်ားတစ်ယောက်ကို အနွံအတာခံ ပြုစုအသုံးတော်ခံပေးဖို့ပဲ
ဆိုတဲ့ စိတ်အခံမျိုးပဲ၊ ဒါမျိုးက ကြီးကျယ်တဲ့ ယောကျ်ားတစ်ယောက်
အမြဲ ဖြစ်တတ်တဲ့စိတ်၊ စာထဲပေထဲမှာတော့ မဟာပုရိသဝါဒလို့
ကြတာပဲ'

'ဟယ် . . . သောက်မြင်ကတ်ဖို့ ကောင်းလိုက်တာ၊ ဒီလို
မျိုးများ နင်ကလည်း . . .'

'အေးလေ၊ ငါတော့ အဲဒါမျိုးများ အားကိုးဖို့ နေနေသာသာ
တောင်ပိတ်ရိုက်လိုက်ချင်သေး'

သီမာနှင့် အိချောကိုကြည့်၍ မမင်းသက်က ပြုံးသည်။

'အဲလိုလည်း မဟုတ်ဘူးပေါ့ဟာ၊ ဒါမျိုးက တော်ရုံတန်ရုံ
ရည်အချင်းလောက်ရှိတဲ့ယောကျ်ားမှာလည်း မပေါ်တတ်ပါဘူး၊
တော်တော်လေးကို သူ့ကိုယ်သူ ယုံကြည်စိတ်ချပြီး အရည်အချင်း
တစ်ခုခုမှာ သိပ်ထူးချွန် ထက်မြက် ပြည့်ဝတဲ့ ယောကျ်ားမျိုးမှာမှ
ပေါ်တတ်တာ၊ ဒီစိတ်မျိုးဝင်ဖို့ သူ့မှာ ရုပ်ပိုင်းဆိုင်ရာကော၊ စိတ်ပိုင်း
ဆိုင်ရာကော ယောကျ်ားစိတ် ယောကျ်ားမာန်တွေ အပြည့်ရှိရတယ်'

'ဖြစ်ရပြန်ပြီ'

'ငါ အမှန်ပြောတာပါ၊ ဘာမဟုတ် ညာမဟုတ် အသား

လွတ် စွတ်ဘဝင်မြင့်နေတဲ့ဟာမျိုး ငါ စကားထဲ ထည့်ပြောတာ
မဟုတ်ဘူး၊ တကယ် အရည်အချင်းရှိလို့ သူ့ကိုယ်သူ တကယ်ထင်
တာမျိုးကျတော့ ငါက ပိုတောင် သဘောကျသေးတယ်'

'ဘာဖြစ်လို့'

'အဲဒါမျိုးမှ ယောကျ်ားကောင်းတစ်ယောက် စင်စစ်ဖြစ်လို့
မြတ်စွာဘုရားရဲ့ ဗုဒ္ဓဝင် ငါးရာငါးဆယ် ဇာတ်ကြီးဆယ်ဘွဲ့ကခ
စပြီး ကနေ့အထိ ကမ္ဘာရာဇဝင်သမိုင်းအစောင်စောင်၊ မြန်မာ
ရာဇဝင် သမိုင်းအစောင်စောင်ကို ကြည့်တယ်၊ တကယ် ယောကျ်ား
ပီသတဲ့ ယောကျ်ားမှန်သမျှ ဒီလိုလူမျိုးချည်းပဲ၊ ဒါပေမဲ့ တစ်ခုထေ
ရှိတယ်'

'အင်း . . . ပြောပါဦး၊ အဲဒီတစ်ခုက ဘာလဲ'

'ဘာလဲဆိုတော့ အဲဒီလိုယောကျ်ားမျိုးမှာ ချစ်ဖို့သိပ်ကောင်
တဲ့ အချက်တစ်ချက် ရှိတယ်ဆိုတာပဲ၊ အဲဒါက တခြားမဟုတ်ဘူ
အဲဒီလူမျိုးတစ်ယောက်ဟာ သူ အင်မတန်ချစ်တဲ့ လေးစားသ
မိန်းမတစ်ယောက် တွေ့ပြီဆိုရင်တော့ တခြားဘယ်ယောကျ်ား
လိုက်မမီအောင် ချစ်တဲ့အချစ်မျိုးနဲ့ ချစ်တတ်တော့တာပဲ'

'ဟုတ်ရဲ့လား မင်းသက်ရာ'

'သိပ်ဟုတ်တာပေါ့ဟာ၊ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား
နေစပြီး ကနေ့ ကမ္ဘာမှာ မြန်မာမှာ ထင်ရှားနေတဲ့ ထင်ရှားခဲ့
ယောကျ်ားမြတ်တွေရဲ့ ဘဝသမိုင်း အတ္ထုပ္ပတ္တိတွေ ရှာဖတ်ကြည့်

ကြည့်ဘဝမှာ တော်ရုံမိန်းမကိုလည်း မိန်းမလို့မထင်ဘူး၊ တန်ဖိုးရှိတဲ့
မိန်းမလို့ထင်ပြီး သူတို့က ချစ်သွားမိရင်လည်း အဲဒီတစ်ယောက်
ကလွဲလို့ ကျန်တဲ့မိန်းမတွေအကုန် ဖွဲဆန်ကွဲတွေပဲ သဘောထားလိုက်
တော့တာပဲ'

'နင်ပြောတာ လင်မယားချစ်ပေါ့'

'မဟုတ်ဘူး လင်မယားချစ်ပဲဖြစ်ဖြစ်၊ မိခင်လို ချစ်တာပဲ
ဖြစ်ဖြစ်၊ နှမ အစ်မလို ဆွေမျိုးသားချင်းကို ချစ်တာပဲဖြစ်ဖြစ် ချစ်ချင်
တဲ့မေတ္တာပုံစံတစ်ခုနဲ့ မိန်းမတစ်ယောက်ကို ချစ်ပစ်လိုက်ရင် ဖြစ်
သတ်တာမျိုး'

'အင်း . . . စိတ်ဝင်စားစရာတော့ အတော်ကောင်းတဲ့
အကြောင်းပဲ'

'ငါက အဲဒီလို အစ်ကိုမျိုးနဲ့ နေလာခဲ့ရတာပါ အိချောရာ၊
ဟားပါတော့လေ၊ အဲဒါကြောင့် ကိုပတ္တမြားကောင်းဟာ ငါ့ကို ဒီလို
ချစ်ရမယ်လို့ ငါ ဆိုလိုတာ မဟုတ်ပါဘူး၊ ယောကျ်ားတစ်ယောက်
အနေဖြင့်ကာ ဒီလို မေတ္တာမျိုးရဖို့ကလည်း အတော်ကံကောင်းမှပါ၊
ကံကောင်းရုံတင် မဟုတ်ဘူး၊ ကိုယ်ကလည်း မိန်းမပီသဖို့ လိုတယ်'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ အဖြေက ရှင်းရှင်းလေးပါ၊
ယောကျ်ားသိပ်ပီသတဲ့ ယောကျ်ားတစ်ယောက် ချစ်တဲ့မိန်းမဟာ
မိန်းမသိပ်ပီသတဲ့ မိန်းမပဲဖြစ်ရမှာပေါ့၊ ဇနီးမယားနေရာကပဲဖြစ်

ဖြစ်၊ မိခင်နေရာကပဲဖြစ်ဖြစ်၊ နှမသားချင်းနေရာကပဲဖြစ်ဖြစ် ဘ
နေရာနဲ့သူ မိန်းမသိပ်ပီသမှုလည်း သူ့မှာ မပြည့်စုံတဲ့အရာ
ပြည့်စုံသွားနိုင်မှာပါ၊ ဒါမှလည်း သူက ချစ်မှာပေါ့'

ပြောရင်း ပြောရင်းနှင့် မောလာသဖြင့် မမင်းသက်စ
ခဏရပ်လိုက်သည်။

သီမာနှင့်အိချောကတော့ အထူးအဆန်းတွေ့ချည်း ကြ
သလို ဖြစ်နေပြီ။ ဘာမှလည်း ဆက်မပြောတတ်တော့သဖြင့် အ
ငြိမ်နေလိုက်ကြ၏။



'ဒါနဲ့ နေပါဦး မင်းသက် . . . အဲဒီကိစ္စတွေ နင်ဒီလော
နားလည်နေရဲ့သားနဲ့ အခု ဒီပုဂ္ဂိုလ်ကျတော့ နင် နင်လိုချင်
ပုံစံရအောင် နည်းနည်းလေးမှ လုပ်မယူတတ်တော့ဘူးလား'

ခဏကြာမှ သီမာက တွေးတွေးဆဆလေသံဖြင့် စ
သည်။

မမင်းသက်က ပြုံးရင်း . . .

'လုပ်မယူတတ်ဘူးတော့ မဟုတ်ပါဘူးဟာ၊ လုပ်စရာ
အထဲက အကောင်းဆုံးလမ်းတစ်လမ်းကို ဖြစ်အောင်ရွေးဖို့ စဉ်း
နေတာပါ။ ဒီနေ့တော့ သူကစားတဲ့ ဘော်လီဘောပွဲကိုကြည့်

မင်းစတစ်ခုတော့ ငါ ရလာခဲ့ပါတယ်'

'အဲဒါက ဘာလဲ'

'အဲဒါက ဘာလဲဆိုတော့ သူ အင်မတန် မြတ်နိုးဂုဏ်ယူ
အားထားဝင့်ကြွားတဲ့ အလုပ်တစ်ခုကို သူ အကျေနပ်ဆုံးဖြစ်အောင်
ကူပြု ခိုးကျူးအားပေးလိုက်ဖို့ပေါ့'

'အဲဒီတော့ အဲလိုဖြစ်အောင် နင်ဘာလုပ်မလဲ'

'ငါ သူ့ပုံကို ပန်းချီဆွဲမယ်'

'ဟင်'

'အဟုတ်'

'အဟုတ်ပဲ သီမာ . . . ဒီနေ့ကစ,ပြီး သူ့ရဲ့ အကောင်းဆုံး
ယူပ်ရှားဟန်တစ်ခုကို ငါ အမိအရဖမ်းပြီး ငါ့ရဲ့အထူးခွန်ဆုံး ဝါသနာ
အလုပ်ဖြစ်တဲ့ ပန်းချီပညာနဲ့ သူ့ကို ငါ ရုပ်လုံးဖော်မယ်၊ ဖြစ်နိုင်ရင်
နင်တို့ ငါ့ကို တစ်ခုကူညီပါ'

'ဘာလဲ မင်းသက်၊ ဘာကူညီရမလဲ ပြော'

'ငါ့ကို ကင်မရာ တစ်လုံးလောက် ရအောင်ရှာပေးပါဟာ၊
ငါ ကျေးဇူးမမေ့ပါဘူး'

ဤနည်းအားဖြင့် မမင်းသက်သည် ပတ္တမြားကောင်း ဆို
သော လူတစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် ပွဲတစ်ခုကို
အစပျိုးလိုက်ခြင်းဖြစ်၏။

အဲဒီအချိန်ကစ,ပြီး မမင်းသက် မောင့်ကို စ,ဖမ်းစားဖို့

ကြိုးစားခဲ့တာပါပဲ မောင်။

ဒါ မမင်းသက်ရဲ့ အရိုးသားဆုံး ဝန်ခံချက်တွေပါ။



(၆)

'ရော့ . . . မရွှေမင်းသက်၊ ဟောဒီမှာ နင်လိုချင်တဲ့ [illegible]ခရာတစ်လုံး'

'အဲတော့ . . . ငါလည်း တစ်လုံးရှာလာတယ် သီမာရဲ့'

စောစောပိုင်း အကျိုးအကြောင်း ရှင်းပြချိန်က ထုံအ, ထုံအ [illegible] ငါလာသော်လည်း တကယ်လှုပ်ရှားမှုစ,၍ ပူပေါင်းကြံစည်ကြ [illegible]အချိန်မှာတော့ သီမာကော အိချောပါ သွက်လက်ဖျတ်လတ် [illegible] အလွန်အားကိုးရလာသည်။

မမင်းသက်ကလည်း အားတက်သရောဖြင့် အစီအစဉ် [illegible]သေးစိတ်ကို ကြံဆတွေးတောချက်များနှင့် ပူးပေါင်းပြီး ဟာကွက်

မရှိအောင် ဆွဲသည်။

တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ကတည်းက သူတို့သုံးယောက်စလုံး မနားရ။

ပတ္တမြားကောင်းပါသည့် ပွဲစဉ်တိုင်းမှာ ကင်မရာနှစ်လုံး ဖြင့် လူခွဲနေရာယူကာ အကောင်းဆုံး ဖြစ်မည်ဟု ထင်သော ပတ္တမြားကောင်း၏ လှုပ်ရှားမှုများကို ဓာတ်ပုံရိုက်သည်။

သီမာနှင့်အိခြောက ကင်မရာတစ်လုံးစီဖြင့် ဓာတ်ပုံနှိပ် နေချိန်မှာ မမင်းသက်က ပတ္တမြားကောင်း၏ လှုပ်ရှားမှုမှ ကြွက်သား၊ ကိုယ်ထည်ကြွက်သား တည်ဆောက်ပုံ၊ အနေအထား အမျိုးမျိုးမှ မြင်ရသည့် ပတ္တမြားကောင်း၏ ကိုယ်ဟန်နှင့် မူစ စသည်တို့ကို မျက်လုံးဖြင့် အသေးစိတ် မှတ်သည်။

အထူးသဖြင့် ပတ္တမြားကောင်း၏ စိတ်နေစိတ်ထား ဘယ်အချက်ကို အားပြုဂုဏ်ယူ ဝင့်ကြွားတတ်သည်၊ ဘယ်အခြေ မှာ သာမန်ကာလျှံကာ လှုပ်ရှား၍ ဘယ်နေရာမျိုးမှာ ခွန်အား ထုတ်၊ စိတ်ပါလက်ပါရှိသည်တို့ကို အနီးစပ်ဆုံး ဖမ်းမိအော လေ့လာသည်။ လေ့လာလေ၊ လေ့လာလေ သည်ပုဂ္ဂိုလ်သ အတော်မလွယ်သော ပုဂ္ဂိုလ်မှန်းလည်း ပိုသိလာသည်။

အကောင်းတွေ အများကြီး ပိုတွေ့လာသလို အဆိုး နည်းနည်းနွယ်သည့် ချွတ်ယွင်းချက်တချို့ကိုလည်း မမင်း တွေ့မြင်ရသည်။

ထိုချွတ်ယွင်းချက်လေးတွေက တခြားမဟုတ်။ တစ်ခါ ပတ္တမြားကောင်း၏ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချခြင်းများ သည့် အစွန်းရောက်သွားကာ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းခြင်း၊ ကောက်လူကို အထင်သေးခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းများ ဖြစ်သွားတတ်သည်။

နောက်တစ်ခုက၊ ကိုယ်လုပ်လျှင် ဖြစ်ရမည်ဆိုသော အစွဲက သွားသည့်အခါ ဖြစ်နိုင်မဖြစ်နိုင် မဝေခွဲဘဲ ဇွတ်တရွတ်နိုင်တတ် ငါတကော၊ ကောတတ်ခြင်းတို့ ဖြစ်လာတတ်ကြောင်း တွေ့ရ သည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဘက်က လုပ်ရမည့် လုပ်တွေကိုတော့ မမင်းသက် လုံလုံလောက်လောက်ပင် လုပ်ဆောင်နိုင်ခဲ့သည်။

ပတ္တမြားကောင်း၏ အကောင်းဆုံး လှုပ်ရှားမှုတစ်ခုကို ခြင့်ဆုံး ဂုဏ်ပြုမှုတစ်ခုအဖြစ် ဖော်ပြနိုင်ရန်အတွက် ဓာတ်ပုံ ကောင်းတစ်ခုကိုလည်း ထိုပြိုင်ပွဲ၏ ဝိုလ်လုပွဲနေ့က ရခဲ့သည်။

ဓာတ်ပုံများကူးပြီးသည့်နေ့ကစ၍ ထိုအကြိုက်ဆုံးဓာတ်ပုံ ကို ကြီးမားသော ပန်းချီကားကြီးတစ်ချပ်အဖြစ် ပြောင်းလဲရန် မမင်းသက် တခမ်းတနား စီစဉ်လိုက်တော့၏။

✵

ကံအားလျော်စွာပင် မမင်းသက် ဆွဲနေသည့် ပန်းခ
လက်စသတ်ခါနီးအချိန်တွင် ကျောင်းပန်းချီအနုပညာအသ
တည်ခင်းပြသမည်ဖြစ်သော ဒီဇင်ဘာနှင်းများအမည်ရှိ ပန်းခ
သတင်းကို ကြားရသည်။

ဤတွင် ထိုပြပွဲ၌ ထိုပန်းချီကားကို တင်သွင်းနိုင
မမင်းသက် အချိန်ပိုပေး၍ ပန်းချီကားကို လက်စသတ်သလို
၏ အမည်ကိုလည်း အထပ်ထပ်အပြန်ပြန် စဉ်းစားပြီးမှ
'ယောကျ်ားကောင်း ပီပီ' ဟု အမည်ပေးလိုက်သည်။

ပန်းချီကားကို ပြပွဲ၌ တင်ပြနိုင်ရန် စာရင်းပေးအပ်နှံ
အခါ ဈေးနှုန်းနေရာ၌ ဘာကိန်းဂဏန်းမှ မဖြည့်စွက်ဘဲ 'ရောင်း
မဟုတ်' ဟု ဖြည့်သွင်းပေးလိုက်၏။

ဟုတ်ပါတယ် မောင်။

အစကတည်းက မမင်းသက် မောင့်ကို ရောင်းစားဖို့
ကြီး ဆွဲခဲ့တာမှ မဟုတ်ဘဲ။

✲

ရယ်တော့ ရယ်ရသားပဲ မောင်။

ဘာဖြစ်လို့လဲဆိုတော့ အစတုန်းက တော်တော် ခက်

ယ်ရမယ့်ကိစ္စတွေလို့ ထင်တဲ့ဟာတွေအားလုံး မမျှော်လင့်ဘဲ
လွယ်လွယ်ကူကူတွေ ဖြစ်လာလို့ပေါ့။

မောင့်ကို အမှန်အတိုင်း ပြောပြမယ်။

အမှန် အဲဒီပန်းချီကား စ,ဆွဲဖို့ စဉ်းစားကတည်းက မမင်း
ဒီပန်းချီကားကို မောင့်အတွက် လက်ဆောင်ပေးဖို့ သက်သက်

မောင်နဲ့ တရင်းတနှီး ခင်မင်နိုင်ဖို့ အခွင့်အရေးက မမင်း
အတွက် မလွယ်ဘူး။

တော်ရုံတန်ရုံ စိတ်ဝင်စားစရာ ကိစ္စလောက်နဲ့လည်း
က မိန်းကလေးတစ်ယောက်ကို အထင်ကြီး လေးစားပြီး စိတ်
း ခင်မင်မှာ မဟုတ်ဘူး။ မမင်းသက်ဘက်က ပြန်တွက်တော့
ကိုယ့်ကို ဘယ်လိုမှ စိတ်မဝင်စားဘဲ ယောကျ်ားတစ်ယောက်
အောက်ကျို့အောက်ကျခံပြီး မချဉ်းကပ်နိုင်ဘူး။

နဂိုကမှ မိန်းကလေးက စရတယ်ဆိုတဲ့ သိက္ခာကျမှုက
ရတဲ့အထဲ အထင်သေးတာပါ ထပ်ခံရဦးမယ် ဆိုရင်တော့
ပဲ့ကောင်းတော့မယ်။ ဒါကြောင့်လည်း ဒီမိန်းမမာနလေး
ခုကိုတော့ မမင်းသက် မထားမဖြစ် ထားလိုက်ရတာပါ။

အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် မမင်းသက်လည်း မမင်း
နည်းနဲ့ မမင်းသက်ကိုယ်မှာရှိတဲ့ ထူးချွန်ထက်မြက်တဲ့ အရည်
သွေးတွေကို ဖော်ထုတ်ပြသဖို့ လိုလာတယ်။

အဲဒီအရည်အချင်းထဲမှာ မောင့်ကို လေးစားမြတ်နိုး
ထားတာတွေ၊ မောင့်ရဲ့ ခွန်အား၊ သတ္တိ၊ အရည်အချင်း
အပြည့်အဝ နားလည်တတ်တာတွေကို သူများတွေ ခံစားတ
ထက် ပိုပြီး အဆင့်မြင့်မြင့် ခံစားဖော်ပြလိုက်ရင် ဒီကိစ္စကို
စိတ်မဝင်စားဘဲ နေလို့ရမှာ မဟုတ်ဘူးလို့ မမင်းသက် နား
ခဲ့တယ်။

ဒီစိတ္တဇေဒသဘောကို မမင်းသက် သိပ်နားလည်လွန်း
တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မမင်းသက်ဟာ ကိုကိုကြီးညီမ ဆိ
မမေ့နဲ့လေ။

ယောကျ်ားတစ်ယောက်ရဲ့ ကျေနပ်တတ်တဲ့ စိတ်သ
ထားကို ကိုကိုကြီး ရှိကတည်းက မမင်းသက် သိနေခဲ့ပါ
တကယ့်ယောကျ်ားကောင်းတစ်ယောက်ဟာ သူ့အရည်အ
ပတ်သက်လို့ ဘလိုင်းကြီး မြောက်ပြောတာမျိုးကို မကြိုက်သ
တကယ် စနစ်တကျနဲ့ ဆစ်ဆစ်ပိုင်းပိုင်း ခံစားနားလည်ပြီး
ခိုးကျူး ဂုဏ်ယူတာမျိုးကိုတော့ သိပ်ကြိုက်တယ် မဟုတ်လ
အထူးသဖြင့် ယောကျ်ားချင်း ခိုးမွမ်းတာထက် မိန်းက
တစ်ယောက်က အဲလို ခိုးကျူးတာမျိုးကို ပိုကျေနပ်တတ်တယ်
အဲဒီအချက်ကို မမင်းသက် တိုက်ရိုက် အသုံးချဖို့ ကြ
လိုက်တာပါ။

မောင် ယောကျ်ားသိပ်ဆန်၊ အားမာန်အပြည့်ပါ။

တိုင် ကိုယ့်လှုပ်ရှားမှုထဲမှာ အကောင်းဆုံး လှုပ်ရှားမှုလို့ သိနေ
မောင် ကိုယ်ပိုင်ဟန်တစ်ခုကို ပန်းချီဆွဲ။

ဆွဲတဲ့အခါလည်း ကရော်ကမည်တော့ မဆွဲနဲ့။

ပန်းချီကား အရွယ်အစား၊ အရောင်၊ စုတ်ချက်၊ အယူအဆ
အစ တခမ်းတနား၊ ကြီးကြီးကျယ်ကျယ်နဲ့ ဂုဏ်ကျက်သရေ
ဆုံးဖြစ်အောင်လုပ်။

ပန်းချီအတတ်ပညာပိုင်းက ကြည့်ရင်လည်း ရေးဆွဲတဲ့
သက်ရဲ့ အရည်အချင်းကို အများက ဘယ်လိုမှ မချီးမွမ်းဘဲ
နိုင်လောက်အောင် ထုတ်သုံး။

ဒါတွေအားလုံး ပြည့်စုံပြီဆို မောင် အရမ်း ဂုဏ်တက်
နေတာနဲ့အမျှ မမင်းသက်ကိုလည်း ဘယ်လိုမှ ပေါ့သေးသေး
မတွက်ရဲတော့ဘူး။

မောင်တို့လို လူမျိုးတွေက အထင်မကြီးတော့ဘူးဆို စကြ
မာရိန်တင်းလောက်ကိုတောင် အရေးမလုပ်တတ်ပေမယ့်၊
ကြီးရတော့မယ်ဆိုရင်လည်း ဘယ်လိုနေရာမျိုးက လူမျိုးကို
မြင့်မြတ်တဲ့နေရာပေး ဂုဏ်ပြုလိုက်ဖို့ ဝန်လေးတတ်ကြတာ
ဘူး။

ဒါကြောင့်လည်း မမင်းသက် ကိုယ့်မှာ ရှိသမျှ ဇာတိပုည
နတွေ အိတ်သွန်ဖာမှောက်ထုတ်ပြီး မောင့်ကို ချောက်ချား
လုပ်ဖို့ ကြိုးစားခဲ့တာပါ။

ပြီးရင် မောင့်ကို လက်ဆောင်ပေးမယ်။

ပေးတဲ့အခါလည်း . . .

'ကျွန်မ အနုပညာသမားတစ်ယောက်အနေနဲ့ အစ်

ဒီလို ခံစားမိလို့ ဒီပန်းချီကားလေး ရေးပေးပြီး လက်ဆောင်ပေး

ပါ။ ဒါပါပဲ ဒီပန်းချီကားကို အစ်ကို နှစ်သက်တယ်ဆိုရင် ထ

ကျေနပ်ပါတယ်'

ဆိုတဲ့ စကားမျိုးလောက်ပဲ ပြောပြီး ကိုယ့်ဘ

ပျာလောင်ခတ်နေမှုတွေ၊ သိပ်ခင်မင်အရောဝင်ချင်တာတွေ

မိအောင် ထိန်းသိမ်းဖို့လည်း ဆုံးဖြတ်ပြီးသား။

ဒါပေမဲ့။

ဒါပေမဲ့ မမင်းသက် ကံကောင်းတယ်လို့ ပြော

မောင်။

မမျှော်လင့်ဘဲနဲ့ ပန်းချီပြပွဲကိစ္စ ဝင်လာတယ်။

သိပ်ကောင်းတဲ့ အကွက်ပေါ့ မောင်ရယ်။

မောင့်ကို တကူးတက အောက်ကျ နောက်ကျခံ လိုက်

တွေ့ပြီး လက်ဆောင်ပေးရတာထက်၊ ကျောင်းသူကျောင်း

အများပရိသတ်ရဲ့ မြင်ကွင်းမှာ ထင်းခနဲဖြစ်အောင် လုပ်

မောင့်ဘက်က အလိုလို စိတ်ဝင်စားလာအောင် လုပ်လိုက်

ပိုကောင်း၊ ပိုထိရောက်တာပေါ့။

ဒါကြောင့် မမင်းသက် အဲဒီပန်းချီကားကို မော

နိုက်လက်ဆောင်ပေးမယ့်လမ်းထက် ပန်းချီပြပွဲတင်လိုက်ဖို့

ကို ဝမ်းသာအားရ ရွေးလိုက်တာပါ။

အဲဒီကား အဲဒီပြပွဲမှာ ပြလိုက်တာနဲ့ မောင့်ဘက်က

းမှုတွေ အများကြီး မမင်းသက် ကြုံရလိမ့်မယ်လို့လည်း မျှော်

ခဲ့ပါတယ်။

ဒါပေမဲ့ မမင်းသက်ရဲ့ အဲဒီမျှော်လင့်ချက် လွဲခဲ့တယ်။

တကယ်တမ်းကျတော့ အဲဒီပန်းချီကား စ,မပြရသေးခင်

မောင့်ဘက်က ထူးခြားမှုတွေ တစ်သီတစ်တန်း ဖြစ်လာခဲ့ရ

ကိုး။

မယုံနိုင်လောက်အောင်ပါပဲ မောင်။

တကယ့်ကို မယုံနိုင်လောက်အောင်ပါပဲ။

မနက်ဖြန်မနက် ပန်းချီပြပွဲဖွင့်တာနဲ့ မောင့်ဆီက ထူးခြား

ပြန်မှုတစ်ခုခု ရနိုင်မှာပဲဆိုပြီး မမင်းသက်တစ်ယောက်တည်း

နေတဲ့ ညနေခင်းမှာပဲ မမင်းသက်ဆီကို မောင် ဆိုက်ဆိုက်

ရောက်ချလာတယ်။

ပြီးတော့။

နည့်ချိန် မဟုတ်၊ ဘာမဟုတ်သေးတဲ့ ညနေခင်း အစော

အဆောင်ရှေ့ကနေ မောင် မမင်းသက်နဲ့ တွေ့ချင်တယ်

လူလွှတ်ခေါ်ဖို့ ကြိုးစားတယ်။

မမင်းသက် မသိဘဲနေပါ့မလား မောင်။

ပြောလိုက်ရင် မောင် အရမ်းကို အံ့သြသွားမယ်။

အဆောင်ရှေ့ကို မောင် . . . ကားလေးနဲ့ ရောက်

မိနစ်ပိုင်းအတွင်းမှာပဲ မမင်းသက် သိပါတယ်။

မသိဘဲနေမလား။ မောင် ကားရပ်ထားတဲ့နေရာက

သက်အခန်းနဲ့ တည့်တည့်နေရာမှာ။

မမင်းသက်အခန်းထဲကနေ လှမ်းကြည့်လိုက်ရင်

ကားနဲ့ ကားနားမှာ ရပ်နေတဲ့ မောင့်ကို တန်းမြင်နေရတာ

ဒါပေမဲ့ အဆောင်ကို မောင်လာတာဟာ မမင်း

တမင်သက်သက် လာတွေ့ဖို့ ကြိုးစားတာလို့တော့ အဲဒီအ

တစ်ထစ်ချ မယူဆရဲသေးပါဘူး။

ဘွားခနဲ အဆောင်ရှေ့ မောင် ရောက်လာတာကို

နေမိတာပဲ ရှိသေးတယ်။

အဲဒီမှာ မမင်းသက်တို့ သုံးယောက်အုပ်စုလည်း

အကျယ် အလုပ်များကုန်ကြတော့တာပဲ။



(၇)

'ဟုတ်တယ် မင်းသက်၊ အဲဒါသေချာတယ်၊ ဒီပုဂ္ဂိုလ်ကြီး

ဉ်းချိကားတွေ့ပြီး နင့်ဆီ အသည်းအသန် ပေါက်ချလာတာ

ရမယ်'

ပတ္တမြားကောင်း၏ ကားကို မြင်မြင်ချင်းမှာပင် သီမာက

သည်စကားကို အခိုင်အမာ ပြောသည်။

မမင်းသက် မဝံ့မရဲဖြင့် . . .

'နေပါဦး သီမာရယ်၊ ဒီလောက်လည်း ကောက်ချက်ချတာ

တော်ပါနဲ့၊ အခြေအနေ ကြည့်ပါဦး'

'ကြည့်လေ . . . နင် ကြည့်ချင်ရင်လည်း စောင့်ကြည့်ပေါ့၊

ဒါပေမဲ့ ငါပြောတာ လွဲကိုမလွဲစေရဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ သူဖြစ်ပုံ ကြည့်ပါလား၊ ခုထက်ထိ အိ
နေရာမှာ သူ ဘာလုပ်ရမှန်းမသိဘဲ ကြောင်တက်တက် ဖြစ်နေတ
သူ့ကိစ္စနဲ့သူ ချိန်းချက်ထားလို့ ဒီကိုလာတာဆို ဒီလိုကြောင်စ
အကြောင်းမရှိဘူး၊ ခုဟာက သူ မသိတဲ့ လူတစ်ယောက်ဆီကို
တဝါးဝါး လိုက်လာပြီး ဘာဆက်လုပ်ရမှန်း မသိတဲ့ပုံပေါက်နေတ

'ဒါပေမဲ့ အဲလိုလာတာက ငါ့ဆီမဟုတ်ဘဲ ဒို့ပြင်လူဆီ
ချင်လည်း ဖြစ်နေမှာပေါ့'

'နေစမ်းပါ မင်းသက်ရာ၊ အလကားနေရင်း ကိုယ့်ကိုယ်
သေးသိမ်ညံ့ဖျင်းအောင် လျှောက်မတွေးနေစမ်းပါနဲ့၊ ခဏနေ
ဒီကိစ္စ ငါတို့ ကြည့်လုပ်ပေးမယ်၊ ဟိုကောင် အိချောကို သွား
ဦးမှ၊ ဒီကောင်ပါ, ပါမှ ဒီပွဲက ပြည့်စုံမှာ'

ပြောပြောဆိုဆိုနှင့် သီမာက အိချောအခန်းဘက် ထွ
သွားသည်။

ခဏအကြာမှာ နှစ်ယောက်စလုံး အခန်းထဲ ရောက်
သည်။

ကြိတ်ကြိတ် ကြိတ်ကြိတ်နှင့် နှစ်ယောက်တိုင်ပင်ပြီးသ
လ အိချောက ခေါင်းညိတ်လိုက်ပြီး . . .

'အေး . . . ကောင်းတယ် သီမာ၊ ဒီတိုင်းထားလို့က

ပုဂ္ဂိုလ်ကြီး အားကိုးရာမဲ့နေမှာပဲ၊ ယောင်တောင်ပေါင်တောင်နဲ့
ဆင်းသွားလိုက်မယ်၊ အဲဒီကနေ ငါ ပြန်တက်လာလို့ကတော့
ကြေပြီးလို့သာမှတ်'

ပထမတော့ ဘာတွေလုပ်မည်မှန်း မသိ။

အိချောအောက်ဆင်းသွားပြီးမှ သီမာက ရှင်းပြသည်။

သည်အချိန် အဆောင်အပြင်မှာ လူ သိပ်ရှိနိုင်မည်မဟုတ်။
အကယ်၍ ပတ္တမြားကောင်းသာ အခန်းမသို ဘာမသိဘဲ မမင်း
သက်ကို လာရှာတာဖြစ်လျှင် အောက်ဆင်းလာသည့် လူရိပ်တစ်
ယောက်ယောက်ကို လှမ်းခေါ်အကူအညီတောင်းမည်မှာ အမှန်။

သည်အတွက် လူရိပ်လူယောင်ပြရန် အိချော ဆင်းသွား
ခြင်း ဖြစ်၏။

မမင်းသက်နှင့် သီမာက အပေါ်ကနေ အခြေအနေကို
ချောင်းကြည့်သည်။

ထင်သည့်အတိုင်းပင် ပုဂ္ဂိုလ်ကြီးက အိချောကို လှမ်းခေါ်
ပြီး အကူအညီ တောင်းတော့သည်။

ခဏကြာသောအခါ အိချော အပြေးတစ်ပိုင်းနှင့်တက်လာ
သည်။ အခန်းထဲရောက်အောင်ဝင်ပြီးမှ ခွက်ထိုးခွက်လန် ရယ်၍
. . .

'ဟား . . . ဟား . . . သိပ်ရယ်ရတာပဲ မင်းသက် သီရဲ့
သား၊ နင့်ပုဂ္ဂိုလ်ကြီး ဘာပြောတယ်မှတ်လဲ'

'ဘာတဲ့လဲ'

'ဒီအဆောင်မှာနေတဲ့ ဖတ်စ်ယီးယား စီဗယ်က မခင်မင်သက်ကို ခဏလောက် ခေါ်ပေးပါတဲ့၊ ဧည့်သည်ရောက်နေတယ်ဆိုပဲ ပြောပေးပါတဲ့'

'အဲဒီတော့ နင်က ဘာပြောလိုက်လဲ'

'ငါကလည်း ဘယ်ရမလဲဟာ၊ ချက်ချင်းကြီး ရတယ် ခေါ်ပေးမယ် ဘာညာပြောလိုက်ရင် တို့လူ ဈေးကျတာပေါ့၊ ဘယ်အခန်းကလဲလို့ မေးလိုက်တယ်'

'ဟင် . . . ငါ့အခန်းကို သူသိလား'

'မသိဘူးတဲ့၊ အဲဒီတော့ ငါက ဟာ . . . အခန်းမသိရင် ဘယ်လွယ်မလဲ၊ အခန်းနံပါတ်သိမှ ခေါ်ပေးလို့ ရမှာပေါ့လို့ ပြောလိုက်တယ်၊ အဲဒီတော့ ဘာပြောတယ်မှတ်လဲ၊ အခန်းနံပါတ် မေးပေမယ့် နည်းနည်းပါးပါးပါ၊ မေးစမ်းလိုက်ရင် ရပါတယ်ဗျာ၊ လုပ်ပါ ကူညီစမ်းပါ၊ ကျွန်တော် အရေးကြီးတဲ့ကိစ္စ ရှိလို့ပါတဲ့'

'အမယ် . . . နင့်ကို သူက ကျွန်တော်တဲ့လား'

'အစစ်ပဲ၊ ခါတိုင်းတွေ့နေကျ ပတ္တမြားကောင်းမျက်နှာ ဘာမှမဆိုင်ဘူး၊ သူ့ကိစ္စကျတော့ ရိုသေလေးစားအချိုးကျ ပိပြားခလိုက်တာ'

'ဒါနဲ့ နင်က ရှာပေးမယ် ပြောလိုက်လား'

'ကျွန်မ မေးကြည့်ပေးမယ်၊ ဒါပေမဲ့ အဆင်ပြေ မပြေတော့

မခံနိုင်ဘူး၊ နည်းနည်းစိတ်ရှည်ရှည်နဲ့ စောင့်ပါဆိုပြီး ပြန်တက်ခဲ့ဘာပေါ့၊ အဲဒါတောင် သူက လှမ်းပြောလိုက်သေးတယ်'

'ဘာပြောလဲ'

'နည်းနည်းကြိုးစားပြီး ကူညီပေးပါဗျာ၊ ကျေးဇူးလည်းတင်းကြီးတင်ပါတယ်တဲ့'

သည်စကားကြောင့် မမင်းသက် ကျေနပ်သဘောကျစွာ ပြုံးမိသည်။

✵

ဒီအကြောင်းတွေ အသေးစိတ်တော့ မမင်းသက် ပြန်မပြောတော့ပါဘူး မောင်။

လိုရင်းအချက်ကတော့ အဲဒီနေ့က မောင် ကောင်းကောင်းနပ်ခံလိုက်ရတယ်ဆိုတာပါပဲ။

ခုန မမင်းသက် ပြောသလိုပဲ။ ပထမဆုံး အိချောက ဆင်းပြီး မောင့်လာရင်းကိစ္စကို သိအောင် စုံစမ်းတယ်။

အတော်လေးကြာတော့ သီမာက ခပ်တည်တည်နဲ့ ဆင်းပြီး မမင်းသက် ရေချိုးနေတယ်၊ ခဏစောင့်ပါဦးလို့ ပြောပြီး မောင့်ကို ထပ်ပညာပေးတယ်။

မောင့်ကို အတော်လေးကြာအောင် ညှဉ်းဆဲထားပြီး မမင်း

သက်တို့ဘက်က အတော်လေး တန်ဖိုးတက်လာပြီဆိုမှ မမင်း
မယောင်မလည်နဲ့ ဆင်းလာခဲ့တာပါ။

မမင်းသက်ကျတော့ မောင့်ကို အဲလောက် ပညာ
မစဉ်းစားတော့ပါဘူး။ ဒီလောက်ကြာအောင် စောင့်နေရတဲ့အ
စိတ်ထဲမှာ မောင့်ကိုလည်း အားနာလှပြီလေ။

ဒါကြောင့်လည်း မောင့်ဆီကို တန်းတန်းမတ်မတ် သူ
မောင် မမင်းသက်ကို သတိမပြုနိုင်ခင်မှာ . . .

'အစ်ကို . . . မမင်းသက်ကို စောင့်ရတာ ကြာသွား
ဆိုတဲ့စကားကို တစ်ခါတည်း ဝင်ပြောလိုက်တော့
မေ့!။



'အဲဒါဆို ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် အဲဒီပန်းခို
အစ်ကို့ကို ရောင်းပါ မမင်းသက်'

'ရှင် . . .'

'ယောကျ်ားတို့လုံလ သေခါမှလျှော့မယ်တဲ့ မမင်းသ
ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ကိုယ်လိုချင်တဲ့ အရာတ
ရှိပြီဆိုရင် ကောင်းကင်က ကြယ်ကိုတောင် ရအောင်ဆွတ်နှုတ်
ကြိုးစားတတ်ပါတယ်၊ မြင့်မိုရ်တောင်ကို ဖျက်ခွဲဖို့ လိုအပ်လ

ည်း ဦးမလေးရပါဘူး၊ ကိုယ်လည်း ဒီလိုပါပဲ၊ ကိုယ်မလိုချင်တဲ့
ည်းဆိုရင် ဘယ်လောက် အဖိုးတန်တန် လှည့်မကြည့်တတ်ပေ
ယ့် ကိုယ်လိုချင်တဲ့ပစ္စည်းဆိုရင် မရရအောင် ယူတတ်တဲ့အကျင့်
ိုပါတယ်'

'ဘာလဲ အစ်ကို၊ အစ်ကို မမင်းသက်ကို ခြိမ်းခြောက်နေတာ
ား'

'သတိပေးတာပါ မမင်းသက်'

'ဒါပေမဲ့ စစ်ကြေညာသလိုဖြစ်နေတယ် အစ်ကို'

'သံတမန်နည်းနဲ့ ညှိနှိုင်းနေတုန်း အဆင့်လို့ သတ်မှတ်ပါ
မင်းသက်'

'မရရင်တော့ စစ်ကြေညာရမယ်ပေါ့'

'ဆွေးနွေးပွဲ မပြီးပြတ်သေးပါဘူးလေ၊ မလိုအပ်ဘဲနဲ့ ချစ်
ကြည်ရေး ပျက်ပြားမယ့် စကားတွေ ကြိုမပြောတာ ကောင်းပါတယ်'

မောင်နဲ့စကားပြောရတာ ပျော်စရာ ကောင်းလိုက်တာ။

မောင် ပြောနေဆိုနေပုံတွေကြည့်ပြီး မမင်းသက် အရမ်း
ရယ်ချင်တာပဲ။ မောင်က စကားကို ထိန်းထိန်းသိမ်းသိမ်းလည်း
ပြောတတ်တယ်။ လှအောင်လည်း ပြောတတ်တယ်။ စကားလုံး
အကြိုးအကျယ် အဆန်းအပြားတွေကိုလည်း သုံးတတ်တယ်။

ဒါပေမဲ့ သိတယ်မဟုတ်လား မောင်။

မမင်းသက်လည်း ဒီလောက်တော့ မည့်ပါဘူး မောင်။

နဂိုကတည်းက မောင်နဲ့ ထိပ်တိုက်ရင်ဆိုင်ရရင် ကို
ဘက်က သိပ်ညံ့နေလို့ ဘယ်လိုမှ မဖြစ်ဘူးလို့၊ ကြောက်လက်စ
နေတဲ့သူမို့လား မသိဘူး။

အမှန်တော့ ဒီကိစ္စက ခက်တယ်လို့ ပြောလို့ ရသလို ခ
လည်း သိပ်တော့ မခက်လှပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီကားက မမင်းသက်ကားပဲ။ ပြ
တင်မယ် ပြောပြီးမှ မတင်တော့ဘူးဆိုပြီး ပြန်ယူလိုက်တော့လည်
ဘာဖြစ်တာမှ မဟုတ်ဘဲ။ အဲဒါကြောင့် မခက်ဘူးလို့ ပြောတာ

ခက်တယ်ဆိုတာက ဒီပြဿနာစဉ်တဲ့ ကိုမျိုးမြင့်တို့ကို အား
စရာ ကောင်းမလား စဉ်းစားရတာရယ်၊ မောင့်ကို အဲလောက်ကြီ
အလိုလိုက်မိရင် မောင်များ ရောင့်တက်သွားမလား တွေးရတာရယ်
အဲဒါက ခက်တာ။

ဒါပေမဲ့ အဲဒီမှာလည်း နောက်ဆုံးတော့ မခက်တာ
အနိုင်ရသွားတာပါပဲ။

အဲဒီအချိန်မှာ မမင်းသက်ခေါင်းထဲ ဘာစိတ်ကူးတင်
ဝင်လာသလဲဆိုတော့ ဒီကားကို ငါ အခုလိုက်ယူပေးလိုက်မယ်
ဒါပေမဲ့ ဒီအတိုင်းကြီးတော့ ယူမပေးဘူး၊ နောက်ပိုင်းမှာ သူနဲ့
ခုထက်ပို ရင်းနှီးခင်မင်ခွင့်ရအောင် သူ့ဆီက အခွင့်အရေး တစ်
ကိုတော့ ရအောင် တောင်းရမယ်ဆိုတဲ့ စိတ်ကူးပဲ။

အမှန်တော့ အဲဒီအကူအညီသုံးခုဆိုတဲ့ကိစ္စက မမင်းသ

သက်ဒပါက်တာပါ။

မောင့်စကား၊ မောင့်စံချိန် မီအောင် မမင်းသက်လည်း
သမျှ မှတ်သမျှတွေ အကုန် ထုတ်မှတ်ရတော့တာပဲ။

ဒါပေမဲ့ နောက်ဆုံးကျတော့လည်း မောင့်စိတ်ကြိုက် မောင့်
အောတွေချည်း ဖြစ်ရတာပါပဲ။

မောင်ကတော့ ထင်မယ်၊ မောင် အပြောကောင်းလို့ ငါ
ခြောက်လိုက်တာနဲ့ ဒီကောင်မလေး ကြောက်ပြီး အကုန်လိုက်
လိုက်တာလို့။

အဲဒါကြောင့်တော့ လုံးဝမဟုတ်ပါဘူး မောင်ရယ်။

အစကတည်းက ဒီပန်းချီကားဟာ မောင့်ကို လက်ဆောင်
ဖို့သက်သက် ရည်ရွယ်ထားခဲ့ တဲ့ ကားဆိုတာကို မေ့မပစ်ပါနဲ့။

မောင့်ကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ဒီကားကို ပေးရမလဲ
ကြံနေတဲ့ မမင်းသက်ကို မောင်က ခရုခါးတောင်းကျိုက်
သလို ခြိမ်းခြောက်စကားတွေကော၊ စည်းရုံးစကားတွေကော၊
ောင်းပန်စကားတွေကော အကုန်စုပြုံပြီး မရရအောင် တောင်းနေ
ာ့ မမင်းသက် ရယ်ချင်တာပေါ့။

ပို့ကောင်းသွားတာက မောင်က ပန်းချီကားကို ချက်ချင်း
ပေးပါဆိုတဲ့ ကိစ္စပဲ။

တစ်ချိန်တည်းမှာလည်း မောင်နဲ့ ကိုကိုကြီး တူတဲ့ကိစ္စကို
ဖေတို့ မေမေတို့ မျက်မြင်ဖြစ်သွားအောင် ခေါ်ပြလိုက်ချင်တယ်။

သူတို့လည်း မောင့်ကိုတွေ့ရင် သိပ်အံ့သြသွားမှာပဲဆိုတာ
သက် သိတယ်။

ဒါကြောင့် မောင့်ကို ပြည် အလည်ခေါ်သွားရတော
မလားဆိုတဲ့ စိတ်ကူးပေါ်လာတာပဲ။

ဒါပေမဲ့ ပြောသာ ပြောရတာပါ။ ဒီအထိတော့
မမင်းသက်ကို ချက်ချင်း လိုက်လျောပြီး အကူအညီ ပေးလိမ့်မ
မထင်ရဲပါဘူး။

မောင် လိုက်ချင်လိုက်၊ မလိုက်ချင်လည်း နေ။ ထိထိုး
ကံစမ်းမနှိုက်သလို . . . မဖြစ်ရင် အရင်း၊ ဖြစ်ရင် အမြတ်
စိတ်ကူးနဲ့ မမင်းသက် အရဲစွန့်ပြီး ပြောချလိုက်မိတာပါ။

ဟော . . . ဒါလည်း ကံကောင်းစွာနဲ့ မောင်က လှိုက်
လှဲလှဲ ကူညီပြန်ရော။

ပြောရရင်တော့ ဒီလောက်နဲ့ပဲ မမင်းသက် ဝမ်းသာ
နေလို့ နောက်ထပ် မောင့်ဆီက တောင်းစရာကျန်တဲ့ ဆုတ
တောင်းစရာတောင် မလိုတော့ပါဘူး။

ဒါပေမဲ့ မပြောပြီးသား ဆိုပြီးသား ဖြစ်နေတော့ ခက်တ
နဂိုကလည်း ဘာစိတ်ကူးမှ မရှိဘူး။

မောင်က ဘာကူညီရမလဲ ပြောဆိုတော့လည်း ဘာ
ပြောရမယ်ဆိုတာ ချက်ချင်း စဉ်းစားလို့ ရတာမဟုတ်ဘူး။

ဒါကြောင့် မောင့်ကို တမင်အချိန်ဆွဲပြီး မမင်းသ

ခင်းထဲမှာလည်း ငြိန်းစားကြီး လိုတရဆူ သုံးခုရစဲ့ လူလို ဘာ
တောင်းလို့ တောင်းရမှန်းမသိနဲ့ ဗျာများလိုက်ရတာ၊ နောက်ဆုံးကျ
သွားလဲ။

ကဲ . . . မထူးပါဘူး။ လောလောဆယ် တစ်ပတ်လောက်
မောင်နဲ့ နေ့တိုင်း တွေ့နေရရင် ပြီးရော။ နောက်မှ ဒီပုံကြမ်းတွေ
လုပ်လုပ် ဆိုပြီး ပထမဆုံးဆုကို မောင့်ဆီက ရမ်းသန်းတောင်း
လိုက်ရတာပဲ။

ဒုတိယဆုကျတော့ မမင်းသက် နည်းနည်း အကြံအဖန်
လာလာပြီ။

တကယ်က မောင့်ဆီက မမင်းသက် ဘာမှမလိုချင်ပါဘူး။
မမင်းသက် လိုချင်တာ မောင်နဲ့ နီးစပ်ဖို့ပဲ။

အဲဒီတော့ တစ်ပတ်လောက် မောင်နဲ့ တွေ့ပြီတဲ့အခါ
ပြီးရော ဖြစ်သွားမှာ မမင်းသက် ကြောက်တယ်။ နောင် အရှည်
ဖြင့် မောင်နဲ့ ထပ်ရင်းနှီးခွင့် ရဖို့ကိစ္စလေး လုံးပန်းချင်လာတယ်။

ဒါနဲ့ပဲ မမင်းသက်လည်း ပြောမိပြောရာ မမင်းသက်
အစ်ကို့ကို အစ်ကိုရင်းတစ်ယောက်လို ခင်ခွင့်ပေးပါဆိုတဲ့ စကား
ပြောချလိုက်ရတာပဲ။

ဒီစကား မမင်းသက်ကပြောတော့ မောင် အူကြောင်
ကြောင် ဖြစ်သွားတယ်နော်။

မမင်းသက် 'ရယ်ချင်လိုက်တာ။

ဟုတ်တော့လည်း ဟုတ်တယ်လေ။ မမင်းသက်ပြော
မောင် မျက်စိလည်မယ်ဆိုရင်လည်း လည်ချင်စရာ မဟုတ်
အမှန်က 'မမင်းသက်ကို အစ်ကို . . . ညီမလေး တစ်ယောက်
ခင်ပါ' လို့ ပြောရမှာ မောင်ရဲ့။

အဲလိုပြောလိုက်ရင် မောင်လည်း မကြောင်ဘူး။ မ
သက်လည်း လိုချင်တာ ရတယ်။ ဒါပေမဲ့ မှားလက်စဖြစ်သွား
မမင်းသက် ပြင်မနေတော့ဘူး။ ဒီစကားကိုပဲ ဇွတ်ဆက်နှ
စကားအဆက်အစပ်ကောင်းအောင် လုပ်ပစ်လိုက်ရတော့တာ

ဗရုတ်ဗရက်တော့ တကယ့်ကို ဗရုတ်ဗရက်ကြီး။ မ
သက်မှာ ဖြစ်နေတာ မောင်သိတယ်မဟုတ်လား။ မမင်း
သိပ်ဝမ်းသာနေပြီလေ။

ဒါကို မောင်မသိအောင် ထိန်း၊ ခပ်တည်တည် ကွန်ဖြ
ကြီး လုပ်ပြီးနေရ။ ဒါကြောင့် စကားတွေလည်း အဆီအငေါ်မတ
ဘယ်လိုကြီးမှန်းကို မသိပါဘူး။

အဲဒါကိုမှ မောင်က မမင်းသက်ကို အထူးအဆန်း ဖြ
အံ့ဩြတွေဝေနေတော့ မမင်းသက်ပဲ ကံကောင်းချင်တာလား
ဘူး။ မောင့် စိတ်ဝင်စားမှုတွေက မမင်းသက်အပေါ် ပိုလာတ

ဒါတော့ မတတ်နိုင်ဘူးပေါ့ မောင်ရယ်။

မမင်းသက် ကံ,လို့ပဲ ပြောရမှာပေါ့။

ဒီညက တစ်ညလုံးလိုလို မမင်းသက် အိပ်မပျော်

မောင်။

မောင်နဲ့ မနက်ဖြန် တွေ့ရမယ့်ကိစ္စကိုလည်း ရင်ထဲမှာ
အရမ်းလှုပ်ရှားတယ်။ အဲဒီအချိန် ရောက်ချင်ဇောတွေကလည်း
ချောက်ချင်းကို ထ,ထက်ပြီး နာရီလက်တံတွေ ရွှေ့ပစ်လိုက်ချင်တယ်။

အထွက်နှေးနေတဲ့ နေမင်းကိုလည်း အတင်းကုပ်ကနေ
သွားဆွဲထုတ်ပြီး မြန်မြန်မိုးလင်းလိုက်ပါ ရှင်ရယ်။ ဒီမှာ ရှင့်ကို
စောင့်ရတာ ကျွန်မ သေတော့မယ်လို့ ပြောပစ်လိုက်ချင်နေတယ်။

အဲဒီတော့မှ မမင်းသက် စိတ်ထဲမှာ အစတုန်းက အတူတူပဲ
လို့ ထင်နေတဲ့ မောင်နဲ့ ကိုကိုကြီးကို တကယ့်လက်တွေ့မှာ မတူပါ
သားလို့ ကောင်းကောင်း သဘောပေါက်သွားတယ်။

ကိုကိုကြီးကို မမင်းသက် အရမ်းချစ်ပါတယ်။ ဒါပေမဲ့
မင်းသက် ကိုကိုကြီးကို ချစ်တာ အစ်ကိုအရင်းတစ်ယောက်အနေနဲ့
ပဲ ချစ်တာ။

မောင့်ကို ချစ်တာကျတော့ ကိုကိုကြီးလို ဘဝမှာ အစစ
အားကိုးရတဲ့၊ မှီခိုတွယ်တာရတဲ့ လူတစ်ယောက်အနေနဲ့ တန်ဖိုးထား
ပြီး အစ်ကိုအရင်းမဟုတ်တဲ့ 'မောင့်' ကို ချစ်တာ။

အဲဒီတော့မှ 'မောင်' ဆိုတဲ့ နာမည်ဟာ မောင်နဲ့မှ အထိုက်
တန်ဆုံးလို့ မမင်းသက် တွက်မိတယ်။ ပြီးတော့လည်း နောင်ကျလို့
မမင်းသက်နဲ့ မောင် ကံကောင်းစွာ ချစ်ခွင့်များ ရရင် 'မောင်'
လို့ပဲ ခေါ်မယ်ဆိုပြီး အဲဒီကတည်းက ဆုံးဖြတ်ခဲ့တာပါ။

အဲဒီအခါကျတော့မှပဲ မောင့်ကိုလည်း 'မောင်' နဲ့ ပတ်သ
တဲ့ အကြောင်းတွေ ပြောပြတော့မယ်လို့ စိတ်ပိုင်းဖြတ်ခဲ့တယ်။

အရိုးသားဆုံး စိတ်ကူးလေးပါ မောင်။

ဘာတစ်ခုမှ မောင့်ကို လှည့်ဖြားဖို့ မမင်းသက် မစဉ်း
ခဲ့သလို၊ မမင်းသက်ရင်ထဲမှာလည်း မောင်နဲ့ပတ်သက်တဲ့ အ
ဂတ် အိပ်မက်လေးတွေ မှုန်သမျှ ရှင်းနေအောင် တွေးထားခဲ့တာ

အချိန်ကျရင် ဒီအတွက် ပြဿနာတစ်ခုခု ဖြစ်လာလ
မယ်လို့လည်း မမင်းသက် ဘယ်တွေးတတ်နိုင်ခဲ့မှာလဲ။

အဲဒီညက မနက်ဖြန်မှာ မောင်နဲ့ တွေ့ရမယ့်အကြော
တွေကိုပဲ တစ်ညလုံး နိုးလျက် အိပ်မက်မက်ပြီး မနက်မိုးလင်း
တာပါ။

မောင်နဲ့တွေ့ဖို့ ချိန်းလိုက်တဲ့အချိန် သိပ်နောက်ကျသွ
တာပဲကွယ်။

အမှန်က ဒီထက်စောပြီး မနက်ငါးနာရီလောက် ချိန်းလို
သင့်တာ။



အဝိုင်း သုံး
အဖြစ်အပျက်

(၁)

စတင် ဆုံဆည်းခဲ့ရသော အဖြစ်အပျက် တစ်ခုကို ပင်တိုင်
းရ၍ သူ့ဘက်က ခံစားတွေ့ကြုံခဲ့ရသော အခြေအနေများ၊ မမင်း
သက်ဘက်က ခံစားတွေ့ကြုံခဲ့ရသော အခြေအနေများ၊ ဤနှစ်ခုကို
ပေါင်းသွဉ် စဉ်းစားကြည့်လိုက်သောအခါမှ သူ့ဘက်က ဘယ်လောက်
မှားကြောင်း ပေါ်လွင်လာသည်။

မမင်းသက်သည် ချစ်စရာကောင်းကြောင်း၊ ထက်မြက်စူးရှ
ကြောင်း သူ မသိ၍ မဟုတ်။

မမင်းသက်ကို စတင်တွေ့ဆုံပတ်သက်စဉ်ကပင် ပတ္တမြား
ကောင်း အထင်ကြီး အံ့သြစိတ်နှင့် ချစ်ခင်ကြည်နူးစိတ်ပါ တွဲလျက်

ပါလာပြီးသား။

သို့သော် တကယ်တမ်းကျတော့ မမင်းသက်ဘက်က [illegible]
တွေ ဖြစ်ခဲ့သည်ဆိုခြင်းကို သူ လုံးဝမသိခဲ့။

သူ့ဘက်ကအပိုင်းများနှင့်သာ သူကျေနပ်ခဲ့ပြီး မမင်း[illegible]
အပိုင်းကို သူ ခုလိုသိရန် အားမထုတ်ခဲ့။

အခု မမင်းသက်ဘက်က ဖြစ်ခဲ့သောကိစ္စများကို သူ[illegible]
စဉ်းစားကြည့်နိုင်သည်မှာလည်း သူအားထုတ်ခဲ့သည့် သူ့အစွမ်း[illegible]
ကြောင့် မဟုတ်။ နောက်ဆုံး တွေ့ဆုံခြင်းအဖြစ် မမင်းသက်နှ[illegible]
တွေ့ဆုံပြီး ခွဲခွာခဲ့စဉ်က မမင်းသက်က သူ့ကို အလွန်ရှည်လျား[illegible]
စာတစ်စောင် ပေးခဲ့သည်။

ထိုစာထဲမှာ 'မောင့်ကို ရှင်းပြချင်ပါတယ် မောင်' ဟု [illegible]
ချီပြီး သူနှင့် စတင်ဆုံစည်းခဲ့သည်ကစ၍ မမင်းသက်ဘက်က [illegible]
တွေ့ခံစားခဲ့ရသော အခြေအနေများကို အသေးစိတ်ဖော်ပြ[illegible]
သားခဲ့သည်။

ထိုစာကို ဖတ်ရမှ မမင်းသက်ဘက်က ဒီလိုတွေဖြစ်[illegible]
လား ဆိုသည်ကို သူ သိခြင်းဖြစ်သည်။

သို့သော် ထိုအချိန်ကလည်း သည်ကိစ္စတွေကို သိ[illegible]
သိသည်။ မမင်းသက်အပေါ် ထားရှိခဲ့သည်အမျက်က မပြေ[illegible]

တစ်ချိန်ချိန်ကျလျှင် သည်စာထဲက အဖြစ်အပျက်တွေ[illegible]
ခုလိုပြန်တွေးပြီး မမင်းသက်ကို လွမ်းဆွတ်နေရလိမ့်မည်ဟု[illegible]

[illegible]ကြီးမျှ သူ မထင်ခဲ့။

မမင်းသက်ကို စွန့်လွှတ်ဖို့ရန်ပဲ သူ ဆုံးဖြတ်ခဲ့သည်။

မမင်းသက်ကို စွန့်လွှတ်လိုက်ခြင်းဖြင့် သူကျိတ်မြုံပြီး မချိ[illegible]
ကဲ့ ခံစားနေရသည့် ဝေဒနာများ သက်သာသွားလိမ့်မည်ပဲ[illegible]
ထာက်မေ့ခဲ့သည်။

သို့အတွက် ထိုစဉ်က သူ စိုက်လိုက်မတ်တတ် ကြိုးပမ်းခဲ့[illegible]
ောကိစ္စမှာ သူ မမင်းသက်ကို စွန့်ခွာ မေ့ပျောက်ရေးပင်ဖြစ်သည်။

သူ့ရည်ရွယ်ချက်ကိုလည်း ထုံးစံအတိုင်း ထမြောက်အောင်[illegible]
အောင် သူ အကောင်အထည်ဖော်နိုင်ခဲ့သည်။

ထို့ကြောင့် မမင်းသက်နှင့် စတင်ဆုံတွေ့ခဲ့သော ပန်းချီ[illegible]
ကားကိစ္စဖြစ်သည့်နေ့မှ စ,တွက်လျှင် တစ်နှစ်ခွဲသာသာ နှစ်နှစ်[illegible]
ည့်မိအချိန်မှာ သူ မမင်းသက်ကို အဆက်အသွယ် ဖြတ်ခဲ့သည်။

သည်တစ်နှစ်ခွဲ နှစ်နှစ်အတွင်းမှာတော့ မမင်းသက်နှင့်[illegible]
ချစ်သူဘဝများကို ဖြတ်သန်းခဲ့ကြသည်။

ပြန်တွေးလိုက်တော့လည်း ဒါတွေအားလုံးသည် အံ့ဩစရာ[illegible]
ဖြစ်အပျက်တွေချည်း ဖြစ်သည်။

တစ်နည်းအားဖြင့်တော့ သူလိုချင်သည့် အဖြစ်အပျက်များ[illegible]
တမင်ကြံဖန်လှည့်စား စီရင်တတ်သော ကံကြမ္မာကို အပြစ်ဖို့ရ[illegible]
ားမဆိုနိုင်။

အရာအားလုံး၏ ဖြစ်ပျက်ပြောင်းလဲမှုများက အလွန်

လျင်မြန်သလို တစ်ခုနှင့်တစ်ခုလည်း မိုးနှင့်မြေ၊ ဆီနှင့်ရေလို တခြား
စီ ဖြစ်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် မတွေ့ခင် မချစ်ခင်တုန်းက
လည်း သူဘဝနှင့်ကိုယ့်ဘဝ ဘာမှမဆိုင်၊ တခြားစီသီးသန့်ဖြစ်လျက်
ဤလောကမှာ တစ်ယောက်ရှိနေမှန်းကိုပင် ကျန်တစ်ယောက်က
မသိခဲ့။

ချစ်ဖို့ ကြိုက်ဖို့အကြောင်းက ဖန်လာပြန်တော့လည်း မင်း
သက်နှင့်သူ ရင်းနှီးကျွမ်းဝင်ခဲ့ခြင်းက မယုံနိုင်လောက်အောင် မြန်
ဆန်သည်။

အဲဒီနောက် တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်ခဲ့ကြ
သော ချစ်သူတွေဘဝ။

ထို့နောက် အချိန်တန်၍ ချစ်သူဘဝများ ကုန်ဆုံးခဲ့ရ
တော့လည်း မမင်းသက်နှင့်သူ ဘာမဟုတ်သော အကြောင်းလေး
ပင် ကွဲခဲ့ရသည်။

အဲ . . . ဘာမဟုတ်သော အကြောင်းဆိုတာ
မဟုတ်။ ထိုအကြောင်းများက ခုချိန်ပြန်တွေးတော့သာ ဘာမဟုတ်
သော အကြောင်းများဟု ပြောနိုင်ခြင်း ဖြစ်သည်။ ထိုအချိန်က
သိပ်ဟုတ်၍ အလွန်ကြီးမားသော အကြောင်းများပင်။

သည့်နောက်ပိုင်းမှာမူ မမင်းသက်ကို တစ်ချိန်ချိန်မှာ
ပျောက်သွားလိမ့်မည်ဟုပဲ ထင်မှတ်ခဲ့သည်။ ရံဖန်ရံခါတွင် မေ့ပြီး

ဟုပင် အောက်မေ့မိခဲ့သည်။

ခုကျတော့ မမင်းသက်ကို သူ အရမ်းသတိရနေမိပြန်
သည်။

ခုခါမှာတော့ မမင်းသက်ကို သူ သည်တစ်သက် ဘယ်
အာမှ မေ့လို့ရမှာမဟုတ် ဆိုသောအကြောင်းကို အတိအကျပင်
သူ သိနေခဲ့ပေပြီ။

မထူးဆန်းပေဘူးလား။

ခုနေခါ ပြန်ပြောလိုက်တော့ အဖြစ်အပျက်ကြီးတစ်ခုလုံး
ဒီ အစမှအဆုံးသည် တစ်မိနစ်ပင် မကြာ။ သည်တစ်မိနစ်မကြာ
သော အချိန်အတွင်းမှာ အချစ်တွေကော၊ အမုန်းတွေကော၊ အလွမ်း
တွေကော၊ တမ်းတစရာတွေကော စုံသွားသည်။

သို့သော် တကယ်ဖြတ်သန်းခဲ့ရစဉ်ကတော့ သည်လောက်
သွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် လုံးဝမဟုတ်။

သူသည် တစ်ခါတုန်းကတော့ သည်လိုအတိတ်ကို ပြန်တမ်း
တ လွမ်းမောတတ်သောစိတ်များ မရှိသည့် လူတစ်ယောက် ဖြစ်ခဲ့
ဖူး။

ခုကျတော့ သူသည် ထိုကဲ့သို့သောလူမျိုး မဟုတ်တော့ပြီ။
ညဉ့်ယံ၏ စူးရှသော ပိုးမွှားမြည်သံများက ခုထက်ထိ
ပျောက်ဆုံးသေး။

အေးစိမ့်ခြင်းကသာ ပို၍ကဲလာသည်။

ခြေထောက်များတစ်လျှောက် တဆစ်ဆစ်ကိုက်ခဲလာသည်ကို ခံစားရသည်။

သူ့အတွက် ခုချိန်မှာ အကောင်းဆုံးကုစားရာ ဖြစ်သည်ကတော့ အိပ်ပျော်သွားခြင်းပင်။

သို့သော် သူ ဘယ်လိုမှ အိပ်ပျော်မည် မဟုတ်ကြောင်း သူ့ဘာသာ သိသည်။

ထိုအခါ သူ့စိတ်သည် အတိတ်ဆီသို့ပင် ပြန်သွားရောက်ပြန်သည်။

အဖြစ်အပျက်များ။

သူ ကြုံတွေ့ခဲ့ရသည့်အခါတုန်းက အဖြစ်အပျက်များ။

* * *

(၂)

'ပြောလေ အစ်ကို၊ ဘာဖြစ်လို့ ငြိမ်နေလိုက်တာလဲ'

'ငြိမ်မနေရဘူးလား'

'ဟင့်အင်း . . . မလိုပါဘူး၊ ဘာဖြစ်လို့လဲ'

'မပြောတတ်ဘူးလေ၊ ကိုယ်သိတာက ပန်းချီတွေ ဘာတွေ ဆွဲတူဆွဲတဲ့အခါ ကိုယ်ဟန်ပြပေးတဲ့သူက ငြိမ်နေရတယ်၊ အဲလို မဟုတ်ဘူးလား'

သူ့အမေးကြောင့် မမင်းသက်က ရယ်သည်။

'ဟာ အဲလို မဟုတ်ပါဘူး အစ်ကိုရ၊ မမင်းသက်က အစ်ကို့ကို ဒီအတိုင်း ထိုင်ကြည့်ပြီး ဆွဲနေတာမှ မဟုတ်ဘဲ'

'ဒါဖြင့် ဘယ်လိုဆွဲတာလဲ'

'အစ်ကိုနဲ့ စကားပြောတဲ့အခါ အစ်ကို့ မျက်နှာ မမင်းသား
က သေချာကြည့်နေတာပဲ၊ အဲလိုကြည့်ရင်နဲ့ မမင်းသက် မှတ်မိ
တဲ့ အစ်ကို့လှုပ်ရှားမှုတစ်ခုခု တွေ့ရတဲ့အခါ မျက်လုံးနဲ့လည်း မ
လိုက်တယ်၊ ပြီးတော့ တချို့ သိသိသာသာ မှတ်ထားချင်တဲ့ အ
တွေ့တဲ့အခါကျတော့လည်း စာရွက်ပေါ်မှာ ခဲနဲ့ မှတ်ချင်သလို မ
ထားလိုက်တာပါ'

'အဲလိုလုပ်ရင် ကိုယ့်ပုံပြန်ဆွဲလို့ရလား'

'စောင့်ကြည့်လေ အစ်ကို၊ မမင်းသက် ဆွဲပြီးတဲ့အခါ အ
အစ်ကို့ကို ပြမှာပေါ့'

'အင်း . . . အဲဒါလည်း စိတ်ဝင်စားစရာ ပညာတစ်မ်
မမင်းသက်ဆွဲပြီးတဲ့အခါ ကိုယ့်ကို အဲဒီပုံ တကယ်ပြမှာလား'

'ပြမှာပေါ့၊ အစ်ကို၊ ဘာဖြစ်လို့လဲ'

'မသိဘူးလေ၊ မမင်းသက် အစ်ကို့ကို အကူအညီတော
ထားတာက တစ်ပတ်လောက်တည်းရယ်၊ အဲဒီတစ်ပတ်ကျော်သွ
အခါကျတော့ အစ်ကိုမှ မမင်းသက်ဆီ မလာရတော့တာ၊ အဲဒီပုံ
ဘယ်လိုလုပ်ကြည့်ရမလဲ'

'ဟာ အစ်ကိုကလည်း မေ့ပြန်ပြီ၊ တစ်ပတ်တည်းနဲ့ အစ်
ကိုစွ ပြီးသွားတာမှ မဟုတ်ဘဲ၊ ကျောင်းပိတ်တာနဲ့ အစ်ကို နော
အလုပ်တစ်ခု ကျန်သေးတယ်လေ'

'ဩော် ဟုတ်သားပဲ၊ ကျောင်းပိတ်ရင် အစ်ကို မမင်းသက်နဲ့
စ်ခါ ပြန်ဆုံရဦးမှာပဲ'

'ကျောင်းမပိတ်ခင်လည်း အစ်ကို ဆုံချင်ရင် မမင်းသက်နဲ့
နေတိုင်းဆုံနိုင်ပါတယ် အစ်ကိုရယ်၊ အစ်ကိုက အလုပ်များတဲ့လူမို့
မင်းသက်က အားနာပြီး တစ်ပတ်လောက် ကူညီပါလို့ ပြောခဲ့တာ
ပါ'

'အကယ်၍ ကိုယ်က တစ်ပတ်မက ကူညီချင်ပါတယ် ဆိုရင်
ကော'

'မကသလောက် မမင်းသက်က ကျေးဇူးတင်ရမှာပေါ့'

'ဒါပေမဲ့ သိပ်အကြာကြီး နေ့စဉ်ရက်ဆက် လာနေရင်
တော့ မမင်းသက် စိတ်ညစ်မှာပဲ မဟုတ်လား'

မမင်းသက် ပြုံးသည်။

'အစ်ကို လာနိုင်သလောက် လာကြည့်ပါဦးလေ၊ မမင်း
သက်က စိတ်ညစ်တယ်လို့ မပြောသမျှ မမင်းသက် စိတ်မညစ်ဘူး
လို့ နားလည်ထားပေါ့'

မမင်းသက်နှင့်သူ စတင်တွေ့ဆုံသောနေ့က ပြောခဲ့သော
စကားများ ဖြစ်သည်။

ထိုစကားများ ပြောနေချိန်မှာ သူ့စိတ်သည် မမင်းသက်ထံ
သို့ နေ့စဉ်လာရောက်ချင်နေပြီဖြစ်ကြောင်း သူသိနေသည်။

ထို့ပြင် ထိုနေ့မနက်ကလည်း မမင်းသက်နှင့် ချိန်းထား

သောအခါနှမ်းရောက်မီ တစ်မနက်ခင်းလုံး ကျောင်းမပြေးဘူး ပြေး၍ လေဟာပြင်စျေးနှင့် ဝိုလ်ချုပ်စျေး အရှေ့ဘက်တန်းတို့ ဆီဆေးအကောင်းစား တော်တော်များများ ဝယ်လာခဲ့ပြီးပြီ။

သူ့ပုံအတွက် သူပြန်ပေးရသော တန်ရာတန်ကြေး နည်းလွန်းလှသဖြင့် သူ့ဘက်က ထပ်မံဖြည့်ဆောင်ပေးရန် ငွေ ထောင်ဖိုးကျော်ကျော် ပန်းခြံဆေးပစ္စည်းများ ဝယ်ပစ်လိုက်ခြင်း ဖြစ်သည်။

ထိုဆေးဘူးများကို ပေးလိုက်သောအခါ မမင်းသက် အားတုံ့အားနာနှင့် တအားပျော်သွားသည်ကို တွေ့သောအခါ သူ ကျေနပ်၏။

✵

'ဟေ့ကောင် မင်းက အဲဒါ ဘယ်လိုဖြစ်တာလဲ'

ခါတိုင်း နေ့ခင်းနေ့လယ် သူ သွားအိပ်နေကျ အစဉ်အလာ တစ်ခု ပျက်နေသည်မှာ ကြာပြီဖြစ်၍ ကျော်မိုးက တအံ့တသြနှင့် မေးသည်ဟု သူက ထင်သည်။

သို့အတွက် ပတ္တမြားကောင်းက ရယ်လိုက်ပြီး . . .

'မင်း သီသားနဲ့ ကျော်မိုးရာ၊ ဘာဖြစ်လို့ အထွေအထူးလေး မေးနေရတာလဲ'

'သိတာကတော့ ငါတင် မဟုတ်ဘူး၊ တစ်ကျောင်းလုံးက သည်း မင်းတို့နှစ်ယောက်ကိစ္စကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေ တာပဲ ပတ္တမြား၊ ငါမေးတာက မင်း အဲလိုဖြစ်သွားတာ ဘာဖြစ်လို့ သလို့ မေးတာ'

'ဘယ်လိုဖြစ်သွားတာကို ပြောတာလဲ'

ထိုမေးခွန်း၏ အဓိပ္ပာယ်ကို သူ တကယ် နားမလည်လို့က် ဖြင့် ပြန်မေးလိုက်ခြင်း ဖြစ်သည်။

ကျော်မိုးက မျက်မှောင်ကြုတ်ရင်း . . .

'ဘယ်တုန်းကမှ ဒီလိုဖြစ်မယ်မထင်ရတဲ့ မင်းတစ်ယောက် ဒီဖြစ်စလောက် ပိန်ကပ်ကပ် ကောင်မလေးကျမှ ဘယ်လိုဖြစ်သွား တာလဲလို့ မေးတာ'

'ငါ ဘာဖြစ်နေလို့လဲ ကျော်မိုး'

'မင်းဖြစ်နေတဲ့ကိစ္စ မင်းအသိဆုံးနေမှာပေါ့ ပတ္တမြားရာ၊ ငါမေးတာပဲ ဖြေပါ၊ မင်း ဘယ်လိုဖြစ်သွားရတာလဲ'

'ဘယ်လိုမှ မဖြစ်ဘူး ကျော်မိုး၊ ငါ အဲဒီကောင်မလေးကို သဘောကျတယ်၊ သူနဲ့တွေ့ပြီး စကားပြောပြောနေရတာ ငါ စိတ် နှိမ်းသာတယ်၊ ဒါပေမဲ့ တစ်ခုတော့ မင်းကို အမှန်အတိုင်း ပြောပါ့ မယ်၊ မင်း အဲဒါကိုတော့ ယုံ၊ ငါနဲ့ အဲဒီကောင်မလေးနဲ့ ဘာမှ မဖြစ်သေးဘူး'

'သေချာရဲ့လား'

'သေချာပါတယ်၊ ဘာဖြစ်လို့လဲ'

'အေး . . . မင်းကသာ ဘာမှမဖြစ်သေးဘူးလို့ သေချာ
တစ်ကျောင်းလုံးကတော့ မင်းနဲ့ အဲဒီကောင်မလေး အပြတ်တွဲ
ပြီလို့ သတ်မှတ်လိုက်တာ ကြာလှနေပြီ ပတ္တမြား'

'ကြာပစေပေါ့ကွာ၊ သူတို့ဟာ သူတို့ သတ်မှတ်တာသော
ငါလည်း ဘာမှမတတ်နိုင်ဘူး'

'အေးလေ၊ ဒါကတော့ ဟုတ်ပါတယ်၊ မင်းကို ဒီအကြောင်
ပြောပြရင်လည်း မင်း ဒီလိုပဲ ပြန်ဖြေမယ်ဆိုတာ ငါ ကြိုသိနေ
တယ်၊ အံ့တော့ အံ့သြစရာပဲကွာ'

'ဘာဖြစ်လို့'

'သြော် မဟုတ်ပါဘူး၊ မင်းဆိုတဲ့ကောင်က ဟုတ်မယ့် ဟု
တုန်းကလည်း တော်တော် ဟုတ်လာပြီး ခုကျတော့လည်း ဘာမဟု
ညာမဟုတ် ကောင်မလေးနဲ့ကျမှ ပုံပျက်သွားလို့'

သည်တုန်းကတော့ ကျော်မိုးကို သူ ပြန် ရယ်သွမ်းသွေး
သေးသည်။

လောကမှာ လူတွေ နားလည်တာ တစ်မျိုး၊ သူနားလည်
တာ တစ်မျိုး အမြဲတမ်း ဒီပြဿနာက ရှိနေပါလားဟုလည်း ဝေ
လိုက်၏။

* * *

(၃)

ပတ်ဝန်းကျင်က သူ့အဖြစ်ကို နားမလည်သော်လည်း
ကတော့ သူ့အဖြစ်ကို ကောင်းစွာ နားလည်ခဲ့ပါသည်။

တကယ်တော့ သူ မမင်းသက်ကို ချစ်သွားမိခြင်းသာ ဖြစ်

အထူးသဖြင့် မမင်းသက်နှင့် သူ တွေ့ဆုံလိုက်ရသည့် တစ်
ကျော် ကာလလေးအတွင်းမှာပင် သူ့ဘက်က သိသိသာသာ
မိသွားခြင်း ဖြစ်သည်။

ဘာကြောင့်ဟု တိတိကျကျ မပြောတတ်သော်လည်း မမင်း
၏ တွယ်တာတတ်ပုံလေးတွေကို သူ သိပ်ချစ်သည်။

မမင်းသက်၏ ဂရုစိုက်တတ်ပုံ၊ တွယ်တာတတ်ပုံလေး
ကို အသေးစိတ်နှင့် သိပ်တိတိကျကျ လိုက်မီအောင်တော့ သူ မ
တတ်။

သို့သော် သူ့ကို လုံးဝဥဿုံ နားလည်ပြီး သူ ခြေလှုပ်
လှုပ်သည်ကအစ အဓိပ္ပာယ် ဖော်နေတတ်သော မမင်းသ
သူ့အပေါ် အလေးထားတတ်ပုံလေးတွေကို သူ အပြည့်အဝ
ခံစားကျေနပ်တတ်ခဲ့တာတော့ အမှန်ပင်။

သည်ကိစ္စကို ကြာရှည်စွာ သူ မဖုံးကွယ်ထားနိုင်။

သူတို့နှစ်ဦး နေ့စဉ် တွေ့ဆုံပြီး ဆယ်ရက်လောက် အ
ကျောင်းပိတ်ခါနီး သုံးရက်လောက်အလိုမှာတော့ မမင်းသ
သူ ဖွင့်ပြောမိတော့သည်။

'မမင်းသက်'

'ရှင် . . . ဘာလဲ အစ်ကို'

'မမင်းသက်နဲ့ ပတ်သက်လို့ ကိုယ်သိပ်အံ့သြတာ တစ်
ရှိတယ်'

မမင်းသက်က ထုံးစံအတိုင်း ရယ်သည်။

'အစ်ကိုကတော့ လုပ်ပြန်ပြီ၊ တစ်နေ့တစ်နေ့ မမင်းသ
အံ့သြနေတာနဲ့ပဲ ပြီးနေတာပဲ၊ ခုထက်ထိကို အံ့သြလို့ မကုန်နိုင်
ဘူးလား'

'မကုန်သေးဘူး မမင်းသက်၊ တဖြည်းဖြည်းနဲ့ ပိုပိုပြီး

အံ့သြလာသေးတယ်'

'ကဲ . . . ဒါဖြင့် အခုကကော ဘာအံ့သြတာလဲ၊ ပြော
. . . မမင်းသက်လည်း တစ်ခါတလေ ကိုယ့်ကိုယ်ကို ပြန်အံ့သြဖူး
တယ်ရှိအောင် အံ့သြကြည့်ရအောင်'

'တခြား မဟုတ်ဘူး မမင်းသက်၊ ကိုယ် သတိထားမိ
သလောက် မမင်းသက်ဟာ ကိုယ့်ကို အရမ်းနားလည်လွန်းနေသလို
ပဲ၊ တချို့ကိစ္စတွေမှာကိုယ်က ဘာမှ မပြောမဆိုဘဲနဲ့ကို မမင်းသက်
က ကိုယ့်စိတ်ကို ထိုးဖောက်မြင်တတ်နေသလိုပဲ၊ အဲဒါ ဘာဖြစ်လို့လဲ'

'ဩော် . . . ဒါလား'

'ဒါပဲ မမင်းသက်'

'အင်း . . . အဲဒါတော့အမှန်ပဲ အစ်ကို၊ မမင်းသက် အစ်ကို့
ကို အရမ်းနားလည်ပါတယ်၊ အစ်ကို့စိတ်ထဲမှာ ဘာရှိလို့၊ ဘာဖြစ်
တယ်ဆိုတာလည်း မမင်းသက် သိတာပဲ၊ ဒါပေမဲ့ အဲဒါ ဘာဖြစ်လို့လဲ
ဆိုတာကိုတော့ မမင်းသက် အခု မပြောချင်သေးဘူး'

'အခုမပြောတော့ ဘယ်တော့မှ ပြောမှာလဲ မမင်းသက်၊
ဒီကိစ္စက အချိန်တွေ နေရာတွေ ရွေးဖို့ လိုလို့လား'

'အင့်း . . . လိုတယ်အစ်ကို၊ တခြားကြောင့်တော့ မဟုတ်
ပါဘူး၊ မမင်းသက်ပြောတဲ့စကားကို အစ်ကို ပိုသဘောပေါက်စေချင်
လို့ပါ'

'ဒါဖြင့် မမင်းသက် ဘယ်တော့ ပြောမယ်လို့ ရည်မှန်းသလဲ'

'အစ်ကို အခု ကျောင်းပိတ်တာနဲ့ ပြည်ကို မမင်းသက်နဲ့ တူတူလိုက်လည်မယ် မဟုတ်လား'

'အင်း'

'အဲဒီကျမှ ပြောမယ်လေ၊ အဲဒါဆို အစ်ကို ကျေနပ်မလား'

'အင်း . . . သိချင်တာတော့ အခုပဲ သိချင်တာပေါ့ မမင်းသက်ရယ်၊ ဒါပေမဲ့ ရပါတယ်လေ၊ မမင်းသက် ပြောသလို မမင်းသက်ပြောတဲ့စကားကို ကိုယ် ပိုသဘောပေါက်သွားအောင် မမင်းသက်ပြောတဲ့နေရာကျမှပဲ နားထောင်ပါတော့မယ်'

နောက် သုံးရက်ကြာသောအခါ ပတ္တမြားကောင်း မမင်းသက်နှင့်အတူ ပြည်သို့ လိုက်ခဲ့သည်။

ထိုအခါကျမှ မမင်းသက်၏ ကိုကိုကြီး အကြောင်းကို သိခြင်း ဖြစ်၏။



'အစ်ကို့မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ'

မမင်းသက်တို့အိမ်က ပြည်ရွှေဆံတော်ဘုရား အရှေ့ဘက် မုခ်နှင့် သိပ်မဝေးလှ။ အသင့်အတင့်သော ခြံဝန်းလေးနှင့် သွပ်မိုး ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး ဖြစ်သည်။

ပတ္တမြားကောင်း ပြည်ကိုရောက်ပြီး နောက်နေ့ မနက်မှာ

ကိုကိုကြီးနှင့် ပတ်သက်သော အကြောင်းအရာ တော်တော်များများ သိခွင့်ရလိုက်သည်။

သည်တော့မှလည်း သူ အိမ်ပေါ် ရောက်ရောက်ချင်း မမင်းသက်၏ အဖေနှင့်အမေနှစ်ယောက်စလုံး ပျာယာခတ်၍ တအုံသြတွေ ဖြစ်နေရခြင်းအကြောင်းကိုလည်း ရိပ်မိတော့သည်။

နောက်တစ်နေ့ မနက်ခင်းမှာ မမင်းသက်က ကိုကိုကြီး၏ ဇာတ်ပုံများကို ထုတ်ပြရင်း အကျိုးအကြောင်းလည်း ရှင်းပြသည်။ အခု သူတည်းခိုသော အခန်းမှာ အရင်က ကိုကိုကြီးနေခဲ့သော အခန်းဟုလည်း သိရ၏။

အမှန်တော့ သည်အကြောင်းတွေကို သိကတည်းက သူ ဇာတ်ဓာတ်ကျဆင်းခဲ့ခြင်း ဖြစ်သည်။

သို့သော် မနက်ပိုင်းကတော့ မမင်းသက် ချက်ပြုတ်နေဆဲမို့ သူ ဘာဖြစ်နေသည် ဆိုသည်ကို ရိပ်မိပုံမရ။

မနက်စာစားပြီး အိမ်ရှေ့ခြံဝန်းထဲ လမ်းလျှောက်ရင်း ဟောပြောဖြစ်ကြမှ မမင်းသက်က သတိထားမိပြီး စောစောက အခန်းကို မေးသည်။

သူက သက်ပြင်းတစ်ချက် ချရင်း . . .

'မမင်းသက်ကို ကိုယ် အမှန်အတိုင်း ပြောရမလား'

'ပြောရမှာပေါ့ အစ်ကို၊ မမင်းသက်ကလည်း အမှန်အတိုင်း ကြားချင်တာပါပဲ'

'အမှန်အတိုင်း ပြောရရင်တော့ ကိုယ် စိတ်ညစ်သွားတာ မမင်းသက်'

'ရှင်'

'ဟုတ်တယ် ကိုယ် အရမ်း စိတ်မာတ်ကျသွားတယ်'

'ဘာဖြစ်လို့လဲ အစ်ကိုရယ်၊ မမင်းသက်တို့ဘက်က အပေါ်မှာ တစ်ခုခုများ ညှဉ့်ဝတ်မကျေကြလို့လား၊ ဒါမှမဟုတ် မမင်းသက်တို့အိမ်မှာနေရတာ အစ်ကို အဆင်မပြေလို့လား'

'မဟုတ်ဘူး မမင်းသက်၊ အဲဒါတွေ တစ်ခုမှမဟုတ်ဘူး အဲဒီအတွက်လည်း ကိုယ့်မှာ ဘာမှစိတ်ညစ်စရာအကြောင်း မရှိဘူး'

'ဒါဖြင့် ဘာအတွက် အစ်ကို စိတ်ညစ်၊ စိတ်မာတ်ကျတာလဲ'

'ကိုကိုကြီးကြောင့်ပါ'

'အို . . . ကိုကိုကြီးကြောင့်၊ ဟုတ်လား အစ်ကို'

'ဟုတ်တယ် မမင်းသက်၊ မမင်းသက်နဲ့ စတွေ့ကတည်းက ကိုယ့်ဘက်က အရမ်းအံ့သြပြီး မျော်လည်းမျော်၊ ကျေလည်း ကျေလာတဲ့ စိတ်တွေဟာ အဲဒီကိုကိုကြီးကိစ္စတစ်ခုတည်းနဲ့ အကုန်ပျက်သွားတော့တာပဲ'

'ရှင် . . . ဘာဖြစ်လို့လဲ အစ်ကိုရယ်၊ မမင်းသက် အဲဒါ နားမလည်ဘူး'

'အင်း . . . အဲဒါအမှန်ပဲ မမင်းသက် အဲဒီကိစ္စကို မမင်းသက် ဘယ်လိုမှ နားလည်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဘစ်ချက်ဟာ ကိုယ်နဲ့ မမင်းသက်ရဲ့ ကိုကိုကြီးနဲ့ မတူတဲ့အချက်ဖြစ်နေလို့ပဲ'

'အစ်ကို ဘာပြောချင်တာလဲ'

'ဘာပြောချင်တာလဲဆိုတော့ ကိုယ်ကိုယ့်ကို သိပ်အထင်ကြီးလွန်းသွားမိတယ် မမင်းသက်၊ မမင်းသက် ကိုယ်နဲ့ ပတ်သက်လို့ သိပ်နားလည်နေခဲ့တာတွေ၊ ပြီးတော့ သိပ်ခင်မင်ချင်၊ တွယ်တာချင်ခဲ့ကိစ္စတွေဟာ အစတုန်းက ကိုယ့်အရည်အချင်းကြောင့်ပဲလို့ ကိုယ် ထင်ခဲ့တယ်၊ မမင်းသက် ကိုယ့်ကို ဂရုစိုက်တဲ့အတွက်၊ မမင်းသက် ကိုယ့်ကို သိပ်နားလည်နိုင်တဲ့အတွက် အံ့သြလည်း အံ့သြမိသလို၊ ဝိတ်ထဲမှာလည်း အရမ်းကြည်နူး ဝမ်းသာဖြစ်ခဲ့တယ်၊ ဒါပေမဲ့ အခုတော့ . . .'

'ခုတော့ ဘာဖြစ်လဲ အစ်ကို'

'ခုတော့ အဲဒါတွေဟာ ကိုယ်နဲ့ ဆိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ မမင်းသက် သိပ်ချစ်တဲ့ ကိုကိုကြီးနဲ့ ကိုယ်က ကံအားလျော်စွာ သိပ်ဟုနေခဲ့တာကြောင့် ဒါတွေအားလုံး ဖြစ်လာရတယ်၊ အကယ်၍ အဲလိုသာမဟုတ်ရင် ကိုယ့်ကို မမင်းသက် ဂရုတောင်စိုက်မှာ မဟုတ်ဘူးဆိုတာ ကိုယ် သဘောပေါက်သွားလို့ပါ'

'အို'

'ကိုယ်ပြောတဲ့စကားတွေက သိပ်တိုက်ရိုက်ကြီးဖြစ်သွား
မမင်းသက် စိတ်မကောင်းဖြစ်သွားတယ်ဆိုရင်တော့ ကို
တောင်းပန်ပါတယ်၊ နောက်တစ်ချက်က ဒီကိစ္စဟာ အစကတည်း
ရှင်းပြီးသားကိစ္စဆိုတာ ကိုယ် သတိမထားမိလို့ ကိုယ့်ဘက်က ဒီ
ဖြစ်သွားရတာပါ၊ ဒါကိုလည်း ခုတော့ ကိုယ်နားလည်ပါပြီ'

'မဟုတ်သေးဘူး အစ်ကို၊ အစ်ကို ဘာတွေ ပြောနေတာ

'ကိုယ် အမှန်တွေပြောတာပါ။ အမှန်က ကိုယ် သတိလ
လွတ်ဖြစ်သွားမိတာပါ၊ အစကတည်းက မမင်းသက်က ကိုယ့်
ဒီကိစ္စတွေဟာ အကူအညီတောင်းရုံသက်သက်ပဲ မဟုတ်လား၊ ကို
သိပ်လိုချင်ခဲ့တဲ့ ပန်းချီကားတစ်ချပ်အတွက် ကိုယ့်ဘက်က ပြန်ကူ
ရတဲ့ ဝတ္တရားတွေပဲ၊ မမင်းသက်က အစကတည်းက ပြောခဲ့တာ
ကိုယ့်ကို အစ်ကိုအရင်းတစ်ယောက်လို သဘောထားခွင့်ပေးပါ

အရာအားလုံး ရှုပ်ထွေးကုန်ပြီဟု မမင်းသက် သိလိုက်



(၄)

အဲဒီနေ့တုန်းက ကိစ္စက ရှုပ်တော့ အတော် ရှုပ်ထွေးကုန်
တာပဲ မောင်။

မမင်းသက်ကို မောင် အထင်လွဲပြီလို့ ထိလိုက်တဲ့အချိန်မှာ
မမင်းသက်လည်း ဘာပြန်ပြောလို့ ပြောရမယ်မှန်းတောင် မသိနိုင်
အောင် ဖြစ်သွားမိတယ်။

အမှန်က ကိုကိုကြီးကိစ္စ မောင့်ကို ပြည်ရောက်မှ ရှင်းပြ
မယ်ဆိုတာ မောင့်ကို မမင်းသက် ဘယ်လောက် ချစ်ကြောင်း၊ အား
ကိုးကြောင်း ပေါ်လွင်စေချင်လို့ပါ။

ဒါပေမဲ့ မောင်ကကျတော့ ဒီကိစ္စကို အရမ်း အယူ

အကောက်လွဲပြီး စိတ်ထဲတစ်မျိုး ဖြစ်သွားတယ်။

မောင့်ကို သေဆုံးသွားတဲ့ အစ်ကိုတစ်ယောက်နေရာမှာ အလွမ်းပြေ အစားထိုးဖို့လောက်ပဲ ဂရုစိုက်တာ၊ တွယ်တာတာလို့ မောင်က သဘောပေါက်ပြီး အရမ်းစိတ်ဓာတ်ကျသွားတာကိုး။

အဲသည်နေ့ တစ်နေ့လယ်လုံး မမင်းသက် ငိုချင်လိုက်တာ မောင်ရယ်။

ဒါကြောင့် အဲသည်ကိစ္စနဲ့ပတ်သက်လို့ မောင့်ကိုတောင် ဘာမှ ရှင်းမပြနိုင်တော့ဘဲ အခန်းထဲပြေးဝင်ပြီး ငိုချပစ်လိုက်တော့တယ်။

မောင်ကတော့ စောစောကအတိုင်း ခြံထဲမှာပဲ ဆက်လမ်း လျှောက်ပြီး ကျန်ခဲ့တယ်။

ဒါပေမဲ့ . . .

✵

'အစ်ကို'

ခြံထဲက ခုံတန်းလေးမှာ ဘယ်လောက်ကြာအောင်ထိုင်ငိုစဉ်းစားနေမိသည် မသိ။

မမင်းသက်၏ ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ စောစောက ပုံသဏ္ဌာန်နှင့် လုံးဝခြားနားနေသော မမင်းသက်ကို

မြင်ကြားကောင်း မြင်လိုက်ရသည်။

မမင်းသက် ပုံစံက စောစောက သူ့အနားမှနေ ဝမ်းနည်း ပြေးထွက်သွားသော မမင်းသက်ပုံစံမျိုး လုံးဝမဟုတ်တော့။

အဝတ်အစားတွေလည်း လဲထားပြီးနေပြီ။

သနပ်ခါးတွေ ဘာတွေလည်း အကျလိမ်းခြယ်ထားသည်မို့ သည်နေရာတွင် ငိုင်နေသည့်အချိန်တွင် မမင်းသက်တစ်ယောက် ခုံးချိုးလိုက်ကြောင်းလည်း သိလိုက်၏။

မျက်နှာတစ်ခုလုံးလည်း စောစောကလို အိုမင်းမနေတော့ ပြုံးရွှင်တက်ကြွနေသည်။

'အင်း . . . သိပ်လည်း ငိုင်မနေနဲ့ အစ်ကို၊ မမင်းသက်နဲ့ အစ်ကို ဒီကိစ္စမှာ ဘာမှ တစ်ယောက်နဲ့တစ်ယောက် အားနာမနေဘဲ ပြတ်ရှင်းလိုက်ကြမှ ကောင်းမယ်၊ နို့မို့ နှစ်ယောက်စလုံး တအုံ့ တသွေးနဲ့ ဖြစ်နေရတာ မကောင်းဘူး၊ ကဲ . . . လာ၊ မမင်းသက် အစ်ကို အပြင်သွားမယ်၊ အစ်ကို ရေမိုးချိုးချင် ချိုးလိုက်၊ သွား . . မမင်းသက် စောင့်နေမယ်'

ပတ္တမြားကောင်းက ခေါင်းခါသည်။

'မချိုးတော့ဘူး မမင်းသက်ရယ်၊ သွားချင်လည်း ဒီအတိုင်း လိုက်ခဲ့ပါ့မယ်၊ ဖြစ်တယ် မဟုတ်လား'

'အို . . . ဖြစ်ပါတယ်၊ ဘာလို့မဖြစ်ရမှာလဲ၊ ပြည်မြို့မှာ မမချိုးဘဲ အပြင်မထွက်ရလို့ စည်းကမ်းထုတ်ထားတာမှ မဟုတ်ဘဲ၊

ကိုယ့်ပြဿနာနှင့်ကိုယ် ပတ်ဝန်းကျင်ကိုပင် သိပ်ဂရုမပြုမိ
ဖြင့် သူတို့ရောက်နေသောနေရာသည် ရွှေဆံတော်ဘုရား ရင်ပြင်
ပါမှ နေရာဟုဟာ သိသည်။ ဘယ်နေရာမှန်း အတိအကျ သူ
ပြန်မပြောတတ်တော့။

မှတ်မိတာတစ်ခုကတော့ သူတို့ထိုင်နေသော်နေရာ၏ မြင်
ဘွင်း ရှေ့တည့်တည့်တွင် ဧရာမ တင်ပျဉ်ခွေကိုယ်တော်ကြီးတစ်ဆူ
ကိန်းနေခြင်းပင်။

ထိုရုပ်ပွားတော်ကြီး၏ မျက်နှာတော်နှင့်တည့်တည့်လောက်
မှ သူတို့ထိုင်နေသောနေရာမှာ ထိုင်ခုံလေးများနှင့် အပန်းဖြေနေရာ
လေးတစ်ခုလို လုပ်ထားသည်။

နဂိုကတော့ စိတ်ဓာတ်ခပ်ကျကျဖြစ်နေခြင်းကို ဘယ်လို
မျှောက်ဖျက်၍ ရမှာမဟုတ်ဟုသာ အောက်မေ့ခဲ့သည်။

သို့သော် မမင်းသက်စကားကြောင့် သူ့စိတ်ထဲမှာ တစ်
သက်လုံး မာရေကျောရေ ရှိခဲ့သည့်စိတ်များ ပြန်ဝင်လာပြီ။

'ရတယ် မမင်းသက်၊ မမင်းသက် ရှင်းချင်တဲ့စာရင်းကို
ကြိုက်တဲ့ပုံစံနဲ့ ရှင်းပါ။ ကိုယ့်ရင်ထဲမှာ ဘာဖြစ်ဖြစ် အဲဒါက တစ်ကိစ္စ၊
ယောက်ျားပီပီ ဘာမဆိုရင်ဆိုင်ရဲတာက တစ်ကိစ္စပါ။ ကဲ . . . ပြော၊
ဘာပြောမလဲ'

မမင်းသက် ရယ်သည်။

'ပြောမလို့ မဟုတ်ပါဘူး အစ်ကို၊ မေးမလို့ပါ။ အစ်ကို

ဒါပေမဲ့ အစ်ကို ဒီပုံကြီးနဲ့ မကောင်းပါဘူး၊ လန်းလန်းဆန်းဆန်းပြ
သွားအောင် ရေမိုးချိုး၊ အဝတ်အစားတော့ လဲလိုက်ပါဦး၊ မှန်သော
စကားတွေနဲ့ ဒီပြဿနာရှင်းရမှာဆိုတော့ ရွှေဆံတော်ဘုရားသို့
သွားရအောင်၊ အဲဒီမှာ ဘုရားလည်း ဖူးရဦးမှာဆိုတော့ စိတ်သန်
လူသန့်ဖြစ်နေရင် ပိုကောင်းတာပေါ့။ မဟုတ်ဘူးလား'

ပတ္တမြားကောင်းက ဘာမှမပြောတော့ဘဲ သက်ပြင်းတစ်
ချက်ချရင်း ထ,ရပ်လိုက်သည်။

ဘာကြောင့်မှန်းတော့ မသိ။ သူ့စိတ်ထဲမှာ မမင်းသက်
ပုံစံကိုကြည့်ရင်း တစ်စုံတစ်ခုကို လန့်သလို ဖြစ်လာသည်။

မမင်းသက်ပုံစံက သိပ်တော့မဟုတ်။

မမင်းသက်ပုံစံ သည်လိုဖြစ်လာလျှင် လန့်ရသည်။

သည်လိုဖြစ်ပြီးတာနှင့် သူ မမျှော်လင့်သော ထောင့်တစ်
ထောင့်မှနေ သူ အံ့သြရလောက်အောင် တစ်ခုခုလုပ်တော့မည်မှန်း
ကြိုသိသလို ဖြစ်နေ၏။

✵

'ကဲ . . . ဒီမှာပဲ ထိုင်ရအောင် အစ်ကို၊ အခုအချိန်က
စပြီး မမင်းသက်နဲ့ အစ်ကို စာရင်းတစ်ခု ရှင်းရအောင်၊ အင်း
လည်း အမှန်တရားကို ယောက်ျားကောင်းပီပီ ရင်ဆိုင်ပါ'

ရိုးရိုးလူတစ်ယောက်အတွက်ဆို သည်ကိစ္စက စိတ်ညစ်စရာ
မဟုတ်တာ။

သူ ဘာပြန်ဖြေရမည်မှန်း မသိသဖြင့် အတန်ကြာ နှုတ်
ဆိတ်သွားမိသည်။

'ပြောပါ အစ်ကို၊ အစ်ကိုက မမင်းသက်ကို ဘယ်လိုဖြစ်
စေချင်လို့ အဲဒီပုံစံမျိုးနဲ့ လွဲသွားပြီဆိုပြီး အစ်ကို စိတ်ဓာတ်ကျသွား
ရတာလဲ'

သည်နေရာမှာလည်း သူ့စိတ်ကို မမင်းသက် လုံးဝအကဲ
ခတ်မိသွားပြန်ပြီဟု နားလည်လိုက်သည်။

မမင်းသက်က သူ အခက်အခဲဖြစ်နေသည်ကိုကြည့်၍ ရယ်
လိုက်ပြီး . . .

'ပြောလေ အစ်ကို၊ ဘာလဲ အစ်ကို့ဘက်က အမှန်အတိုင်း
စကားတစ်ခွန်း ပြောလိုက်ဖို့ သိပ်ဝန်လေးနေသလား'

ပတ္တမြားကောင်း ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

'ဝန်လေးတာတော့ မဟုတ်ပါဘူး မမင်းသက်၊ ပြောရမှာ
ခက်သွားလို့ပါ၊ ဒါပေမဲ့ ကိုယ်ပြောပါ့မယ်၊ မမင်းသက် ပြောတာ
မှန်ပါတယ်၊ ကိုယ် မမင်းသက်ကို ချစ်မိသွားပြီး အဲဒီအချစ်မျိုးနဲ့
ဘုံပြန်စိတ်ဝင်စားနေတာဆိုရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးယဉ်
မျှော်လင့်မိသွားလို့ပါ'

'မျှော်လင့်သလို ဖြစ်မလာလို့ စိတ်ညစ်သွားတယ်ပေါ့'

နေ့ခင်းက ပြောသွားတဲ့ စကားတွေနဲ့ ပတ်သက်လို့ မမင်းသက်
သိပ်ဘဝင်မကျတဲ့ကိစ္စလေးတွေရှိလို့ ပြန်မေးမလို့ပါ'

'မေး . . . မမင်းသက်၊ ဘာမေးမလဲ'

'ဒီလိုပါ . . . မမင်းသက်ရဲ့ ကိုကိုကြီးအကြောင်းကို အစ်ကို
သိတဲ့အခါ မမင်းသက်က ဆုံးသွားတဲ့ အစ်ကိုကြီးတစ်ယောက်နေရာ
မှာ အလွမ်းပြေ အစားထိုးတာပဲလို့ သိပြီး အစ်ကို စိတ်ဓာတ်ကျ
သွားတယ်လို့ ပြောခဲ့တယ်နော်'

'ဟုတ်တယ် မမင်းသက်'

'ဘာအတွက် စိတ်ဓာတ်ကျတာလဲ'

'ဟင်'

'မမင်းသက် သိချင်တာ အဲဒါပေါ့၊ အစ်ကို စဉ်းစားကြည့်
အစ်ကို့ကို တကယ် ကိုကိုကြီးနဲ့တူလို့ ချစ်ခင်လေးစားပြီး အစားထိုး
တယ်ပဲထား၊ အဲဒါ မမင်းသက် အပြစ်မှမဟုတ်ဘဲ၊ အစ်ကိုကြီး မရှိ
တော့လို့ အစ်ကိုကြီးနေရာကို အားကိုးတကြီးနဲ့ ပေးမိတယ်၊ အစ်ကို
ဘာအတွက် စိတ်ညစ်ရ၊ စိတ်ဓာတ်ကျရ ဖြစ်ရတာလဲ'

မမင်းသက်မေးခွန်းက သူ့အား ချောင်ပိတ်လိုက်ပြီ ဖြစ်
ကြောင်း ပတ္တမြားကောင်း သဘောပေါက်လိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။

သူ့ဘက်က မှန်သောစကားကိုသာ လွှတ်ခနဲ ပြောမိသည်
ထိုစကား၏ တာသွားသော လမ်းကြောင်းအဆုံးကို သူ သတိမမူမိ

'ဟုတ်တယ်'

'တကယ်လို့ မျော်လင့်သလိုဖြစ်နေတာဆိုရင်ကော အင်း

'မဖြစ်နိုင်ဘူး မမင်းသက်၊ လက်ရှိအခြေအနေတွေ့ကိုယ်မျော်လင့်သလို မဖြစ်နိုင်ဘူးလို့ အတိအကျပြောနေတယ်

'အဲဒါ အစ်ကိုမှားတာ အစ်ကို၊ မမင်းသက် အစ်ကို့အစ်ကိုချစ်တဲ့ အချစ်မျိုးနဲ့ပဲ ချစ်တာပါ'

ပတ္တမြားကောင်း အံ့အားသင့်စွာဖြင့် လှမ်းကြည့်သည် မမင်းသက်က ဆက်ပြီး . . .

'ဟုတ်တယ် အစ်ကို၊ အစ်ကို့ကို ကိုကိုကြီးနဲ့တူလို့ မမင်းသက် အထင်ကြီး လေးစားတာလည်း မှန်ပါတယ်၊ ဒါလည်း မဆန်းပါဘူး အစ်ကို၊ မိန်းကလေးတစ်ယောက်မှာ သူအထင်ကြီးလေးစားတဲ့ ယောကျ်ားတစ်ယောက်ပုံစံဆိုတာ စိတ်ထဲမှာ အမြဲရှိပါပဲ၊ ဒါပေမဲ့ အစ်ကိုဟာ ကိုကိုကြီး မဟုတ်မှန်း မမင်းသက် ဘာဖြစ်လို့ မသိရမှာလဲ၊ အဲလိုပဲ ကိုကိုကြီးနေရာကိုမဖြစ်နိုင်မှန်း သိလို့ မမင်းသက် ဘာဖြစ်လို့ အစ်ကို့ကို အစားထိုးရမှာလဲ၊ အစ်ကို့ဒီလိုမဟုတ်ဘဲနဲ့ မမင်းသက် ရနိုင်တဲ့နည်းလမ်း မရှိတာမှ မဟုတ်တာ၊ အဲဒီ ရနိုင်တဲ့နည်းနဲ့ အစ်ကို့ကို ယူမှာပေါ့၊ ဘာအတွက် အစားထိုးနေစရာ မရှိပါဘူး'

'အဲဒီရနိုင်တဲ့ နည်းလမ်းဆိုတာက ဘာလဲ မမင်းသ

'အစ်ကို့ကို လင်ယောကျ်ားအနေနဲ့ အပိုင်သိမ်းပိုက်

ည်းပေါ့ အစ်ကိုရယ်၊ ဒီထက်ပဲ ရှင်းရဦးမလား'

'ဟင်'

'မဟင်နဲ့လေ၊ ဒီနည်းလမ်းဟာ မမင်းသက်အတွက် ကောင်းဆုံး နည်းလမ်းပါ၊ ဘဝအဖော် လင်ယောကျ်ားအနေနဲ့ သူ့ အစ်ကို့ကို မမင်းသက် ပိုင်ရမယ်၊ အစ်ကိုတစ်ယောက်အနေနဲ့ သူ့ တစ်သက်လုံး ချစ်ခင်လေးစားသွားလို့ရတယ်၊ မမင်းသက်ရဲ့ ဘဝတွေအတွက်လည်း သားကောင် သားမက်ကောင် တစ်ခါတည်း ရပေးလိုက်နိုင်တယ်၊ မမင်းသက်အတွက် အဲဒီလို ဘက်စုံထောင့်စုံ ပြည့်စုံနေတဲ့ အစ်ကို့ကို မမင်းသက် မချစ်ဘဲနေမယ်လို့ အစ်ကို ဖြစ်လို့ ထင်တာလဲ'

သည်တော့မှ ပတ္တမြားကောင်း တဖြည်းဖြည်း ပြုံးလာသည်။

'အဲဒါ အမှန်ပဲလား မမင်းသက်'

မမင်းသက် အပြုံးနှင့်အတူ ခေါင်းညိတ်သည်။

'အမှန်ပါပဲ မောင်၊ မမင်းသက် မိန်းကလေးတစ်ယောက်နေနဲ့ ဘယ်သူ့ကိုမှ ညာမပြောရဲပါဘူး၊ မမင်းသက်ရဲ့ မိဘတွေလည်း မောင် လေ့လာပြီးသားပဲ၊ မမင်းသက်ဟာ ဒီလိုမိဘမျိုးရဲ့ သမီးမိန်းမအောက်မှာ ကြီးပြင်းခဲ့ရတာပါ၊ မမင်းသက် ဣန္ဒြေသိက္ခာတဲ့ မိန်းကလေး မဟုတ်ပါဘူး၊ ပြောသင့် ပြောထိုက်တဲ့ စကားမျိုးမို့ မမင်းသက် ဒီလောက်ပွင့်ပွင့်လင်းလင်း ပြောပြတာပါ'

'မမင်းသက် ကိုယ့်ကို မောင်လို့ ခေါ်လိုက်တယ်နော်'

'ဟုတ်တယ် မောင်၊ အဲဒါ မမင်းသက် မောင့်ကို အ
ချင်ဆုံး နာမည်တစ်ခုပါ။ တစ်ချိန်ကျရင် ဒီလိုခေါ်ရမယ်လို့ မော
စတွေ့ကတည်းက မမင်းသက် စိတ်ထဲမှာ ရည်ရွယ်ထားခဲ့ပါ
'ဟာ . . . အဲဒါဆို . . . ကိုယ် . . . အဲ . . . မောင်
စိတ်ဓာတ်မကျ သင့်တော့ဘူးပေါ့'

'မောင့်စိတ်ထဲ ဘယ်လိုဖြစ်သင့်တယ်ထင်လို့လဲ'

'ပျော်တာပေါ့ မမင်းသက်၊ အရမ်းပျော်ရတော့မှာ

'ပျော်လိုက်ပါ မောင်၊ မောင် ပျော်ချင်သလောက်သာ
လိုက်ပါ။ ပြီးတော့ မမင်းသက် ဘာကိုလည်း အပိုင်ယူပါ။ မော
ကိုလည်း မမင်းသက်ကို အပ်ပါ။ မမင်းသက်ဘဝမှာ မောင်
မဖြစ်တဲ့ အနေအထားမှာ ရှိနေပါတယ်'

'အို . . . မမင်းသက်ရယ်'

ထိုနေ့ကစ၍ သူတို့နှစ်ယောက် ချစ်သူများဘဝသို့
ပြောင်းသွားကြခြင်း ဖြစ်၏။

(၅)

'မမင်းသက်'

'ရှင် . . . '

'မမင်းသက်ကို မောင် သိပ်ချစ်တယ်'

'ချစ်သင့်တာပေါ့ မောင်ရယ်၊ အဲလို ချစ်မှလည်း မမင်း
သက် စိတ်ချမ်းသာမှာပေါ့၊ မောင်ကသာ အဲလိုမချစ်ဘူးဆိုရင် မမင်း
သက် ဘယ်လောက် ရင်ကွဲရမလဲ၊ အဲဒါကို မောင် သိသင့်တာပေါ့'

'မမင်းသက်လည်း အဲလိုပဲ မောင့်ကို ချစ်စေချင်တယ်'

'ချစ်တာပေါ့ မောင်ရယ်၊ အဲဒီထက်မကကို မမင်းသက်က
မောင့်ကို ချစ်တာပေါ့၊ မမင်းသက်ဘဝက မောင့်ကို အဲလိုချစ်နေရမှ

စိတ်ချမ်းသာရတဲ့ ဘဝ၊ မောင့်ကိုသာ အဲလိုချစ်နေခွင့် မရခဲ့ရင် မမင်းသက် ဘယ်လောက် လူဖြစ်ရှုံးလိုက်မလဲ၊ အဲဒါကိုလည်း မော ပိုသိသင့်တာပေါ့'

'မောင့်ကို မမင်းသက်က ဘာလို့ချစ်တာလဲ'

'မောင်က မမင်းသက်လိုချင်တဲ့ ယောကျ်ားမျိုး ဖြစ်နေ ပေါ့'

'မမင်းသက် လိုချင်တဲ့ ယောကျ်ားမျိုး ဆိုတာက . . .

'ယောကျ်ား ဝိသတယ်လေ၊ ပြီးတော့ တော်တယ်၊ နော ပြီးတော့ အကျင့်စာရိတ္တလည်း ကောင်းတယ်၊ ကျန်းမာရေးလည် ကောင်းတယ်၊ ပိုပြီးပြည့်စုံအောင် ပြောရရင်တော့ မောင့်ကို မောင် မှန်ထဲသွားကြည့်၊ ပြီးတော့ မောင့်ကိုယ်ထဲမှာရှိနေတဲ့ မော စိတ်ဓာတ်တွေ၊ မောင့်အရည်အချင်းတွေလည်း ပြန်ကြည့်၊ အဲဒါ အားလုံးဟာ မမင်းသက်လိုချင်တဲ့ ယောကျ်ားတစ်ယောက် ရှိရမယ့် အရည်အချင်း အချက်အလက်တွေချည်းပဲ'

'အဲဒီ အရည်အချင်းတွေထဲက တစ်ခုခုသာ ချွတ်ယွင်းသွ ရင် မမင်းသက် မောင့်ကို ချစ်တော့မှာ မဟုတ်ဘူးပေါ့နော်'

မမင်းသက်က ရယ်သည်။

'ဟား . . . ဟား . . . မောင်က မမင်းသက်ကိုလည် အထင်သေးတယ်၊ မောင့်ကိုယ်မောင်လည်း အရမ်း အထင်ကြီ တယ်၊ ဘာဖြစ်လို့ အဲလို အသိခေါက်ခက် အဝင်နက်နေရတာ

အောင်ရယ်၊ အဲဒီ အတွေးက မတိမ်လွန်းဘူးလား'

'ဘာဖြစ်လို့လဲ'

'လောကမှာ ဘယ်အရာမှ မမြဲဘူးဆိုတဲ့ သခ်ါရတရားကို မမင်းသက် နားမလည်ဘူးလို့ မောင်က ဘာဖြစ်လို့ အထင်သေးရ ဘာလဲ၊ အဲလိုပဲ မောင်လည်း မောင့်ကိုယ်မောင် သခ်ါရတရားနဲ့ ဆွန်ဆန်ပြီး အစဉ်ထာဝရ မြဲနေလိမ့်မယ်လို့ ဘာဖြစ်လို့ အထင်ကြီး နေရတာလဲ၊ မမြဲတဲ့ တရား၊ ဖောက်ပြန် ပျက်စီးတတ်တဲ့တရားတွေ မမင်းသက် သိပြီးသားပါ'

'ဒါနဲ့ မမင်းသက်ပဲ ပြောတော့ မောင့်မှာ ဒီအရည်အချင်း အချက်တွေ ပြည့်စုံလို့ ချစ်ခဲ့တာဆို'

'အဲဒါက ရွေးလို့ရတဲ့ အနေအထားတုန်းက ရွေးဖို့ သတ် မှတ်ခဲ့တဲ့ အရည်အချင်းတွေပဲ မောင်ရဲ့၊ ရွေးပြီးသွားရင်တော့ ဘာ ဖြစ်ဖြစ် ကိုယ့်ချစ်သူဟာ ကိုယ့်ချစ်သူ၊ ကိုယ့်လင်ဟာ ကိုယ့်လင်ပဲ၊ နှုံးဝဲဝဲ ကျိုးကျိုးကန်းကန်း မှားမှားမှန်မှန် အားလုံးကို ဝေမျှခံစားပြီး ဖေးမ လက်တွဲပေးနိုင်ရမှာပေါ့'

'မမင်းသက် မောင့်ကို အဲလိုပဲ ချစ်လား'

'လက်တွေ့ကျရင် မောင် ပိုသိလာပါလိမ့်မယ် မောင်'

ချစ်သူဘဝ ကာလများကိုတော့ သူ အသေးစိတ် ပြန်မစဉ်း ားချင်တော့။

စကားတတ်သော၊ စကားတစ်ခုကို ဟာကွက် မရှိအောင်

သည်အခါမှာတော့ ပတ္တမြားကောင်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ရင်ထဲမှာ မနာလိုမှုများ၊ မကျေနပ်မှုများ၊ ဒေါသဝေါကွဲမှုများ၊ ဆက်တိုက် ဆင့်ကဲ ဖြစ်ပေါ်လာတော့သည်။

ဤသည်ပင် မမင်းသက်နှင့် သူ ကွဲခဲ့ရခြင်းအကြောင်းဖြစ်၏။



ချစ်ခြင်းတရား၊ ဒေါသ၊ မာနပေါက်ကွဲမှုနှင့် မကျေနပ်ခြင်းများ။

'မမင်းသက်'

'ဘာလဲ မောင်'

'မမင်းသက်မှာ အရင်က ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်လို့ မောင် ကြားတယ် . . . ဟုတ်လား'

'မောင် ဘယ်လိုလုပ်ကြားလဲ မောင်၊ အဲဒီကိစ္စကို မမင်းသက်တောင် မေ့နေခဲ့တာ ကြာပြီ'

'မေ့နေခဲ့တာ ကြာပြီ ဟုတ်လား၊ အေးလေ . . . ဟုတ်မှာပေါ့။ မင်းကတော့ ချစ်သူတစ်ယောက် ထားပြီးရင် မေ့လိုက်ပျောက်သိုက်ဖို့ သိပ်မှ ဝန်မလေးတတ်ဘဲ၊ မင်းမေ့ပေမယ့် ပတ်ဝန်းကျင်နဲ့ အဲဒီကာယကံရှင်က ဘယ်မေ့နိုင်ကြမလဲကွ၊ ဒီတော့ သူတို့က အဲဒီ

ပြောသော မမင်းသက်၏ သစ္စာထား စကားများကို နေ့စဉ်လိုလို သူနားထောင်ရင်း သူစိတ်ချမ်းသာခဲ့ရသည်။

အသေးစိတ်လေးများက စ၍ ဂရုတစိုက်ရှိလျက် ဘာသော ဖြစ်ဖြစ် သူ့လက်သူ့ခြေဖြင့် ပြုစုပေးလိုက်ရမှ ကျေနပ်သော မိန်းကလေး။

ချစ်သူတစ်ယောက်ကို ဘယ်လိုစိတ်ချမ်းသာအောင် ပြုရမည်။ ပြောဆိုရမည်။ နေထိုင်ရမည်ဆိုတာကို သိပ်သိသော မိန်းကလေး။

သည်မိန်းကလေးမျိုးကို သူ ရလိုက်ခြင်းအတွက် ပတ္တမြားကောင်း သိပ်စိတ်ချမ်းသာခဲ့သည်။ သိပ်ကျေနပ်ခဲ့သည်။

ချစ်ရင်းချစ်ရင်းကနေ ပိုပိုချစ်လာခဲ့သည်နှင့်အမျှ တစ်ယောက် သူတစ်ယောက်ယောက်နှင့် ခွဲဝေ ချစ်ရမည်။ ခွဲဝေ ပိုင်ဆိုင်ရမည်ဆိုသည့် အလွန်စိုးထိတ်ပူပန်လာမိသည်။

သဝန်တိုခြင်းများစွာနှင့် လောဘများစွာကို ဖြစ်စေတတ်သော မိန်းကလေး။

ထိုမိန်းကလေးမှာ သိပ်ချစ်သော အစ်ကိုအရင်းတစ်ယောက် ရှိခဲ့ဖူးသည်ဟု သိခဲ့ရသောနေ့ကပင် အလွန်စိတ်မကောင်း ဖြစ်ခဲ့ရသော ပတ္တမြားကောင်း။

တစ်နေ့တွင် ထိုမိန်းကလေး၌ ချစ်သူတစ်ယောက် ရှိခဲ့သည်ဟု အမှတ်မထင် သိလိုက်ရသည်။

ပထမဆုံးပါ'

'ဒါက စကားပရိယာယ်နဲ့ ပြောတဲ့စကားပဲ မမင်းသက်၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုလေးမြင့်ဆိုတဲ့ သူဟာ ငါ့အရင် မင်းကိုချစ်ခဲ့ဖူးတဲ့ ချစ်သူပဲ၊ ငါက သူများနမ်းပြီးသားပန်းပဲ နမ်းရတဲ့သူ၊ အဲဒီအတွေး ငါတွေးမိတိုင်း ငါဟာ အလိုလို သိမ်ငယ်သွားတယ်၊ ငါမြင်နိုင်တဲ့ အရပ်တစ်ခုမှာ အဲဒီကိုလေးမြင့်ဆိုတဲ့လူဟာ ငါ့ကို စိတ်ကူးနဲ့လှမ်းကြည့်ပြီး ဟားတိုက်နေမှာ အမှန်ပဲ'

'မဟုတ်ဘူး မောင်၊ အဲဒီလူနဲ့ ပတ်သက်တဲ့ ကိစ္စဟာ မောင်ထင်သလို လုံးဝ မဟုတ်ဘူး'

မမင်းသက်က အကြောက်အကန်ငြင်းသည်။

သို့သော် ပတ္တမြားကောင်း နားထဲမှာတော့ ထိုနေ့မတိုင်မီ တစ်ရက်က သည်အကြောင်းများနှင့် ပတ်သက်၍ သူကြားခဲ့ရသော စကားများသာ လွှမ်းမိုးနေ၏။



'မင်းခင်မင်းသက်နဲ့ ပတ်သက်တဲ့ကိစ္စလေးတစ်ခု ငါ မနေ့က ကြားခဲ့တယ် ပတ္တမြား၊ အဲဒီကိစ္စ ငါ မင်းကို ပြောပြသင့် မပြောပြသင့် ချိန်နေတာ'

ဤသို့သော စကားများဖြင့် ထိုသတင်းကို သူ့ထံ သယ်

အကြောင်းတွေကို သတိတရအနေနဲ့ အမြဲ ပြန်ပြောနေကြမှာပေါ့

'အဲဒါ မမင်းသက်နဲ့ ဘာဆိုင်တော့လို့လဲ မောင်ရယ်၊ အဲဒီလူနဲ့ မမင်းသက်နဲ့ဟာ မောင်နဲ့ စ,မတွေ့ခင် အချိန်တစ်ချိန်တည်းက ပြီးပြီးပြတ်ပြတ် ဖြစ်နေခဲ့ကြတာပဲ'

'ပြီးပြတ်တာ မပြီးပြတ်တာကို ငါ ပြောနေတာ မဟုတ်ဘူး မမင်းသက်၊ ရှိခဲ့ဖူးတာကိုပဲ ငါ မကျေနပ်တာ၊ မင်း ဘာလို့ အဲဒီကိစ္စကို စောစောစီးစီးထဲက ကြိုတင်ပြီး ငါ့ကို ဘာဖြစ်လို့ ပြောမပြခဲ့တာလဲ၊ ငါ့ကို ချစ်သလို တခြားလူတစ်ယောက်ကို ငါ့အရင် ချစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ငါ မလိုချင်ဘူး မမင်းသက် ဒီတစ်သက်မှာ ငါဟာ ပထမပဲ ဖြစ်ချင်လာခဲ့တဲ့ကောင်၊ ဘယ်တော့မှ ကိုယ့်ကိုယ်ကို ဒုတိယအဖြစ်ခံခဲ့တာ မဟုတ်ဘူး'

မမင်းသက် မျက်လုံးအိမ်တွင် မျက်ရည်ဥများ ရစ်ဝဲလာသည်။

'ပြောမပြခဲ့တာ အပြစ်ဆိုရင် မမင်းသက်မှာ အပြစ်ရှိတယ် မောင်၊ ဒါပေမဲ့ ဖြစ်လောက်တဲ့ အကြောင်းမဟုတ်ဘဲ မောင့်စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုခုမျိုး မမင်းသက် ဘာမှမလုပ်ချင်ဘူး၊ နောက်တစ်ခုက မမင်းသက်မှာ ချစ်သူရှိခဲ့ဖူးတယ် ဆိုတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ မောင့်လို ချစ်ခဲ့ဖူးတဲ့ ယောကျ်ားတယောက် မမင်းသက်မှာ ရှိခဲ့ဖူးတယ် ဆိုတာကတော့ လုံးဝမဟုတ်ဘူး၊ မောင့်ကို ချစ်တဲ့အချစ်မျိုးနဲ့ မမင်းသက်ချစ်ခဲ့ဖူးတာ မော

ဆောင်လာသူမှာ ကျော်မိုး ဖြစ်သည်။

အမှန်ပြောရလျှင် ကျော်မိုးသည် သူ့အချစ်ဆုံး သူငယ်ချင်း တစ်ယောက်။ သို့သော် မမင်းသက်ကို မလိုလားသူ အုပ်စုထဲမှာတော့ ပါဝင်သည်။

ကျော်မိုးစိတ်ထဲမှာ ပတ္တမြားကောင်းသည် ငယ်ငယ်လည်လည် ခင်မင်းသက်လို မိန်းကလေးနှင့် မထိုက်တန်။ သူ့သူငယ်ချင်းက ဒါမျိုးမှာ အတွေ့အကြုံမရှိ။ သည်လိုလည်သော မမင်းသက်ကို ပညာမျိုးစုံပြ၍ ထိန်းချုပ် ဖမ်းစားထားသည်ဟု အထင်မှားသည်အခါများစွာ၌လည်း . . .

'မင်း အဲဒီပိန်ကပ်ကပ် ရှည်တောက်တောက်နဲ့ အမြီးအမောက်မတည့်တဲ့ ချာတိတ်မလေး တစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက် စွဲလမ်းနေရလဲဆိုတာ ငါ နားမလည်ဘူးကွာ၊ သိပ်လည် သိပ်ချောလွန်းနေရင်လည်း ထားပါတော့၊ ငါ့စိတ်ထဲမှာတော့ မသက်ာဘူး၊ အဲဒီကောင်မလေးဟာ ဒီဘက်မှာ အတွေ့အကြုံရှိပြီး ယောကျ်ားတစ်ယောက်ကို ဘယ်လို ထိန်းထားရမယ် သိပ်သိတဲ့ကောင်မလေးပဲဖြစ်မယ် ထင်တာပဲ'

ဟု လည်းကောင်း . . .

'မင်း အဲဒီကောင်မလေးနဲ့ချည်းပဲ အချိန်တွေကုန်မနေနဲ့ဦး ပတ္တမြား၊ ခုဆိုရင် ပညာရေးဘက်ကော အားကစားဘက်မှာကော မင်းအကျင့်တွေပျက်ပြီး နှစ်ဘက်စလုံး လက်ရည်ကျနေတယ်၊ တား

လို့ မင်းဟာမင်း ချစ်မယ်ဆိုရင်လည်း အဲလောက်အထိတော့ ပုံမအောသင့်ဘူး'

ဟုလည်းကောင်း . . .

ဘာအကြောင်းပြချက်မှ မပေးဘဲနှင့် တားဆီး၊ ကန့်ကွက်သော စကားများ ဆိုဖူးသည်။

သို့အတွက် ပထမတော့ ကျော်မိုးပေးမည့် သတင်းကို ပေါ့ပေါ့ပဲ သဘောထားခဲ့သည်။

ကြားရသည့်အတွက် ရင်ထဲမှာ ထူးပြီး ထိခိုက်ခံစားစရာလည်း ရှိလာမည်မဟုတ်ဟု တွက်သည်။ မမင်းသက်နှင့် ချစ်ခဲ့သည့် တစ်နှစ်နီးပါးကာလမှာ နောက်ထပ်သိစရာ မကျန်တော့ဟုလည်း ထင်မိသည်။

'ရပါတယ် ကျော်မိုးရာ၊ မင်းပြောစရာရှိတာသာ ပြောပါ၊ ဘာမှ ချိန်မနေနဲ့၊ မမင်းသက် ဘာဖြစ်တယ်လို့ မင်းကြားခဲ့လို့လဲ'

'မနေ့ညနေက ကင်တင်းမှာထိုင်ရင်း ခု ဒီနှစ်မှ ဖတ်စ်ယီးကား ရောက်လာတဲ့ ပြည်က ချာတိတ်တစ်ယောက်နဲ့ စကားပြောမိတယ်၊ သူနဲ့ငါ သိနေတာတော့ ကြာပါပြီ၊ သူက ငါ့ကို မင်းနဲ့ ယူငယ်ချင်းမှန်းလည်း သိတယ်၊ အရင်တုန်းကတော့ ဒီကိစ္စ စကားပဲဖြစ်ဘူး၊ မနေ့ကကျမှ မင်းအကြောင်းပြောရင်းကနေ သူက သူနဲ့ ခင်မင်းသက် သိတယ်ဆိုတဲ့အကြောင်း ပြောပြတယ်'

'အေးပေါ့၊ ပြည်ကဆိုတော့ သိမှာပေါ့'

'ရိုးရိုးသိရုံတင် မဟုတ်ဘူးကွ၊ သူတို့နှစ်ယောက်က တ
ကျောင်းတည်း၊ တစ်တန်းတည်းနေခဲ့ဖူးတဲ့ သူငယ်ချင်းတွေလို့ ပြော
တယ်၊ ဆယ်တန်းမှာ သူက မနှစ်က အမှတ်နည်းမှာစိုးတာနဲ့ ဆ
မဖြေဖြစ်တော့ဘဲ အကျခံလိုက်လို့ ခင်မင်းသက်ထက် တစ်နှ
နောက်ကျပြီး ဒီကျောင်းကို ရောက်လာတာ'

'အင်း . . . အဲဒီတော့'

'ပြည်အထကမှာတုန်းက မမင်းသက်မှာ ရည်းစားရှိခဲ့တ
တဲ့၊ သူက ပြောတယ်'

သည်စကားမှာတော့ ပတ္တမြားကောင်း ရင်ထဲ ဒိန်း
ဖြစ်သွားပြီး ဘာမှဝင်မပြောနိုင်ဘဲ ဖြစ်သွားသည်။ သည်အကြောင်
အရာကိုတော့ သူ သစ်ထား နားထောင်သင့်ကြောင်း ဆုံးဖြ
သည်။

ကျော်မိုးက ဆက်၍ . . .

'ခင်မင်းသက်ရဲ့ ရည်းစားကလည်း သူ့သူငယ်ချင်းပဲ
နာမည်က လေးမြင့်တဲ့၊ အစတုန်းကတော့ အဲဒီ လေးမြင့်ကို ခင်
သက်က တော်တော်ချစ်ခဲ့တာပဲ၊ နောက်တက္ကသိုလ်ရောက်ပြီး မင်
တွေ့မှ၊ မင်းက အစစအရာရာ ဟိုကောင့်ထက်သာနေလို့ ခင်
သက်က လေးမြင့်ကို ပစ်ပြီး မင်းနောက် ကောက်ကောက်ပါသွ

'အဲဒီကောင်နဲ့ ငါ မျက်နှာချင်းဆိုင်တွေ့ပြီး မေးလို့ရမ

'သိပ်ရတာပေါ့၊ ဒီကောင်က လေးမြင့်နဲ့ ပတ်သက်

ခင်မင်းသက်ကို အရှင်းစိတ်နာနေတဲ့ကောင်၊ မင်းတွေ့ရင် အပြတ်
ပြောပြလိမ့်မယ်၊ နောက်တစ်ခု အဲဒီလေးမြင့်ဆိုတဲ့ကောင်လည်း
မန်ကုန်မှာရှိတယ်၊ ခင်မင်းသက်ကြောင့် အခုတော့ ဘဝပျက်နေပြီ
လို့ ပြောတယ်၊ ဘာလုပ်နေတယ်တော့ အတိအကျ မပြောဘူး'

'ငါ အခု အဲဒီကောင်နဲ့ တွေ့ချင်တယ်ကွာ'

'ဘယ်သူ့ကို ပြောတာလဲ၊ လေးမြင့်လား'

'မဟုတ်ဘူး၊ မင်းနဲ့ စကားပြောတဲ့ကောင်၊ သူ့နာမည်က
ဘယ်သူလဲ'

'ကျော်လှိုင်တဲ့၊ တရုတ်ကပြားပဲ၊ ပုပွားဆောင်မှာ နေတယ်၊
မင်း အခုသွားချင်ရင် ငါလိုက်ပို့ပေးမယ်'

'သွားမယ် ကျော်မိုး၊ အဲဒီကောင်နဲ့ ငါ တော့်တော့်ဆိုင်ဆို
တွေ့ပြီး မေးမယ်'

စကားအဆုံးနှင့် သက်ပြင်းအချ တစ်ပြိုင်တည်း ဖြစ်သွား
ကြ။



'ကျွန်တော့်ဆီမှာ ခင်မင်းသက်ရဲ့ ဒိုင်ယာရီစာအုပ် ရှိနေ ဘယ်ဆိုရင် ခင်ဗျား ယုံမလား ကိုပတ္တမြား'

ပတ္တမြားကောင်း ပင့်သက်တစ်ချက် ရှိုက်သည်။

'ဘယ်လိုလုပ်ပြီး ဒီစာအုပ်ကို ခင်ဗျားရထားခဲ့တယ်ဆိုတာ ပြောပြရင် ပိုကောင်းမယ်ဗျာ'

'ပြောပြလို့ ရပါတယ်၊ ဒီစာအုပ်ကို ကျွန်တော် ကျွန်တော့် သူငယ်ချင်း လေးမြင့်ဆီက ယူထားခဲ့တာပါ၊ ကျွန်တော်က ဝတ္ထုလေး စပ်စပ်၊ ကဗျာလေး စပ်စပ်၊ စာရေးတာ ဝါသနာပါတော့ လေးမြင့် ဟာ အဲဒီ သူ ခံစားနေရတဲ့အကြောင်းတွေကို ဝတ္ထုရေးပေးပါ၊ ကောင်မလေးရဲ့ အနေအထားကို မှန်းဆနိုင်အောင် ဒီဒိုင်ယာရီ သည်း ယူထားပါဆိုပြီး မူးမူးရူးရူးနဲ့ လာပေးသွားတာပဲ'

'သူကကော ဒီစာအုပ်ကို ဘယ်လိုလုပ်ရလဲ'

'ခင်မင်းသက်မှာ အကျင့်တစ်ခုရှိတယ် ကိုပတ္တမြား၊ လေးမြင့်နဲ့ပတ်သက်ပြီး သူ ခံစားရသမျှ၊ တွေ့ကြုံရသမျှတွေကို နေ့စဉ်မှတ်တမ်းရေးပြီး နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ သူတို့ချင်း ဆုံတဲ့အခါ အဲဒီစာအုပ်ကို ပေးဖတ်လေ့ရှိတယ်'

သည်တစ်ချက်လောက်နှင့်ပင် ပတ္တမြားကောင်း အရှိုက်ကို အထိုးခံလိုက်ရသလို ဖြစ်သွားသည်။ သည့်အကျင့်က မမင်းသက် ၏ အကျင့်မှန်ပင်ဖြစ်သည်။ ခုထိလည်း မမင်းသက် သည်အလုပ်ကို လုပ်နေဆဲ။

(၆)

'ကျွန်တော် ကိုပတ္တမြားကို လေးစားပါတယ်၊ ကိုပတ္တမြား ဘယ်လောက် တော်တယ်၊ အရည်အချင်းရှိတယ်ဆိုတာလည်း ကျွန်တော် ဒီကျောင်းမှာ သေသေချာချာ သိရပါတယ်၊ ကျွန်တော့် သူငယ်ချင်းနဲ့စာရင်တော့ ဘာမှမဆိုင်ဘူးပေါ့ဗျာ၊ ဟိုကောင်ကတော့ ဖွတ်ကြားပေါ့၊ ဒါပေမဲ့ လေးမြင့်နဲ့ ခင်မင်းသက် တစ်ချိန်က အကြီး အကျယ် ချစ်ခဲ့ကြတယ်ဆိုတာကိုတော့ ကိုပတ္တမြားကို သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ကျွန်တော် ပြောပြလို့ ရတယ်'

'သက်သေအထောက်အထားဆိုတာ ဘာကိုပြောတာလဲ ကိုကျော်လှိုင်'

အောင့်သွားသောရင်ကို ဟန်မပျက် ထိန်းထားလိုက်ပြီး

. . . 'အင်း . . . ဆက်ပြောပါဦး ကိုကျော်လှိုင်'

'ခင်မင်းသက် သူ့ကို ဖြတ်လည်းဖြတ်ရော အဲဒီကောင်

ဒေါသဖြစ်ဖြစ်နဲ့ အဲဒီဒိုင်ယာရီစာအုပ် ရအောင်ခိုးထားလိုက်တာ

'ခိုးတာ'

'ဟုတ်တယ် ကိုပတ္တမြား၊ အဲဒီကောင် မင်းသက် အိမ်

ဝင်ပြီး တကယ်ခိုးတာ၊ ကံကောင်းလို့ လူမမိဘဲ လွတ်လာလို့

နှိမ့်လို့ကတော့ သူခိုးဆိုပြီး ဝိုင်းရိုက်ခံရတာနဲ့ လေးမြင့် သေသွား

'အဲဒီစာအုပ် ကျွန်တော် ခဏကြည့်လို့ ရမလား ကိုကျော်

လှိုင်'

'လိုချင်ရင် အပိုင်ယူသွားပါ . . . ကိုပတ္တမြား၊ ကျွန်တော်

ဒီလောက်သစ္စာမရှိတဲ့ မိန်းမတစ်ယောက်ရဲ့ စာသားတွေကို ဝတ္ထု

ထည့်သုံးဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ လေးမြင့်ဆိုတဲ့ကောင်ကလည်း

ခုချိန်မှာ အရက်ကလွဲပြီး ဘာမှ သိပ်တန်ဖိုးမထားတော့ပါဘူး

ပြောရင်း ကျော်လှိုင်က သူ့အဝတ်သေတ္တာထဲတွင် သိ

ထားသော ဒိုင်ယာရီစာအုပ် စိမ်းရင့်ရောင်လေးကို ထုတ်ပေး

သည်။

ထိုစာအုပ်ကို လှမ်းယူချိန်မှာ သူ့ရင်တစ်ခုလုံး ပူလောင်

ကြောင်း ပတ္တမြားကောင်း သတိထားလိုက်မိ၏။

✵

'မဟုတ်ဘူး မောင်၊ အဲဒီလူနဲ့ ပတ်သက်တဲ့ကိစ္စဟာ မောင်

ဆင်သလို လုံးဝမဟုတ်ဘူး'

မမင်းသက်က အကြောက်အကန် ငြင်းသည်။

ပတ္တမြားကောင်းက နာကြည်းစွာ တစ်ချက်ရယ်ရင်း . . .

'ဘာဖြစ်လို့ ညာရတာလဲ မမင်းသက်၊ ပတ္တမြားကောင်း

ချိုတဲ့လူဟာ မင်း အဲလို အတည်ပေါက်နဲ့ ညာလိုက် လှိမ့်လိုက်ရင်

အရင်တုန်းကအတိုင်း ဘာမှအသိဉာဏ်မရှိတဲ့ လူအ၊ နလပိန်းတုံး

ကောင် တစ်ကောင်လို ယုံသွားဦးမှာပဲလို့ မင်း ဘာဖြစ်လို့ ထင်နေရ

သေးတာလဲ'

'မမင်းသက် မောင့်ကို မညာဘူး'

မမင်းသက်ကိုကြည့်၍ သူ အရမ်းစိတ်ပျက်သွားသည်။

လက်ထဲမှာ အခိုင်အမာရှိနေသော သက်သေအထောက်

အထား စာအုပ်ထဲမှ မင်းသက်၏ လက်ရေးနှင့် စာလုံးများက သူ့ကို

ခြိုးလှောင်နေကြပြီဟုလည်း သူ ဒေါသဖြစ်လာသည်။

'ကောင်းပြီ မမင်းသက်၊ မင်းကို ငါ ပါးစပ်နဲ့ စကားလုံးနဲ့

လည်း ပြောနေသမျှ မင်း အခုလိုပဲ ဘူးကွယ်နေဦးမှာပဲ၊ အဲဒီတော့

မင်းကို သက်သေအထောက်အထားပြမယ်၊ အဲဒီသက်သေခံ

ချည်းဟာ မင်းနဲ့သက်ဆိုင်တဲ့ ပစ္စည်းမဟုတ်ဘူးဆိုတာကို အတိ

ကျရှင်းပါ'

'သက်သေခံပစ္စည်း . . . ဟုတ်လား မောင်'

'ဟုတ်တယ် မမင်းသက်၊ ဟောဒီပစ္စည်းဟာ မင်းပစ္စည်း မဟုတ်ဘူးလို့ မင်းငြင်းပါ'

ပတ္တမြားကောင်းက ပြောပြောဆိုဆိုနှင့် သူ့လက်ထဲက စက္ကူအိတ်အထူနှင့်ထည့်ကာ ကိုင်လာသော ဒိုင်ယာရီစာအုပ်ကို စက္ကူအိတ်ထဲကနေ ထုတ်၍ မမင်းသက်ရှေ့တွင် ချပေးလိုက်သည်။

'ဟင်'

မမင်းသက် အရမ်း ထိတ်လန့်အံ့သြသွားသည်။ တည်ငြိမ် ပျက်ပြားသွားသော မျက်လုံးများဖြင့် လှမ်းကြည့်ရင်း . . .

'ဒီစာအုပ်ကို မောင် ဘယ်က ရတာလဲ'

'ငါသိသလောက်တော့ ဦးဘအုပ်ရဲ့ သံသရာဟာ အလေး လေး ရှည်လျားသားပဲ မမင်းသက်၊ ဒီပစ္စည်းကို ပထမတုန်းက ပိုင်တယ်၊ အဲဒီကနေ လေးမြင့်ဆိုတဲ့ကောင်က ခိုးယူတယ်၊ ပြီးတော့ မူးမူးရူးရူးနဲ့ ကျော်လှိုင်ဆိုတဲ့ကောင်ကို ပေးတယ်၊ ကျော်လှိုင်က ငါ့လက်ထဲကို အပ်တယ်၊ အခု မင်းရှေ့ကို ငါယူလာပြီး ပြတယ်'

'ဒီစာအုပ်ထဲက စာသားတွေဟာ မမင်းသက်ရဲ့ အမှန် ခံစားချက်တွေကို မောင် ယူဆဆုံးဖြတ်လိုက်ပြီးပြီလား'

'ဒီစာတွေဟာ မင်းကိုယ်တိုင် လေးမြင့်ဆိုတဲ့ကောင်နဲ့ ခဲ့တွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်ရေးတာ မဟုတ်ဘူး ငြင်း မမင်းသက်'

'ဒီလိုကတော့ မမင်းသက် မငြင်းနိုင်ဘူးပေါ့ မောင်၊ အဲဒါ ဘွက မောင်ပြောတဲ့ အဖြစ်အပျက်တွေပေါ် မူတည်ပြီး မမင်းသက် ကိုယ်တိုင်ရေးခဲ့တဲ့ စာသားတွေပဲ'

'ဒါဆို ခုန မေးခွန်းကို ငါ ဖြေစရာမလိုတော့ဘူးလို့ ထင် တယ်'

'ဟင်း . . .'

မမင်းသက် စိတ်ပျက်လက်လျှော့လိုက်ပုံဖြင့် သက်ပြင်း ချသည်။

ထို့နောက် ပတ္တမြားကောင်းကို ကြေကွဲသည့်မျက်လုံးအစုံ ဖြင့် ကြည့်သည်။ ပြီးမှ နှုတ်ခမ်းကို တစ်ချက်ကိုင်၍ စိတ်ဆုံးဖြတ် ချက်ချလိုက်ဟန်ပြုပြီး . . .

'အဲဒီအဆင့် ရောက်နေပြီဆိုရင်တော့ မမင်းသက် ငြင်း နေလည်း အပိုတွေပဲဖြစ်တော့မှာ မဟုတ်လား မောင်၊ မမင်းသက် ကဆိုးတဲ့အချိန် ရောက်ပြီပေါ့၊ ထားပါတော့လေ၊ မမင်းသက် မောင့်ကို အကြောက်အကန် မငြင်းတော့ပါဘူး၊ မောင်ဆုံးဖြတ်မယ့် ဆုံးဖြတ်ချက်ကိုပဲ နာခံဖို့ ကြိုးစားပါတော့မယ်၊ ကဲ . . . ပြော မောင်၊ အဲဒါတွေအတွက် မောင် မမင်းသက်ကို ဘယ်လိုအဆုံးအဖြတ် ပေး မလဲ'

'မင်းနဲ့ငါ ဒီအချိန်ကစပြီး လုံးဝ မပတ်သက်တော့ဘူး မမင်းသက်၊ မင်းနဲ့ငါဇာတ်လမ်းက ဒီမှာတင် ပြီးသွားပြီ'

'ဒါ အပြီးသတ်အဆုံးအဖြတ်ပဲလား မောင်၊ မမင်းသက် အယူခံခွင့် မရှိတော့ဘူးလား'

'ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ ငါ ဘာမှမကြားချင်တော့ဘူး'

'အဝေးကြီးမှာ ကျန်ခဲ့တဲ့ ကိစ္စတစ်ခုအနေနဲ့ ပစ္စုပ္ပန်မှာ ဘာမှ အမှားအယွင်းမလုပ်ခဲ့တဲ့ မမင်းသက်ကို နည်းနည်းလေးပြန် ဖြစ် ခွင့်လွှတ်နိုင်ဖို့ မကြိုးစားတော့ဘူးလား'

'မင်းမျက်နှာလည်း ငါမမြင်ချင်တော့ဘူး၊ မင်းရဲ့ မာယာ များတဲ့အသံလည်း ငါ မကြားချင်တော့ဘူး မမင်းသက်'

'ကောင်းပါပြီ မောင်၊ အဲဒါဆိုလည်း မမင်းသက်ကို မောင် ထားခဲ့ပါ၊ ဒါပေမဲ့ မောင့်အတွက် မမင်းသက်ဟာ ဘာမှမပြောင်း လဲဘူးဆိုတာကိုတော့ မောင့်စိတ်ထဲမှာ မလိုလဲ လိုလဲဖြစ်ဖြစ် မှတ် သားထားပေးပါ၊ မောင့်ကို မမင်းသက် တစ်သက်လုံးချစ်နေပြီ မောင့်ကိုပဲ ထာဝရ မျှော်လင့်နေမှာပါ၊ မောင် ဘယ်အခြေအနေမှာ မှာ ရှိနေရှိနေ မောင့်ကို မမင်းသက် အမြဲလိုအပ်နေမှာပါလို့ ပြော လိုက်ပါရစေ'

'ဒါတွေက သိပ်တန်ဖိုး မရှိတော့ပါဘူးလေ၊ အရင်တုန်းက လည်း ဒီစကားမျိုးတွေ ဒီလိုပဲ ပြောခဲ့ဖူးတာပဲ'

ပြောရင်းနှင့် လှည့်ထွက်ခဲ့သည်။

မမင်းသက်နှင့်ပတ်သက်၍ နာကျင်မှုများကတော့ ရင်း

မှာ ခံစားနေရဆဲ ဖြစ်သည်။

နောင်တွင် ဘယ်သောအခါမှ ပြန်တွေ့ရတော့မည် မဟုတ်သည့် မမင်းသက်၏ မျက်နှာ၊ ဘယ်သောအခါမှ ပြန်ကြား ရတော့မည်မဟုတ်သည့် မမင်းသက်၏ အသံလေးများအတွက် နှမြောတသဖြစ်နေမှုလေးများလည်း ရင်၌ တွယ်ငြိဆဲပင် ဖြစ်သည်။

သို့သော ဒါတွေက ကြာလျှင် ပျောက်သွားမှာပါဟု သူ ဘစ်ထစ်ချ ဇွတ်ယုံကြည်ပစ်လိုက်၏။



ဒီနေ့ မောင်က သူ့ကို ဘာဖြစ်လို့ မောင် . . . . လို့ ခေါ်တာလဲလို့ မေးတယ်။

မမင်းသက်က မမင်းသက်ဘဝမှာ မမင်းသက်အချစ်ဆုံးလူကို မောင် . . . လို့ ခေါ်မယ်လို့ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် မောင်လို့ ခေါ်တာပဲလို့ ပြောလိုက်ပါတယ်။

မောင် အရမ်းကျေနပ်သွားပြီးပြုံးတယ်။

မောင်ပြုံးတာမြင်တော့ မမင်းသက် ပျော်လိုက်တာ။

ဘာဖြစ်လို့ ပျော်တာလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိတယ်။

အဖြေက ရှင်းပါတယ်။

မောင့်ကို ချစ်လို့ပေါ့တဲ့။

✵

မောင်ရေ . . .

ဒီနေ့ သေချာချိန်းထားရက်နဲ့ မောင် ဘာဖြစ်လို့ မလာတာလဲ။

မမင်းသက်ကို မချစ်တော့ဘူးလား။

(၇)

မောင် . . .

ဒီနေ့ မောင့်ကို မောင်လို့ အားရပါးရ ခေါ်လိုက်မိတယ်။ ဟုတ်တယ်လေ။ မောင့်ကို မမင်းသက်က ချစ်သွားမိတာကိုး။ မမင်းသက်ကမ္ဘာမှာ မောင်မရှိလို့ မဖြစ်တော့ဘူးလေ။ မောင်ဟာ မမင်းသက်ရဲ့ အဓိက လိုအပ်ချက်တစ်ခု ဖြစ်သွားပြီဆိုတာ မောင် သိရဲ့လား။

. . . . . .

✵

မမင်းသက် အညာခံနေရပြီလား။

မောင်တစ်ယောက် ခဏလေး ရောက်လာတာ နောက်ကျရင်တောင် မျက်ရည်ဝဲရတဲ့ မမင်းသက် ဒီနေ့ တစ်နေ့လုံး ငိုလို့မဆုံးဖြစ်တော့ မယ်ဆိုတာ မောင် နားမလည်ဘူးလား။

✵

'တောက်'

သည်စာသားလေးများသည် သူ့တစ်ယောက်တည်းကိုသာ ရေးဖွဲ့နေသည့် စာသားများဟု ထင်မြင်ယူဆခဲ့စဉ်က ရင်ကို ကြည်နူးချမ်းမြေ့မှုများစွာ ဖြစ်စေခဲ့သည့် စာသားလေးများပင်။

ခုကျတော့ သည်စာသားများ အတိုင်းပင် တစ်လုံးမလွဲ လေးမြင့်ကို ရည်ရွယ်ရေးသည့် စာအုပ်ထဲတွင်လည်း တွေ့ခဲ့ရသည်။

မောင်ဆိုသော အခေါ်အဝေါ်လေးပင် မလွဲ၊ မပြောင်း။

သည်မိန်းကလေးက ကိုယ့်ကို အရမ်းချစ်သည်ဟု ထင်မြင်ယူဆခဲ့ခြင်းမှာ အလွန် အ,သော၊ နိုးသော၊ အသုံးမကျသည့် နလပိန်းတုံးဆန်သော ဖြစ်ရပ်များဖြစ်သည်ဟု အသည်းခိုက်အောင် နာကြည်းခံပြင်းသည်။

ပတ္တမြားကောင်းဆိုသော လူတစ်ယောက်၏ ထက်မြက်

သော ဉာဏ်ရည် ဉာဏ်သွေး၊ ထူးချွန်သော အရည်အချင်း၊ အစွန်းအထင်း မရှိခဲ့သည့် သိက္ခာတရားအားလုံးကို ဘာတစ်ခုမှ သုံးမရအောင် အစော်ကား ခံလိုက်ရခြင်းပင်။

သည်အတွေး သည်ခံစားချက်များနှင့်အတူ မမင်းသက်ဆီမှ နောက်ဆုံးရောက်လာသည့်စာကို ဖတ်ကြည့်ဖြစ်သည့်တိုင် ဘာတစ်ခုမှ ခံစားထိခိုက်နိုင်ခြင်း မရှိတော့။

✵

ကိုကိုကြီးဆုံးပြီးတဲ့နောက်ပိုင်းမှာ မမင်းသက်ရဲ့ ဘဝဟာ တွယ်ရာမဲ့သလို ဖြစ်ခဲ့ပါတယ် မောင်။

အစကတည်းက မှီတွယ်ရာ တစ်ခုခုပေါ်မှာ သိပ်တွယ်တာအားကိုးလွန်းတဲ့ မမင်းသက်ရဲ့ဘဝမှာ ဒီတိုင်း ထီးတည်းရပ်တည်နေလို့ မရနိုင်ဘူးလို့ မမင်းသက် ခံစားမိတယ်။

အဲဒီမှာ အချစ်ဆိုတာ မမင်းသက် ရှာဖွေဖို့ ကြိုးစားလာတယ်။

လူတစ်ယောက်ကို မမင်းသက် ချစ်နေချင်တယ်။ အဲဒီဟာလည်း မမင်းသက်ဘဝအတွက် အရာရာ အားကိုးရတဲ့လူမျိုး ဖြစ်ချင်တယ်။ ဒါမှမဟုတ်လည်း မမင်းသက် ချစ်သွားတဲ့သူဟာ မမင်းသက်ရဲ့ တွယ်ရာမဲ့ဖြစ်နေတဲ့ ခံစားမှုတွေ၊ မှီတွယ်ရာ တစ်ခုခု ဖြစ်

အဲဒီအချိန်ဟာ မောင်နဲ့ တကယ်တမ်း ဘာမှမပတ်သက်တဲ့အချိန်ပါ။ အဲဒီ စာအုပ်ထဲမှာပဲ မမင်းသက် နောက်ဆုံး ရေးခဲ့တဲ့ နေ့စွဲ အတိအကျ ပါပါတယ်။

အဲဒီနောက်မှ မောင့်ကိုတွေ့ပြီး မောင့်ကို စတွေ့တဲ့အချိန်မှာပဲ မမင်းသက် လိုချင်တဲ့ယောကျ်ားဆိုတာမျိုးဟာ မောင့်လို လူမျိုးပါလားလို့ တန်းသိတယ်။

အဲဒီတော့မှလည်း အချစ်ဆိုတဲ့အရာရဲ့ သဘာဝဟာ ဇွတ်လုပ်ကြံဖန်တီးယူလို့ မရပါလား။ တကယ့်အချစ်ဆိုတာ သူ့ဟာသူ ပေါက်ဖွားလာတာပါလားလို့ သဘောပေါက်မိတယ်။

တကယ့်အချစ်နဲ့ တကယ်လိုချင်တဲ့လူကို တွေ့ပြီ၊ ရပြီ ဆိုတော့ မမင်းသက် အရင်က စိတ်ကူးယဉ်တည်ဆောက်ခဲ့တဲ့ဘဝကို မောင်နဲ့ လက်တွေ့ပြန်တည်ဆောက်ယူတော့တယ်။

ဒါကြောင့် မောင် ဆိုတာချင်း တူပေမယ့် 'မောင်' နဲ့ တက်သက်တဲ့ ခံစားမှုတွေကို ရေးဖွဲ့တဲ့စကားလုံးတွေ စာသားတွေ တူပေမယ့် အနှစ်သာရချင်းကတော့ မိုးနဲ့မြေလောက် ကွာတယ် မောင်။

ထားပါလေ။ ခုချိန်မှာ ဒါတွေ မမင်းသက် ဘယ်လောက် ပြည့်စုံအောင် ရှင်းပြနေလည်း အရမ်း နာကြည်းနေတဲ့ မောင့်ရင်ကို ဘယ်လိုမှ ထိခိုက်ယုံကြည်အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒီမိန်းမ ငါ့ကို ပလီစိချောက်ချက်မျိုးစုံနဲ့ ပလီနေပြန်တာပဲ

လာမှာပဲလို့ ယူဆအောက်မေ့မိတယ်။

အဲဒါနဲ့ မမင်းသက်က လေးမြင့်ရဲ့အချစ်ကို လက်ခံလိုက်တာပါ။

နဂိုကတည်းက အားနည်းပျော့ညံ့တဲ့ စိတ်အခံနဲ့ လူတယောက်ကို သိပ်ချစ်ချင်နေတဲ့ မမင်းသက်ဟာ သူ့ကိုလည်း တမင်မချစ် ချစ်အောင် ခံစားပြီး ချစ်ကြည့်ခဲ့တယ်။

မောင် ဖတ်လိုက်ရတဲ့ စာသားတွေဟာ မမင်းသက် သူ့ကို တကယ် ချစ်နေတယ်လို့ ထင်ပြီး စိတ်ထဲမှာ လွှတ်ခံစားမိသလောက် ရေးချခဲ့တဲ့ စာသားတွေပါ။

ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အဲဒီဘဝကို မမင်းသက် မပျော်တော့ဘူး မောင်။

သူ့ကို မမင်းသက်ကသာ ဘဝတစ်ခုလုံး ပုံအပ်ပြီး အစွမ်းကုန် ချစ်နိုင်ဖို့ ကြိုးစားခဲ့တာ။ ဒါပေမဲ့ သူ့ရဲ့ ယောကျ်ားမပီသတဲ့ စိတ်ဓာတ်၊ အစွမ်းအစ၊ ခံယူချက်၊ အားကိုးမခံလောက်တဲ့ အသည်အချင်း၊ အဲဒါတွေဟာ မမင်းသက် မျှော်လင့်နေတဲ့ ပုံစံမျိုးနဲ့ အလေကြီး ဖြစ်နေတာ တွေ့ရတယ်။

အဲဒီမှာ မမင်းသက် ဒီလူဟာ ငါလိုချင်တဲ့ယောကျ်ားမဲ့ မဟုတ်ဘူးဆိုတာ သိသွားတယ်။

အဲဒါကြောင့်လည်း မမင်းသက်ဘာသာပဲ မမင်းသက် သူ့ကို ဖြတ်တောက်ခဲ့တာပါ။

သက်ကို လိုချင်စိတ်ရှိသေးတယ်ဆို မမင်းသက်ကို အချိန်မရွေး လှမ်းခေါ်ပါ။

မောင်ခေါ်တဲ့အချိန်မှာ ဘယ်လောက်ဝေးတဲ့နေရာပဲဖြစ် ဖြစ် မမင်းသက် မောင့်ဆီကို ပြန်လာခဲ့ပါ့မယ်။

အဲဒီအချိန်မှာ မောင် ဘာဖြစ်နေနေ၊ ဘယ်လိုဘဝမျိုးမှာ ပဲရှိရှိ မမင်းသက်ကို အားနာလို့ မခေါ်လိုက်မိတာမျိုး မရှိပါနဲ့။

မောင် ဘယ်ဘဝမျိုးမှာပဲရှိနေနေ မောင့် အနားမှာနေ့ရ ရုံ မမင်းသက် အစစပြည့်စုံလုံလောက်ပါတယ်။

လရောင်နဲ့မှ ပွင့်တဲ့ ကုမုဒြာကြာပန်းလေးလိုပဲ မောင့်ကို မမင်းသက်က လမင်းကြီးလို့ ထင်ပါတယ်။

မမင်းသက်ဟာ မောင်ဆိုတဲ့ ငွေလရောင် လင်းနေတာ အမြဲမြင်ချင်တွေ့ချင်နေသူပါ။

တစ်နေ့နေ့ မမင်းသက်ကို မောင် ပြန်ချစ်လာပါစေလို့ ဘဝသက်ဆုံးထိ မျှော်လင့်ချက်အပြည့်နဲ့ မမင်းသက် မောင့်ကို စောင့်နေပါ့မယ်။



လို့ပဲ ထင်နေမှာ မမင်းသက် သိပါတယ်။

ရှိပါစေတော့ မောင်ရယ်။

ခုဟာကတော့ မမင်းသက်ရဲ့ဘဝ ချစ်ကြမ္မာငင်တာပါ။ မမင်းသက်ကိုက ကုသိုလ်ကံဆိုးပြီး မောင့်ကို ဘယ်လို နားလည်အောင် ရှင်းမပြနိုင်တဲ့အကြောင်းတွေနဲ့ တိုက်တိုက်ဆိုင် ဆိုင် သွားကြုံတွေ့လိုက်ရတာပါ။

ဒါတွေက ခုမှ ပြန်မဖြစ်ချင်လို့ မရတော့တဲ့ အတိတ်က ကိစ္စတွေမို့ မမင်းသက်လည်း ဘာမှမလုပ်တတ်တော့ဘူး။

ဘဝမှာ ကြုံခဲ့တဲ့ အဖြစ်တစ်ခုဆိုတာ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ဖျောက်ဖျက်ပစ်ချင်လို့မှ မရတာ။

ရှိပြီးခဲ့တာကိုတော့ အရှိအတိုင်းပဲ ထားရတော့မှာပေါ့။

ဒါကြောင့်လည်း ကုသိုလ်ဆိုးတဲ့ မမင်းသက်ဘဝကို မမင်း သက် ခါးစည်းရင်ဆိုင်ပြီး အဝေးမှာပဲ နေပါ့မယ်။

ဒါပေမဲ့ မောင့်ကိုချစ်တာ တစ်ခုကတော့ . . . ။

မောင်ဟာ မမင်းသက် ဘဝနဲ့ သိပ်ကို ဆက်စပ်ပေါင်းစည်း သွားမိနေပါပြီ။ မောင်ကလွဲလို့ မမင်းသက် အချစ်တွေ၊ ဘဝတွေ အားကိုးမှုတွေ၊ အပ်နှံစရာ တခြားတစ်ပါးယောကျ်ားဘယ်သူမှ မရှိနိုင်တော့ပါဘူး။

ဒါကြောင့် မောင့်ကို အမြဲ မမင်းသက် မျှော်နေပါ့မယ်။ တစ်ချိန်ချိန်မှာ မမင်းသက်ကို နားလည်လို့ မောင် မေ

(၈)

နောက်ပိုင်းမှာတော့ သူ့ဘဝလည်း အပြောင်းအလဲ အမျိုး
မျိုးတွေနှင့် ကြုံခဲ့ရသည်။

မမင်းသက်နှင့် ပြတ်ပြတ်ရှင်းရှင်းဖြစ်ပြီး သိပ်မကြာခင်
သူ ကျောင်းပြီးသည်။

အင်ဂျင်နီယာဘွဲ့ရပြီးခါစ အစိုးရအလုပ်ပဲ စောင့်လုပ်
မလိုလို၊ ကိုယ်ပိုင်အလုပ်တစ်ခုခုကိုပဲ ဇောက်ချလုပ်ရမလို
သို့မဟုတ် . . . နိုင်ငံခြားပဲ ထွက်ပြီး အလုပ်လုပ်ရလျှင် ကောင်း
မလိုလို။

စိတ်ကူးများစွာဖြင့် ဘဝကို အကျိုးရှိဆုံး ပုံစံဖြင့် ဆ

လျှောက်လှမ်းနိုင်ရန် ရွေးချယ်စဉ်းစားနေဆဲမှာ သိဂီကျော်နှင့် သူ
ဆုံခဲ့သည်။

သိဂီကျော်ကတော့ မမင်းသက်နှင့် ဘာမှမဆိုင်သည့်
မိန်းကလေး။

သိဂီကျော်မှာ အထင်ရှား အပေါ်လွင်ဆုံး ဂုဏ်ပုဒ်ကတော့
အလှပင်။

အရမ်းလှသည်။

မမင်းသက်လို ပိန်ရှည်ရှည် ပြားချပ်ချပ်လေးမဟုတ်။

မျက်နှာကော ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်း
သည်တို့ပါ ဘာတစ်ခုမှ အပြစ်ပြောစရာရှိသည့် . . . စင်းလုံး
ချာအလှ။

နာမည်ကြီး ရုပ်ရှင်မင်းသမီးတစ်ယောက် လှသည်ဆိုသည်
မှာ သိဂီကျော် အိပ်မှုန်စုံမွှားနှင့် ထ,လာသော ရုပ်လောက်ပင်ရှိ
သည်။

သို့သော် သိဂီကျော်က မင်းသမီး မဟုတ်။

မင်းသမီးဆိုသောအလုပ်ကို လုပ်ဖို့မပြောနှင့် အနုပညာ
အလုပ်ဆို ဘာအလုပ်ဖြစ်ဖြစ် ဖက်ခွက်စားဆိုသည့် သဘောမျိုးထား
ကာ လူရာဝင်တန်း မသွင်းချင်သည့် ကြွယ်ဝသော အထက်တန်းစား
မိသားစုဝင် မိန်းကလေးတစ်ဦး။

ချမ်းသာခြင်းအရာမှာလည်း တော်ရုံသင့်ရုံနှင့် နည်းနည်း

နောနော ချမ်းသာပုံမျိုး မဟုတ်။

မျိုးရိုးအစဉ်အဆက်ကပင် တော်ဝင် သူဌေးဘွဲ့ ခံလာနိုင်ခဲ့သော သူကြွယ်မျိုးတွေ။

မြန်မာပြည်မှာ သည်နာမည်ပြောလိုက်လျှင် ကလေးအစ မသိသူမရှိသော နာမည်ကြီး သွေးဆေးကို လက်မလည်အောင် ထုတ်လုပ်ရောင်းချနေခဲ့ပြီး မိသားစုအစဉ်အဆက် ပစ္စည်းဥစ္စာ ငတ်ပွားချင်တိုင်း တိုးပွားနေခဲ့သူတွေ ဖြစ်သည်။

ပညာအရည်အချင်းကတော့ ရိုးရိုး သိပ်ပွဲဘွဲ့ရ။

သို့သော် သိဏ်ကျော်လို မိန်းကလေးမျိုးမှာ ပညာရေးနှင့် ဆိုင်သော ဘွဲ့အဆင့်ဆိုတာတွေက ဘာမှမသုံးမဝင်တော့။ ဘာပညာမှ မသင်ဘဲနှင့်လည်း တစ်သက်မက ဆယ်သက် ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားနိုင်သည့် အနေအထားမှာ ရှိသည်။

သိဏ်ကျော်ကို တွေ့ဆုံမိမှ၊ သိဏ်ကျော်၏ အနေအထားကို စေ့စေ့ငင သုံးသပ်ပြီးမှ ကျော်မိုး အမြဲပြောပြောနေသည့် 'မင်းရဲ့ ထိုက်တန်တဲ့ မိန်းကလေး' ဆိုတာ ဒါမျိုးပဲဖြစ်ကြောင်း ပတ္ထုပ်ကောင်း သဘောပေါက်သည်။

မမင်းသက်နှင့်ပတ်သက်၍ သူ့ကျဆင်းပျက်ယွင်းသွားသော ဂုဏ်သိက္ခာအပေါင်းကို သည်မိန်းကလေးမျိုးနှင့် နီးစပ်ချင်း လက်ထပ်ပေါင်းဖက်ခြင်းနှင့်သာ ပြန်ဆယ်တင်နိုင်လိမ့်မည်ဟု တွက်ဆသည်။

သို့အတွက် သိဏ်ကျော်ကို သူ ချစ်ခင်ပန်ရန် လုံးပန်းတော့၏။



သို့သော် မူလကတည်းကပင် သူ ဒီကိစ္စကို ခက်ခက်ခဲခဲ လုံးပန်းစရာ လိုလိမ့်မည် မဟုတ်ဟု တွက်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သိဏ်ကျော်နှင့်သူ စတင်ဆုံတွေ့ဖူးသည့် အနေအထားလေးမှာပင် သူ့အတွက် အရေးသာသည့် အခွင့်အလမ်းကောင်းလေးတွေ များစွာရှိကြောင်း သူ သတိပြုမိခဲ့၏။

ဆုံတွေ့ခြင်း အဖြစ်ကလည်း ဘာမှ သိပ်ထူးထူးဆန်းဆန်းတော့ မဟုတ်။

အလွန်တရာ ရာထူးအဆင့်မြင့်မားသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သမီးနှင့် အလွန်တရာ ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သားတို့ အင်းလျားကန်ဟိုတယ်မှာ အလွန်တရာခမ်းနားကြီးကျယ်သော ဧည့်ခံပွဲကြီးတစ်ခု ကျင်းပ၍ မင်္ဂလာဆောင်သည်။

ထိုမင်္ဂလာဆောင်မှာ သူတို့၏ မိသားစုနှင့် သိဏ်ကျော်တို့ မိသားစု နှစ်စုလုံးလည်း အထူးဂုဏ်ယူဖိတ်ကြားခံရသည့် ဧည့်သည်များစာရင်းတွင် ပါခဲ့သည်။

ပါပုံချင်းကတော့ မတူ။ သူတို့မိသားစုက သမီးရှင်ဘက်မှ တစ်ချိန်က လုပ်ဖော်ကိုင်ဖက်များ ဖြစ်ခဲ့ကြသည့် မိတ်ဆွေရင်းရဲဘော်ရင်းတွေဟူသော ဂုဏ်သိက္ခာသမိုင်းအစဉ်အလာတန်ဖိုးဖြင့် ဖိတ်ကြားခံရသည်။

သိဏ္ဍကျော်တို့မိသားစုက သားရှင်ဘက်မှနေ ငွေကြေးလုပ်ငန်း စသည်တို့မှာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ လုပ်နေရသော ဘဝတူ ကြွယ်ဝသူချင်း ခင်မင်ရင်နှီးမှု ဂုဏ်သိက္ခာဖြင့် ဖိတ်ကြားခံရခြင်း ဖြစ်သည်။

တစ်ဘက်စီက ဖိတ်ကြားခံရသူများ ဖြစ်သော်လည်း နေရာယူမိသည့်အခါကျတော့ မင်္ဂလာဆောင်ပွဲ၏ အထူးသီးသန့်စားပွဲ တစ်ခုမှာ အတူတူ ထိုင်ဖြစ်သွားသည်။

ပတ္တမြားကောင်းတို့ဘက်မှ သူနှင့်မေမေ။

အဘိုးကြီးတွေကတော့ သူတို့ဝိုင်းနှင့် သူတို့။

သည်မှာ တစ်ယောက်နှင့် တစ်ယောက် တစ်ခေတ်အခါ သိကျွမ်းဖူးသူများလည်း ဖြစ်နေကြသဖြင့် သူ့မေမေနှင့် သိဏ္ဍကျော်တို့ မေမေက အလွန်တရာ စကားဖောင်ဖွဲ့ဖြစ်သွားကြသည်။

မတွေ့ရတာ ကြာပြီ၊ သားတွေ သမီးတွေတောင် ကြီးပြင်းနေပြီ၊ အသက်တွေ မငယ်တော့ဘူး၊ ဒါပေမဲ့ မြက လှတုန်းပဲ ခင်ခင်ကလည်း အရမ်းအရွယ်တင်တာပဲ . . . ဘာပဲ ညာပဲ ပြောပြောရင်း သူတို့နှစ်ယောက်ကိုလည်း မေမေများက မိတ်ဆက်ပေးလိုက်

ကြသည်။

'ဒါက ခင်ခင့်သားလေ . . . အငယ်ဆုံးကောင်၊ ပတ္တမြားကောင်းတဲ့၊ အာအိုင်တီက ဘီအီးဘွဲ့ရပြီးသား၊ အခုတော့ အလုပ်ရသေးခင် ငုတ်တုတ်ထိုင်စားပဲ၊ သားကတော့ နိုင်ငံခြားသွားအလုပ်လုပ်ဖို့ ပြောနေတာပဲ၊ ဟိုမှာကတော့ အဆင်ပြေနိုင်ပါတယ်၊ သားက စာလည်း အရမ်းတော်ခဲ့တော့ နှစ်တိုင်း ပထမအဆင့်နဲ့ အဆင့်မြင့်အောင်တွေချည်းဖြစ်ခဲ့တာ၊ သားက အားကစားဘက်လည်း ထူးချွန်တယ်၊ အိမ်မှာ သူ့ဆုတံဆိပ်တွေချည်းပဲ'

'ဩော် . . . ဟုတ်လား၊ သားကလည်း အဖေတူ အမေတူ သူချောပဲ၊ အရပ်အမောင်းတွေ ဘာတွေကလည်း ထွားကျိုင်းလိုက်တာ၊ အင်း . . . ခင်ခင်တို့ကတော့ အရမ်းအားကိုးဖို့သာ ပြင်တော့၊ ခါနဲ့ မြသမီးနဲ့လည်း မိတ်ဆက်ပေးရဦးမယ်၊ ဒါက မြတို့ရဲ့ တစ်ဦးတည်းသော သမီး သိဏ္ဍကျော်လေ၊ တစ်ဦးတည်းသော သမီး၊ လှကလည်း အရမ်းလှတော့ ရွေလိုဥထားရတယ် ခင်ခင်ရေ၊ ဘာပဲပြော ပြော မိန်းကလေးတစ်ယောက်မှာ အရေးကြီးဆုံးက ကွန်ဒြေနဲ့သိက္ခာ မဟုတ်လား၊ ဒီအပိုင်းမှာ တစ်စက်မှ အပြစ်ပြောစရာမရှိအောင် ကိုယ်တိုင် ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရတာ၊ ကြောင့်လည်း ခုတော့ ရည်းစားတောင် တစ်ခါမှ မထားဖူးတဲ့ အပျိုကြီးပေါက်စလေး ဖြစ်နေတာပဲ'

မေမေနှစ်ဦး အပြန်အလှန် ကြော်ငြာနေဆဲမှာပင် သူက

လည်း သီဂီကျော်ကို ပြုံးပြသည်။ သီဂီကျော်ကလည်း မဝံ့မရဲသော အကြည့်လေးများဖြင့်ကြည့်ရင်း တုံ့ပြန်ခေါင်းညိတ်ပြုံးပြသည်။

ည့ဲခံပွဲ နိဂုံးချုပ် အစီအစဉ်ဖြစ်သော အစားအသောက် စားသုံးချိန်မှာ ပတ္တမြားကောင်းက သွက်လက်ဖျတ်လတ်စွာ တစ်ဝိုင်းလုံး စားသောက်ရန် ဆင်းဒဝစ်၊ ပတ်ဖ်၊ ကော်ဖီ စသည် တို့ကို အဆင်သင့် လုပ်ပေးလိုက်သည်။

သီဂီကျော်၏ ပန်းကန်ပြားလေးထဲသို့ ဂေါ်ဖီနှင့် မုန့်လား ဝါအဖတ်ကလေးများ များများပါသော ဆင်းဒဝစ်မုန့်လေး တမ် ရွေးချ ထည့်ပေးလိုက်သည်။

သီဂီကျော်က ရှက်ကိုးရှက်ကန်းဖြင့် ကျေးဇူးပဲတု ပြော သည်။

သူ ကမ်းပေးလိုက်သော ကော်ဖီခွက်ကို သီဂီကျော် လှမ်းယူသည်။ စိန်လက်စွပ် လင်းလင်းလက်လက်လေးနှင့် အပြီ ဖြူဖွေးဝင်းစက်နုညက်နေသော သီဂီကျော့်လက်ကလေးများ ထူးခြားခြားလှပမှုကို သူ အံ့သြစွာ ကြည့်သည်။

ထို့နောက် သီဂီကျော့်မျက်နှာကိုလည်း အားရပါးရ ကြည့်သည်။

သီဂီကျော်က အပြုံးလေး မပွင့်တပွင့်ဖြင့် မျက်နှာ ပန်းရောင်သန်းပြီး မျက်လွှာချသည်။

ပြီးတော့ မျက်စောင်းဆန်ဆန် အကြည့်လေးတစ်ချက်

ခဏကြာသောအခါ ပြန်ခိုးကြည့်သည်။

သူ ကြည့်မြဲကြည့်နေသည်နှင့် ပြန်ဆုံသောအခါ စောစော ကထက် အပြုံးလေး ပိုပိုပြင်လာပြီး မျက်လွှာပြန်ချသည်။

ဤကဲ့သို့ ဇာတ်လမ်းအစ အခြေခံ ပျိုးပြီးသားလည်းဖြစ်၏။



'ဟာ . . . ဒီလိုတော့ ဘယ်ဟုတ်မလဲ မေမေရ၊ သူမအား ကိုယ်သွား၊ ကိုယ်မအား သူလာ၊ ခင်မင်တဲ့ သူငယ်ချင်းမိတ်ဆွေဆို တာ အဆင်သင့်တဲ့သူက သွားလည်လိုက်ရုံရှိတာပေါ့၊ တစ်ခေါက် လောက်တော့ မေမေသွားသင့်တယ်'

'ဘာလုပ်ဖို့လဲ သား၊ သားအတွက် မိန်းမတောင်းပေးဖို့ လား'

'ဟာ . . . မေမေကလည်း တဲ့တိုးကြီး'

'သွယ်ဝိုက်ပြောလည်း နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက် ရမှာပဲ သားရယ်၊ အဲဒီတော့ လိုရင်း အရင်စ,ပြောလိုက်တာ အကောင်းဆုံးပေါ့။ ဘာလဲ . . . သားက မြသမီး အချောအလှလေး ကို အရမ်းသဘောကျနေပြီလား'

'ဟုတ်တယ် မေမေ'

'အင်း . . . မဆိုးပါဘူး၊ မေမေလည်း သဘောကျသလိုပဲ၊ ဒါနဲ့ သားကျောင်းတုန်းက တတွဲတွဲလုပ်နေတဲ့ ကောင်မလေးက ကော ဘယ်လိုအခြေအနေရှိလဲ'

'ကျွန်တော်တို့နှစ်ယောက် ဘာမှ မပတ်သက်ကြတော့ပါ ဘူး၊ ကြာလှနေပြီ'

'အေး . . . အဲဒါဆို မေမေလည်း မြသမီးလေးကို သဘော ကျပါတယ်၊ မြဆီ ဖုန်းဆက်ပြီး မေမေ လာလည်မယ့်အကြောင်းနဲ့ သားက သမီးကို သဘောကျနေကြောင်း အရိပ်အမြွက် ထည့်ပြော

(၉)

'မေမေ'

'ဘာလဲ သား'

'ဟိုတစ်ခါ မင်္ဂလာဆောင်တုန်းက ဆုံခဲ့တဲ့ အန်တီမြတို့ဆီ မေမေ သွားမလည်တော့ဘူးလား၊ အဲဒီတုန်းကတော့ မေမေ လာလည်ဦးမယ် ဘာညာနဲ့ပြောခဲ့ပြီး'

မေမေက ရယ်၍ . . .

'ဟဲ့ . . . သားရဲ့ . . . အဲဒီလိုကတော့ သူကလည်း ပြော တာပဲ၊ သူကလည်း လာလည်မယ်ပြောပြီး ခုထိ တစ်ခေါက်မှ လာ မလည်တာ၊ မေမေလည်း ဘယ်သွားချင်တော့မလဲ'

ပြီး စကားကမ်းကြည့်လိုက်မယ်'

ပတ္တမြားကောင်း သိဏ္ဍကျော်ကို ချစ်ခွင့်ရရန် လုံးပန်းခြင်းနည်းလမ်းသည် ရှင်းရှင်းနှင့် ရိုးရိုးပင် ဖြစ်သည်။

ထိလည်း ထိရောက်ပါသည်။

နောက်နေ့တွင် သိဏ္ဍကျော့်မေမေထံမှ မေမွေးကို လာလည်ဖို့အကြောင်းနှင့် အေးအေးဆေးဆေးလည်း စကားပြောချင်ကြောင်း သားရေးသမီးရေးလည်း ပြောလို့ရတာပေါ့။ သားလည်း ခေါ်ခဲ့ပါလူငယ်ချင်းလည်း တွေ့ကြပြုကြ အကဲခတ်ဆုံးဖြတ်လို့ ရကြတာပေါ့ဟု အကြောင်းပြန်သည်။

တွေ့စမ်း ပြစမ်း အကဲခတ် ဆုံးဖြတ်ကြစမ်းဟု ပတ္တမြားကောင်း စိတ်ထဲကနေ ကြုံးဝါးသည်။

ဒါမျိုး ရင်ဆိုင်ရမှာတော့ သူ မကြောက်။

သိသည်မဟုတ်လား . . . ပတ္တမြားကောင်းလေ။ သည်လို စစ်ဆေးလေ့လာလို့ကတော့ ဘာမှ အားငယ်စရာမရှိ။

အကောင်းဆုံးတွေချည်း စုနေသော ပတ္တမြားကောင်း။ သည်လောက်တော့ ကိုယ့်ကိုယ်ကိုယ် သိနေပါ၏။

✵

နောက်ထပ် သိပ်မကြာသော ကာလမှာပင် ပတ္တမြား

ကောင်းနှင့် သိဏ္ဍကျော် လက်ထပ်ဖို့ အစီအစဉ်တွေ ဆွဲဖြစ်သည်။

စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာအခမ်းအနားကိုလည်း အင်းလျားကန်ဟိုတယ်မှာပင် တခမ်းတနားကျင်းပသည်။

စေ့စပ်ပွဲမှာကတည်းက ဓာတ်ပုံတွေ တွဲရိုက်လိုက်ရသည်မှာ မင်္ဂလာဆောင်အစစ်ကျတော့ သတို့သားနှင့် သတို့သမီးအဖြစ် ဓာတ်ပုံရိုက်ရန် အနေအထားအသစ် တစ်ခုမှပင် လုံးဝမကျန်တော့အောင် ဖြစ်၏။

သူတို့နှစ်ယောက်၏ လှပပုံ၊ ချောမောပုံ၊ နေနှင့်လ ရွှေနှင့် မြကဲ့သို့ ရှေ့သွားနောက်လိုက်ညီပုံ၊ တင့်တယ်ပြေပြစ်ပုံတွေကို ဧည့်ပရိသတ်အပေါင်း ချီးမွမ်း၍ မဆုံးတော့။

သည်ကြားထဲမှာ ပတ္တမြားကောင်းနှင့် သိဏ္ဍကျော် ချစ်စကား၊ ကြိုက်စကား တစ်ကြိမ်သာ ပြောဖူးသည်။

'သိဏ္ဍ'

'ရှင်'

'လူကြီးတွေက သိဏ္ဍနဲ့ ကိုယ့်ကို လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်၊ အဲဒါ သိဏ္ဍသိတယ် မဟုတ်လား'

'သိပါတယ်'

'သိဏ္ဍသဘောက ဘယ်လိုရှိလဲ'

'ဘာကို ပြောတာလဲ'

'သိဏ္ဍက ကိုယ့်ကို ချစ်နိုင် မချစ်နိုင် ပြောတာပါ'

'ဩော် . . . သိပ်ကို အဲဒါတွေ မသိပါဘူး၊ မေမေတို့ ကောင်းတယ်ထင်လို့ စီစဉ်ရင် ပြီးတာပဲ'

'သိပ်ကိုကတော့ ကိုယ့်ကို ချစ်လား၊ မချစ်ဘူးလား တစ်ခါမှ မစဉ်းစားဖူးဘူးလား'

'အို . . . မစဉ်းစားပါဘူး၊ တော်ပြီ၊ အဲဒါတွေ လာမမေးနဲ့ သူ့ကို လက်ထပ်မယ်လို့ မေမေတို့ကို ပြောပြီးပြီပဲ၊ ဒီထက် ဘာမှ ပိုမပြောချင်တော့ဘူး၊ သိပ်ကို ရှက်တယ်'

ဒါပဲဖြစ်သည်။

သို့သော် ဒါလည်း သူ့ဟာနှင့်သူတော့ များစွာ လုံလောက်ပါ၏။

လိုရင်းတွေအားလုံး အပြည့်အစုံရှိနေခဲ့ပြီ မဟုတ်ပါလား။

✲ ✲ ✲

အပိုင်း ၁၀

ငွေလ၊ ရောင်လင်းတာ အမြဲမြင်ချင်

(၁)

လောကကြီး၏ လှည့်စားတတ်သောသဘောကို စေ့စေ့တွေးလေ ချောက်ချားအံ့ဩရလေ ဖြစ်သည်။

တက်ခြင်း၊ ကျခြင်း၊ နိမ့်ခြင်း၊ မြင့်ခြင်း သဘောများပါသော လောကဓံတရားသည် ရှိ၏ဟု သူ နားမလည်ခဲ့တာ မဟုတ်။

သို့သော် ကြံဖန်တိုက်ဆိုင်ဖန်တီးတတ်ခြင်းသဘောကိုတော့ ဘယ်လိုမှ မအံ့ဩဘဲ မနေနိုင်။

စင်စစ် သိဂီကျော်နှင့်ကိစ္စသည် အရိပ်အာဝါသကောင်းသော တောအုပ်ကြီးတစ်ခုထဲမှ ကန်ရေပြင်သဖွယ် ငြိမ်သက်အေးချမ်း တည်ငြိမ်စွာပင် ပြီးပြည့်စုံသွားရမည့်ကိစ္စ။

သည်ဇာတ်လမ်းမှာ ဘာမှကွေ့ကောက်မှု မရှိ။ အဖြင့် အပျက် အဆန်းအပြား မရှိ။ နှောင့်ယှက်ဖျက်ဆီးတတ်သော လူကြမ်း၊ ဘေးပယောဂ စသည်တို့သည် မရှိ။

ရိုးရိုးနှင့်ရှင်းရှင်း ခင်းထားသည့် ဇာတ်။

အချိန်ပိုင်းအလိုက် ကြိုတင် ပန္နက်ရိုက်ထားသော လမ်းကြောင်းပေါ်မှာ အေးဆေးတည်ငြိမ်စွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းလိုက်ရုံသာ။

ပြီးခဲ့သည့်အဆင့်တိုင်းမှာလည်း ဘာတစ်ခုမှ အထစ်အငေါ့ မရှိဘဲ ချောမွေ့ပြေလည်စွာ ဖြတ်သန်းကျော်လွှားနိုင်၏။

စေ့စပ်ခြင်းကြောင်းလမ်းခြင်းမင်္ဂလာအခမ်းအနားနှင့် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာအကြားမှာ ရက်ပေါင်း ၉၀ ကျော်လပေါင်း သုံးလလောက်ပဲ ခြားထားသည်။

သည်ကြားထဲမှာ နှစ်ဘက်အဆက်အသွယ်၊ နှစ်ဘက်မိဘ အသိုင်းအဝိုင်း၏ပံ့ပိုးမှုဖြင့် ပတ္တမြားကောင်း နိုင်ငံခြားသို့ အလုပ်သွားလုပ်ရန်ကိစ္စကလည်း သေချာသလောက် ဖြစ်သွားသည်။

ချက်ချင်းကြီး ထွက်ခွာဖို့တော့ မဟုတ်။ လက်ထပ်ပြီး သုံးလေးလတော့ သူ မြန်မာပြည်မှာ နေရဦးမည်။ နေရာထိုင်ခင်းလည်း ဘာမှမပူရ။ သိဏ္ဍကျော်၏မိဘတွေ ပိုင်ဆိုင်သော ဖိုးစိန်လမ်းက လုပ်ငန်းနှင့်တွဲလျက် တိုက်ကြီးတစ်လုံး၊ ရွှေတောင်ကြားရှိ လက်ဦး သူတို့မိဘများနေသည့် ခြံကျယ်ဝင်းကျယ် နှစ်ထပ်တိုက်ကြီး။

ကြိုက်ရာမှာ သူတို့နှစ်ယောက် နေနိုင်သည်။

မိဘများနှင့်တွဲနေချင်လျှင် ရွှေတောင်ကြားကတိုက်မှာနေ။

ဒါမှမဟုတ် ပတ္တမြားကောင်း နိုင်ငံခြားမသွားခင် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေချင်လျှင် ဖိုးစိန်လမ်းက တိုက်မှာနေ။ ဖိုးစိန်လမ်းကတိုက်က အောက်ထပ်မှာသာ လုပ်ငန်းကိုင်ငန်းအတွက် မန်နေဂျာတို့ ဇာတို့ ရှိသည်။ အပေါ်ထပ် တစ်ထပ်လုံးမှာ ဘယ်သူမှမရှိ။

လင်မယားနှစ်ယောက်၊ အောက်ထပ်မှာ ခေါ်ခိုင်းစရာ အခွေအရံပေါင်းများစွာနှင့် ကြိုက်သလိုနေ။ သွားစရာ လာစရာ အတွက်လည်း ပတ္တမြားကောင်း အိမ်ကကားကိုပင် ယူသွားစရာ မလို။

သိဏ္ဍကျော်တို့မှာ ကိုရိုနာ အီးအိတ်စ်ခ် ဆလွန်းတစ်စီး၊ ဆန်နီဆူပါဆလွန်းတစ်စီး၊ ကိုရိုလာ အက်စ်အီးအိတ်တီဝမ်းမော်ဒယ် တစ်စီးနှင့် ဆန်နီ၊ ပါတ်ဗလစ်ကာ၊ ဟိုင်းလတ်စ်ပစ်ကပ်ကားများ သုံးစီးရှိသည်။

ဒါတွေအားလုံးကို ပတ္တမြားကောင်း အလိုရှိသလို သုံးနိုင်သည်။

နိုင်ငံခြား အလုပ်သွားလုပ်သည် ဆိုသည်ကလည်း စင်စစ်ဂုဏ်အတွက်မျှသာ။ သမက်က အီလက်ထရွန်းနစ်ဘွဲ့ရ အင်ဂျင်နီယာတစ်ဦး၊ ဂျပန် သို့မဟုတ် အမေရိကားလို သာမန်လူ ဒီဇာ

တစ်ပတ်လောက်ရဖို့ပင် မလွယ်သည့် နိုင်ငံကြီးမျိုးမှာ ငါးနှစ်စာချုပ် သုံးနှစ်စာချုပ်ဖြင့် တရားဝင် မှန်မှန်ကန်ကန် သွားအလုပ်လုပ်နိုင်သူ။

ဒေါ်လာကိုလည်း သူ့အရည်အချင်းကြောင့် တစ်လ သုံးလေးထောင်လောက် အသားတင် ကုမ္ပဏီက ပေးထားသေးသည်။

ဟိုရောက်ပြီး တစ်နှစ်လောက်ကြာလျှင် အိမ်က မိန်းမကို လှမ်းခေါ်၍ အနောက်နိုင်ငံတစ်ခွင် ပြုပြင်အောင် လည်ပတ်လေ့လာနိုင်သေးသည်။

ဒါအတွက်ပဲ သိဏ်ကျော့်မိဘတွေက သူ့ကို နိုင်ငံခြား လွှတ်ခြင်း ဖြစ်၏။

ကျန်တာ ဘာမှမလို။

သုံးနှစ်တန်သည်။ ငါးနှစ်တန်သည် လူရှိသေ ရှင်ရှိသေ အလုပ်သွားလုပ် ဂုဏ်ဖော်ပြီးလျှင် မြန်မာပြည် ပြန်လာခဲ့။

အိမ်မှာရှိနေသော သွေးဆေးလုပ်ငန်း၏ ဝင်ငွေက နိုင်ငံခြားထက်မသာတောင် နိုင်ငံခြားလောက်ကတော့ အသာလေး ဝင်သည်။

ထိုအချိန်မှာ သိဏ်ကျော့်အဖေက အနားယူပြီး ဘုရားအလုပ်၊ တရားအလုပ်ပဲ လုပ်တော့မည်။ လုပ်ငန်းအားလုံးကို သူနှင့် သိဏ်ကျော်တို့က လွှဲယူပြီး ဆက်ကြီးကြပ်သွားတော့။

မင်္ဂလာဆောင်ဖို့ အစီအစဉ်များ ဖြောင့်ဖြူးချောမွေ့နေသလို၊ အနာဂတ်ဘဝ စီမံကိန်းကလည်း ပန်းခင်းသော လမ်းထက်တောင် မွေးပျံ့သင်းထုံနေသေးသည်။

အရာအားလုံးကို သူတို့တွက်ကိန်းနှင့်သူတို့၊ သူတို့နှစ်ယောက်၏မင်္ဂလာပွဲအတွက် သိဏ်ကျော့်မိဘများလည်း ခေါင်းတမော့မော့ မာန်တဝင့်ဝင့် တက်တက်ကြွကြွ။

ပတ္တမြားကောင်း မိဘတွေကလည်း လက်မတထောင်ထောင် ဂုဏ်တယူယူ လှုပ်လှုပ်ရှားရှား။

ရွှေစင်နှစ်ပြား ဂဟေသားထားသည်ကမှ ခပ်ပါးပါးဖြစ်နေလိမ့်ဦးမည်။ ပတ္တမြားကောင်းတို့ မင်္ဂလာကိစ္စက ဧရာမ စိန်ပြားအချပ်ကြီးနှစ်ချပ်ကို ပလက်တီနန်ဖြင့် ဘောင်ကွပ်ထပ်ထားသည့် ပုံစံမျိုးကြီး။

နေ့များ ရက်များ ဖြတ်သန်းပြီး စေ့စပ်ပွဲ လွန်မြောက်၍ နှစ်လကျော်ကြာသောအခါ တကယ် လက်ထပ်ရမည့်နေ့ရောက်ရန် တစ်လခန့်သာ လိုတော့သည်။

ထိုနေ့က ပညာ၊ လင်းပြပုံနှိပ်တိုက်မှာ ခါတိုင်း ရိုက်ရိုးရိုက်စဉ် ရိုက်နေကျ မြန်မာပြည်မှာ အကောင်းဆုံးဆိုသော မင်္ဂလာဖိတ်စာများထက် နည်းနည်းပို၍ အကောင်းဆုံးဖြစ်သော ဖိတ်စာများရိုက်ပြီး၍ ပတ္တမြားကောင်းသွားယူခြင်း ဖြစ်သည်။

ပထမတော့ သိဏ်ကျော်ကိုပါခေါ်၍ နှစ်ယောက်အတူတူ သွားရွေးပြီး အပြန်မှာ ဗိုလ်ချုပ်စျေးဝင်ရန်ဖြစ်သည်။

သို့သော် တစ်ရက်အလိုလောက်ကျမှ ကပ်၍ အခြားကိစ္စ တစ်ခု ပေါ်လာသည်။


ပတ္တမြားကောင်း အလုပ်သွားလုပ်မည့် အက်စ်အီးဒီပီ အင်တာနေရှင်နယ်ကုမ္ပဏီမှ ဧည့်သည် နိုင်ငံခြားသားတစ်ယောက် မြန်မာပြည်ရောက်လာမည် ဖြစ်သည်။

သူ့ကို လေယာဉ်ကွင်း သွားကြိုမည့်အဖွဲ့ထဲမှာ ပတ္တမြား ကောင်းကို ထည့်ပေးသည်။

သို့အတွက် သီဇီကျော် မလိုက်တော့ဘဲ နေ့လယ်ပိုင်းမှာ ပညာအလင်းပြပုံနှိပ်တိုက်မှာ ဖိတ်စာရွေး၊ ထိုကနေ တောက် လျှောက်တန်း၍ မင်္ဂလာဒုံလေယာဉ်ကွင်းကို သွား၊ ဟိုမှာ ကြို၊ ဧည့် သည်ကို အင်းလျားကန်ဟိုတယ်ပို့၊ အားလုံး ကိစ္စဝိစ္ဆပြီးမှ ပတ္တမြား ကောင်း သီဇီကျော်တို့အိမ်မှနေ ကားနှင့်ထွက်ခွာခါနီးသောအခါ လူကြီးများအလစ်ချောင်းပြီး အပေါ်ထပ်လှေကားထိပ်နားမှာ သီဇီ ကျော်ပါးကိုတောင် လှစ်ခနဲ နမ်းလာခဲ့သေး၏။

သည်လောက်တော့ ရှိရမည်လေ။

အာဝါဟ ဝိဝါဟတွေ ဘာတွေ ပကာသန မလုပ်ရသေး သော်လည်း သူသွားရွေးမည့် ပညာအလင်းပြ ဖိတ်စာထဲမှာမှတော့ စာလုံးများဖြင့် အကြင်လင်မယားတွေပင် ဖြစ်နေကြပြီ မဟုတ်ပါလား။



(၂)

အမှန်တော့ သည်ကိစ္စက သက်သက်ဖြစ်ချင်၍ ဖြစ်သွား ခြင်းသာ ဖြစ်သည်။

သည်နေရာက ကိုးလောင်းကွေ့၊ ဘာကွေ့၊ ညာကွေ့၊ စ သဖြင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်တတ်သော အန္တရာယ်ကွေ့ တစ်ကွေ့ ဖြစ်သော်လည်း ဒါတွေက သိပ်သတိမထားဘဲ မောင်းနှင် တတ်သော ယာဉ်မောင်းများအတွက်သာ ဖြစ်၏။

ပတ္တမြားကောင်း ကားမောင်းလျှင် အလွန်သတိရှိသည်။ အထူးသဖြင့် ရှင်ပြုခါနီး၊ မင်္ဂလာဆောင်ခါနီးတို့လိုအချိန် မျိုးမှာ အနှောင့်အယှက် ရှိတတ်သည်။ အမြင့်မတက်နှင့်။ ရေထဲ

မဆင်းနှင့်။ သွားတာလာတာ ကားမောင်းတာက အစ သတိထားဆိုသော အချက်ကို လူကြီးတွေကလည်း သတိပေးပြီးသား။

သို့အတွက် နည်းနည်းပါးပါး စိတ်အနှောင့်အယှက် ဖြစ်စရာ မတော်တဆမှုမျိုးပင် မဖြစ်ရအောင် ပတ္တမြားကောင်း အစစ အရာရာ ဂရုစိုက်သည်။

မဆိုစလောက် ရှိခဲ့သည်ဆိုသော ပြဿနာက တစ်ခုသား။

ထိုနေ့က မင်္ဂလာဆောင်ဖိတ်စာကိစ္စမှာ လျှပ်စစ်မီး ခဏခဏပျက်နေသော ပြဿနာကြောင့် မှန်းထားသော အချိန်ထက် နည်းနည်းနောက်ကျပြီးမှ ရသည်။

သို့အတွက် လေယာဉ်ကွင်းသို့ သူ ကားမောင်းလာသော အခါ လမ်းရှင်းလျှင် ရှင်းသလို နည်းနည်းလေး အရှိန်တင်မောင်းလာခဲ့ခြင်းသာ ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ အင်စီဒီ အလွန်ဂေါက်ကွင်း ဟိုဘက်သာသာလောက် နေရာမှာ လမ်းနှစ်ခါ ဆင့်ကွေ့ပြီး အလိမ်အစောင်းများဖြင့် ချိုးနေသော နေရာ။

သို့သော် ထိုနေရာမှာ လမ်းက သိပ်ရှင်းလွန်းနေသည်။

သို့အတွက် သူက လမ်းကျယ်၏ ညာဘက်ကို သိပ်မကပ်တော့ဘဲ ဘယ်ဘက်လမ်းအလယ်ကို လှုပ်၍ လမ်းကြောအတိုင်း အလိုက်သင့် ချိုးကွေ့သည်။

သူ့ဘက်က လုံးဝမမှား။

လမ်းအလယ် လုမောင်းသည် ဆိုသည့်တိုင် ညာဘက် မီးထိုးလျှင် မြင်သာအောင် လုပ်ထားသည့် ရောင်ပြန်ဉတ်ပုလေးများ ရှိနေသော အလယ်မျဉ်းဖြူကြောင်း၏ ကိုယ့်ဘက်အတွင်းမှာသာ ရှိသည်။

'ဟာ'

ရုတ်တရက် မထင်မှတ်ဘဲ တစ်ဖက်ကွေ့မှ ပေါ်ထွက်လာသည့် ကားတစ်စီးကို ကျော်တက်ပြီး သူ့ဘက်လမ်းထဲရောက်အောင် လမ်းတအားခိုးမောင်းလာသည့် ကား။

ပြုန်းစားကြီး မြင်ကွင်းထဲရောက်လာသော ကားကြောင့် အမှတ်တမဲ့ လန့်သွားမိသော်လည်း ပတ္တမြားကောင်းမှာ သတိရှိသည်။

ကိုယ့်ညာဘက်ကို ရုတ်ခြည်း ပြန်ဆွဲယူပြီး လမ်းဘေးဘက်ဦးတည် စိုးဝင်သွားသော ကားကို လမ်းအလယ်အကြောင်းဘက် ပြန်ရောက်ရန် တအား ချိုးကွေ့သည်။

သို့သော် ကားက လိုသလောက် ပါမလာတော့။ လမ်းအစောင်းမှာ ပုံမကျသော ချိုးကွေ့ခြင်းဖြစ်၍ ကားက ဟန်ချက်ပျက်သွားသည်။

ညာဘက်ကို အရှိန်များများဖြင့် ပြန်ယူလိုက်သည်နှင့် တစ်ပြိုင်နက် ကားက လိမ့်သွားပြီး ကတ္တရာလမ်းပေါ်မှာ ဘေးတိုက်ပြီး ပွတ်တိုက်ရွေ့လျားသည်။

ထို့နောက် လမ်းဘေးမှ ဓာတ်တိုင်တစ်တိုင်ကို ကန့်လန့်ကြီး ပြေးဝင်ဆောင့်ပြီး ရှေ့ပိုင်း တွန့်ကြေလျက် ကားက ရပ်သွားသည်။

သတိလစ်နေသော ပတ္တမြားကောင်းကို ဘေးပတ်ဝန်းကျင်မှ အကူအညီပေးသူများက ကားအောက် ခေါင်းခန်းထဲမှ မနည်းဆွဲထုတ်ယူပြီး ဆေးရုံသို့ ပို့လိုက်ရသည်။

ကျန် တစ်ကိုယ်လုံးမှာ သေလောက်သည့် ဒဏ်ရာအကြီးအကျယ် မရသော်လည်း ပတ္တမြားကောင်း၏ ညာဘက်ခြေထောက်ကတော့ ဒူးဆစ်အထက်နားလောက်ကနေ အရိုးပါကြေပြီး ပျက်စီးသွားသည်။

ဆေးရုံမှာ အရေးပေါ် ခြေထောက်ကို ဖြတ်တောက်လိုက်ရပြီးနောက် သုံးလေးလကျော်ကျော် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူလိုက်ရသည်။

မင်္ဂလာဆောင်ကိစ္စလည်း ယာယီဖျက်သိမ်း၍ ရက်အကန့်အသတ်မရှိ နောက်ဆုတ်လိုက်ရ၏။



ဆေးရုံပေါ်မှာတုန်းကတော့ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါဆိုသလို သီဇီကျော် လာကြည့်သေးသည်။

အိမ်ပြန်ရောက်ပြီး အပြင်လူနာအဖြစ် ဆက်ဆေးကုသနေရသည့်အခါကျတော့ တစ်ပုတ်မှ တစ်ကြိမ် ရောက်ဖို့ပင် မသေချာလှတော့ကြောင်း ပတ္တမြားကောင်း သတိထားမိ၏။

သို့အတွက် မေမွေ့ကို အကျိုးအကြောင်း မေးကြည့်ရသည်။

'သီဇီကျော်တို့ဘက်က အရင် အစီအစဉ်အတိုင်း ဆက်လုပ်ချင်မှာ မဟုတ်တော့ဘူးလို့ ကျွန်တော်ထင်တယ် မေမေ၊ မေမွေ့အမြင်ကကော ဘယ်လိုရှိလဲ'

မေမေ မျက်နှာမကောင်း။

'ပြောလို့တော့ မရဘူးပေါ့ သားရယ်၊ ဒါမျိုးဆိုတာ ဖြစ်လည်း ဖြစ်တတ်တာပဲ၊ ဒါပေမဲ့ တချို့ကျတော့လည်း ဒီလောက် မရိုင်းတတ်ပါဘူး၊ နှုန်ဝဲဝဲ၊ ကျိုးကျိုးကန်းကန်း ဒါ ဘဝကံပဲလို့ ဖြေသိမ့်နားလည်တတ်ပါတယ်'

'ကျွန်တော် သီဇီကျော်ကို လက်မထပ်ရမှာစိုးလို့ ဒီစကားပြောတာ မဟုတ်ပါဘူး မေမေ၊ ကျွန်တော်ကလည်း ကျွန်တော့်ဒုက္ခိတဘဝကို ဇွတ်မှိတ်ပြီး သူတို့လက်ထဲ မအပ်ချင်ပါဘူး၊ သူတို့လိုချင်တဲ့ ဂုဏ်ကျက်သရေနဲ့ ကျွန်တော့်အစွမ်းအစတွေအားလုံးဟာ ဖြတ်လိုက်ရတဲ့ ကျွန်တော့်ခြေထောက်တစ်ဖက်နဲ့အတူ ပါသွားပြီဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ အဲဒါကို ပြောရခက်နေလို့ မသိမသာ ရှောင်ဖယ်ဖယ် လုပ်နေရတာမျိုးတော့ သူတို့ကို မလုပ်စေချင်ဘူး မေမေ၊ ပွင့်ပွင့်လင်းလင်းနဲ့ တစ်ခုခုကို ပြတ်ပြတ်သားသားပဲ

မေးလိုက်ပါ'

မေမေက ခေါင်းညိတ်သည်။

ရည်ရွယ်ရင်းစွဲကတော့ စေတနာသာ ဖြစ်သည်။

သူ့လိုလူတစ်ယောက်အနေနှင့် ဤကဲ့သို့ ဒုက္ခိတဘဝမျိုးသို့ မမျှော်လင့်ဘဲ ရောက်ရသည့်အခါ ခံစားရသည့် စိတ်ဝေဒနာသည် သက်သက်သာသာ မဟုတ်လှ။

ခြေထောက်ဖြတ်လိုက်ရပြီဟု သိသည့်ခဏမှာ အခြားနာကျင်မှုဝေဒနာများထက် ဘဝဆုံးပြီဆိုသောအသိကို ခံစားရသည့် ဝေဒနာက များစွာပို၍ဆိုးရွားလှသည်။

ဘဝမှာ ဘယ်သောအခါမှ မျက်ရည် မကျဖူးသော ယောကျ်ားရင့်မာကြီးတစ်ယောက် မျက်ရည်ဖြိုင်ဖြိုင် ကျဖြစ်ခဲ့သောနေ့။

ဘဝ၏ မျှော်လင့်ချက်ပေါင်း များစွာကိုလည်း စွန့်လွှတ်လိုက်ရပြီဖြစ်ကြောင်း သိသည်။

ထိုအချိန်ကစ၍ ခံစားခဲ့ရသော စိတ်ဓာတ်ပျက်ပြားထိခိုက်ခြင်းဝေဒနာကို လနှင့်ချီ၍ ဖြေသိမ့် ကုစားယူရသည်။ ကိုယ့်ဘဝမှန်ကိုလည်း ကိုယ်ပြန်လက်ခံနိုင်အောင် ကြိုးစားသည်။

ကြိုးစားချက်အားလုံး အောင်မြင်ပြီဆိုမှ သီဓိကျော့်ကိစ္စအပြတ်ရှင်းပေးရန် မေမေ့ကို တောင်းဆိုမိခြင်းဖြစ်သည်။ သူ့ဘဝဒုက္ခကို မည်သူ့ကိုမှ မျှဝေမပေးချင်တော့။

စေ့စပ်ထားပြီးသား၊ ဖိတ်စာရိုက်ပြီးသား၊ နှစ်ယောက်သားတရားဝင် အိမ်ထောင်ဖက်အဖြစ် ပေါင်းဖက်ရန် ကြော်ငြာပြီးသား ဆိုသောအချက်ကို အခွင့်ကောင်းယူ၍ တစ်ဖက်လူကို ဒုက္ခမပေးချင်တော့။

သူတို့ဘက်က သိပ်သိတတ်လွန်းပြီး ဇွတ်နှစ်လာရင်တောင် ကိုယ့်ဘက်က အလိုက်သိစွာ စွန့်ခွာပေးရန် ဆုံးဖြတ်ပြီးသား။

သို့သော် အဖြစ်အပျက်များက ရည်မှန်းသည့်အတိုင်း ဖြစ်မလာ။

ခုတ်ရာတလွဲ၊ ရှရာတခြား ဆိုသကဲ့သို့ပင် စေတနာက ဝေဒနာများစွာ ဖြစ်လာခဲ့ရ၏။



ဘစ်ယောက်နဲ့ တွဲခဲ့ဖူးလို့ ပြီးတော့ လွန်လွန်ကျဲကျဲတွေလည်း ဖြစ်ခဲ့ကြတယ်ဆိုတာ ခုမှသိလို့ သားအကျင့်စာရိတ္တကို မကြိုက်တာနဲ့ သူတို့က ဒီစေ့စပ်ထားတာကို ဖျက်လိုက်တာပါတဲ့'

'ဟာ . . . ဒါကတော့ သိပ်မိုက်ရိုင်းလွန်းတယ် မမေ၊ သူတို့ ဘာဖြစ်လို့ ဒီစေ့စပ်ခဲ့တာကို ဖျက်ချင်တာလဲဆိုတာ မမေလည်း သိတယ်၊ ကျွန်တော်လည်း သိတယ်၊ ကျွန်တော့်အခြေအနေကို ကြားတဲ့ သိတဲ့ လူတိုင်းလည်း သိတယ်၊ ဒါကို ပြောင်ပြောင်တင်းတင်းပဲပြောပြီး ဖျက်လိုက်ပါလား၊ ကျွန်တော်တို့ကလည်း ဒီဘဝကြီးနဲ့ သူ့သမီးကို ကုတ်ကပ်မယူပါဘူး၊ ကျွန်တော် ယောကျ်ားပါ မမေ၊ ယောကျ်ားကောင်းပီပီ ဘဝအောင်မြင်မှုဒဏ်ကို ရင်ကော့ခံခဲ့သလို၊ ဘဝရှုံးနိမ့်မှုဒဏ်ကိုလည်း ခါးစည်းခံနိုင်ပါတယ်၊ ဒါပေမဲ့ ခုဟာက ဖြေနိမ့်ရာလှဲစိုက် သိပ်မိုက်ရိုင်းစော်ကားလွန်းအားကြီးတယ်၊ နောက်ပြီး ကျွန်တော် တန်ဖိုးအထားဆုံး ကျွန်တော့်စာရိတ္တကို သက်သက်မယ့် နာမည်ဖျက်တယ်'

'ဒါကို မမေသိပါတယ် သားရယ်၊ ဒါပေမဲ့ ရှိပါစေတော့လေ၊ သူတို့က သား ဒီလိုဖြစ်လို့ စေ့စပ်တာကို ဖျက်လိုက်ရတယ်ဆိုရင် လူမဆန်ဘူးလို့ လူတွေက သူတို့ကို ထင်မှာလဲ ကြောက်ပုံရပါတယ်၊ ဒါကြောင့် အဲဒါကို အကြောင်းမပြဘဲ မရှိတဲ့အပြစ် တမင်ရှာပြီး အကြောင်းပြကောင်းအောင် လုပ်လိုက်တာပါ၊ ဒါပေမဲ့ လိုရင်းကတော့ အတူတူပါပဲ၊ မမေကလည်း အဲလိုဆိုရင်လည်း ဖျက်လိုက်

(၃)

'ဗျာ . . . ဘာပြောတယ် မမေ၊ သူတို့က တကယ်ပဲ အဲလို ပြောလိုက်လား'

ကြားကြားချင်းပင် ဒေါသက ထောင်းခနဲ့ တွေက်သည်။

မကြာ၍ မဟုတ်ဘဲ မယုံ၍ ပြန်မေးလိုက်သောအမေးကို မမေက ခေါင်းညိတ်ပြရင်း . . .

'ဟုတ်တယ် သား၊ မမေလည်း အံ့သြသွားတယ်၊ ပြောတာတော့ စေ့စပ်ကြောင်းလမ်းကို ဖျက်ဖို့ပါပဲ၊ ဒါပေမဲ့ အကြောင်းပြချက်က သားဒုက္ခိတဖြစ်လို့ သူတို့ဘက်က အဲလိုလုပ်တာ မဟုတ်ဘူးတဲ့၊ သူ့သမီးနဲ့မတွေ့ခင် ကျောင်းတုန်းက သားက ကောင်မလေး

ပါတော့လို့ ပြောခဲ့တယ်'

'ဖျက်တာက ဖျက်ပါ မမေ၊ ကျွန်တော်လည်း လက်ခံပါတယ်၊ ဒါပေမဲ့ သူတို့ကို ကျွန်တော် သွားတွေ့ပြီး စာရင်းရှင်းရမယ်၊ အထူးသဖြင့် ကျွန်တော် အရမ်းတန်ဖိုးထားဂုဏ်ယူတဲ့ ကျွန်တော့် စာရိတ္တကိုတော့ အဲလို ထိခိုက်စော်ကားပြီး အကြောင်းမပြပါနဲ့၊ နောက်ပြီး ဒီသဘင်းက အကျယ်အကျယ် ပြန့်သွားရင် ကျွန်တော် ဘာတစ်ခုမှ လွန်လွန်ကျူးကျူးမဖြစ်ခဲ့တဲ့ မိန်းကလေးမှာလည်း အများကြီး နစ်နာပါတယ်၊ ဘာမှအကြောင်းပြချက် ပေးစရာ မလိုဘူး၊ လက်ထပ်ဖို့ စီစဉ်ထားတာကို ဖျက်တယ်၊ ပြီးပြေပဲ့'

'နေပါဦး သားရယ်၊ အလောသုံးဆယ် ဘာမှလုပ်ဖို့ မကြီးစားပါနဲ့၊ နောက်မှ ခေါင်းအေးအေးနဲ့ ဒီကိစ္စကို ရှင်းပါ'

မေမေ့ ဖျောင်းဖျစကားကြောင့် ခုချက်ချင်း ထ,သွားခင် စိတ်ပေါက်နေသည့် ပတ္တမြားကောင်း စိတ်ကို လျှော့လိုက်၏။

ခုချိန် စိတ်ဓာတ်ကျနေသောအခါမို့သာ ဖြစ်သည်၊ ဟိုတုန်းက စိတ်မျိုးနှင့်ဆို အဲဒီမိသားစု မလွယ်ဘူးဟု စိတ်ထဲက ကြိမ်းမိ၏။

သို့သော် ထိုနေ့က ဘာပြဿနာမှ မဖြစ်။

ပြဿနာဖြစ်သည်က နောက်နေ့ကျမှ ဖြစ်သည်။

မနက်ခင်း အိမ်ရှေ့မှ ဆူညံဆူညံအသံတွေကြား၍ ပတ္တမြားကောင်း အိပ်ခန်းထဲကနေ ချိုင်းထောက်ဆွဲပြီး အိမ်ရှေ့ ဧည့်ခန်းထွက်ခဲ့သည်။

ဧည့်ခန်းထဲမှာ သတင်းစာကိုကိုင်၍ ဒေါသပေါက်ကွဲနေသော ဖေဖေ။

'တောက် . . ရိုင်းလိုက်တာကွာ၊ ငါ့သား လူကောင်း ပကတိနဲ့ သူတို့လိုချင်တဲ့ အရည်အချင်းတွေ အပြည့်အဝရှိနေတုန်းကတော့ ခုချက်ချင်းပဲ ဘုရားစင် တင်ထားတော့မလို ဖြစ်နေလိုက်ကြတာ၊ ခု ငါ့သား ဒုက္ခရောက်ပြီး မသန်မစွမ်းတော့မှ အကျင့်စာရိတ္တ ဘာဖြစ်သလေး ညာဖြစ်သလေးနဲ့၊ တော်ပြီ မြ . . . အဲဒီသတင်းစာ ငါ့ရှေ့က ယူသွား၊ နို့မို့ ဒီကြော်ငြာ ကြာကြာကြည့်မိရင် အဲဒီမိသားစုကို ငါကိုယ်တိုင် သွားသတ်မိနေလိမ့်မယ်'

သူက ဖေဖေ့ဆီ လျှောက်သွား၍ ထိုသတင်းစာကို လှမ်းယူသည်။

'မဖတ်ပါနဲ့တော့ သားရယ်၊ သား ဖတ်မိရင် သားလည်း ဖေဖေ့လိုပဲ ဒေါသဖြစ်ရလိမ့်မယ်'

မမေက တားသော်လည်း မရတော့။ သတင်းစာကို ကမန်းကတန်းလှန်၍ ဖြစ်နိုင်မည်ထင်သော ကြော်ငြာများကို လိုက်လံကြည့်ရှုသည်။

တွေ့၏။

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း

. . . ဆိုသော ခေါင်းစဉ်အောက်မှာ ဘယ်နေ့ဘယ်ရက်က အင်းလျားကန်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်ဖြစ်သော မောင်ပတ္တမြားကောင်းနှင့် သိဏ္ဍီကျော်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို မောင်ပတ္တမြားကောင်း၏ စာရိတ္တချွတ်ယွင်းခဲ့မှုကြောင့် နှစ်ဘက်ညှိနှိုင်းဖျက်သိမ်းလိုက်ပြီ ဖြစ်ပါကြောင်းဆိုသော စာသားများကို တွေ့ရသည်။

ဤသည်မှာပင် သူလည်း ဒေါသများစွာ ပေါက်ကွဲသွားခဲ့တော့၏။

✵

ဖြစ်ပျက်မှုအစီအစဉ်ကို ဖြစ်စဉ်အတိုင်း အတိအကျ ပြန်ပြောရလျှင် . . .

တစ် - ပတ္တမြားကောင်း အိမ်မှနေ ကားနှင့်ဒရိုင်ဘာကို မောင်းခိုင်းပြီး သိဏ္ဍီကျော်တို့အိမ်ကို သွားသည်။

နှစ် - သိဏ္ဍီကျော်တို့အိမ် ရောက်သောအခါ တစ်အိမ်လုံးမှာ အိမ်ဖော်ကောင်မလေးနှစ်ယောက်နှင့် သိဏ္ဍီကျော်မှလွဲ၍ မည်သူမျှ မရှိ။

သုံး - သူက သိဏ္ဍီကျော်နှင့် တွေ့ခွင့်တောင်းသောအခါ သိဏ္ဍီကျော်က လက်မခံ။ တွေ့စရာအကြောင်း မရှိတော့ဘူးဟု ပြော၍ အပေါ်ထပ်မှာပဲနေသည်။ အောက်ထပ်ကို ဆင်းမလာ။

လေး - ပတ္တမြားကောင်းက သိဏ္ဍီကျော် ဆင်းမတွေ့လျှင် သူ တက်တွေ့မည်ဟု ပြောကာ သိဏ္ဍီကျော်တို့အိမ်အပေါ်ထပ်ကို လှေကားအတိုင်း ခက်ခက်ခဲခဲ တက်သွားသည်။

ငါး - အပေါ်ထပ် ရောက်သောအခါ သိဏ္ဍီကျော်က အိပ်ခန်းထဲမှ ထွက်လာသည်။ လှေကားထိပ်တွင်ပင် ရှိသေးသော ပတ္တမြားကောင်းကို ထိုနေရာ၌ပင် ရပ်၍ ရန်တွေ့စကားပြောသည်။

ခြောက် - လှေကားထိပ်မှာ မျက်နှာချင်းဆိုင်ရပ်လျက် တစ်ယောက်တစ်ခွန်း စကားများသည်။

ခုနစ် -

သည်အချက်မှာတော့ ထွက်ဆိုချက် နှစ်မျိုးဖြစ်ပြီး အနည်းငယ် ကွာခြားမှု ရှိသည်။

သိဏ္ဍီကျော်တို့အိမ်က အိမ်ဖော်မလေး နှစ်ယောက်၏ထွက်ဆိုချက်တွင် တရားခံနှင့် သေသူတို့ အချင်းများရာက တရားခံက ဒေါသတကြီး ဟစ်အော်ပြီး သေသူကို လှေကားထိပ်မှနေ တမင်

တွန်းချ သတ်ပစ်လိုက်သည်ဟု ပြောသည်။

တရားခံ၏ ထွက်ဆိုချက်ကတော့ သည်လိုမဟုတ်။ ဒေါ်သ တကြီး ဟစ်အော်ပြောဆိုသည်အထိ အမှန်ဖြစ်သော်လည်း တမင် တွန်းချသတ်ပစ်သည် ဆိုသည်ကတော့ မဟုတ်။

မတော်တဆ တွန်းမိရာက သေသူ သိဏ်ကျော် ယိုင်လဲပြီး လှေကားပေါ်မှကျ၍ သေဆုံးခြင်း ဖြစ်သည်ဟု ဆိုသည်။

ပတ္တမြားကောင်း မှတ်မိသလောက် ထိုအချက်၏ ဖြစ်ရပ် မှန်မှာ ဤသို့သာ ဖြစ်၏။



'ငါပြောတာ ရှင်းရှင်းလေးပဲ သိဏ်၊ စေ့စပ်တာကို ... ကြိုက်သလောက် ဖျက်၊ ရတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ငါ့အပေါ် မဟုတ်ကဟုတ်က စွပ်စွဲပြီး ဖျက်ရတာလဲ၊ စွပ်စွဲချင်ရင်တောင် ပါးစပ်နဲ့ပဲ ပြောပါလား၊ ဘာဖြစ်လို့ သတင်းစာထဲကနေ ဒီလိုစေး တာလဲ'

'အို ... အမှန်အတိုင်း ရေးတာပဲ၊ မကျေနပ်လည်း မတတ်နိုင်ဘူး'

'ဘာအမှန်အတိုင်းလဲ သိဏ်၊ ဘာအမှန်အတိုင်းလဲ၊ မင်း ငါနဲ့ ပတ်သက်သမျှမှာ ငါ့ဘက်က ဘာစာရိတ္တ ချွတ်ယွင်းခဲ့သ

စာရိတ္တချွတ်ယွင်းခဲ့တာ ဘာရှိလဲ၊ ကဲ ပြောစမ်းပါဦး'

'အရင် ကျောင်းတုန်းက ရှင်တွဲခဲ့တဲ့ ခင်မင်းသက်ဆိုတဲ့ ကောင်မနဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ အကျင့်မကောင်းတာ မဟုတ်လို့ ဘာလဲ'

'နေပါဦး သိဏ်၊ ခင်မင်းသက်နဲ့ ငါ ဘာဖြစ်လို့လဲ၊ ငါနဲ့ ခင်မင်းသက်နဲ့ သမီးရည်းစားဖြစ်ခဲ့တယ်၊ နောက် မင်းနဲ့ မတွေ့ခင် မှာပဲ ကွဲသွားတယ်၊ ကဲ ... ပြော ... အဲဒီကိစ္စမှာ ငါ ဘာစာရိတ္တ ချွတ်ယွင်းခဲ့လဲ'

'အို ... ရှင်နဲ့ခင်မင်းသက်နဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ အကျင့်စာရိတ္တ ချွတ်ယွင်းတာပဲပေါ့'

'ငါက စာရိတ္တချွတ်ယွင်းတာ မဟုတ်ဘူး သိဏ်၊ မင်းက မဟုတ်တာ ပြောတာ၊ ယုတ်မာတာက မင်းတို့'

'အို ... ကျွန်မ ရှင့်လို ခြေကျိုးဒုက္ခိတတစ်ယောက်နဲ့ မပေါင်းနိုင်ဘူး'

'အဲလိုပြောပါလား၊ အဲလိုပြောရင် ရှင်းနေတဲ့ ကိစ္စ၊ အဲဒါ ဟာ အမှန်ပါ သိဏ်၊ ငါလည်း နားလည်ပါတယ်၊ ဒီလိုပြောရင် ငါ လက်ခံတယ်၊ ခုကျတော့ မင်းတို့လုပ်လိုက်တာဟာ ငါ့ကိုကော၊ ငါ့မိဘတွေကိုကော သက်သက်မယ့် အရှက်ခွဲလိုက်တာပဲ၊ အဲဒီတော့ ငါပြောသလို လုပ်ပါ၊ မလုပ်ရင် ငါလုပ်ချင်တာ လုပ်မယ်'

'ရှင် ... အဲလို မယုတ်မာနဲ့'

'ယုတ်မာရမယ် သိဏီ၊ မင်းတို့က စ,ယုတ်မာလာတဲ့ကိစ္စ'

'သွား . . . သွား၊ ရှင် အခု ဒီအိမ်က ထွက်သွား'

'ရပါတယ် သိဏီ၊ ထွက်သွားဖို့လည်း အဆင်သင့်ပါ'

ပြောပြောဆိုဆိုနှင့် သူက လှေကားမှ ပြန်ဆင်းရန် ပြင်လည်း သိဏီကျော်က သူ့လက်မောင်းကို လှမ်းဆွဲပြီး . . .

'ဒီမယ်၊ ရှင်ပြောတဲ့ ကြော်ငြာကို လုံးဝမထည့်ပါနဲ့'

'ဒါဖြင့် ငါပြောတဲ့ကြော်ငြာ မင်းထည့်'

'မထည့်နိုင်ဘူး'

'မထည့်နိုင်ရင် ငါပြောတဲ့ကြော်ငြာ ငါထည့်မယ်'

'ရှင် . . . လူယုတ်မာ၊ ရှင်ဟာ လူမဟုတ်ဘူး၊ ခွေး . . . ခွေး၊ ခွေးတောင်မှ ခွေးကောင်း မဟုတ်ဘူး၊ ခွေးကျိုးကြီး'

'ဟာ . . . ဒီမိန်းမ'

ရုတ်တရက် ဒေါသပေါက်ကွဲသွားသောကြောင့် သူ့လက်ကို ထုရိုက်နေသည့် သိဏီကျော်ကို တွန်းဖယ်လိုက်သည်။

သို့သော် လက်ထဲမှ ခဲ့ချိုင်းထောက်က ချော်ထွက်သွားသဖြင့် သိဏီကျော်ကို အားနှင့်တွန်းလိုက်သလိုဖြစ်သွားပြီး သူလည်း ထိုနေရာမှ ခွေခနဲ ကျသွားသည်။

'အား'

'အား . . . အမယ်လေး'

'ဟင်'

သူ အလန့်တကြားနှင့် သိဏီကျော်ရှိရာ လှမ်းကြည့်လိုက်သည်။

သိဏီကျော်တစ်ယောက် လှေကားခြေရင်းတွင် ပုံပျက်ပန်းပျက် ခွေခေါက် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရ၏။



ပြီး အိပ်မရခဲ့ခြင်း ဖြစ်သည်။ ခုထိပင် မျက်လုံးတွေကြောင့်၍ အိပ်ချင်စိတ်မပေါ်သေး။

တွေးခဲ့သော ဇာတ်လမ်းကတော့ ပြီးဆုံးသွားပြီ ဖြစ်သည်။

သည်နောက်ပိုင်းကိစ္စတွေကတော့ ဘာမှထူးထူးခြားခြား မရှိတော့။ သိပ်ကျော် သေဆုံးသည့်ကိစ္စနှင့် ပတ်သက်ပြီး သူ ထောင်ငါးနှစ်ကျသည်။

လျှော့ရက် ဘာရက်နှင့် အထဲမှာ သူ လေးနှစ်သာသာ နေခဲ့ရ၏။

ထောင်မှ ပြန်လွတ်ခဲ့သည်မှာ သည်နေ့ပါ ထည့်ပေါင်းမှ ငါးရက် ခြောက်ရက်သာ ရှိသေးသည်။

စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ဒုက္ခ၊ ကိုယ်၏ဒုက္ခများမှ အေးအေးချမ်းချမ်းအနားယူ၍ သက်သာရာ ရှာရန်အလို့ငှာ မေမေတို့ကို ခွင့်ပန်၍ သူ သည်နေရာကို ထွက်ခဲ့ခြင်း ဖြစ်သည်။

ဦးစိုင်းလုံဆိုသည်က မေမေနှင့် အစ်ကိုဝမ်းကွဲ တော်စပ်သော ခြံပိုင်ရှင်ကြီး။

တောထဲတောင်ထဲမှာ အေးအေးချမ်းချမ်း အနားယူချင်သောကြောင့် တောင်ကြီးမြို့ပေါ်မှာပင် မနေဘဲ ရွှေညောင်အနီးနမ့်လတ်ရွာရှိ ဦးစိုင်းခြံမှာပဲ သူက နေခဲ့ခြင်းဖြစ်သည်။

ဘာပဲပြောပြော အနိဋ္ဌာရုံဘဝဒုက္ခများနှင့်ချည်း စဉ်တိုက်

(၄)

'လူလေး . . . ကိုပတ္တမြားကောင်း၊ အိပ်ရာက နိုးနေပြီလား'

သူ့ဆီမှ သက်ပြင်းချသံကြားသွား၍ ထင်သည်။ အိပ်ရာထဲမှ နိုးနေဟန်တူသော ဘဦးစိုင်းလုံက လှမ်းမေး၏။

ပတ္တမြားကောင်းက အသံမြှင့်၍ . . .

'ဟုတ်တယ် ဘ၊ ကျွန်တော် နိုးနေပြီ'

'စောပါသေးတယ်ကွာ အိပ်လိုက်ပါဦး၊ လူလေးမှာ အစောကြီး ထပြီး ဘာလုပ်စရာမှ မရှိတာ'

'ဟုတ်ကဲ့ ဘ'

တကယ်က ညက တစ်ညလုံး သူ အတွေးထဲမှာ နစ်မြော

ဆက်တိုက်ကြုံခဲ့ရပြီး သူ့ကြောင့်လည်း လူတစ်ယောက် အသက်ဆုံး ခဲ့ရသည့်အဖြစ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် သူ့စိတ်ဓာတ်သည် ပုံမှန်မရှိတော့။

တစ်ခါတုန်းက ရှိခဲ့ဖူးသော သတ္တိခိုင်မာသည့် ယောကျ်ားကောင်းတစ်ယောက်၏ စိတ်ဓာတ်များ သူ့ဆီမှာ မရှိတော့။ ထိုစိတ်များကို သူ လိုချင်သည်။

သို့သော် ဘယ်လိုမှ သည်စိတ်မျိုးကို လွယ်လွယ်နှင့် ပြန်မရနိုင်တော့ကြောင်းကိုလည်း သိ၏။ သို့အတွက် အထောက်အပံ့ဖြစ်လိုဖြစ်ငြား မမင်းသက် တစ်ခါက ဆွဲပေးခဲ့ဖူးသော 'ယောကျ်ားပီပီ' ပန်းချီကားကြီးကိုလည်း သူနှင့်တစ်ပါတည်း ယူခဲ့သည်။

ဘာပြောပြော သည်ပန်းချီကားကြီးထဲမှာ ပင်ကို သဘာဝအားဖြင့် အားကောင်းစွာ ရှိခဲ့ဖူးသော ယောကျ်ားစိတ်၊ ယောကျ်ားမာန်၊ ယောကျ်ားသတ္တိနှင့် ယောကျ်ားကောင်းဆိုင်ရာ အရည်အချင်းစွမ်းရည်တွေ အပြည့်အဝရှိသည်။

ဒီထဲကနေ သူ့အရည်အချင်းများကို ပြန်သွားယူရပေမည်။

သည်အခါကျမှ မမင်းသက်ကို သူ ပြန်လွမ်းဆွတ်မိခြင်းဖြစ်၏။

ခုနေခါမှာ မမင်းသက်သာ သူ့အနားမှာရှိလျှင် သူ့ထံမှ ကျဆင်းနေသော စိတ်ဓာတ်များကို တစ်နည်းတစ်ဖုံအားဖြင့် မြှင့်တင်ပေးနိုင်မှာ မလွဲ။

ဘာကြောင့်လဲဆိုသော် သည်လောကမှာ သူ့ကို နားလည်ပြီး သူ့စိတ်သူ့သဘောနှင့် ကိုက်ညီအောင် ဖျောင်းဖျနိုင်သူဆို၍ မမင်းသက်မှတစ်ပါး အခြားမရှိနိုင်ဟု သူယုံကြည်သောကြောင့် ဖြစ်သည်။

ကိစ္စမရှိပါ။

ခုခါတွင် မမင်းသက်၏ အတိတ်ပြဿနာ ဆိုသည်များမှာ သူ့အတွက် ဘာမှ အရေးမကြီးတော့။

မမင်းသက်ကိုယ်တိုင် ရှင်းပြသလိုမဟုတ်ဘဲ လေးမြင့်ဆိုသောသူနှင့် မမင်းသက် တကယ်ချစ်ခဲ့သည်ပဲထား။ ခုအချိန်မှာ သည်ကိစ္စက အရေးလုပ် စဉ်းစားစရာလိုသော ပြဿနာမဟုတ်တော့။

သူရင်ဆိုင်ကြုံတွေ့လိုက်သည့် ပြဿနာများက မမင်းသက်ပြဿနာထက် များစွာကြီးမားခဲ့သည်။

အခုအချိန်မှာ ရောက်လာမည်ဟု သူ မမျှော်လင့်သော်လည်း အတောင့်တဆုံး လူတစ်ယောက်ကို ပြောပါဆိုလျှင် မမင်းသက်ဟုသာ ပြောရမည်ဖြစ်၏။

✲ ✲ ✲

(၅)

မင်း . . စိတ်ညစ်နေလား . . ကိုယ်ကူညီပါ့မယ်၊
မင်းရဲ့အနားမှာ သီချင်းလေးတွေ သီဆိုရင်း
အားကိုးမဲ့ကာ အဆင်မပြေတာတွေ ကြုံတွေ့
ခိုက်
ရောက်တဲ့အရပ်မှာ မျက်စိမှိတ်ကာ ခေါ်လိုက်
ပေါ့။
ဘာမှ တွေးမနေနဲ့ကွယ် . . .
ဘာမှ အားမနာနဲ့ကွယ် . . .
အကူအညီလိုရင် ခေါ်လိုက်၊

ဘာမှ မစိုးရိမ်နဲ့ကွယ်၊
ဘာမှ အားမငယ်နဲ့ကွယ်
အဝေးက ပြေးလာခဲ့မယ်။
အကူအညီလိုရင် ခေါ်လိုက်
အဝေးက ပြေးလာခဲ့မယ်

နံရံလေးဘက် ဆီးကာထားသော သီးခြား လူ့ပတ်ဝန်းကျင် တစ်ခုလေးထဲမှာ နှစ်ပေါင်းများစွာ အနေကြာခဲ့သူတစ်ယောက် အနေဖြင့် ထိုသီချင်း၏ တေးသံရှင်ကို မည်သူမှန်းမသိ။ သီချင်းရေး ဂီတစာဆိုလည်း မည်သူမှန်းမသိ။

သို့သော် သီချင်းစာသား အဓိပ္ပာယ်လေးတွေက ကြားရရုံ နှင့်ပင် အားရှိလာသည်။ သည်စာသားများသည် မမင်းသက် သူ့ကို ပြောလိုသော စကားများလည်း ဖြစ်၏။

အသည်းကွဲသူလည်း ပျော်လာစေရမယ်
ရုံးနိမ့်သူ အားပေးမယ် . . . ရင်ဆိုင်ဖို့
မင်း ဝမ်းနည်းကာ ငိုချင်နေရင် လာခဲ့မယ်
စိတ်ထိခိုက်ရင် စိတ်ဓာတ်ကျရင် ခေါ်လိုက်ပေါ့
ဘာမှ တွေးမနေနဲ့ကွယ်
ဘာမှ အားမနာနဲ့ကွယ်
အကူအညီလိုရင် ခေါ်လိုက်
ဘာမှ မစိုးရိမ်နဲ့ကွယ်

ဘာမှ အားမငယ်နဲ့ကွယ်
အဝေးက ပြေးလာခဲ့မယ်
အကူအညီလိုရင် ခေါ်လိုက်။
အဝေးက ပြေးလာခဲ့မယ်

သီချင်းစာထဲမှ အသံလေး စာသားအဓိပ္ပာယ်လေးများကြောင့် သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလာသည်။

အချစ်ဆိုတာ ဒါပဲလား မမင်းသက်ရယ်။

မမင်းသက် မောင့်ကို တကယ်ပဲ ကူညီမှာလား။

အတွေးက ပုံ့လွင့်၍ သူ . . သည်သီချင်းလေး နားထောင်ဖြစ်နေသည့် အကြောင်းလေးဆီ စိတ်ရောက်သွားသည်။

မနက်က။

မနက်ဖြစ်၏။



မနက်က တော်တော်နှင့် အိပ်ရာပေါ်မှ သူ မထ။

လူက မလှုပ်ချင်လောက်အောင် စိတ်ဓာတ်အင်အားများပုံလဲနေပြီမို့ ညက တစ်ညလုံး အိပ်မပျော်ခဲ့။ သည်အိပ်ရာပေါ်မှာပင် ဆက်လှဲနေလိုက်သည်။

အတော်ကြာတော့ အဘဦးစိုင်းလုံ၏ခေါ်သံ ကြားရ၏။

'လူလေး ခဏလေးထဦး၊ လူလေးကို ပြစရာရှိလို့'

'ဘာများလဲ ဘ'

ပတ္တမြားကောင်းက မထချင်ထချင်ဖြင့် ထရင်း တဲအပြင်ဘက် ထွက်လာခဲ့သည်။

'ဟင် . . . ဘာတွေလဲ ဘ'

အပြင်ဘက်တွင် အဘဦးစိုင်းလုံက ကက်ဆက်အသေးစားလေးတစ်လုံး၊ ကက်ဆက်ခွေတစ်ခုနှင့် စာအိတ်တစ်အိတ် ကိုင်ထားသည်ကို မြင်ရသဖြင့် လှမ်းမေးလိုက်သည်။

'အဲဒါတွေ လူလေးကို ပေးလိုက်ပါဆိုပြီး မိန်းကလေးတစ်ယောက် အဘကို လာပေးသွားတယ် မောင်ပတ္တမြား'

'ဘယ်ကမိန်းကလေးလဲ အဘ'

'အဲဒါတော့ အဘလည်း မပြောတတ်ဘူးကွယ်၊ အဘ ခြံဘက်လျှောက်သွားတုန်း အဲဒီမိန်းကလေးက ကားလေးတစ်စီးနဲ့ ရောက်လာပြီး ဒီခြံမှာ ကိုပတ္တမြားကောင်း တည်းတာလားလို့ မေးတယ်၊ အဲဒါနဲ့ အဘက ဟုတ်တယ်လို့ ပြောလိုက်တော့ အဲဒါဆို ဒီပစ္စည်းတွေ ကိုပတ္တမြားကောင်းကို ပေးပေးပါလို့ ပြောပြီး ဒါတွေ ပေးခဲ့တာပဲ'

'ဘယ်လိုပုံစံမျိုးလဲ အဘ'

'မိန်းကလေးက ဖြူဖြူသွယ်သွယ်၊ အရပ်မြင့်မြင့်လေးနဲ့ ချစ်စရာလေးပါ၊ သူ့နာမည်တော့ အဘလည်း မေးမထားလိုက်ဘူး၊

မောင်နဲ့ ထာဝရ အတူတူ နေချင်တယ်။

မမင်းသက်ပေးလိုက်တဲ့ ကက်ဆက်ကလေးနဲ့ ကက်ဆက်ခွေထဲက သီချင်းလေးတစ်ပုဒ်ကို နားထောင်ကြည့်ပါ မောင်။ အဲဒီတစ်ခွေလုံးမှာ ဒီသီချင်းလေးတစ်ပုဒ်တည်း အထပ်ထပ် သွင်းထားတာပါ။

မောင့်အပေါ်မှာ မမင်းသက် အဲဒီ သီချင်းထဲက အတိုင်း ရှိနေပါတယ်။

ဆို ထားတဲ့ ဟေမာနေဝင်းအသံကို လည်း မမင်းသက် စကားပြောနေတာပဲလို့ သဘောထားပြီး နားထောင်ကြည့်ပါ။

အကယ်၍ အဲဒီသီချင်းထဲကလို . . .

မမင်းသက်ရဲ့ အကူအညီကို လိုရင် . . .

မမင်းသက် မောင့်ဆီကို ချက်ချင်း ပြေးလာခဲ့ပါ့မယ်။

သိပ်မပင်ပန်းပါဘူး မောင်ရယ်။

မောင်နေတဲ့ တဲရွာကနေပြီး 'မမင်းသက်ရေ' လို့ မျက်စိမှိတ်ပြီးပဲ အော်ခေါ်လိုက်ပါ။

မောင် မျက်လုံးပြန်ဖွင့်တဲ့အခါမှာ မောင့်ဆီကို အဝေးကပြေးလာတဲ့ မမင်းသက်ကို တွေ့ရပါလိမ့်မယ်။

သီချင်းလေးကို အရင်နားထောင်ကြည့်ဦးနော်

သူက အဲဒီမှာ စာတစ်စောင်လည်း ပါတယ်၊ စာထဲမှာ အကျိုးအကြောင်း သူ ရေးထားပါတယ်တဲ့'

ပတ္တမြားကောင်းက စိတ်ဝင်စားစွာဖြင့် စာကို ဖောက်ဖတ်သည်။

လက်ရေးမြင်လိုက်ကတည်းက မမင်းသက်ဟု သိလိုက်၏။



မောင် . . .

မောင့်ကို မမင်းသက် သိပ်ချစ်တယ်။

မောင့်အနားကိုလည်း မမင်းသက် လာချင်တယ်။

ဒါပေမဲ့ မမင်းသက်လာတာကို ကြိုက် မကြိုက် မသိတော့ ချက်ချင်းကြီး မလာရဲသေးဘူး မောင်ရယ်။

မောင် စိတ်ညစ်သွားမှာ စိုးတယ်။

မောင့်အကြောင်းတွေ အတုန်လုံး မမင်းသက် သိပြီးပါပြီ။

မောင့်မေမေနဲ့လည်း မမင်းသက် တွေ့ပြီးပြီ။

မောင့်မေမေ ညွှန်လိုက်လို့ မမင်းသက် ဒီ . . . လိုက်လာနိုင်တာပါ။

မောင်နဲ့ တွေ့ချင်တယ်။

မောင်။

သဘောတူရင် 'မမင်းသက်ရေ' လို့ တဲ့ရွှေ့ကနေ မျက်စိမှိတ်ပြီး အော်ခေါ်လိုက်ပါ။

မမင်းသက် အဝေးကနေ ပြေးလာခဲ့မယ်။

မောင့်ဆီကို သိပ်လာချင်နေတဲ့

မမင်းသက်

✲

ဒေါသထွက်နေလည်း ပြေအောင်ဖြေပေးမယ်
မီးတောက်မီးလျှံ နလုံးသားကို ငြိမ်းစေဖို့
မင်းရဲ့ဘဝမှာ တိုင်ပင်ဖော်ကို လိုအပ်ခိုက်
မွန်းကျပ်မှုတွေ ရှင်းလင်းပေးမယ် ခေါ်လိုက်ပေါ့
ဘာမှ တွေးမနေနဲ့ကွယ်
ဘာမှ အားမနာနဲ့ကွယ်
အကူအညီလိုရင် ခေါ်လိုက်
ဘာမှ မစိုးရိမ်နဲ့ကွယ်
ဘာမှ အားမငယ်နဲ့ကွယ်
အဝေးက ပြေးလာခဲ့မယ်
အကူအညီလိုရင် ခေါ်လိုက်

အဝေးက ပြေးလာခဲ့မယ်
အကူအညီလုံခြုံရင် ခေါ်လိုက်
အဝေးက ပြေးလာခဲ့မယ်

ပတ္တမြားကောင်း ရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။

အားသစ် အင်သစ် ခွန်အားသစ်တွေလည်း ဘယ်က ရောက်လာမှန်းမသိဘဲ ရင်ထဲသို့ အလုံးအရင်းနှင့် တိုးဝင်လာသည်။

အကူအညီ လိုပါတယ် မမင်းသက်ရယ်။

မမင်းသက်ကို မောင် အရမ်းတမ်းတနေပါတယ်။

ပတ္တမြားကောင်း ဘာမှဆက်မစဉ်းစားတော့ဘဲ ကက်ဆက်ကို ဒီအတိုင်း ထားပစ်ခဲ့ပြီး တဲအပြင်ဘက်သို့ ချိုင်းထောက်ကို အားပြု၍ ခပ်ရွေ့ရွေ့လျှောက်လာခဲ့သည်။

ကျောဘက်က သီချင်းသံလေးကတော့ ပေါ်ထွက်ဆဲပင်။

လမ်းမှားသွားရင်လည်း ကူညီပါရစေ
လမ်းဖြောင့်ဖြောင့်ကို ရွေးပေးမယ် မြန်စေဖို့
လောကကြီးကို မှန်မှန်ကန်ကန်မြင်တတ်လို့
အကောင်းဘက်ကနေကြည့်ရှုတတ်ရင် ခေါ်လိုက်ပေါ့
အဆီးအတားတွေရင်လည်း ကူညီပါရစေ
သတ္တိရှိစွာ အဆိုးအကောင်းကို ပြင်ဆင်ဖို့

✲ ✲ ✲

ပတ္တမြားကောင်း အားရဝမ်းသာနှင့် မျက်လုံးဖွင့်ကြည့်လိုက်၏။

မမင်းသက်။

ခြံဝ ကားလမ်းဘက်မှနေ သူ့ဆီ တအားပြေးလာသော မမင်းသက်။ မမင်းသက်ထံမှ လှမ်းအော်ပြောလိုက်သော စကားသံကိုလည်း ကြားရသည်။

'ဘာဖြစ်လို့ နှစ်ခါတောင် ခေါ်ရတာလဲ၊ မမင်းသက် ကြားပါတယ်၊ မမင်းသက်ကို နှစ်ခါခေါ်စရာ မလိုပါဘူး၊ မောင် မခေါ်ခင်ကတည်းက မမင်းသက် ပြေးလာချင်နေတာပါ'

သူ ကြည်နူးချမ်းမြေစွာ ပြုံးသည်။

အပြုံးနှင့်အတူ မျက်လုံးအိမ်မှလည်း မျက်ရည် အေးအေးလေးများ ကျဆင်းလာသည်။

သည်မျက်ရည်ကတော့ ဝမ်းသာပြီးကျတဲ့ မျက်ရည်ပါ မမင်းသက်။

မောင် ဒီဘဝမှာ ဘယ်တော့မှ စိတ်ဓာတ်မကျတော့ပါဘူး။

သူ့ရင်ခွင်ထဲရောက်သည်အထိ ပြေးဝင်လာသော မမင်းသက်၏ ကိုယ်လုံးသွယ်သွယ်လေးကို ဆီးကြိုဖက်ထားမိသည်။

တဲအတွင်းဘက်က သီချင်းသံလေးက ယောကျ်ားကောင်း ဝီဝီ ပန်းခိုကားကြီးကို ရိုက်ခတ်ရင်း ပဲ့တင်ထပ်၍ အပြင်သို့ ပျံ့လွင့်လာ၏။

(၆)

'မမင်းသက်ရေ'

ပတ္တမြားကောင်း တဲရှေ့ကုန်းမြင့်လေးမှနေ မျက်စိမှိတ်ပြီး အော်ခေါ်လိုက်သည်။

မသေချာမှာ စိုးသဖြင့် မျက်စိမဖွင့်သေးဘဲ နောက်တစ်ခါ ထပ်အော်လိုက်၏။

'မမင်းသက်ရေ'

'မောင်'

မမင်းသက်၏အဝေးမှ အော်ခေါ်လိုက်သော အသံကို ပြန်ကြားသည်။

နွမ် ဂျာ ဆိုး

ဘာမှ မစိုးရိမ်နဲ့ကွယ်
ဘာမှ အားမငယ်နဲ့ကွယ်
အကူအညီလိုရင် ခေါ်လိုက်
အဝေးက ပြေးလာခဲ့မယ်

ဆက် လက် ကြိုး စား ပါ ဦး မည်၊

နွမ် ဂျာ ဆိုး